www.burmeseclassic.com

စာပေလောကထုတ်စာအုပ်

# မိုးမိုး(အင်းလျား)

## ခံတက်နုလေးတွေညှိုးချိန်တန်တော့



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာအုပ်စာတမ်း စာနယ်ဇင်း
ကြိုတင်ပုံနှိပ် ထုတ်ဝေ ခွင့်ပြု အမှတ်
[ ၈၄ ]

စာအုပ် စာတမ်း မျက်နှာဖုံး
ကြိုတင် ပုံနှိပ် ထုတ်ဝေ ခွင့်ပြု အမှတ်
[ ၉၁ ]

●

မျက်နှာဖုံး၊ ပန်းချီ
စံတိုး

---

မျက်နှာဖုံး ပုံနှိပ်
စာပေလောက

---

ပုံနှိပ်ခြင်း
ပထမအကြိမ်
(၃၀၀၀)

---

ထုတ်ဝေခြင်း
ဧပြီ၊ ၁၉၈၇

---

စာအုပ်ချုပ်
မောင်မြင့်

●

ဒေါ်ခန့်ခန့် (စ၃၁၀၆)၊ မိုးမိုး အင်းလျား စာအုပ်၊ အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့မှ ထုတ်ဝေ၍ ဒေါ်ခင်လှ (၀၁၅၇၀) စာပေလောက ပုံနှိပ်တိုက် အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့တွင် ပုံနှိပ်သည်။

## စာရေးသူ၏
## ထုတ်ဝေပြီး အခြားစာအုပ်များ

၁။ ပျောက်သောလမ်းမှာ စမ်းတဝါး * (ပထမ ၁၉၇၄) (ဒုတိယ ၁၉၇၅)
၂။ ပွင့်တချို့ ကြွေတချို့ (ပထမ ၁၉၇၅) (ဒုတိယ ၁၉၇၇)
၃။ ရွက်လှပန်း (၁၉၇၅)
၄။ ပေလီဇာဝါလမ်း (၁၉၇၆)
၅။ အချစ်ဆိုသောအရာ (၁၉၇၆)
၆။ ဘယ်သူလာ ကူပါမယ် (၁၉၇၇)
၇။ မှတပါး အခြားမရှိပြီ (၁၉၇၈)
၈။ သမ္ဗုဒ္ဓသတ္တာ အဝေရာဟောန္တု (၁၉၇၈)
၉။ မှ တဆင့် (၁၉၇၈)
၁၀။ ရွှေတိဂုံကိုမြင်လျှင် (၁၉၇၈)
၁၁။ ငြိမ်းကိုမျှော်ပါ (၁၉၇၉)
၁၂။ ကျိုး (၁၉၈၀)
၁၃။ မဂ္ဂဇင်း ဝတ္ထုရှည်များ ¶ (၁၉၈၀)
၁၄။ သမုဒ္ဒရာခုနစ်စင်း မြစ်မင်းတစ်ဆယ့်သုံးသွယ် (၁၉၈၀)

---

* ၁၉၇၄ ခုနှစ် အမျိုးသားစာပေ ဝတ္ထုရှည်ဆုရသည်။
¶ ၁၉၈၀ ပြည့်နှစ် အမျိုးသားစာပေ ဝတ္ထုတိုဆုရသည်။

www.burmeseclassic.com

www.burmeseclassic.com


၁၅။ ကြွေမသိုနဲ့ဝေ ဝေမသိုနဲ့ကြွေ (၁၉၈၁)
၁၆။ ပန်းခိုင်းတဲ့ ¶ (၁၉၈၁)
၁၇။ ညီမလေးက အချစ်ကို ကိုးကွယ်သတဲ့လား (ပထမ ၁၉၈၁)
(ဒုတိယ ၁၉၈၃)
၁၈။ မသုခမ္မစာရီ (၁၉၈၂)
၁၉။ ဝတ္ထုတိုများ ၁ ‡ (၁၉၈၂)
၂၀။ ဓမ္မဒေနာ ကြာနီပွင့် (၁၉၈၂)
၂၁။ သုံးလွန်းတင်မှုကြိုး (၁၉၈၂)
၂၂။ နာမကျန်းသည် အိုနှင်းဆီ (ပထမတွဲနှင့်ဒုတိယတွဲ) (၁၉၈၃)
၂၃။ မြန်မာပြည်မှာ နေကြသည် (၁၉၈၃)
၂၄။ ကြွေယင် အဘူတာကြွေမယ် § (၁၉၈၃)
၂၅။ မီးရောင်အောက်ကို ဝင်လျှင် (၁၉၈၅)
၂၆။ မေတ္တာကမ်းနား အချစ်သစ်ပင် (၁၉၈၅)
၂၇။ မဂ္ဂဇင်းဝတ္ထုရှည်များ ၂ (၁၉၈၅)
၂၈။ ဝတ္ထုတိုများ ၂ (၁၉၈၆)


---

¶ မောင်သာရ၏ ဒွာဒယ်ဗနုပဒ် ဒီးကလေးနှိပ်ဘက်ဘက် ဝတ္ထု နှင့် ပူးတွဲ ပုံနှိပ်သည်။

‡ ၁၉၈၂ ခုနှစ် အမျိုးသားစာပေ ဝတ္ထုဆုရသည်။

§ မဒန္တာ ၏ ကြိုနုံ ကြိုခုံ ချက်ချက် ကြိုခုံချက်ချက်ဝတ္ထုနှင့် ပူးတွဲပုံနှိပ်သည်။

ရထားမရပ်မီကပင် ကိုကို ထားထားရီကို ရှာခဲ့သည်။ ပြတင်းပေါက်မှ ကိုယ်တစ်ခြမ်းထွက်၍ ဘူတာမှာရပ်နေသော လူများမျက်နှာများထဲမှ ထားထားရီ ရှိနေလေမလား။ သူ့ကိုမြင်လျှင် ဝမ်းသာအားရလက်ဝှေ့ယမ်း၍ပြလေမည်လား။ ငှက်ပျောသီးဗန်းရွက်သည်လေးများကြားတွင် ထားထားရီ ကွယ်ပျောက်နေလေသလား။

စက်ရုံမြေကို ခြေမချခင် ထားထားရီကို အရင်မြင်တွေ့လို၏။ စာထဲမှာလည်း ထိုသို့ပင်ရေးခဲ့ပါသည်။ အကယ်လည်း ကိုကို၏ဆန္ဒသည် ထိုသို့ ပြင်းပြင်းပြပြ ဖြစ်ပေါ်နေခဲ့သည်။ သို့သော် ကုန်လွန်ခဲ့သော နှစ်များက သူ့ဘက်က ချွတ်ယွင်းချက်တွေများစွာရှိခဲ့၏။ ကျောင်းပြီးခါနီးတစ်နှစ် နှစ်နှစ်ကာလအတွင်း သူ ထားထားရီကို မေ့မေ့လျော့လျော့ ဖြစ်ခဲ့မိသည်မှာ အမှန်ပင်။ တစ်ချိန်တစ်ခါမှာ ကတိမ်းကပါး ဖြစ်တတ်မြဲ ဖြစ်သော

www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်၏ အစိုးမရမှုကြောင့် ထားထားရီကို သူ ခေတ္တခဏ မေ့ထားမိခဲ့သည်။ နောက်ဆုံးတော့ သူ၏အတွင်းစိတ် သူ၏ သံယောဇဉ်က သူမွေးဖွားရာ အရပ်ဒေသနှင့် ပတ်ဝန်းကျင်၊ ထိုဝန်းကျင်မှာသာ ခင်မင်တွယ်တာရသော သူများကို ပစ်ပစ်ခါခါ မပြုနိုင်ကြောင်း သူ ကောင်းစွာသဘောပေါက်ခဲ့လေသည်။

သို့သော် ထားထားရီသည် အသိပညာရှိသော၊ အကျိုးအကြောင်း ဆက်စပ်တွေးခေါ် တတ်သော မိန်းကလေးပေ တကား။ ယခု ထားထားရီနှင့် အရိပ်အရောင်မျှ တူသူကိုပင် သူမတွေ့ရ။

ရထားပေါ်မှ လေးကန်စွာဆင်းခဲ့ရသည်။ ကိုကို့လက်ထဲတွင် လက်ဆွဲတန်ဆာ များများစားစားမပါ။ သည်နေ့ ပြန်လာမည်ဟုလည်း အိမ်ကို ကြိုတင်စာရေးမထားခဲ့။ ထို့အပြင် သူ အိမ်မပြန်သေးဘဲ မြို့ပြမှာ ရာရေအလုပ်တစ်ခု ဝင်လုပ်နေဦးမည့်သဘော အမေ့ကို ပြောမိခဲ့သည်။ သားကို အထင်ကြီးမြဲဖြစ်သောအမေသည် သူ့စီမံကိန်းအတွက် ည်သို့မျှ ကန့်ကွက်ခြင်းမပြု။ အမေ မည်မျှ ပင်ပန်းဆင်းရဲနေမည်ကိုလည်း သူသိပါသည်။ သူ့တစ်ကိုယ်စာ ဖူလုံလျှင် အမေနှင့် ညီညီ့ကိုပါ ခေါ်ယူနိုင်ကောင်းရဲ့ဟုသူစိတ်ကူးယဉ်ခဲ့သည်။ တကယ့်တကယ်လက်တွေ့မှာတော့ သူ့အတွက် ခြေနှစ်ချောင်းချစရာ နေရာကိုပင် အလွယ်တကူ တိုးမပေါက်ခဲ့ပါ။ ဦးလေးကလည်း သူ့ဆီ စာရေးသည်။ မင့်အဖေလဲမရှိတော့ဘူး၊ မင့်အမေနဲ့ မင့်ညီလေးက ဘယ်သူ့အခွင့်အရေးနဲ့ ဟိုမှာဆက်နေနိုင်မလဲ။ တောင်ငူကို



ခေါ်တော့လဲ သူတို့ မလာဘူး။ မင်း စဉ်းစားဦးဟု တိုတိုတုတ်တုတ်ရေးလိုက်သောစာသည် သူ့ဆုံးဖြတ်ချက်ကို လျင်မြန်စွာ ပြတ်သားစေသည်။

သူ ယခုလို ပြန်လာခဲ့ခြင်းအတွက် နှစ်နှစ်တာမျှ မြို့ပြမှာ ရင်ခုန်ကြည်နူးစွာ ဆုံတွေ့ခဲ့ရသော ခင်သက်မာ တစ်ယောက် ခွင့်လွှတ်နိုင်ကောင်းပါရဲ့။ လူဆိုတာ ကိုယ်ပျော်မွေ့ရာဝန်းကျင်ကမှာမှ တစ်ဆင့် လျှော့ချနိုင်ဖို့ဆိုတာ ခဲယဉ်းသားကလား ခင်သက်မာရယ်။ ဖေဖေ မေမေတို့ကဖြင့် တစ်သက်လုံး စိတ်ချမ်းသာမှာ မဟုတ်တော့ဘူးဆိုတဲ့ စကားလေး တစ်ခွန်းနဲ့ပဲ အရာရာကို ကိုယ်နားလည်လိုက်ပါတယ်။ သည်လိုပဲ ထားထားရီကကော ကိုယ့်အပေါ် နားလည် ခွင့်လွှတ်နိုင်ပါ့မလား။

လွန်ခဲ့သောခြောက်နှစ်ကာလကတော့ ကိုကို့ စိတ်ဆန္ဒတွေက တစ်မျိုးဖြစ်ခဲ့သည်။ အရာရာသည် မျှော်လင့်ချက်ပန်းပွင့်တို့ဖြင့် ဝေဆာနေခဲ့သည်။ ရထားပေါ်မှ မြင်ခဲ့ရသော ကြံပင်စိမ်းစိမ်းလေးတွေ၏ အညွန့်အခက် လေးတွေလို လန်းလန်းဆန်းဆန်း ရှိခဲ့သည်။

'ကြံပင်လေးတွေ ရှင်သန်နေသရွေ့ တို့ဘဝလဲ ရှင်သန်နေမှာပဲ'

ထားထားရီသည် စိတ်ကူးယဉ်ဆန်ဆန်တွေးတတ်ပြောတတ်သူဖြစ်သည်။ ထားထားရီ၏အတွေးများသည် အမြဲပင် နက်နက်ရှိုင်းရှိုင်းရှိသည်။ သူ ငယ်စဉ်ဘဝက ကျွမ်းဝင်ရင်းနှီးခဲ့ရသော မိန်းကလေးနှစ်ဦး ရှိသည်။ နောက်တစ်ယောက်က စိမ်းစိမ်း။

www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ စမ်းစမ်းကိုလည်း သူသတိရလာပြီ။ စမ်းစမ်းကတော့ ထားထားရီလို မတွေးတတ်မပြောတတ်။ သူက လက်တွေ့ဆန်သည်။ ကြမ်းတမ်းသည်။ စမ်းစမ်း၏ ဖျတ်လတ်သွက်လက်မှုသည် ခင်မင်နှစ်လိုစရာ။ သို့သော် စမ်းစမ်းသည် ထားထားရီလို ရှည်ရှည်ဝေးဝေး တွေးခေါ်နေတတ်သူ မဟုတ်ပေ။ လက်တလော ပြဿနာကိုသာ ကိုင်တွယ်ဖြေရှင်းတတ်သူ ဖြစ်သည်။

စမ်းစမ်းသာဆိုလျှင်တော့ ငါ့ကိုလာကြိုမှာပဲဟုလည်း ကိုကို တွေးမိပြန်သည်။ သို့သော် စက်ရုံမြေမှခွဲခွာခဲ့သည့် ကာလများအတွင်း သူနှင့် စမ်းစမ်းသည် လုံးဝ အဆက်အသွယ် မရှိခဲ့။ စမ်းစမ်းတစ်ယောက် ယခုလောက်ဆိုလျှင် အိမ်ထောင်ရက်သားများ ကျနေလေမည်လား။

ရထားသည် ဘီးလှိမ့်၍ ပြန်လည်ထွက်ခွာစပြုပြီ။ အရောင်းအဝယ် မပြီးပြတ်သေးသော ဈေးသည်နှင့် ခရီးသည်များ အပြေးအလွှားအပေးအယူလုပ်နေကြသည်။ ခရီးသည်အချို့က ငွေအကြွေအချို့ကို လှမ်းပေး နေသည်၊ ဈေးသည်တွေက မမှီမကမ်း လှမ်းယူနေသည်။ 'ပစ်ချခဲ့၊ ပစ်ချခဲ့'ဟု အော်သူက အော်သည်။

ဘူတာကထွက်တော့ ယခင်ယခင်ကထက် ပိုမိုစည်ကားလှပနေသောဈေးကိုလှမ်းမြင်ရသည်။ ဆိုက်ကားများကိုကျော်လွှားပြီး ကားဂိတ်ဘက်လှမ်းမျှော်ကြည့်သည်။ နောက် စက်ရုံဘက်ထွက်မည့် ကားကြုံကို ရှာကြည့်သည်။

'ဟော့.... ကိုကို'



တစ်စုံတစ်ယောက်က လှမ်းခေါ်၍ လှမ်းအကြည့် ရင်ထဲမှာ ထိတ်ကနဲ ဝမ်းသာသွားသည်။ ထားထားရီနှင့် ဆွေရိပ်မျိုးရိပ် မကင်းသည့် ကိုတင်ဦးပါကလား။ ထားထားရီကောဟု မေးမိမလို ဖြစ်သွားလေသည်။

'ငါ ညသည်လာပို့တာ၊ မင်းကို ဘယ်သူမှ လာမကြိုဘူးလား'

'ဘာလဲ ကြိုတင်ရေးမထားမိဘူးဗျာ၊ တခြား ဘယ်သူတွေ ပါလာသေးလဲ'

'ကိုသိန်းဇံမိန်းမ မန္တရိပဲ ပါတယ်၊ ဆေးရုံလာပြတာ၊ လာ မင်းလက်ဆွဲအိတ် ငါပေး'

ကိုတင်ဦးက ဇော်မှာထားကုန် စာလုံးများ ရေးထားသော လော်ရီကားကြီးဆီ ခေါ်သွားသည်။ ရှေ့ခန်းမှာ မည်သူမျှမရှိ။ ကားကြုံပြန်လိုက်မည့် လူတစ်ယောက် နှစ်ယောက် ကားနောက်ပိုင်းသို့ တက်လာကြသည်။ ကိုတင်ဦးက သားရေအိတ်များကို နောက်ဘက်သို့ ပစ်တင်ပြီး သူ့ကို ရှေ့ခန်းသို့ ခေါ်လာ၏။

'ကျွန်တော့်အတွက် အဆင်ပြေသွားတာပေါ့ဗျာ၊ အခု ခင်ဗျားက ဒီကားမောင်းနေတာလား'

'အေး မင်းမသိဘူးလား၊ အင်းလေ မင်းကလဲ ပြန်မှ ပြန် မလာဘဲကိုး၊ သူများတွေ ကျောင်းသွားတက်တာ ပြန်လာပါတယ်ကွာ၊ မင်းက တစ်ခါတည်း ကိုယ့်အရပ်တောင် သတိမရတော့သလိုဘဲ'

www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ပါဘူးဗျာ၊ အဖေမရှိတော့တော့ ကျွန်တော့် စိတ်ထဲမှာ တစ်မျိုးပဲလေ၊ ပြန်ရောက်တော့လဲ တောင်ငူကို သွားနေရလို့ပါ'

ထားထားရီအကြောင်း ကိုတင်ဦးကို မေးရကောင်းမလား စိတ်ကူးမိသေးသည်။ သို့သော် မမေးဖြစ်တော့။ မကြာခင် တွေ့ရတော့မှာပဲလေ။ ထားထားရီ လာမကြိုပေမယ့် သူ့စာကို တော့ ရမှာပါပဲ။

ကားလမ်းဘေး တစ်ဘက်တစ်ချက် ကြံစိုက်ခင်းများသည် စိမ်းစိမ်းစိုစို ရှိလှသည်။ ရထားဆိုက်သည့်မြို့ ဘူတာနှင့် စက်ရုံမြေကို လေးမိုင်ခန့် မောင်းရဦးမည်။ ကိုတင်ဦးသည် ကားမောင်းရင်း သူ့ကို တစ်ချက် လှမ်းကြည့်သည်။

'မင်း အခု အလုပ်ပြန်လုပ်မလို့ လာတာလား'

'လုပ်တော့ လုပ်မလို့ပါပဲ'

ကိုကိုက မရေမရာ ဖြေသည်။ တကယ်တမ်းလည်း တိတိကျကျ သူမပြောနိုင်သေး။

'ခု စက်ရုံ အသစ်ဘက်မှာ ဝေါ်မူကျောင်းဆင်းတွေ အများကြီးပဲကွ၊ မင်းတို့လို ဒေသခံလူတွေ ပြန်လုပ်ရရင် ပိုအဆင်ပြေတာပေါ့ကွာ'

ကိုတင်ဦးပြောသလို သူ့အလုပ်သည် သူ့ဒေသနှင့် ပိုအဆင်ပြေစရာ အကြောင်း ရှိပါ့မလား။ သူရခဲ့သည့်ဘွဲ့နှင့် ထိုက်တန်သည့် အလုပ်ကိုကော တစ်ခါတည်း ရနိုင်ပါ့မလား။ သူမမျှော်မှန်းတတ်သေးပေ။



ကြံစိုက်ခင်းများကြားတွင် စပါးပျိုးခင်းများ ရောယှက်နေသည်။ ကြံလည်းမပေါ်သေး။ စပါးလည်း မရသေး။ ယခုလို အချိန်သည် သူတို့ဒေသက လူတွေအတွက် ခက်ခဲကျပ်တည်းဆုံး ကာလတည်း။ ကြံပင်တွေ ဝါထိန်ရင့်မှည့်မှ စက်ရုံခေါင်းတိုင်မှ မီးခိုးတလူလူထွက်မည်။ ထိုအချိန်ရောက်မှ ဆန်ပြတ်သောက်နေရသူတွေ အသက်ရှူချောင်စ ပြုမည်။ တစ်မိုးတွင်းလုံး တောထဲတောင်ထဲ မျှစ်ချိုး ဝါးခုတ် လုပ်ရာမှ သွေ့ခြောက်သော စက်ရုံမြေသို့ ခြေချကြရတော့မည်။

ကိုတင်ဦးသည် အလိုက်သိစွာပင် သူ့အိမ်ဘက်သို့ ကားကို ဦးတည်မောင်းလာပေသည်။ ပုပြတ်မည်းမှောင်သော ဘိန္ဒိယနွယ်ဝင်တို့၏ အိမ်လေးများ၊ ရှုပ်ထွေးပွေလီနေသော ဆိုင်ငယ်လေးများ၊ ထို့နောက်တွင်မှ တသီးတခြား ရပ်တည်နေသော စက်ရုံရွာကလေး။

ကိုကိုနေထိုင်ခဲ့ရာ အိမ်ကြီးမဟာကား နွယ်နွယ်ရရတော့မဟုတ်။ ဟိုးရှေးအခါက တခမ်းတနား တည်ဝါခန့်ညားစွာ တည်ရှိခဲ့သော ကုလားမင်းသား၏ နန်းတော်ကြီးပင်တည်း။ ကုလားမင်းသားတိုက်ဟု တစ်ရွာလုံးကသိသော သည်တိုက်အိုကြီးသည် ယခုအခါ သာချိုပင် ဟောင်းနွမ်း ရင့်ရော်နေပြီ။ မကြာမီ ပြိုကျပျက်စီးသွားတော့မည်လားတင်ရသည်။ သို့သော် သူတို့လို အလုပ်သမား မိသားစုအချို့၏ လုံခြုံစွာ မှီခိုနေထိုင်ရာ ဂေဟာကြီးအဖြစ် ထီးထီးမားမား ရပ်တည်နေဆဲ။ တိုက်အိုကြီး၏ဘေးမှာ ကိုကိုတို့ ငယ်စဉ်က ပျော်ရွှင်မြူးထူးစွာ ဆော့ကစားခဲ့ကြသော ကွင်းပြင်ကျယ်ကြီး ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုကို၏ အဖေသည် အိပ်ရာဝင်ပုံပြင်များကို ပြောတတ်သူဖြစ်၏။ အဖေသည် သူတစ်သက်လုံး မှီခို နေထိုင်ခဲ့သော သည်အရပ် သည်ဒေသ၏ ရာဇဝင်ဇာစ်မြစ်ကို သိသူဖြစ်သည်။ အဖေ၏ အဆက်အနွယ်သည် အိန္ဒိယလော၊ မြန်မာလော ကိုကို မသိ။ အဖေသည် သည်ဒေသ သည်စက်ရုံကို သံယောဇဉ်ကြီးသူကား အမှန်ဖြစ်သည်။ အဖေသည် ဦးဆွေးဆံမြည့် သည်စက်ရုံ၏အမှုကို ထမ်းရွက်ခဲ့သည်။ အဖေ့ဘဝကား စက်ရုံ၏ အမြဲတမ်း လုပ်သားတစ်ယောက်။ သည့်ထက်တော့ မပိုပါ။

အဖေက ကိုကို့ကိုလည်း သူ့လိုပင် စက်ရုံမြေမှာ ပြန်လည် မြေချစေချင်ခဲ့သည်။ သူ့ထက်ပိုမြင့်သောအဆင့်ဖြင့် နေရာယူစေ ချင်ခဲ့သည်။ ထို့အတွက် အရာရာကို ပြင်ဆင်ပေးခဲ့သည်။ ယခု တော့ အဖေမရှိတော့။ သူလည်း အဖေမျှော်လင့်သည့် အခြေ အနေမျိုး ဘယ်တော့ ရောက်မည် မသိသေး။

'ကျေးဇူးပဲ ကိုထင်ဦးရယ်'

ကိုကိုသည် ကားပေါ်မှဆင်းပြီး သားရေအိတ်ကို ဆွဲကာ မြက်ပင်တွေဖြင့် တောထနေသောကွင်းပြင်ကြီးကို ဖြတ်လျှောက် လာခဲ့သည်။

သည်ကွင်းပြင်ကျယ်ကြီးထဲမှာ ကိုကိုငယ်စဉ် ကလေးဘဝ၊ တို့နောက် ညီညီတို့၏ ကလေးဘဝကို ပြေးလွှားဆော့ကစား ရင်း ကုန်လွန်စေခဲ့ကြသည်ကို မြင်ယောင်မိလေ၏။



ဟိုးရှေးရှေးတုန်းက အိန္ဒိယပြည်မှာ မဟာရာဂျာကြီးတစ်ပါး ရှိသတဲ့။ မဟာရာဂျာဆိုတာ ဘုန်းတန်ခိုးအာဏာရှိတဲ့ ဘုရင် ကြီးပေါ့။

အဲဒီအချိန်မှာ အင်္ဂလိပ်နဲ့မြန်မာစစ်ပွဲကြီးဖြစ်တယ်။ အိန္ဒိယ မဟာရာဂျာကြီးကအင်္ဂလိပ်အစိုးရဘက်ကအကူအညီအထောက် အပံ့ပေးခဲ့တယ်။ အဲဒီစစ်ပွဲမှာ အင်္ဂလိပ်ကစစ်နိုင်ခဲ့တယ်။ မြန်မာ ပြည်လဲ အင်္ဂလိပ်လက်အောက် ရောက်ခဲ့ရလေတာပေါ့။

အင်္ဂလိပ်အစိုးရက မြန်မာပြည်ကို အနိုင်ရလေတော့ သူ့ကို အကူအညီပေးခဲ့တဲ့ မဟာရာဂျာကြီးကို ကျေးဇူးတုံ့ပြန်တဲ့ အနေနဲ့ မြန်မာပြည်ထဲက မြေအချို့ကို အပိုင်စားချီးမြှင့်တယ်။ ဒါပေမယ့် မဟာရာဂျာကြီးက ကွယ်လွန်ခဲ့ပြီတဲ့။ ဒီတော့ သူ့ရဲ့ မဟာဒေဝီကိုပဲ ပေးရတာပေါ့။

မဟာဒေဝီဟာ မဟာရာဂျာကြီး ကွယ်လွန်သွားတဲ့အတွက် စိတ်လက်မချမ်းမြေ့နေတဲ့အချိန်မှာ ဝေးလံလှတဲ့ မြန်မာပြည် က မြေကိုလဲမလိုချင်လှတာကြောင့် သူ့ရဲ့မင်းမှုထမ်းတစ်ဦးကို လွှဲအပ်ပေးလိုက်တော့တယ်။

အဲဒီအိန္ဒိယအမျိုးသားကြီးဟာ မြန်မာပြည်ကိုလာရောက်ပြီး သူ့ကို အပိုင်စားပေးတဲ့မြေကို ခုတ်ထွင်ရှင်းလင်းကာ လယ်ယာ မြေတွေဖြစ်အောင်လုပ်ခဲ့တယ်၊ နောက် သူတို့နိုင်ငံက အိန္ဒိယ အမျိုးသားတွေကို ရွေးချယ်ခေါ်လာခဲ့ပြီး အပိုင်စားရတဲ့ မြေပေါ်မှာ ထွန်ယက်စိုက်ပျိုးနေထိုင်စေတယ်။ နောက် သူ့ရဲ့

www.burmeseclassic.com

www.burmeseclassic.com



သွား လက်ထက်ရောက်တဲ့အခါ ဒီနေရာမှာ ဆန်စပါးစိုက်ပျိုး တာထက် ကြံပင်တွေစိုက်ပြီး သကြားစက်ကြီး တည်ဆောက် ရရင် ပိုပြီး အကျိုးစီးပွား ဖြစ်ထွန်းမယ်လို့ တွက်ဆမိတယ်တဲ့။

တချို့မြေနေရာပေါ်မှာ စားဖို့အတွက် ဆန်စပါး ကို စိုက်ပျိုးစေပြီး မြေတချို့ကိုကြံပင်တွေစိုက်စေတယ်။နောက်ပြီး နိုင်ငံခြားက စက်ကိရိယာတွေဝယ်ပြီး သကြားစက်ကြီး တည် ပါလေရောတဲ့။ စက်မှာအမှုထမ်းဖို့ အလုပ်သမားတွေကိုလဲ အိန္ဒိယပြည်က ရွေးချယ်ခေါ်ယူတယ်။ အထူးသဖြင့် သူ့ရဲ့ ဩဇာအာဏာကိုနာခံပြီး ထားရာမှာနေမယ့် သူတွေပေါ့ကွယ်။

+ + +

'ဟော့ ဒီမှာနားထောင်ကြစမ်း၊ ကောင်းကောင်းနာခံကြ၊ငါက ကုလားမင်းသားကြီး၊ မင်းတို့က ငါ့ရဲ့ငယ်ကျွန်တွေ၊ မင်းတို့ကို ငါပိုင်တဲ့မြေမှာ အလုပ်လုပ်ဖို့ခေါ်သွားမယ်၊ မင်းတို့ သား မယားတွေကိုလဲခေါ်မယ်၊ ဟိုးအဝေးကြီးက မြန်မာပြည်ကို ခေါ်သွားမယ်၊ အဲဒီမှာ ရာသီဥတုလဲကောင်းတယ်၊ ကောင်း ကောင်းစားရမယ်၊ ကောင်းကောင်းနေရမယ်၊ ဒါပေမယ့် မင်းတို့ကို အားလုံးမခေါ်နိုင်ဘူး၊ လူရွေးရမယ်'



ညီညီတို့လူသိုက်က ကမ္ဘာကျော်ကို ငေးကြည့်နေကြသည်။ သူ့ပုံစံကလည်း ကုလားမင်းသားနှင့်ပင် တူတူသေးတော့။ နှာခေါင်းကချွန်သည်။ အသားကဖြူသည်။ မင်းသားဆိုတော့ အသားဖြူမှာပေါ့ဟုညီညီကတွေးသည်။ပြီးတော့ခေါင်းပေါင်း ပေါင်းထားပုံကလည်း တကယ့် မဟာရာဂျာကြီးနှင့်တူသည်။ ပြောင်ပြောင်လက်လက် ရင်ထိုးတစ်ခုကို နဖူးတည့်တည့်မှာ တပ်ထားသည်။ကြံရိုးတစ်ချောင်းကို ဟန်ပါပါကိုင်ကာ မြေမှာ ထောက်ပြီး ခါးထောက်ရပ်လိုက်သေးသည်။ ပုဆိုးကိုတော့ ခါးတောင်းကျိုက်ထား၏။ အင်္ကျီက ရင်ဖုံး။ လက်ဖျားအနား များက စုတ်ဖွာနေသဖြင့် ပန်းပွားများလိုဖြစ်နေသည်။

'ဟားဟား ကုလားမင်းသားနဲ့တူတယ်ဟေ့၊ ဒါပေမယ့် ခြေသလုံးကြီးကတော့ မည်းတယ်ကွာ၊ နွားကျောင်းသားနဲ့ တူနေတယ်'

တစ်ယောက်က လှမ်းအော်သည်။

'ဟေ့ကောင်တွေ တိတ်တိတ်နေကြ၊ မင်းတို့ကို လူရွေးမလို့ ကဲ ရှေ့ဆုံးက ညီညီလာ'

ညီညီက ရှေ့သို့တိုးလာသည်။

'မင်း စာတတ်သလား'

'မတတ်ပါဘူး'

အားလုံးပိုင်းရယ်ကြသည်။

'အေး ကောင်းတယ်၊ နေဦး မင်း တစ် နှစ် သုံး လေး ရေစမ်း'

www.burmeseclassic.com

www.burmeseclassic.com



‘တစ် နှစ် သုံး လေး ငါး ခြောက်’

‘ဟာ မင်း တစ်နှစ် သုံး လေး ရေတတ်တယ်၊ မင်းကို မခေါ်ဘူး ပယ်တယ်’

ကမ္ဘာကျော်က ညီညီ့ကို တစ်ဘက်သို့ တွန်းထုတ်လိုက်သည်။

‘ဟော့ကောင် ဘာဖြစ်လို့လဲ၊ ငါ စာမတတ်ပါဘူးဆို’

ညီညီက အပယ်ခံရသဖြင့် မကျေမနပ်ဖြစ်နေသည်။

‘စာမတတ်ပေမယ့် မင်းက တစ် နှစ် သုံး လေး ရေတတ်တာကိုး၊ မင်းကိုခေါ်လို့မဖြစ်ဘူး၊ တို့အသွားကပြောတယ်၊ တစ် နှစ် သုံး လေး မှန်အောင်မရေတတ်တဲ့သူမှ ကုလားမင်းသားက မြန်မာပြည်ကိုခေါ်သွားတာတဲ့၊ ဒါမှ သူ့ စက်ရုံမှာ အလုပ်ကြမ်းခိုင်းလို့ရမှာတဲ့၊ စာတတ်ရင် တခြားအလုပ် သွားလုပ်မှာစိုးလို့တဲ့’

ညီညီ ဘာမျှမပြောတော့။ ကမ္ဘာကျော်ဆိုသည့်နာမည်မှာ သူတို့ပေးထားသောနာမည်ပင် ဖြစ်သည်။ သူ့ ငယ်နာမည်က မောင်ကမ္ဘာတဲ့။ ငယ်ငယ်က ထွားကျိုင်းသဖြင့် သူ့အမေက မှည့်ခေါ်ထားခြင်းဖြစ်၏။ နောက်တော့လည်း နေရာတကာ ပါတတ်သဖြင့် ကမ္ဘာကျော်ဟုပဲ ခေါ်လိုက်တော့သည်။ ယခုလည်း ကုလားမင်းသားအကြောင်း ပြောပြမည်ဆိုပြီး ကိုယ်တိုင်ဇာတ်လိုက်လုပ်ကာ ပြဇာတ်ခင်းနေသည်။ သူတို့ ဆော့ကစားနေရာ တလင်းပြင်ကြီးမှာ ကုလားမင်းသား၏ တိုက်ဟောင်း



ကြီးရှေ့တွင်ပင်ဖြစ်၏။ တိုက်ကြီးကို နောက်ခံထားပြီး ကမ္ဘာကျော်က မားမားကြီးရပ်နေသည်။

‘ကဲ ဆက်ရွေးလေကွာ’

‘အေး မင်းတို့ကလဲ ငါက ကုလားမင်းသားကြီးပါက်လိုး မေ့သွားပြီလား၊ ဘုရားတူးလေကွာ၊ ကဲ နောက်တင်ခဲ့ကြရပေါ့သာ၊ တစ် နှစ် သုံး လေး ရေစမ်း’

‘တစ် နှစ် ငါး တစ်ဆယ် ရှစ် ခုနစ်’

သံချောင်းက ကြံဝါဝါတစ်ချောင်းကို ကြိတ်ဝါး ပြလိုက်သည်။

‘အေး မင်းကိုခေါ်မယ် ဒီဘက်ကိုလာ’

တစ် နှစ် သုံး လေးကို တခင် အစဉ်လိုက် မရေတတ်ဟန်ဆောင်ကာ နောက်ပြောင်ရွှေ့တော်ကြသည်။ ကမ္ဘာကျော်က သူတို့အားလုံးကို စုရုပ်စေပြီး လက်ထဲမှာ ကြံချောင်းကြီးကို ဝှေ့ယမ်းကာ အော်လိုက်သည်။

‘စာနည်းနည်းတတ်တဲ့ ဟိုအကောင်နေခဲ့၊ ကျန်တဲ့ လူတွေလိုက်ခဲ့ကြ၊ မင်းတို့ လယ်ထွန်ရမယ်၊ ကြံပင်တွေ စိုက်ရမယ်၊ သကြားစက်ကြီးတည်မယ်၊ အဲဒီမှာ အလုပ်လုပ်ရမယ် ဒါဘဲ’

ကမ္ဘာကျော်က ရှေ့ဆုံးမှချီတက်သွားလေသည်။ နောက်က ကလေးတွေက ညာသံပေးပြီး လိုက်သွားကြသည်။ ညီညီသည် တဟားဟားရယ်မောရင်း ကျန်ရစ်၏။

နေရောင်သည် ကွင်းပြင်ကျယ်ကြီးပေါ်သို့ ပြန့်ကျနေသည်။ တိုက်ဟောင်းကြီးသည် ထီးထီး မားမား ရပ်တည်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



အဆောင်ဆောင် အခန်းခန်းရှိခဲ့သော နန်းတော်အသေးစားမျ
ကြီးကျယ်သည့်တိုက်ကြီးကား အိုမင်းပျက်စီးနေလေပြီ။ အုတ်
မခေါ်
ာ အလွှာလိုက်ပေါ်နေပြီ။ တံခါးပေါက်များမှာ တံခါး
ကမ္ဘာ
ားလည်း မရှိတော့။ ရှိသမျှမှာလည်း ယိုင်နဲ့ ကျိုးပျက်
သည်။
သစ်ပင် အချို့သည် နံရံကိုမှီတွယ်ကာ ပေါက်ကြ

'ဝေဟု

ညီ ဝင်းခြံ၏ ဟိုဘက်သည်ဘက် စည်းရိုးအုတ်တံတိုင်းမှာလည်း
ခြေရာမျှသာ ရေးရေးကျန်တော့သည်။ မုခ်ဦးနှစ်ခုကား ယခု
တိုင် တည်ဝါမှုအရှိန်ကိုပြနေဆဲ။ ခြံဝန်းကြီး၏ အကျယ်ကား
ဧကသုံးကွင်းတစ်ကွင်းစာ ရှိသည်။

ကမ္ဘာကျော်ပြောသောပုံပြင်ကို ညီညီလည်း ကြားဖူးသည်
ပင်။ ယခုတိုင်ပင် သည်နေရာကို ကုလားမင်းသား တိုက်ဟု
ဇေယျဝတီတစ်နယ်လုံးက ခေါ်ဝေါ်ကြသည်။ ရွာတစ်ရွာ
လုံးမှာလည်း အိန္ဒိယ အမျိုးသား များဖြင့် ပြည့်နေသည်။
သည်နယ်ဝန်းကျင်အားလုံးမှာ အိန္ဒိယနာမည် မှည့်ခေါ်ထား
သော ရွာငယ်များသာဖြစ်၏။ မြန်မာနိုင်ငံကမြေကိုအရင်းရှင်
နိုင်ငံကြီးက ခြယ်လှယ်ပြီး သူတစ်ပါးလက် ပေးခဲ့တာပါလား
ဟု တွေးနိုင်လောက်အောင် ညီညီ နားမလည်ပေ။

ညီညီတို့အဘိုးရော အဖေပါ သည်စက်ရုံမှာ အလုပ်သမား
ကြီးများ ဖြစ်ခဲ့ကြသည်။ အဘိုးကတော့ အိန္ဒိယပြည်မှ ပါလာ
သည်လားမပြောတတ်ပေ။ အဘွားကတော့ သူတို့သည် အိန္ဒိယ
အမျိုးအနွယ်များ မဟုတ်ကြဟုအခိုင်အမာပြောသည်။ သို့သော်



အဘွားမျက်နှာ ကိုယ်တိုင်ကပင် ကုလားဆင် ခပ်ဆန်ဆန်ဖြစ်
သည်။ ကမ္ဘာကျော်တို့ အဘွားလည်း အသားဖြူသော်လည်း
ကုလားဆင်ဖြစ်သည်။ သို့သော် သူတို့အဘွားနှစ်ယောက်လုံး
ဂျပ်ပူရွာထဲက အိမ်တွင်းပုန်းကုလားမများလို မနေခဲ့ကြရပေ။
အဘိုးနှစ်ယောက်စလုံးကတော့ မရှိကြတော့ပြီ။

သူတို့သည် စက်ရုံမြေပေါ်မှာပဲ ကြီးပြင်းခဲ့ကြရလေ၏။

ရထားလမ်း၏ အနောက်ဘက်တွင် ဇေယျဝတီမြို့ ရှိသည်။
ရထားလမ်း၏အရှေ့ဘက်ခြမ်းကိုတော့ ဂျပ်ပူရွာအဖြစ်သတ်မှတ်
ထားသည်။ သူတို့ကို ဂျပ်ပူမှာပဲ မွေးဖွားခဲ့၏။ ဂျပ်ပူမှာပဲ
ကျောင်းနေကြရသည်။ စက်ရုံဝင်းထဲမှ ကလေးများအားလုံး
ဂျပ်ပူမူလတန်းကျောင်းနှင့် အထက်တန်းကျောင်းမှာ စာသင်
ကြသည်။ ကိုကိုကတော့ သည်နှစ် ဆယ်တန်းဖြေရမည့်နှစ်မှာ
တောင်ငူမှာ ကျောင်းသွား တက်သည်။ ကိုကိုသည် ညီညီတို့
မိသားစုတွင် တစ်မိပေါက်တစ်ယောက်ထွန်းဖြစ်ပေ၏။

ကမ္ဘာကျော် စိတ်ကူးယဉ်မည်ဆိုလျှင်လည်းယဉ်နိုင်လောက်
သည်။ ယခု သူတို့သည် ကုလားမင်းသား၏ တိုက်ကြီးထဲမှ
အဆောင်ဆောင် အခန်းခန်းတွင် စံမြန်း နေထိုင်နေကြရလေ
သည်။

ကမ္ဘာကျော်သည် ကလေး တစ်သိုက်ကို ခေါင်းဆောင်၍
ကွင်းထဲမှာ လှည့်လာသည်။ ကြိုးချောင်းကြီးကို ဝင့်ကာဝင့်ကာ
ဖြင့် ရင်ကိုကော့ပြီး လျှောက်လာ၏။ နောက်က လိုက်သူတွေ

www.burmeseclassic.com

www.burmeseclassic.com



ကလည်း ကြံစုပ်သူက စုပ်နေသည်။ ဝါဝါ ကြင်ကြင် ကြံချောင်းတွေမှာ စုပ်၍ ကောင်းလှသည် မဟုတ်ပေ။ အလွယ်တကူဆွဲ၍ရတိုင်း ဆော့ကစားနေကြခြင်းသာ ဖြစ်သည်။

'ဟဲ့ ကမ္ဘာကျော် အမယ်လေး အဲဒါ ဘာလုပ်တာလဲ၊ နှင့်အဖေပုဆိုး ယူခဲ့စမ်း၊ ဟဲ့ ဟိုဟာဘာလဲ ပြောင်လက်လက်နဲ့ ကြည့်စမ်း မိစမ်းရဲ့ရင်ထိုးလေးဟာ မဟုတ်လား၊ နှင့် အစ်မတော့ ဆူလိမ့်မယ်၊ ဟယ်လေ ဒီကောင်လေး ကြံကြံ ဖန်ဖန်ဆော့'

ကမ္ဘာကျော်တို့ အမေ ဒေါ်မြရင်က အော်လိုက်သဖြင့် ကမ္ဘာကျော် ခြေလှမ်းပျက်သွားသည်။ သူ့နောက်မှ သကြားစက်တည်ရန် ရောက်လာသော ကလေးတစ်သိုက်လည်း လူစုကွဲသွားသည်။

'သွားမယ်ကွာ မင်းကစားနည်းက ပျော်စရာလဲမကောင်းပါဘူး၊ မင်းပဲ ကုလားမင်းသား လုပ်နေတာပဲ၊ ငါတို့ဘောလုံးကန်မယ်၊ မနက်ဖြန် ဇေယျဝတီနဲ့ ဂျေပူကန်မှာ သွားအားပေးရဦးမယ်'

သံချောင်းတို့လူသိုက်သည် လူစုခွဲကာပြန်သွားကြလေသည်။ သံချောင်းသည် လူကောင် သေးသေးလေး ဖြစ်၏။ သို့သော် ဘောလုံးကန်ရာမှာတော်သည်။ ကမ္ဘာကျော်သည် သူ့အမေကို ဂရုမစိုက်အားသေးပဲ ညီညီရှိရာသို့ လျှောက်လာသည်။



'မင်းတို့ ညီအစ်ကိုက စာသိပ်တော်တယ်လို့ အမေကပြောပြောနေတယ်၊ ဒါကြောင့် မင်းက စာမတတ်ဘူးလို့ အထင်မခံနိုင်ဘူးပေါ့လေ ဟုတ်လား'

ကမ္ဘာကျော်က ညီညီ့ကို ရန်စချင်လာသည်။

ညီညီသည် ကမ္ဘာကျော်နှင့် မယှဉ်နိုင်ပေ။ သူကတွားကျိုင်းသလို သူ့အမေနှင့် သူ့အစ်မကလည်း အင်မတန် စွာသည်။ ညီညီတို့အိမ်သားတွေကတော့ ခပ်နုံနုံသာဖြစ်သည်။ အဖေကလည်း စက်ရုံအလုပ်သမား ဆိုသည့်တိုင် များသောအားဖြင့် လုံခြုံရေးတာဝန်သာယူခဲ့ရသည်။ ကမ္ဘာကျော်တို့အဖေကတော့ ကြံချရမလား၊ ထင်းသယ်ရမလား အကုန်ရသည်။ သို့သော် ရာသီချိန်အလုပ်သမားမျှသာဖြစ်၍ ညီညီတို့အဖေလို အမြဲတမ်းအလုပ်မရှိပေ။

'မင်းက ဗလအားကိုးနဲ့ အမြဲပဲ ခေါင်းဆောင် လုပ်ချင်တာကိုး'

ကမ္ဘာကျော်၏ အမေက ထပ်အော်ခေါ်သဖြင့် ကမ္ဘာကျော်သည် ကြံချောင်းကို ပစ်ချကာ ပြေးသွားရလေသည်။ ခေါင်းပေါင်းထားသော ပုဆိုးကို ဖြည်ချကာ သူ့အမေကို ပစ်ပေးလိုက်သည်။

ညီညီလည်း သူတို့အခန်းရှိရာသို့ လာခဲ့၏။ ကုလား မင်းသား၏ တိုက်ကြီးထဲမှာ အခန်းတစ်ခန်း။ အခန်းတွေကို သူတို့

www.burmeseclassic.com

www.burmeseclassic.com



ဘာသာနံ့ပါတ်တွေ တပ်ထားကြသည်။ ယခင်ကုလားမင်းသား ကြီးရှိစဉ်က သူ့သားတော် သမီးတော်တွေနေခဲ့တဲ့ အခန်းကြီး ဖြစ်ချင်ဖြစ်မည်။ ယခု ညီညီတို့ ကမ္ဘာကျော်တို့ နေရပြီ။ ညီညီတို့ အမေသည် အုတ်ရိုးပေါ် နေသော နံရံနားမှာ မီးဖိုပြီး ဟင်းအိုး တည်နေ၏။ ထင်းအဖြစ် သုံးသည်ကား ကြံရိုးအခြောက်များ ဖြစ်၏။ ဆိတ်သားဟင်းအနံ့က မွှေးနေသည်။ အမေသည် ဟင်းချက်ကောင်း၏။ အဖေကလည်း အကောင်းကြိုက်သည်။ အသားဟင်းလေးကို တစ်တုံးပဲစားရစားရ၊ တစ်ဖွဲ့ပဲ စားရ စားရ ကျေနပ်သည်။ သို့သော် တစ်ပတ်မှာ တစ်ခါလောက်ပဲ စားနိုင်လေသည်။ ခရမ်းသီးတို့၊ မုန်ညင်းတို့က ပေါလှသဖြင့် ၎င်းတို့ကိုသာ မကြာမကြာ ချဉ်ရည်ချက်သည်။ ညီညီကတော့ မုန်ညင်းရွက်ကို မုန်းလှသည်။

'ညီညီ ထမင်းစားတော့မလား၊ မင်းအစ်ကိုကြီးလာမှ စားမလား'

သည်နေ့ သောကြာနေ့ ကိုကိုပြန်လာမှာမို့ ဟင်းကောင်းချက်တာကိုးဟု ညီညီက တွေးလိုက်၏။

'အဖေကော မလာသေးဘူးလား အမေရဲ့'

'မနက်က အကြော်နဲ့ စားသွားပြီ၊ ထမင်းစားရင် ဟင်းတစ်တုံးပဲယူနော်၊ မုန်ညင်းကြော်ရှိတယ် စားမလား'

ညီညီက မျက်နှာကိုရှုံ့၍ ခေါင်းခါပြလိုက်သည်။



အခန်းနံရံမှာ အိုးခွက်တွေ ပလုံစီနေသည်။ တစ်ဘက်ခြမ်းမှာ ဖြာနှင့်စောင် ခေါင်းအုံးတွေ လုံးထွေးနေ၏။ သံသေတ္တာပေါ်မှာ အဝတ်တွေ အထပ်လိုက် ပုံနေသည်။ သေတ္တာထဲမှာတော့ ကိုကို့အဝတ်အစားတွေ ရှိသည်။

သူတို့၏ အလုပ်သမား တန်းလျားကိုဖျက်ပြီး သည်နေရာမှာ ခေတ္တ နေရာချထားလိုက်ကတည်းက ဘာတစ်ခုမျှ အခြေတကျ မရှိတော့ပေ။ ညီညီတို့ အိမ်တန်းလျားနေရာမှာ စက်ရုံသစ် စီမံကိန်းမြေထဲ ပါဝင်၏။ သည်တော့ အားလုံး ဖျက်ပေးကြရသည်။ တချို့က မြောက်ဥက္ကလာကို ရောက်သွားကြသည်။ မြောက်ဥက္ကလာ ဆိုသည်မှာလည်း သူတို့ပေးထားသော နာမည် ဖြစ်လေသည်။ ညီညီတို့က သည်နေရာကို ရောက်လာသည်။

'ကိုကိုက ဘယ်အချိန်ရောက်မှာလဲ အမေ'

ကိုကိုနှင့်ဆိုလျှင် ဟင်းပိုစားရမလားဟု တွေးကာ ညီညီက မေးသည်။

'လာမှာပေါ့၊ မနက်ဖြန် ကျောင်းပိတ်တာပဲ'

ကိုကိုက သည်နှစ် ဆယ်တန်း ဖြေမည်။ ဆယ်တန်းကို တောင်ငူမှ ဖြေမည်ဆိုသော အတွေးဖြင့် တောင်ငူရှိ ဦးလေး အိမ်မှ ကျောင်းသွားတက်လေသည်။ ထို့ကြောင့်လည်း ကမ္ဘာကျော်တို့ အစ်မ စမ်းစမ်းက ကိုကို့ကို ကြီးကျယ်သည်ဟု အမြဲ ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



စမ်းစမ်းက သည်နှစ်မှ ရှစ်တန်းရောက်သည်။ သည်ရွာမှာပဲ ညကျောင်းတက်ရ၏။ သို့သော် ပညာရေးကို သိပ်အားကိုးလှသည် မဟုတ်ပေ။ သူ့အလုပ်က သည်လိုကြံရာသီတွင် အရောင်းအဝယ်လေးတွေ ပျံကျလုပ်ဖို့သာ အဓိကဖြစ်သည်။ ကမ္ဘာကျော်တို့ တစ်အိမ်သားလုံးကား ကြမ်းကြမ်းတမ်းတမ်း။ ညီညီတို့ မိသားစုကတော့ ဆန်မရှိသော်လည်း အစားကြီးဆိုသလို ခပ်နုနုသာ ဖြစ်သည်။ သို့သော် သူတို့နှစ်အိမ်ထောင်သည် မတည့်အတူနေ ဖြစ်နေလေသည်။

ညီညီသည် ကိုကို့ကို စောင့်မည့်အကြံကို ဖျက်လိုက်သည်။ မနက်က ပြေးလွှားဆော့ကစားခဲ့ရသဖြင့် သူ့ဗိုက် ဆာနေပြီ။ ထို့ကြောင့် သံပန်းကန်ပြားထဲ ထမင်းတစ်ခဲ ခူးထည့်ကာ ဆိတ်သားကြီးကြီး တစ်တုံးကို မရဲတရဲယူသည်။ နောက်အခန်းရှေ့သို့ ထွက်လာခဲ့၏။ မျက်နှာချင်းဆိုင် အခန်းမှ ကမ္ဘာကျော်လည်း ထမင်းစားနေပြီ။ ငါးပိရည်နှင့် ငရုတ်သီးမှုန့်ကို နယ်စားနေသော ကမ္ဘာကျော်က ညီညီ့ကို လှမ်း၍ လျှာထုတ်ပြသည်။ ညီညီကလည်း ပြန်ပြောင်ပြကာ ထမင်းဆက်စား၏။

စမ်းစမ်းသည် သနပ်ခါးလိမ်း၊ ဝတ်စားဆင်ပြင်ပြီး ခြင်းတစ်လုံးဆွဲကာ အပြင်ထွက်ဖို့ အသင့် ဖြစ်နေ၏။

'ကမ္ဘာကျော် နင်ထမင်းစားပြီးရင် ကြံတောင်သူဆိုင်ဘက် လိုက်ခဲ့ သိလား၊ ဒီနေ့ သကြားနဲ့ ဆပ်ပြာ ပေးလိမ့်မယ်'

စမ်းစမ်းက မှာကြားပြီး အိမ်ပြင်သို့ ထွက်သွားသည်။



ကုလားမင်းသား၏ ဟိုက်ကြီးကို ကျောခိုင်း၍ ထွက်သွားသော စမ်းစမ်းသည်လည်း အိန္ဒိယပြည်မှကုလားမင်းသားကြီး၏ ကြွင်းကျန်ရစ်သော အဆက်အနွယ်တစ်ဦး မဟုတ်ဘူးဟု မည်သူပြောနိုင်မည်လဲ။ မဟာရာဂျာကြီး ကမ္ဘာကျော် က တော့ မာကျောလှသော ငစိန်ဆန်ကို ငါးပိရည်ကျဲဖြင့် ကြိတ်မျိုခဲ။ တိုက်ရှေ့ ကွင်းပြင်ကျယ်ကြီးမှာ နေရောင်အောက်တွင် ဖုန်တသောသောထစ ပြုလေပြီတည်း။

+ + +

စမ်းစမ်း တစ်ယောက် ခြင်းလေးဆွဲကာ ခါးလေး ယမ်းပြီး လျှောက်သွားနေသည်ကို ချစ်မြိုင်က အိမ်ထဲမှနေပြီး လှမ်းမြင်လေသည်။ ချစ်မြိုင်သည် ချက်ချင်းပင်အိမ်ထဲမှထွက်ပြီး စမ်းစမ်းနောက် လိုက်သွားဖို့ ပြင်သည်။ သို့သော် ဒေါ်လှကြည် ခိုင်းထားသော အလုပ်က မပြီးသေးသည်က တစ်ကြောင်း၊ စမ်းစမ်းက ခြေလှမ်းသွက်လွန်းသည်က တစ်ကြောင်းမို့ လိုက်ဖို့အကြံကို လက်လျှော့လိုက်ရလေသည်။

'ဟဲ့ ချစ်မြိုင် အိမ်ရှေ့ကိုတမျှော်မျှော်နဲ့ ဘာဖြစ်နေတာလဲ ဟဲ့'

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းသိသော ဒေါ်လှကြည်က လှမ်းမေးသည်။

'ဟာ အန်တီကလဲ သိသားနဲ့ ဟဲဟဲ'

ချစ်မြိုင်က သွားများဖြီကာ တဟဲဟဲရယ်နေ၏။ ချစ်မြိုင်သည် ဒေါ်လှကြည်ကို ဝိုင်းဝန်း လုပ်ပေးနေရသော်လည်း စိတ်ကမဖြောင့်လှပေ။ စမ်းစမ်းနောက်သို့ လိုက်သွားချင်နေလေသည်။

'ကောင်မလေးက ဒီနှစ်ထဲမှာ ထွားလာတယ်ဟဲ့၊ အင်မတန်သွက်တာပဲ၊ ကျောင်းလဲကောင်းကောင်းအောက်ပုံမရဘူး၊ ဘယ်နှစ်တန်းရောက်ပြီလဲ'

'ရှစ်တန်း အန်တီ'

'အမယ် နင်က စမ်းစမ်းအကြောင်းပြောလို့ နှုတ်သွက်နေလိုက်တာ၊ ထွေလာကောလာ စိတ်ကူးမနေနဲ့၊ ကိုးတန်းဆယ်တန်း အောင်အောင်ဖြေပါဦး၊ ဒါမှ စာရေးစာချီလေး ဝင်လုပ်လို့ ရမှာပေါ့'

'ဟုတ်ကဲ့အန်တီ လောလောဆယ် ကျွန်တော့်ကို အမြဲတမ်းရအောင် ပြောပေးပါဦးအန်တီရယ်၊ လမ်းပြင်တဲ့အထဲဖြစ်ဖြစ် ထည့်ပေးပါ၊အဖေကလဲ မမာတော့ ရာသီချိန်ကုန်ရင် အခက်ပဲ'

ချစ်မြိုင်မျက်နှာသည် ချက်ချင်း ညှိုးငယ်သွားလေသည်။ စောစောက သွားကြီးဖြီးနေသောအသွင်လည်း ပျောက်သွားသည်။ တကယ်တော့ ဒေါ်လှကြည်ပြောသလိုပင် ချစ်မြိုင်တို့



အခြေအနေမှာ တွေ့ကာလလာ စိတ်ကူးယဉ်၍မရသေးပေ။ ကြံ့ရာသီဖြစ်သည့် အောက်တိုဘာမှ မတ်လလောက်အထိသာ ဝင်ငွေရှိသည်။ ကျန်အချိန်မှာ အလုပ်လက်မဲ့။ အဖေက အသက်ကြီးပြီ။ ရှေ့နှစ်ဆို ပင်စင်ယူရတော့မည်။ သည်နှစ်ထဲမှာပင် အဖေက ကောင်းကောင်းမမာတော့။ အလုပ်လုပ်ခဲ့ရသည့် သက်တမ်းကလည်း ကြာလှပြီပဲ။

'ငါပြောပေးတိုင်းကော ရမလားချစ်မြိုင်ရယ်၊ ဒါကြောင့် ပြောတာ ညကျောင်းတက်ပြီး စာမေးပွဲလေး တလေးလဲ အောင်အောင်ဖြေလို့'

'ဟုတ်ကဲ့'

ချစ်မြိုင်သည် အလုပ်များကို ပြီးစီးအောင်လုပ်ပေးပြီး လမ်းပေါ်သို့ ခပ်သုတ်သုတ်ထွက်ခဲ့၏။

'ဟဲ့ ချစ်မြိုင် ထမင်းလေး စားသွားပါဦးလား'

'နေပါစေတော့ အန်တီ၊ အဖေမှာထားတာလေး တစ်ခုရှိလို့'

ချစ်မြိုင်သည် စိတ်ကတားဆီးလျက်ကပင် ခြေထောက်များက စမ်းစမ်းရှိရာ ကြံ့တောင်သူ အရောင်းဆိုင်ဘက်သို့ ရောက်သွားလေသည်။ စမ်းစမ်းတို့ ယခင်အိမ်တန်းလျားတွင် နေစဉ်ကတော့ ချစ်မြိုင်တို့အိမ်နှင့် သိပ်မဝေးလှ။ ယခုတော့အိမ် ဖျက်သည့်အထဲပါသွားသဖြင့် အနေ ဝေး သွား လေ သည်။

www.burmeseclassic.com

www.burmeseclassic.com



တို့ကြောင့် စမ်းစမ်းအပြင်ထွက်လျှင် မြင်နိုင်လောက်သည့် အန်တီ ဒေါ်လှကြည်တို့အိမ်သို့ ချစ်မြိုင် အရောက်အပေါက် ပိုများလာသည်။ လိုအပ်သည်များကို ကူညီညာလုပ်ကိုင်ပေးရင်း တစ်ဝမ်းတစ်ခါး စားရသောက်ရတာလည်းပါသည်။

ချစ်မြိုင်သည် စမ်းစမ်းတစ်ယောက် သူနှင့်အနေဝေးသွားခြင်းထက် ကိုကိုနှင့်အတူ နီးနီးကပ်ကပ်ဖြစ်သွားခြင်းအတွက် ပို၍ စိတ်မချမ်းမသာဖြစ်သည်။ အလုပ်သမား သားသမီးချင်း အတူတူပေမည့် ကိုကိုက စာတော်သည်။ တော်အောင်လည်း ကြိုးစားသည်။ တောင်ငူရှိ ကိုကိုတို့ အမျိုးများကလည်း ကူညီစောင့်ရှောက်ဖော် ရသည်။ ချစ်မြိုင်တို့မှာတော့ မည်သည့်ဆွေမျိုးမျှ ကျောထောက်နောက်ခံမရှိ။ သားအဖနှစ်ယောက်လုံး အလုပ်လုပ်မှ စားလောက်ရုံရှိသည်။

ဘာပဲဖြစ်ဖြစ် စမ်းစမ်းကိုတော့ သူသဘောကျ၏။ သွက်ကက်ချက်ချာသည်။ အရောင်းအဝယ်လည်းတတ်သည်။ ရုပ်ကလည်း အချောအလှကြီး မဟုတ်သည့်တိုင် ရွက်ကြမ်းရေကျိုတည်း။ သို့သော် စမ်းစမ်းပါးစပ်ကိုတော့လန့်သည်။

သူရောက်သွားတော့ စမ်းစမ်းသည် တခြားမိန်းမ နှစ်ယောက်သုံးယောက်နှင့် စကားပြောနေလေသည်။ ချစ်မြိုင်လာသည်ကို သိလျက် တစ်ချက်သာ စောင်းငဲ့ကြည့်သည်။

'သူများပေးသလို ကျွန်မလဲပေးတာပဲ၊ ကျွန်မအရင်ပြောထားတာ ကျွန်မကိုပဲပေးပေါ့'



အနားရောက်မှ စမ်းစမ်း၏ အသံစာစာကို ထပ်ကြားရသည်။

'ဒါပေမယ့် သူဆိုင်ထဲကထွက်လာတော့ ညည်းမှမရှိတာ၊ သူရောင်းချင်တဲ့သူကို ရောင်းပါစေလားအေ'

ဘေးမှ မိန်းမတစ်ယောက်ကလည်း ပြန်ပြော၏။

သကြားနှင့် ဆပ်ပြာထုတ်လာသောလူကြီးမှာ မည်သူ့ကို ရောင်းရမည်မသိဘဲ ယောင်ချာချာဖြစ်၍ နေလေသည်။

'အို မနေ့က ဒီဦးလေး ကြံလှည်းစောင့်နေကတည်းက ကျွန်မက သွားပြောထားတာ၊ ခုလဲ ကျွန်မဝင်လာကတည်းက ကြည့်နေတာ ရှင်တို့က ဆိုင်ရှေ့ထိလိုက်သွားကြတာကိုး'

စမ်းစမ်းသည် တော်ရုံနှင့်တော့ အလျှော့ ပေးတတ် သူမဟုတ်ပေ။ စကားဆက်ပြောချင်တော့ဟန် မတူသော မိန်းမကြီးက ဘာမျှ ထပ်မပြော။ ဘေးက ရွယ်တူကောင်မလေးတွေကတော့ နှုတ်ခမ်းစူသည်။

'ကဲကွယ် ဘယ်သူ့ကို ရောင်းရမလဲ၊ ဒီကလေးမက ပြောထားတာတော့ ဟုတ်ပါတယ်၊ ဦးလေးလဲ ရုတ်တရက် မမှတ်မိလို့ အတူတူပဲ မှတ်နေတာ'

'ရောင်းပါ ရောင်းပါ၊ သူ့ပဲရောင်းလိုက်ပါ'

မိန်းမကြီးက ခပ်ငေါ့ငေါ့ ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



စမ်းစမ်းသည် သကြားဖိုးနှင့် ဆပ်ပြာဖိုးကို အမြတ်ငွေပါ ဆောင်း၍ တွက်ချက်ပေးလိုက်သည်။ တောင်သူဦးကြီးကား ငွေစများကို လွယ်အိတ်မည်းမည်းထဲ ထိုးထည့်၍ ခပ်မြန်မြန် ပြန်ထွက်သွားလေသည်။ နောက်ထပ် ပစ္စည်းလာထုတ်သူများ ရောက်လာ၍ မိန်းမတစ်သိုက်က နောက်မှလိုက်ကာ သကြား ပြန်ရောင်းရင် ငါးကျပ်အမြတ် ပေးတယ်ဦးကြီးရေ့ဟု အပြိုင် အဆိုင် လှမ်းအော်ကြလေသည်။

ချစ်မြိုင်သည် သစ်ပင်ရိပ်မှာရပ်ကာ စမ်းစမ်းကိုကြည့်နေ၏။ သည်တော့မှ စမ်းစမ်းသည် ခြင်းတောင်းကို ချကာ သူ့ဆီ လျှောက်လာသည်။

'ချစ်မြိုင် နင်ဘာလာလုပ်နေတာလဲဟင်'

စမ်းစမ်းသည် အင်္ကျီစကို ခါးဆန့်၍ ဆွဲချရင်း ချစ်မြိုင်ကို မေးသည်။

'သိရက်သားနဲ့စမ်းစမ်းရယ်၊ အန်တီလှတို့အိမ်ရှေ့ ဖြတ်သွားတာ မြင်ကတည်းက လိုက်လာချင်နေတာ၊ နေ့တွက် တော်ကော် ကိုက်ပြီလား'

'ဒီလိုပါပဲဟာ၊ ရောင်းရဝယ်ရတာလဲ အလုအယက် ဖြစ်နေတာ နင်မြင်တဲ့အတိုင်းပဲ၊ သက်သာကလဲ ဒီနေ့ ယာယီသမား တွေကို သကြားပေးမယ် ပြောတယ်၊ ငါ ငွေကြိုပေးထားတာ တွေ အများကြီး၊ သွားစောင့်ရဦးမှာ၊ နင်လိုက်မလား'



'ငါ တော်ကြာ စက်ထဲဝင်ရတော့မှာ'

'ဟုတ်လား၊ အေးလေ သွား၊ ငါ ကမ္ဘာကျော်ကိုတော့ လိုက်ခဲ့ဖို့ ပြောထားတာပဲ၊ ဒီသေနာလေးက ခုထိ မလာ သေးဘူး'

စမ်းစမ်းသည် သူ့ခြင်းချထားရာသို့ ပြန်သွားကာ သကြား လေးငါးထုပ်နှင့် ဆပ်ပြာတောင့်များကို စီ၍ထည့်နေလေသည်။

'နင့်ခြင်းကို သက်သာဆိုင်ရှေ့ထိ ငါဆွဲသွားပေးပါ့မယ်'

ချစ်မြိုင်က ခြင်းကို မယူသည်။

'နေပါ့စေဟာ ဂိတ်ပေါက်က လူတွေက နောက်နေဦးမယ်'

'နင်ကလဲ နောက်နောက်ပေါ့ဟာ၊ အားလုံးက သိလေ ကောင်းလေပေါ့'

'အမယ် အသားယူမနေနဲ့၊ ကျောက်ဆွဲသွားမယ်'

စမ်းစမ်းသည် ချစ်မြိုင်နောက် လျှောက်လိုက်လာ၏။ ချစ်မြိုင်သည် စမ်းစမ်းကိုဘေးမှာထားပြီးခြင်းဆွဲကာ လမ်းလျှောက် လာရသည်ကို ကြည်နူးနေလေသည်။

'စမ်းစမ်းရယ် ငါနင့်အပေါ် ဘယ်လိုသဘောထားတယ် ဆိုတာ နင်သိပါတယ်၊ ဘာလဲ နင်က ကိုကိုပြန်လာတော့မှာမို့ ငါ့ကို အဖက်မလုပ်ချင်တော့ဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



ကိုကို့နာမည် ပြောလိုက်သည်နှင့် စမ်းစမ်းမျက်နှာသည် ချက်ချင်းပင် ပုံးစနဲ့နဲ့ ဖြစ်သွားလေသည်။ ချစ်မြိုင်ခမျာတော့ ခပ်မဲ့မဲ့ဖြစ်လာသည်။

'ကိုကိုပြန်လာတာ ငါနဲ့ဘာဆိုင်သလဲ ချစ်မြိုင်ရဲ့၊ ကိုကိုတို့ အမေက ဘဝတူချင်း တစ်လုံးပိုရှုချင်တဲ့ မိန်းမကြီးဟဲ့၊ သူ့သားတွေကို အရာရှိသားသမီးလောက်မှတ်နေတာ၊ ငါကလဲ အဲဒါတွေကို နည်းနည်းလေးမှ ကြည့်မရဘူး'

'ဒါပေမယ့် နင်က ကိုကို့ကိုတော့ ကြည့်လို့ရတယ် မဟုတ်လား'

စမ်းစမ်း မအောင့်နိုင်ဘဲပြုံးသည်။

'ငယ်သူငယ်ချင်းကိုဟဲ့၊ အတူတူပဲ နင်လဲသူငယ်ချင်းပဲ ဘာဖြစ်လို့ ကြည့်မရရမှာလဲ'

'ငါ့အပေါ်တော့ ဒီလိုမဟုတ်ပါဘူးဟာ'

'ချစ်မြိုင်ရယ် ငါတို့တွေမှာ ဒါတွေ တွေးမနေနိုင်ပါဘူး၊ ရာသီချိန်လေးမှာ ရသလောက်ရှာထားဖို့ရယ်၊ အဲ နောက်ပြီး တို့တွေအတွက် အိမ်နေစရာတွေလဲ ဘယ်တော့ရမယ်မသိ၊ အဲဒါပဲ ပူနေရတာပါဟာ၊ ငါဖြင့် ကျောင်းပြန်ဖွင့်ရင်တောင် တက်ဖြစ်ချင်မှ တက်ဖြစ်မယ်'

'ဟယ် ဘာဖြစ်လို့'



စကားပြောရင်းကပင် စက်ရုံဂိတ်ဝနားသို့ ရောက်လာလေသည်။ စမ်းစမ်းသည် သက်သာအရောင်းဆိုင်ရှေ့မှာ ရပ်လိုက်သည်။ လူတချို့တန်းစီနေပြီ။ ချစ်မြိုင်သည် စမ်းစမ်းလက်သို့ ခြင်းကိုပြန်ပေးကာ စက်ရုံဝင်းထဲဝင်ဖို့ ပြင်ရ၏။

'ဟဲ့ နင်က စက်ထဲဝင်ရမယ်ဆို ယူနီဖောင်း မဝတ်ဘူးလား'

စမ်းစမ်းက သူ့အတွက် စိတ်ပူဟန်ပြသဖြင့် ချစ်မြိုင်သဘောကျသွားသည်။

သို့သော် ချက်ချင်း စိတ်မကောင်းဖြစ်သွားသည်။

'ငါက ဘယ်လိုလုပ် ယူနီဖောင်းဝတ်နိုင်မှာလဲ စမ်းစမ်းရယ်'

'အေး ဟုတ်သား၊ ငါက နင့်ကို အမြဲတမ်း ရာထူးရနေပြီမှတ်တာ'

စမ်းစမ်းက သဘောရိုးဖြင့်ပြောသော်လည်း သူ့အရိုက်ကို ထိုးသကဲ့သို့ဖြစ်တော့သည်။ စက်ရုံထဲမှာ ထိခိုက်ဒဏ်ရာရခဲ့သော် ယူနီဖောင်း အပြည့်အစုံဝတ်ထားမှ လျော်ကြေးရမည်။ သူတို့လို ရာသီချိန်သမားများအဖို့ ယူနီဖောင်းလည်းမရ၊ လျော်ကြေးလည်းမရ။

စက်ရုံမှ ဥသြဆွဲသံပေါ်ထွက်လာ၏။ ချစ်မြိုင်စက်ရုံဝင်းထဲသို့ ဝင်ခဲ့သည်။ စက်ရုံဝင်း၏ တောင်ဘက်ဂိတ်မှထွက်လျှင်

www.burmeseclassic.com

www.burmeseclassic.com



ချစ်မြိုင်တို့ အလုပ်သမားတန်းလျားသို့ရောက်၏။ သူတို့နေရာမှာ စက်ရုံသစ်စိမ်ကိန်းထဲသို့ လောလောလတ်လတ်အားဖြင့် မပါသေး။ သို့သော် တစ်နေ့နေ့မှာတော့ အားလုံးဖယ်ပေးရမည်။ ပင်မစက်ရုံကြီး၏ တံခါးဂိတ်ဝတွင် သတိပေးစာတမ်းတွေ ရေးထားသည်ကိုငေးကြည့်ရင်း ချစ်မြိုင် ဆက်လျှောက်လာခဲ့သည်။ 'မီးလောင်လျှင် သင်ဘယ်အဖွဲ့မှာပါသလဲ' တဲ့။ 'အချက်ပြဥသြဆွဲလျှင် စုရပ်သို့သွားပါ' တဲ့။ စက်ရုံကြီး၏ လည်ပတ်သံသည် တဂျုံးဂျုံးညံနေသည်။ မြေကြီးသည်ပင် အသံလှိုင်းများဖြင့် တုန်ခါနေသည်သို့ရှိ၏။

တစ်ဘက်ဂိတ်ပေါက်မှ ထွက်လာသည်ဆိုလျှင်ပင် ကြံလှည်းများ၊ ကားများ၊ ထော်လာဂျီများကို ဖြတ်ကျော်ရပြန်သည်။ စက်ရုံကြီးကိုအမှီပြု၍ စိုက်ပျိုးထားကြသော ကြံပင်များသည် သည်နေရာသို့ စုပြုံရောက်လာနေကြသည်။ လှည်းတန်းကြီး ကား ရှည်လျားဘိ၏။ ကြံလှည်းချိန်သော ကတ္တားရုံလေးရှေ့မှာ လှည်းတစ်စီးကို ဝိုင်းတင်နေကြသည်။ နွားသည် ကတ္တားပေါ်သို့ ခွင်ကျအောင်မတက်နိုင်ဘဲ ဟိုရုန်းသည်ရုန်း ဖြစ်နေလေသည်။

ချစ်မြိုင်အိမ်ကိုရောက်တော့ အဖေလည်း ထမင်းစားပြန်ရောက်နေပြီ။

အဖေသည် သူ့ယူနီဖောင်းအဝတ်ကို ချွတ်ပုံထား၏။

'ဟူး ညကျတော့သာချမ်းတာ နေ့လယ်ကျတော့လဲ ပူလိုက်တာကွာ'



အဖေက ပူလောင်ခြင်းအတွက် ရာသီဥတုကို လွှဲချနေလေသည်။ တကယ်တော့ စက်ရုံထဲမှာ တစ်နေကုန်နေလာခဲ့ရတာ မပူဘဲ ဘယ်ရှိပါ့မလဲ။ စက်ရုံကြီးကလည်း လွန်ခဲ့တဲ့ အနှစ်လေးဆယ်ကျော်က တည်ခဲ့တဲ့ကော်ပဲ။ ဘွိုင်လာမီးထိုးစနစ်ဖြင့် တရှိန်ရှိန် တညီးညီးတောက်နေသော မီးအရှိန်မှာ တစ်လံအကွာသို့ပင် ကပ်နိုင်ဖို့ခဲယဉ်းလှသည်။

'အဖေ ထမင်းစားပြီးပြီလား'

'အေး ဟင်းကလဲ ဆူးပုပ်ကြော်တစ်မယ်တည်း တွေ့ပါတယ်ကွာ၊ မင်းအမေလဲ ဘယ်သွားတယ်မသိ'

'မသိဘူးအဖေ၊ ခုပဲ အန်တီလှတို့အိမ်ကလာခဲ့တာ'

အမေသည် အလွန်အေးဆေး၏။ သူများတကာလို အရောင်းအဝယ်လည်း မလုပ်တတ်ပေ။ အဖေနှင့်သူက ရသမျှလုပ်ခကို လက်ထဲအပ်လျှင် အပ်သလောက်ဖြင့် ချက်ပြုတ်စီမံပေးသည်။ မအပ်နိုင်လျှင် ဘာမျှ မကြံဖန်တတ်တော့ပေ။ နောက်ဆုံး ချေးတာငှားတာ လှည့်တာပတ်တာလည်းမတတ်။ ထမင်းအိုးမှောက်နေတတ်လေသည်။ ချစ်မြိုင်အစ်မ ခထူးက မနှစ်က အိမ်ထောင်ကျသွားသည်။ လယ်လေး ကိုင်းလေး လုပ်သဖြင့် နည်းနည်းချောင်လည်သည်ဟု ဆိုရမည်။ အမေ့အကြောင်း သိသောမထူးက ရံဖန်ရံခါလာရောက်ပြီး ချက်ပြုတ်လျှော်ဖွပ် ပေးသွားတတ်လေသည်။ စားစရာမရှိလျှင်လည်း ရှာကြံပေးသွားတတ်သဖြင့် ချစ်မြိုင်တို့ သားအဖ အားကိုးရာ ရပေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



အမေကား အလုပ်အကိုင်တွင်သော ခအေးအေးသော်လည်း စကားတော့ တော်တော်လေးပြော၏။ အိမ်တကာကသတင်းစုံကို သယ်ဆောင်လာတတ်သူမှာ အမေသာတည်း။

'မင့်အမေ ထီးဆောင်းပြီး အတင်းလှည့်ပြောနေလင့်ပါကွာ'

အမေ ယူနီဖောင်းကိုပြန်ဝတ်ကာ ထွက်သွားလေသည်။ လူပြန်စုသော ဥဩလည်းဆဲပြီ။ လူတွေကသာ တစ်ဆိုင်းပြီး တစ်ဆိုင်း ပြောင်းသွားသော်လည်း စက်ကြီးကတော့ ၂၄ နာရီပတ်လုံး ရပ်နားသည်မရှိ။ တဂျုံးဂျုံးတဂျိမ်းဂျိမ်းဖြင့် စက္ကန့်မပြတ် လည်ပတ်ဆဲပင်။ ကြံမှသည် သကြားဖြစ်သည်အထိ အဆင့်ဆင့် ကြိတ်ဝါး သယ်ဆောင်လာသော စက်ယန္တရားကြီးမှာ လူတွေက သူ့နေရာနှင့်သူ အံဝင်အောင် စွမ်းဆောင်ပေးနေရသည်။ လူ၏လုပ်အားနှင့် စက်အင်အားသည် အပြိုင်အဆိုင်သာတည်း။ စက်ကိရိယာများကား သက်တမ်းကာလ ကြာမြင့်ပြီ။ လူတွေကသာ မျိုးဆက်သစ်များဖြင့် ဆက်လက်စွမ်းဆောင်နေခဲ့ရသည်။

ချစ်မြိုင်ကို သည်စက်ရုံနယ်မြေမှာပဲမွေးခဲ့သည်။ သည်စက်ရုံနားမှာပဲ ကြီးပြင်းခဲ့သည်။ ယခု သူကိုယ်တိုင် သည်စက်ရုံပေါ်သို့ ရောက်ခဲ့လေပြီ။

ရေနွေးငွေ့များ ရှူးရှူးရှဲရှဲ ထွက်သံသည်လည်းကောင်း၊ စက်ကိရိယာများ လည်ပတ်သံသည်လည်းကောင်း ဆူညံလှသော်လည်း ကြာတော့လည်း နားယဉ်၍နေပြီဖြစ်၏။ ယိမ်းယိုင်



ဆွေးမြေ့စပြုသော သံလှေကားအဆင့်ဆင့်သည်လည်း တက်ရဆင်းရဖန်များ၍ စိတ်က ရဲနေလေပြီ။

မတော်တဆ အန္တရာယ်ဟူသည်ကား ချစ်မြိုင်တို့နှင့် လက်တစ်ကမ်းအကွာမှာသာ ရှိနေလေသည်တကား။ စက်ရုံကြီး၏ သက်တမ်းတစ်လျှောက် ထုတ်လုပ်ပေးနိုင်ခဲ့သည့် စွမ်းအားများနှင့်အတူ တစ်ဘက်က ဆုံးရှုံးအနစ်နာခံခဲ့ရသော လုပ်သားတို့၏ ချွေးများသွေးများလည်းရှိခဲ့ပြီ။

ချစ်မြိုင်သည် အဖေစား၍ကျန်ရစ်သော ဆူးပုပ်ကြော်နှင့် ထမင်းကိုစားပြီး တရေးတမောအိပ်လိုက်သည်။ အိပ်ရာက နိုးတော့ အမေလည်း ပြန်ရောက်နေသည်။ အမေသည် ညနေစာအတွက် ခရမ်းသီးများဝယ်လာ၏။ ငါးခြောက်ရိုးနှင့် ချက်မည်ထင်ရသည်။ အလုပ်ကပြန်လာပြီး စားရသော သန်းခေါင်ထမင်းသည် စားကောင်းတတ်မြဲဖြစ်လေသည်။

'ဟဲ့ ချစ်မြိုင် သကြားတွေပေးနေတာ နင့်အတွက် ရပြီးပြီလား'

'ရပြီးပြီလေ အမေရဲ့'

'ဘယ်မတုံး'

'စမ်းစမ်းကို ပြန်ရောင်းလိုက်ပြီ'

'အမယ် နင့်စမ်းစမ်းကို အရင်းအတိုင်း ပေးလိုက်တာလား၊ အပြင်မှာ ခြောက်ကျပ် အမြတ်ရတယ်ဟဲ့'

www.burmeseclassic.com

www.burmeseclassic.com



'သူက အစောကြီးကတည်းက အမြတ်ကြိုပေးထားတာပါ အမေရာ'

အမေသည် စမ်းစမ်းကို သိပ်သဘောမကျပေ။ လည်သည်၊ ဆတ်ကော့လတ်ကော့ နိုင်သည်ဟု ထင်သည်။

'ပေးထားမှာပေါ့ဟဲ့၊ နောက်တော့ သူက အများထက် နှိမ်ယူတာ၊ ကောင်မလေးက တော်တော်လည်၊ သူ့အမေကလဲ လည်တာပဲ၊ အဖေက အရက်သမား'

'အမေကလဲလေ သူများအကြောင်း မပြောစမ်းပါနဲ့'

'မင်းက ငင်းကောင်မလေးတီတော့ တော်တော်နာ၊ ဒါပဲ နော် မင်း မိန်းမယူဖို့များတော့ စိတ်မကူးလေနဲ့၊ ပြီးတော့ အဲဒီကောင်မလေးက ဒေါ်နီမာသားကို တစ်ဖက်သတ်ကြိုက်နေတာ၊ ငါ့ကို မြောက်ပိုင်းက ကောင်မတွေကဖောက်သည်ချလိုက်တယ်၊ နင် နွားဖြစ်မယ် သိလား'

'အမေကလဲ ဘာတွေလျှောက်ပြောနေတာလဲ၊ ကျွန်တော့်မှာ အမြဲတမ်း အလုပ်ကလေးရဖို့ စိတ်စောနေတာ ဘာမှ စိတ်မကူးအားဘူး၊ တော်ကြာ အဖေ ပင်စင်ယူတော့ ဘယ်လိုလုပ်မလဲ၊ အိမ်ပေါ်ကတောင် ဆင်းပေးနေရဦးမယ်'

သည်တော့မှ အမေ ငြိမ်သွားလေသည်။

ဘာပဲဖြစ်ဖြစ် စက်ရုံဝင်းထဲမှာ အိမ်ရသည်ဆိုတော့ အိမ်လခကလည်း အများကြီးသက်သာသည်။ တစ်လမှ တစ်ဆယ်ပဲ



ပေးရသည်။ ရေနှင့် မီးကသည်း ပြည့်စုံသည်။ အပြင်မှာ ငှားနေရလျှင် တစ်လကို ငါးဆယ်ခြောက်ဆယ်၊ အဖေနှင့် သူ နှစ်ယောက်ပေါင်းလျှင် လခ သုံးရာကျော်ရ၏။ ရာသီချိန်ကုန်လျှင်တော့ အဖေ့လုပ်စာ တစ်ခုတည်း ရှိတော့သည်။ သူ တစ်ခုခု ထွက်လုပ်ရမည်။ သည်လို အခြေအနေမှာ စမ်းစမ်းအပေါ် စိတ်သာရှိလျက် မိန်းမယူဖို့ စိတ်မကူးဝံ့သည်မှာ အမှန်ပင်။

သုံးနာရီခွဲ ဥသြဆွဲလေပြီ။ချစ်မြိုင်သည် စက်ရုံထဲသို့လာခဲ့၏။ စက်ရုံသို့ အဆက်မပြတ် ဝင်လာသော ကြံလှည်းတွေ တန်းစီနေကြသည်။ လှည်းတွေ ကားတွေပေါ်မှ ချပေးသမျှ ကြံချောင်းတွေကို အလုပ်သမားတွေ ကြံသယ်မြောင်းထဲအရောက် ချပေးနေကြသည်။ ကြံချောင်းတွေကို ကျွားပါးစပ်ကရိန်းဖြင့် ဆွဲကာ မြောင်းထဲချနေပုံမှာ ကြည့်၍ပင် ကောင်းသေးတော့။

သူတို့စက်ကြီးသည် ခေတ်မမီတော့ဘူး ဆိုသော်လည်း သည်စက်ကြီးကိုပင်မှီ၍ အလုပ်သမားတွေ အလုပ်လုပ်နေကြရသည်။ ကြံတောင်သူတွေ မှီခိုနေကြရသည်။ သည်စက်ရုံကြီး မရှိလို့ မဖြစ်။

သည်စက်ကြီးသည် သူတို့၏ ထမင်းအိုးတည်း။

ယိမ်းညွတ်စပြုသော သံပြားများပေါ် နင်းတက်ပြီး သူ့နေရာသို့ လာခဲ့၏။ သူက အိပ်ရေးလည်း ဝခဲ့သဖြင့် အမူးလာသည်။ လေကလေးချွန်လာသည်။ လှေကားလက်ရန်းများကို

www.burmeseclassic.com

www.burmeseclassic.com



မကိုင်ဘဲ ပြေးတက်ခဲ့သည်။ သူတာဝန်ကျရာ နေရာ သည် သကြားပွင့်ချက်သည့် ပေါင်းအိုးကြီးများ ရှေ့တွင် ရပ်ကာ သကြားပွင့်များ အရည်အသွေးကို အမြဲစောင့်ကြည့် စစ်ဆေးနေရသော နေရာဖြစ်၏။

မနက်ဆိုင်းသမား ကိုအေးမြင့်က သူ့နေရာမှ ဖယ်ပေးလိုက်သည်။

'ကိုချစ်မြိုင် ဒီနေ့ ခင်ဗျားမျက်နှာ ကြည့်ရတာ သကြားပွင့်တွေလိုပါပဲလားဗျ'

ကိုအေးမြင့်က လှမ်းနောက်လိုက်သည်။ သူ့တာဝန် ပြီးဆုံးသွားသဖြင့် စိတ်လက်ပေါ့ပါးသွားသည့်အသွင်ကို အတိုင်းသားမြင်ရသည်။ စောင့်ကြည့်စစ်ဆေးသည် ဆိုသော်လည်း ရှစ်နာရီတိုင် မိုးတိုးမတ်တတ်နှင့် အပူဒဏ်၊ ဆူညံသံကို ခံနေရသည့် တာဝန်မှာ ပေါ့သေးလှသည် မဟုတ်။

'အေးဗျာ ဒီနေ့ နည်းနည်းကြည်လာတယ် ဆိုပါတော့'

'ခုလိုကြားရတာ ဝမ်းသာပါတယ်ဗျာ'

ကိုအေးမြင့်သည် ပေါင်းအိုးကြီးတေးမှ ပတ်ကာ သံလှေကားအတိုင်း ဆင်းသွားလေ၏။ အောက်ခံ သံပြားများက အနည်းငယ်ညွတ်၍ ကျွန်ရစ်သည်။ ချစ်မြိုင်သည် ကနေ့ညတော့ အိပ်မငိုက်စေရန် စမ်းစမ်းအကြောင်း တွေးနေမည်ဟု စိတ်



ကူး၏။ အိပ်ငိုက်ပြီးများ ချောက်ကျသွားလျှင် အခက်။ အမေက အစကတော့ ချစ်မြိုင်ကို စက်ရုံထဲမှာ မလုပ်စေချင်ပေ။ အနည်းဆုံး ကတ္တားစာရေး သို့မဟုတ် ပန်းချီ (ဂိုဟ်ပေါက်စာရေး)လောက်ဖြစ်စေချင်သည်။ သို့သော်ကိုးတန်းမှ မအောင်သေးသော သူ့အဖို့ သည်အလုပ်ပဲအားကိုးစရာ ရှိသည်။ငယ်ပါသေးသည်ဟူ၍ အမေက အလုပ်မလုပ်စေချင် သေးသော်လည်း အခြေအနေက မလုပ်၍မဖြစ်တော့ပေ။ အဖေတစ်ယောက် တည်းရသည့် လုပ်ခဖြင့် သားအမိသားအဖသုံးယောက်စား၍ မဖြစ်။ တတ်နိုင်လျှင်တော့ အဖေ့ကို အခုပဲ နားစေချင်ပြီ။ သူ အမြဲတမ်း ဝင်ငွေလေးရှိလျှင် အဖေ့ကိုနားခိုင်းမည်ဟု စိတ်ကူးခဲ့၏။ သို့သော် သူက ယခုအချိန် အလုပ်သမား ဘဝက မတက်သေး။

စက်လည်ပတ်ချိန်က နှစ်ဦး အောက်တိုဘာလမှ မေ ပြီအထိ ကြာတွက်သည့်လများ ဖြစ်၏။ ယာခင်းထဲမှ ကြံပင်များကို ခုတ်သိမ်းသယ်ဆောင်လာပြီး စက်ထဲသို့ နှေ့ချင်းချကာ ကြိတ်ဝါးပြီး သကြားအဖြစ်သို့ ကူးပြောင်းစေသည်။ သူတို့အားလုံး၏ လည်ပတ်မှုအရှိန်အဟုန်သည် ယာခင်းတွေထဲမှ ကြံပင်ဝါဝါတွေ အပေါ်မှာ မူတည်နေသည်။ သူတို့၏ဝင်ငွေသည် လည်း ထိုကြံပင်ဝါဝါတွေပေါ်မှာ တည်၏ဟု ဆိုရမလိုပင်။ ကြံပင်တွေသုဉ်းလျှင် ဝင်ငွေလည်း သုဉ်းပြီ။

နွေဦးရောက်၍ ကြံပင်တွေ သွေ့ခြောက်ပြီး တစ်နှစ်တာ ခေန်းသိမ်းချိန်မှာ စက်ရုံရှေ့မှ ကုက္ကိုပင်ကြီးမှ ကုက္ကိုသီးတို့

www.burmeseclassic.com

www.burmeseclassic.com



ကြေကျကုန်သည်။ ထိုအချိန်မှာ မီးခိုးလည်းတိတ် စက်ရုံလည်းပိတ်ပြီ။ ထိုကာလကို ချစ်မြိုင် အကြောက်ဆုံးတည်း။

စမ်းစမ်းတို့ကတော့ မိုးမကျမီ အစာစုဆောင်းတတ်သော နှံကောင်များလို သည်လိုရာသီမျိုးမှာ ရနိုင်သမျှဝင်ငွေကို ရှာဖွေတတ်လေသည်။ ချစ်မြိုင်တို့အိမ်မှာ စမ်းစမ်းလို အစာရှာတတ်သူမရှိပေ။ အမေ့ကိုထည့်တွက်၍မရ။ အမေသည်အရောင်းအဝယ်ကို ဝါသနာ မပါသည်သာမက အချေးအငှားလည်း မတတ်ပေ။ အရောင်းအဝယ်လုပ်ချင်လျှင် ငွေအရင်းအနှီးရဖို့ ချေးငှားရမည် မဟုတ်ပါလား။

ချစ်မြိုင်သည် ပေါင်းအိုးကြီးထဲမှ သကာရည်နှော့သော သကြားပွင့်များကို ပိုက်မှတစ်ဆင့် ပြွန်ငယ်ဖြင့်ယူပြီး ဖန်ပြားပေါ် ချကြည့်သည်။ ပုံမှန်အနေအထားမှာ တွေ့ရသည့်မို့ ပြန်ထည့်ထားလိုက်သည်။ စက်သံသည် တဂျုံးဂျုံးဖြင့် မှန်မှန်မြည်ဟည်းနေဆဲ။ သူ့မျက်စိထဲမှာ စမ်းစမ်း၏ မျက်နှာကို မြင်ယောင်ပြီး တစ်ယောက်တည်း ပြုံးနေမိလေသည်။

\+ \+ \+

'နင်တို့ မကောင်းဘူး၊ ငါက တစ်လ အလိုလောက်ကတည်းက အမြတ်ကြိုပေးထားတာ၊ ခု နင်တို့နာမည်နဲ့ သွားထုတ်တော့



ထုတ်သွားပြီးပြီတဲ့၊ အဲဒါ ကောင်းသလား၊ နင်တို့က တစ်မတ် ငါးမူး ပိုပေးတဲ့သူကို ပေးသလားဟင်၊ လိုချင်ရင် ပြောပါ၊ ငါလဲ ထပ်ပေးနိုင်ပါတယ်ဟဲ့'

စမ်းစမ်းက စွာကျယ်စွာကျယ်နှင့် ရန်တွေ့နေသည်။ တော်တော်လေးလည်း ဒေါသဖြစ်နေ၏။ သက်သာဆိုင်က ထုတ်ပေးသော သကြားများကို အများစုက ပြန်ရောင်းကြသည်သာဖြစ်သည်။ အင်းလေ ဘယ်သူက အိမ်မှာ ကော်ဖီဖျော်သောက်နေလို့လဲ၊ ကော်ဖီမှုန့်တွေ၊ နို့ဆီတွေလည်း မတတ်နိုင်ပေ။ သည်တော့ ကိုယ့်အတွက် ရသည့်သကြားကို အလုပ်သမားတိုင်းက ပြန်ရောင်းကြသည်။ ပြီးတော့ သကြားချည်း စားလို့ကတော့ သူတို့အတွက် မစားချင်မှအဆုံး။ စက်ရုံထဲမှာ တာဝန်ကျနေချိန်အတွင်း သကြားကြိုက်သလောက် စားလို့ရသည်။ ကြံရည်ကိုသောက်ချင်လည်း သောက်လိုက်ဦး။ တစ်ခုပဲရှိသည်။ အပြင်ကိုတော့ သကြားတစ်ပွင့်တောင် သယ်သွားခွင့်မရှိ။

သက်သာဆိုင်က သကြားဆိုသည်မှာကသူတို့အတွက်တခြားဌာနများလိုပင် အလုပ်သမားများအတွက် ခွဲတမ်းချ ရောင်းချပေးခြင်း ဖြစ်၏။ သည်တော့လည်း တခြား ဌာနများလိုပဲ မလိုအပ်လျှင် ပြန်ရောင်းသည်ပဲပေါ့။

စမ်းစမ်းတို့က အမြတ်ပေးဝယ်နိုင်သည်ဆိုပြီး အထင်ကြီးလျှင် မှားမည်။ သူ့မှာလည်း သူ့အကြောင်းနှင့်သူပင် တစ်မိုးတွင်းစာလေးရဖို့ သူ မည်မျှ ကြံဖန်ရသည်ကို မသိကြ။

www.burmeseclassic.com

www.burmeseclassic.com



စမ်းစမ်းက ဘယ်လောက်ပဲဆူဆူ၊ ခင်မင်ရင်းနှီးပြီးသား ဖြစ်သော အလုပ်သမားများက ရယ်ကျဲကျဲ လုပ်နေကြသည်။

'အမြတ်ရလို့ပြန်ရောင်းလိုက်တာမဟုတ်ပါဘူးစမ်းစမ်းရယ်၊ နင့်ကို ပေးထားတာမေ့သွားလို့ပါ၊ အရင်တစ်ခါ ဆပ်ပြာပေးတုန်းက ကျသွားပြီမှတ်လို့'

'ဟင် သေနာ၊ ဆပ်ပြာက ဟိုး ပဝေသဏီက ပေးတာ၊ ယူတုန်းကယူပြီး ဒီလိုပဲ မေ့ရသလား'

တကယ်တော့ တရားဝင်လုပ်ရသည့် အလုပ်မျိုးမဟုတ်၍ စမ်းစမ်း သည့်ထက်သည်း ပိုပြီးပြော၍မရ။ သူပေးထားသည့် ငွေလေးပြန်ရအောင် ချော့တန် ချော့ရသည်။ ခြောက်တန် ခြောက်ရသည်

'နင့်ဆီက ယူထားတဲ့ပိုက်ဆံ ပြန်ပေးပါမယ်ဟယ်၊ နောက်တစ်ခါဆို ငွေကြိုမပေးပါနဲ့၊ နင့်ပဲရောင်းမှာပါ'

'မပေးလို့ကော ရမလား၊ လခထဲကကို ဖြတ်ယူပစ်မယ် သိလား၊ ငါ သွားတိုင်ပစ်မယ်'

ကြိမ်းမယ့်သာကြိမ်းရသည် ပြန်မရလျှင်အခက်ဟု ရင်ထဲက တွေးပူ၏။ သူ ငွေကြိုပေးထားမှန်းသိလျက် ကြားထဲကဖြတ်ယူသော မိန်းမတွေကိုလည်း ဒေါသဖြစ်သည်။ ဆိုင်ရှေ့မှာ အော်ကြီးဟစ်ကျယ် ရန်ဖြစ်၍လည်း မကောင်း၊ လူကြီးတွေ



မြင်သွားလျှင် အားလုံး အဆူခံရမည်။ သိသာသိစေ မမြင်စေနဲ့ပေါ့။

ဆိုင်ပိတ်သည်နှင့် သူကောက်ထားသော သကြားထုပ်တွေကို ပြန်စစ်ရသည်။ လူစာရင်းနှင့်ပြန်တိုက်ရသည်။ တစ်ခေါက်ကို နှစ်ယောက်တွက်ပဲထုတ်ပေးသည်ဆိုတော့ သူ့ စာရင်းအရ လူလေးဆယ်စာရအောင်အခေါက်နှစ်ဆယ်ခန့်တန်းစီခဲ့ရသည်။ ခြေထောက်တွေပင် တောင့်နေလေပြီ၊ သို့သော် သူ့ အလုပ်က မပြီးသေးပေ။

ကမ္ဘာကျော်သည် ကျေနပ်အားရအောင် ဆော့ကစားပြီးမှ သူ့ အစ်မဆီသို့ ရောက်လာလေသည်။

'အခုမှ လိုက်လာရသလား ကမ္ဘာကျော်ရယ်၊ ငါ့မှာ တစ်ယောက်တည်းသကြားထုပ်တွေကတစ်ဘက်၊တန်းစီရတာက တစ်ဘက်ဟဲ့၊ ကြံတောင်သူဘက်တောင် ကြာကြာ မကောက်လိုက်ရဘူး၊ ကဲ သကြားထုပ်တွေ ထည့်စမ်း'

ကမ္ဘာကျော်သည် သူ့ အမေပေးလိုက်သော ဂုန်အိတ်ထဲသို့ သကြားထုပ်တွေကို ရေထည့်လေသည်။

'ကဲ ငါ့ကို ကားဂိတ်လိုက်ပို့'

'အစ်မကလဲ ချက်ချင်းသွားပို့တော့ မလို့လား'

'မပို့လို့ ဒီသကြားထုပ်တွေ ဘယ်သွားထားမလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် လိုက်ရဦးမလား အစ်မ'

'မလိုက်လို့ ငါတစ်ယောက်တည်း ဘယ့်နှယ်သယ်နိုင်ပါ့မလဲ၊ နင်မလိုက်ချင်လဲ ကားပေါ်သာ တင်ပေးလိုက်ဟယ်'

ကမ္ဘာကျော်သည် လူသာငယ်သော်လည်း ဗလကကောင်းသည်မို့ ဂုန်အိတ်ကြီးကိုမ၍ ဆွဲသွားလေသည်။

စမ်းစမ်းက ဆပ်ပြာတွေ ထည့်ထားသောခြင်းကိုကိုင်ကာ နောက်က လိုက်သွားရသည်။ ဖုန်တသောသောထနေသော စက်ရုံ ၂ ဂိတ်ဘက်သို့ထွက်ရ၏။ ပြီးတော့ ဖူးကားကို စောင့်ရသည်။ အလုပ်သမားတွေက ရေကားတွေ၊ ကုန်ကားတွေစသည် ကြုံရာကားဖြင့် တက်လိုက်သွားကြသည်။ ခရီးသည်တင်ကားလေးများမှာလည်း ပြည့်ကျပ်နေသည်။

အတန်ကြာအောင်စောင့်မှ ကားလေးတစ်စင်း တယိုင်ယိုင် တနွဲ့နွဲ့ဖြင့် ရောက်လာ၍ တက်လိုက်သွားရလေ၏။ နေညိုစပြုပြီ။ ဖူးကိုရောက်တော့ အပြန်မိုးမချုပ်အောင် ဆိုက်ကားတစ်စီးငှားကာ အသော့နှင်ရပြန်သည်။

ဈေးသိမ်းစပြုနေပြီ။ ဆိုင်ရှင်ဒေါ်ဘုမ၏ မျက်နှာသားက သကြားလိုချင်းမရှိ။

'စမ်းစမ်းတို့ကတော့ လုပ်လာပြီ၊ ဒီမှာ တံခါးတောင်ပိတ်နေပြီဟဲ့'



စမ်းစမ်းသည် အမောမပြေနိုင်သေးပေ။ ရေတစ်ခွက်တောင်းသောက်ဖို့ စိတ်ကူးကိုလည်း မေ့လိုက်ရသည်။

'ကျွန်မလဲ အပြေးအလွှားလာတာပဲ အဒေါ်ရေ၊ ပိုက်ဆံပေးထားတဲ့သူတွေက အကုန်ပြန်မရလို့ ပြောနေရတာနဲ့ ကြာသွားတာ'

'ဒါဖြင့်လဲထုတ်အေ၊ မြန်မြန်ချိန်ရအောင်'

စမ်းစမ်းကလည်း မြန်မြန်ပြန်ချင်တာပါပဲ။ မှောင်သွားလျှင် အပြန်ကားရဖို့မလွယ်။

စမ်းစမ်းက သကြားထုပ်တွေကို တစ်ထုပ်ချင်း တယုတယထုတ်ကာ ကတ္တားပေါ် တင်ပေးရသည်။

'ညည်းသကြားတွေက စိုလှချည်လားအေ'

စမ်းစမ်း သက်ပြင်းချသည်။ သကြားစိုရခြင်းသည် စမ်းစမ်းနှင့် မည်သို့ပတ်သက်ပါသလဲ။ စင်စစ် သည်သကြားသည် စက်ရုံက တိုက်ရိုက်ထုတ်ပေးသောသကြား မဟုတ်ပေ။

စက်ရုံကထုတ်ပေးသောသကြားသည် ဂိုဒေါင်သို့သွားသည်။ ထိုသကြားများသည် တစ်နိုင်ငံလုံးအတွက် ထုတ်ပေးသောသကြားများဖြစ်၏။ စက်ရုံလုပ်သားများနှင့်မဆိုင်ပေ။ သကြားတွေကို သက်ဆိုင်ရာမြို့နယ်များသို့ တင်ပို့ပေးရသည်။ သူတို့သည် အဆင့်ဆင့်သော ဂိုဒေါင်များသို့ သွားကြကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



အလုပ်သမားများနှင့် အခြားသောရုံးများသို့ ထုတ်ပေးသောသကြားများသည် ထိုထိုသော ဂိုဒေါင်များမှ ပြန်လာကြသည်။ စမ်းစမ်းတို့ ဇေယျဝတီသကြားစက် လုပ်သားကြီးများအတွက် သကြားကိုလည်း ထိုဂိုဒေါင်များမှာ ပြန်၍ထုတ်ကြရသည်။

ထိုသို့ အဆင့်ဆင့် ပြန်ရောက်လာသော သကြားသည် မည်သည့်နေရာက ပို့လာသည်ကို စမ်းစမ်း မည်သို့သိပါမည်နည်း။

'ထင်လို့ပါအစ်မရယ်၊ ချိန်ကြည့်ပါဦး၊ နာချင်းနာ ကျွန်မကသာ နာနေမှာ'

စမ်းစမ်းက တစ်ထုပ်လျှင် ငါးဆယ်သားပါသည့်အတိုင်း တစ်ထုပ်ချင်း ကျသင့်ငွေပေးကာ ကောက်ခဲ့ရသည်။ သို့သော် ဒေါ်ဘုမက ကတ္တားဖြင့် တိုက်ယူသည်။

စမ်းစမ်းဝယ်ခဲ့ရသည်က အထုပ်ငါးဆယ်ဆိုတော့ အားလုံး ၂၅ ပိဿာတိတိ။ သို့သော် ဒေါ်ဘုမ၏ကတ္တားက ၂၄ ပိဿာ ၅၀ လျော့လျော့မှာပြလေပြီ။ ကြားထဲက သကြား ၅၁ သား ပျောက်လေပြီ။

ဖြစ်နေကျထုံးစံမို့ စမ်းစမ်းဘာမျှမပြောမနေပေ။ ကိုင်းကြည့်ဟူသော အမူအရာဖြင့်သာ ဒေါ်ဘုမကိုကြည့်သည်။ မစ္စကျယ်လေး စမ်းစမ်းသည် ဒေါ်ဘုမနှင့်ကျတော့ ငြိမ်နေသည်။ ဩော် ကျေးဇူးရှင်မကြီးပေကိုး။



'ဒါတောင် လျော့ချင်သေးတယ်နော်တော်လား၊ ညည်းတို့အထုပ်တွေက ပြည့်တာမှမဟုတ်တာ၊ အားပါလေ ၂၄ ပိဿာ ၅၀ ပဲ၊ ဒါထက် ညည်းယူထားတာ ငါးရာနော်'

'ဟုတ်ကဲ့'

'တစ်ခါတည်း ရှင်းသွားမလား'

'ဟုတ်ကဲ့'

စမ်းစမ်း ကြိုတင်ယူထား ငွေက ငါးရာ။ ထိုငွေနှင့်ပင် အလုပ်သမားတွေကို ကြိုတင်ငွေထုတ်ပေးခဲ့ရသည်။ ဒေါ်ဘုမက အစွန်းထွက်ငွေကို တွက်ချက်ပေးသည်။ စမ်းစမ်းအတွက်ရသည်က သကြားတစ်ပိဿာမှတစ်ကျပ်။

ဒေါ်ဘုမက အမြတ်ငွေကို တွက်ပေးသည်။

'အရင်းကို ပြန်ယူသွားဦးမလား'

'ဟုတ်ကဲ့၊ နောက်ထပ် ဖယောင်းတိုင်ရယ်၊ မီးခြစ်ရယ် ပေးဦးမယ်ပြောတယ်'

'အေး ဆပ်ပြာတွေတော့ ဆယ်ပြားပဲယူအေ၊ အရောင်းသိပ်ထိုင်းတယ်၊ ယူတောင်မယူချင်ဘူး၊ ညည်းမို့လို့သာ'

'ဟုတ်ကဲ့'

စမ်းစမ်းက ဆပ်ပြာတောင့်တွေကို ရေချသည်။ အခွင့်တော်ပါသေးရဲ့ ကတ္တားနဲ့ချိန်ပေးရတဲ့ပစ္စည်း မဟုတ်လို့ဟု စမ်းစမ်းစိတ်ထဲကအောက်မေ့သည်။ လျော့ တက်တဲ့ ပစ္စည်း

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လေတော့ အကြံအဖန်လေးက နည်းနည်းလုပ်ကြရသေးသည်။ ဆပ်ပြာတောင့်ပေါ်မှာကပ်နေသော ဖြူဖြူအဖတ်များကို ဓားပါးပါးလေးဖြင့် ခြစ်ယူထားကြသည်။ ထိုခြစ်ယူ၍ရထားသော ဆပ်ပြာမှုန့်လေးများကား အိမ်ရှိ အဝတ်တွေလျှော်ရန်ဖြစ်လေ၏။

ရှင်းပေးလိုက်သည့်ငွေလေးကို ပလတ်စတစ် ပိုက်ဆံအိတ်လေးထဲ သိုသိုသိပ်သိပ်ထုပ်ကာ စမ်းစမ်းပြန်ထွက်လာခဲ့သည်။ အမေ့အတွက် ဘီစကစ်မုန့်ထုပ်လေးတစ်ထုပ် ဝယ်သွားမည် ဖူးပြီးမှ မြန်မြန်လျှောက်လျှင် သာစည်ရထားများ မီလေမလားဟုတွေးကာ ဆိုင်တွေပိတ်စပြုသောဈေးထဲမှ အပြေးကလေးပြန်ထွက်ခဲ့လေသည်။ ပြီးတော့ ဘူတာရုံဆီသို့ ခြေကုန်သုတ်ရတော့သည်။

စမ်းစမ်း ဘူတာအဝင်လမ်းသို့ အရောက်မှာပင် ရထားဝင်လာသည်ကို မြင်ရလေသည်။ခြင်းကိုဆွဲကာ ထဘီကို မပြီး ပြေးရလေ၏။ရထားပေါ် ကမန်းကတန်း ခုန်တက်ပြီးတော့ ရင်တွေတလှပ်လှပ်တုန်နေသည်။

ခရီးသည်တွေဖြင့် ပြည့်နေသောရထားသည် ဖူးဘူတာမှ ထွက်ခွာခဲ့၏။ အိမ်အပြန်လမ်းတွင် စမ်းစမ်းသည် ခြေကုန်လက်ပန်းကျလုလုဖြစ်နေပြီ။ သည်အချိန်ဆို အဖေလည်း ပြန်ရောက်နေရောပေါ့။ အဖေကတော့ မောမောနှင့် တစ်ခွက်တစ်ဖလားမော့နေရော့မည်။



စမ်းစမ်းသည် စက်ရုံအဝင်လမ်းအတိုင်း ကန့်ကယလျှောက်လာ၏။ ခြေထောက်တွေကို သယ်ရတာ ပင်ပန်းလွန်းသဖြင့်ပို၍ ကန့်ကယဖြစ်နေသည်ဟု ထင်ရသည်။

ကတ္တရာလမ်းလေးသည် သာသာယာယာ ရှိ၏။ စက်ရုံမြို့လေးကား ဆည်းဆာအောက်မှာ ငြိမ်ဝပ်ပြုပြီ။ မီးရောင်ပြာလဲ့လဲ့အောက်မှာ စာကြည့်တိုက်လေးဖွင့်ထားသည်။ အပန်းဖြေရိပ်သာခန်းမသည် တည်တည်ငြိမ်ငြိမ် ခန့်ခန့်ညားညားရှိနေ၏။ နှစ်စဉ် စာပေဟောပြောပွဲများ လုပ်ရာနေရာတည်း။ နှင်းငွေတွေကြားမှာ ချမ်းချမ်းစည်းစည်းဖြင့် ညဦးနက်သန်းခေါင်တိုင်အောင် ဟောပြောပွဲနားထောင်ခဲ့ကြတာ သတိရသည်။ စာပေကို ဝါသနာပါပြီး ဟောပြောပွဲတိုင်း တက်တက်ကြွကြွ ပါဝင်လုပ်အားပေးတတ်သော ကိုကို့ကိုလည်း သတိရသည်။ ကိုကိုက ဆောင်းပါးလေးတွေလည်းရေးသည်။ မြိုင်ပွဲမှာတောင် ဆုရလိုက်သေးသည်ပဲ။ ကိုကိုက တော်သည်။

ဘယ်တက်သို့ချိုးကာ မီးရောင်လဲ့လဲ့အောက်မှာ ဆက်လျှောက်လာခဲ့၏။ အန်တီလှတို့အိမ်မှာ ချစ်မြိုင်များ ရောက်နေလေမလား။ သူ ညဆိုင်းဝင်ရမည်ဟု ပြောသွားသည်ပဲ။ သည်အချိန်ဆို စက်ရုံထဲရောက်နေလောက်ပြီ။

ကမ္ဘာကျော်တို့များ ကိုယ့်အစ်မကို ထွက်မျှော်ဖော်တောင်မရဘူး။ တစ်ယောက်တည်းမို့ နီးရာဖြတ်လမ်းမှ မဝင်ဘဲ စက်ရုံ
4 လမ်းမှ လျှောက်ခဲ့ခြင်း ဖြစ်သည်။ စမ်းစမ်းတို့၏ မျှော်စံရာ

www.burmeseclassic.com

www.burmeseclassic.com



ကုလားမင်းသား၏ တိုက်ကြီးမဟာကား ဆည်းဆာအောက်မှာ တည်ဝ ခြံ့ ရပ်တည်နေ၏။ အို ငါကိုယ်တိုင်ကော မင်းသားရဲ့ အနွယ်တော်မဟုတ်ဘူးလို့ ဘယ်သူပြောနိုင်မလဲ။ အမှောင်ထဲမှာ တစ်ယောက်တည်း ပြုံးမိသည်။

'ဟင် စမ်းစမ်း နင် တစ်ယောက်တည်းလား၊ ဘယ်က ပြန်လာတာလဲ'

အို ကိုကိုပါလား။ စမ်းစမ်းသည် ရှက်စနိုးဖြင့် ပြုံးနေမိပြန်လေသည်။

'ဖြူးက ပြန်လာတာလေ၊ ကိုကို ဘယ်တုန်းကရောက်နေလဲ'

'ညနေကပဲ'

စမ်းစမ်းသည် တစ်နေ့တာ ပင်ပန်းသမျှ မေ့ပျောက်သွားလေ၏။ အို ဒါကြောင့် ချစ်မျိုးက ပြောတာပဲ။ ကိုကို့ကို တော့ ကြည့်လို့ရတယ် မဟုတ်လားတဲ့။

ကိုကိုကလည်း ပိုပြီးကြည့်လို့ကောင်းလာသည်။ တောင်ငူမှာ နေရလို့လားမသိ။ အသားတွေလည်း ပိုဖြူလာသည်။ ကိုကိုက စကားပြောလျှင်လည်း ချစ်မျိုးလိုမဟုတ်။ ပိုပြီး သိမ်မွေ့သည်။ စမ်းစမ်းနှင့်တော့ ဘာခြားစီပါပဲ။ သို့သော် စမ်းစမ်းက ကိုကို့ကို အထင်ကြီးသည်။

'ကိုကို ကျောင်းပြန်ဖွင့်မှ ပြန်မှာလား'

'အင်း စမ်းစမ်းရော စာမေးပွဲဖြေနိုင်လား'



စမ်းစမ်းက ညကျောင်းမှာပဲ ဆက်နေရသည်။ သို့သော် စမ်းစမ်းသည် အောက်တိုဘာလ စက်ဖွင့်သည်ဆိုကတည်းက ကျောင်းကို ကောင်းကောင်း မတက်ဖြစ်ပေ။ ဈေးရောင်းလိုက် ဝယ်လိုက်ဖြင့် အချိန်ကုန်ပြီး ညကျတော့ မောပန်းနေသည်။ သည်လိုနှင့်ပဲ တစ်နှစ်ပြီးတစ်နှစ် ကုန်ဆုံးလာရာ အသက်က ကြီးလာပြီ။ နောက်နှစ်ဆိုလျှင် ကျောင်းထွက်ဖို့ပင် ဆုံးဖြတ်မိ၏။ သို့သော် ထိုအကြောင်းကို ကိုကို့ကိုမပြောရဲပေ။

'မ....မဖြေနိုင်ပါဘူး ကိုကိုရယ်၊ ကိုကို ဆယ်တန်းအောင်ရင် တက္ကသိုလ်ဆက်တက်မလို့လားဟင်'

စမ်းစမ်းက အထင်ကြီးစွာမေးသည်။ ကိုကိုသည် ဖွံ့ထွားပြည့်လာသော စမ်းစမ်းကို ငေးကြည့်နေမိသည်။ စမ်းစမ်း၏ မျက်နှာသည် ကုလားဆင်ဖြစ်သည်။ လှသည်ဟုပြောလျှင်လည်း ရသည်။ မလှဘူးဟု ဆိုလျှင်လည်းရသည်။ သေသေ ချာချာ ကြည့်လျှင်တော့ အကြည့်ခံသည်။ သို့သော်စမ်းစမ်းသည်ကိုကို့ ရှေ့မှာသာ နူးညံ့ သိမ်မွေ့လျက် တခြား နေရာမှာ စွာတတ်ကြမ်းတတ်တာကို ကိုကို ကောင်းကောင်းသိသည်။ ထားထားရီလို မဟုတ်ပေ။

'တောင်ငူက ဦးလေးက ထားပေးမယ် ပြောတာပဲ၊ အဝေးကြီးလိုပါသေးတယ်ဟာ'

'ဟဲ့ ကိုကို ထမင်းမစားသေးဘူးလား၊ မိုးချုပ်နေပြီ

www.burmeseclassic.com

www.burmeseclassic.com



ကိုကို့အမေ ဒေါ်နီမာက လှမ်းခေါ်သည်။ စမ်းစမ်းသည် အမှောင်ဘက်လှည့်ကာ မျက်နှာကို မဲ့လိုက်မိသည်။ သွားမယ် ကိုကိုဟု ကိုကို့ကိုနှုတ်ဆက်သည်။ စိတ်ထဲကတော့ ဒေါ်နီမာကို ကျိန်ဆဲမိသည်။ သိပ် ကြီးကျယ်တဲ့ မိန်းမကြီး။ သူ့သားကို မင်းသားလေးများ ထင်နေသလားမသိ။ ဘဝတူချင်း သိပ်နှိမ် ချင်တယ်။ လူကိုများ သူ့သားနဲ့ အဖက်မတန်သလိုဘဲဟု စိတ်ထဲက တဖွဖွရေရွတ်မိသည်။ စမ်းစမ်း၏အမေကတော့ အိမ် ထဲမှာ မှောင်မှောင်မည်းမည်းနှင့် ဖယောင်းတိုင်ကို လိုက်စမ်း နေသည်။

'ဟဲ့ ဘယ်သူတုန်း မိစမ်းလား'

'ဟုတ်ပ'

'မိုးချုပ်လိုက်တာအေ၊ ကမ္ဘာကျော်ကိုတောင် ဘူတာ သွားအကြိုခိုင်းလိုက်သေးတယ်'

'မတွေ့ပါဘူးတော်၊ သူ့သားက ဘယ်လျှောက်သွားနေ သလဲမှ မသိတာ၊ ထမင်းဆာလိုက်တာ၊ ဘာဟင်းရှိတုံး'

'မရှိပေါင်အေ၊ ဟင်းသွားဝယ်လိုက်ပါလား၊ နင့်အဖေ တောင် ခုပဲထွက်သွားတယ်'

စမ်းစမ်းတို့ တိုက်ဟောင်းကြီးရှိရာ ကွင်းအစွန်မှာ ချစ်တီး ထမင်းဆိုင်ရှိသည်။သည်အချိန်မှာ ဝင်ငွေကောင်းချိန်မို့ ဆိုင်မှာ စည်ကားတတ်သည်။ အဖေကတော့ ထုံးစံအတိုင်း ပင်ပန်းမှုကို



သူကြိုက်တတ်သောအရေဖြင့် သောက်သုံး အားဖြည့်နေပြီ။ အဖေပြန်လာလျှင် ယိမ်းယိုင်လာမည်။ စကားတွေ များစွာ ပြောမည်။ အတွားပြောခဲ့သောပုံပြင်တွေကိုပြောမည်။ ကုလား မင်းသားအကြောင်း ပြောမည်။ ပြီးလျှင် အဖေ တရှူးရှူး တရှဲရှဲနှင့် အိပ်ပေလိမ့်မည်။

မနက်ရောက်လျှင်တော့ မိုးမလင်းခင် အိပ်ရာမှထကာ စက်ရှိ ဆီသို့ အဖေ ပြေးပေမည်။ သည်လိုနှင့်ပဲ နှစ်ပေါင်းများစွာ ကြာမြင့်ကုန်လွန်ခဲ့ပြီ။

ကမ္ဘာကျော် အိမ်ထဲသို့ဝင်လာ၏။

'အစ်မက ဘယ်လမ်းက လာတာလဲဟင်'

'မေးမနေစမ်းနဲ့ဟယ်၊ ငါ့ကို ဆိတ်သားဟင်း တစ်ပွဲ လောက် ဝယ်ပေးစမ်းပါ'

'အလို တော် တော် ထောလာတယ် ထင်တယ်နော်၊ ကျွန်တော်လဲ စားချင်တယ် အစ်မရ၊ အမေတို့က ကုလားမျိုး ဖြစ်ပြီး ငါးပိ တယ်စားတာပဲ၊ ကျွန်တော်က မဟာရာဂျာမျိုး ငါးပိမစားနိုင်ဘူး၊ ဟင်းကောင်းကောင်းစားချင်တယ်'

'ကမ္ဘာကျော်ရယ် ပေါက်ကရပြောမနေနဲ့၊ ရော့ ပဲဟင်း တစ်ခွက်ပါဝယ်ခဲ့၊ နှစ်ယောက် အတူတူစားမယ်'

ကမ္ဘာကျော်က စမ်းစမ်းနားကပ်ကာ တိုးတိုးပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'ရှေ့ခန်းကလေ သူ့သားကိုကိုကြီးပြန်လာလို့ ဟင်းကောင်း တွေချက်တယ် သိလား၊ အစ်မအဆက်ကြီးကို အစ်မ တွေ့ပြီး ပြီလား'

'သွားစမ်းပါယ်'

စမ်းစမ်းက ကမ္ဗလာကျော်ကို တွန်းလွှတ်လိုက်သည်။

ဝမ်းထဲက တကျုတ်ကျုတ်နှင့် ဆာလောင်မွတ်သိပ်လာ လေသည်။ တစ်နေ့တာရောင်းဝယ်ခဲ့သည့် စာရင်းများကို စိတ် တွက်ဖြင့် တွက်နေမိသည်။

'မနက်ဖြန်တော့ ကြံတောင်သူ ဆိုင်ဘက်ကို စောစော ထွက်ပြီး ကောက်ဦးမှပဲ'

စိတ်ထဲက ရေရွတ်နေမိလေသည်။ ညချမ်းရောက်၍ လေ တဟူးဟူးတိုက်လာသည်။ တိုက်အိမ်ကြီးက အေးစိမ့်လာသည်။ လရောင်မှုန်ပျပျသည် တိုက်ကြီးပေါ်သို့ ဖြန့်ကျက်လာ၏။

ကမ္ဗလာကျော်ပြောသလို ငါတို့က မဟာရာဇ်ာအမျိုးအနွယ် တွေဖြစ်ခဲ့ရင် သည်တိုက်ကြီးမအိုခင်ကလို နန်းတော်ကြီးနဲ့နေရ မှာပဲဟု စိတ်ကူးယဉ်နေလိုက်မိလေသည်။

\+ \+ \+

ကိုကိုက ပြန်ရောက်ရောက်ချင်း ထားထားရီကို တွေ့ချင်နေ သည်။ သူ တောင်ငူမသွားခင်ကတည်းက ထားထားရီက သူ့ကို



ရှောင်နေသည်။ သူ့အစ်မကြည်ကြည့် ကိစ္စကြောင့်လည်း ဖြစ် နိုင်သည်။ ကြည်ကြည့်အကြောင်းက ဂျေပုတစ်ရွာလုံး ပြော စရာ ဖြစ်နေသည်။

ထားထားရီသည် စမ်းစမ်းလိုမဟုတ်။ အရှက်အကြောက် ကြီးသည်။ ပညာကိုလည်း ခုံမင်သည်။ သူ့ကိုယ် သူလည်း တန်ဖိုးထားသည်။ သို့သော် ထားထားရီသည်လည်း သူတို့ အားလုံးလိုပင် ဆင်းရဲသည်။

ထားထားရီတို့မိသားစုသည် ဂျေပုရွာထဲမှာပဲ နေလေသည်။ စမ်းစမ်းက ရှစ်တန်းကျ၍ ကျန်ရစ်ပြီး ကိုကို ကိုးတန်းရောက် သည့်နှစ်မှာ ထားထားရီနှင့် တွေ့သည်။ ထားထားရီက သိုသိပ် သဖြင့် ကိုကိုနှင့် ထားထားရီ ရင်းနှီးသည်ကို မည်သူမျှ မရိပ် မိပေ။

ကိုကိုသည် ရွာလယ်လမ်းအတိုင်း လျှောက်လာခဲ့၏။ ဒိုတီ ဝတ်ကာ သွားလာနေကြသော အိန္ဒိယအမျိုးသားများကို မြင် ရသည်။ အိမ်တွင်းပုန်း ကုလားမများသည် ရေငင်နေကြသည်။ တချို့က ဆာရီတွေ လုံချည်အင်္ကျီတွေ မချွတ်ဘဲ ရေလောင်း ချိုးနေကြသည်။ အိမ်တိုင်းတွင် နွားကော်ချေးခြောက်များကို တွေ့ရသည်။ နွားချေးကို အပြားဝိုင်းဝိုင်းပြုလုပ်ကာ သစ်ပင် ရင်းများတွင်ကပ်၍ အခြောက်လှန်းထားကြလေသည်။ ပြီးလျှင် ထင်းအဖြစ် သုံးကြသည်။

ကိုကိုသည်လည်း မွေး က တည်း က သည်နေရာတွေမှာ ကျင်လည်ကြီးပြင်းခဲ့ရသူ ဖြစ်သည်။ အမေသည် ဇေယျဝတီသူ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ အဖေကတော့ ဟိန္ဒူနွယ်သည်။ အဖေ့ အဖေကို အိန္ဒိယတွင် မွေးသည်။ အရင်းရှင်နိုင်ငံကြီးများ၏ နယ်မြေတိုးချဲ့ခြင်းနှင့် စီးပွားရေးအကွက်ချရာတွင် ကိုကိုတို့လို လူငယ်တွေကိုလည်း ပေါက်ဖွားစေခဲ့သည်။

သကြားစက်ကြီးတည်ခါစက အိန္ဒိယမှပါလာသော အလုပ်သမားများသည် စာမတတ်သူများသာတည်း။ နောက်တော့ သည်နေရာမှာ မူလတန်းကျောင်း ဖွင့်ပေးခဲ့သည်။ အလုပ်သမား သားသမီးများ စာနည်းနည်းတတ်လျှင် စာရေးစာချီလေးခန့် ပေးသည်။ အထက်တန်းကျောင်း ဖွင့်ပေးပြီးသည့်နောက်ပိုင်းတွင်လည်း ခုနစ်တန်းရှစ်တန်းအောင်လျှင် ချက်ချင်းအလုပ်ပေးသည်။ သည်အတွက်ကိုပင် မဟာကရုဏာအရှင်ဟုထင်ခဲ့ကြလေ၏။

တကယ်တော့ လွယ်လွယ်ရသောအလုပ်ကို ဝင်လုပ်စေခြင်းဖြင့် အမြော်အမြင်ရှိသော ပညာတတ်များဖြစ်လာမည့်အရေးကို ကြိုတင် ပိတ်ပင်ထားခြင်းတည်း။

စာဖတ်လေ့ရှိသော ကိုကိုသည် သည်အချက်တွေကိုနားလည်သိမြင်ခဲ့လေသည်။ ကိုကိုက အိန္ဒိယအနွယ်ပဲဖြစ်စေ၊ မြန်မာအမျိုးသားပဲ ဖြစ်စေ ယခု မြန်မာနိုင်ငံသားစစ်စစ် ဖြစ်ခဲ့ပြီ။ ကိုကို ပညာရေးကို စိတ်ဝင်စားသည်။ ကိုကိုတို့ ငယ်စဉ်က ငေးမောကြည့်ရှုခဲ့ရသော စက်ရုံကြီးထဲတွင် အင်ဂျင်နီယာကြီးတစ်ယောက် ပြန်ဖြစ်ချင်သည်။



သို့သော် ယခုတော့ ထားထားရီနှင့် တွေ့ရဦးမည်။ ထားထားရီကို သူ အားပေးလို၏။ စမ်းစမ်းကို ငယ်သူငယ်ချင်းမို့ ခင်မင်သလို ထားထားရီကိုလည်း သူသနားသည်။ တတ်နိုင်လျှင် ထားထားရီကို လက်တွဲခေါ်ယူဖို့ သူ စိတ်ကူးလေသည်။

ဖြူဖြူ လုံးလုံး ဘုရားကျောင်းလေးတွေကို လွန်လာပြီး ထားထားရီတို့အိမ်ကို ရောက်လေသည်။ တခြားအိမ်များလိုပင် မှန်မှန်ကုပ်ကုပ်လေး ဖြစ်၏။ သို့သော် အိမ်တွင်းမှာတော့ သပ်ရပ် သန့်ရှင်းလျက်ရှိသည်။ ထားထားရီ၏အဖေသည် ကြံတောင်သူ တစ်ဦးဖြစ်သည်။ သူ့အစ်ကိုက စက်ထဲမှာ ကြံတင်ကြံချ လုပ်သည်။

ကိုကို အိမ်ထဲဝင်သွားသွားချင်း ထားထားရီက လှမ်းမြင်လေသည်။ လုံချည်ကို ရင်လျားထားရာမှ အိမ်ခန်းထဲ ပြေးဝင်သွားပြီး ကမန်းကတန်း အင်္ကျီဝတ်လာခဲ့သည်။ ထားထားရီ၏အမေသည် အိုလှပြီ။ မျက်စိကောင်းကောင်း မမြင်ပေ။

'ကိုကို ဘယ်တုန်းက ပြန်ရောက်လဲဟင်'

'မနေ့ကပဲ'

မြေစိုက်အိမ်လေးဖြစ်၍ ထိုင်စရာ ကွပ်ပျစ်တစ်ခုသာရှိသည်။ ထားထားရီက ကွပ်ပျစ်ပေါ်မှ ပစ္စည်းပစ္စယ တိုလီမိုလီများကို ဘေးသို့ တွန်းဖယ်လိုက်သည်။

'ထိုင်လေ ကိုကို'

www.burmeseclassic.com

www.burmeseclassic.com



ထားထားရီက တစ်ဘက်စွန်းတွင် ခပ်ရို့ရို့ဝင်ထိုင်သည်။

'ဘယ်သူမှ မရှိဘူးလား'

ထားထားရီက ခေါင်းခါပြသည်။

'ကိုယ်တောင်ငုမသွားခင်က လာသေးတယ်၊ ထားထားတို့ တစ်အိမ်သားလုံး မရှိကြဘူး'

ထားထားရီ ဘာမျှမပြောပေ။ ခေါင်းငုံ့ ထားလေသည်။

'ကျောင်းကော တက်ဖြစ်ရဲ့လား ဟင်'

ထားထားရီသည် မနှစ်က သူနှင့်အတူ ကိုးတန်းဖြေရာ မအောင်ခဲ့။

'တက်ပါတယ် ကိုကို၊ ကျွန်မ ကိုကို့စကားကို နားထောင် ပါတယ်၊ ဒါပေမယ့် အဖေကတော့ ကိုးတန်းအောင်ရင် ရုံးမှာ ဝင်လုပ်ရမယ်တဲ့၊ ဆယ်တန်းအောင်အောင် မထားနိုင်တော့ ဘူးတဲ့'

ထားထားရီက တိုင်တောသလို ပြောရှာသည်။ ကိုကို စိတ် ပျက်သွားလေသည်။ လူကြီးတွေမှာ အယူသည်း အရိုးစွဲနေ သောအချက်ကို မည်သို့ချေဖျက်ရမည် မသိပေ။ သည်လိုနှင့်ပဲ ကြည်ကြည်တစ်ယောက်လည်း ဒုက္ခရောက်ခဲ့ရပြီ မဟုတ်လား။ ထားထားရီကို ရေတိမ်မှာ နစ်မှာ သူစိုးသည်၊

'အဲဒါ ထားထားက ဘယ်လိုစိတ်ကူးသလဲဟင်'



ကိုကိုက ခပ်တည်တည်မေးသည်။ ထားထားရီသည် ကိုကို့ ကို အားကိုးလေသည်။ပြီးတော့ ကြောက်လည်းကြောက်သည်။

'ကျွန်မကတော့ အဖေပြောသလို အလုပ်ဝင်လုပ်ပြီး ည ကျောင်း ဆက်တက်မယ် စိတ်ကူးတာပဲ'

ကိုကို နည်းနည်းစိတ်ပြေသွားသွား၏။

'အင်းလေ ထားထား ကြိုးစားနိုင်ရင်တော့ ကောင်းပါ တယ်၊ ကိုယ်လဲ တတ်နိုင်လို့ မဟုတ်ပါဘူး၊ ဦးလေးက ကုန်စုံ ဆိုင် ဖွင့်ထားတယ်၊ အဲဒါ ဝိုင်းဝန်းလုပ်ရင်း ကျောင်းတက် ရတာပဲ'

ထားထားရီသည် နေရာမှထ၏။ နောက်ဖေးသို့ ဝင်သွား မည့်ဟန် ပြင်သည်။

'ထားထား ဘာလုပ်မလို့လဲ'

'ကိုကို့ကို နွားနို့တိုက်မလို့'

'ဟင့်အင်း နေပေစေ ကိုယ် မသောက်ချင်ဘူး၊ ကိုယ် ပြန်တော့မှာ၊ မနက်ဖြန် ဦးသာကျော်တို့ ကြံစိုက်ခင်းကို သွား မလို့၊ ထားထားလိုက်မလား'

ဦးသာကျော်တို့ ကြံစိုက်ခင်းမှာ ထားထားရီတို့အဖေ၏ စိုက်ခင်းနှင့်ကပ်လျက်ရှိသည်။

'ကိုကို ဘယ်အချိန်သွားမှာလဲ'

www.burmeseclassic.com

www.burmeseclassic.com



‘မနက် ဆယ်နာရီလောက်၊ ဟိုရောက်မှ ထမင်းစားမယ်’

‘ကျွန်မ အဖေနဲ့လိုက်ခဲ့မယ်’

ထားထားရီသည် အရှက်အကြောက်ကြီးသည်။ ရွာထဲက နေပြီး ကိုကိုနှင့်အတူ ထွက်မသွားရဲပေ။

‘ဒီလိုဆို ကိုယ်ပြန်တော့မယ်’

‘ဟုတ်ကဲ့’

ကိုကို ထိုင်ရာမှထစဉ်မှာပဲ အခန်းထဲမှ ကလေးငိုသံ စူးစူးလေးကို ကြားရလေသည်။ ကိုကို မျက်လုံးဝိုင်းသွားလေသည်။

‘ဘယ်က ကလေးလဲ ထားထား’

ထားထားရီ၏မျက်နှာသည် နီရဲသွားတော့၏။ မေးစေ့နှင့် ရင်ဘတ်နှင့် ထိလုမတတ် ခေါင်းကို ငုံ့လိုက်မိသည်။ ပြီးတော့ တိုးတိုးဖြေသည်။

‘ကြည်ကြည့်ကလေးပါ’

ကိုကိုသည် မျက်နှာမပျက်အောင်ကြိုးစားရင်း အိမ်ရှေ့သို့ လှမ်းထွက်ခဲ့လေ၏။

ထားထားရီသည် ကိုကို့ကျောပြင်ကိုပင် မကြည့်ဝံ့သဖြင့် အခန်းထဲသို့ ပြေးဝင်လာခဲ့မိလေသည်။



‘သိပ်ရှက်ဖို့ကောင်းတာပဲကြည်ကြည် ငါ ကိုကို့ကို အရှက်ဆုံးပဲ၊ ကိုကိုနဲ့တွေ့ရမှာတောင် ငါသိပ်ကြောက်နေခဲ့တာ’

ကြည်ကြည်သည် ကလေးကိုနို့တိုက်ရင်း သူ့ညီမကို ကြည့်နေ၏။ ထားထားရီကငိုနေသည်။ သည်ကိစ္စအတွက် ကြည်ကြည် တစ်ခါမျှမငိုခဲ့ပေ။ ထားထားရီကသာ မပြီးနိုင်မစီးနိုင် ဒိုင်ခံ ငိုခဲ့သည်။

‘ခု အားလုံးပြီးသွားပြီပဲ’

ကြည်ကြည်က တိုတိုတုတ်တုတ်ပြောသည်။ ကလေးကို လည်း အိပ်ရာပေါ် ချလိုက်သည်။

‘ပြော် ပြီးသွားတယ် ဟုတ်စ၊ မပြီးလို့ကောရမလားလေ၊ နင်ပြီးပုံကိုလဲကြည့်ဦး၊ ငါ ရွာထဲကို လမ်းမလျှောက်ရဲဘူး၊ ကျောင်းကိုလဲ ကိုကိုပြောလို့သာ တက်နေရတာ၊ ငါ သိပ်စိတ်ညစ်တယ်၊ မျက်လုံးတွေအားလုံးက ငါ့ကိုပဲ ကြည့်နေကြတယ်လို့ ငါထင်တယ်သိလား’

‘ကဲ တော်ပါတော့ဟယ် မယ်မင်းကြီးမ၊ အစ်ကိုတို့ ပြန်လာရင် အဟောင်းက အသစ်ဖြစ်ပြီး ငါပဲ အဆူခံနေရပါဦးမယ်’

‘ဟင်း နင်ကတော့ အရာရာကို ပေါ့ပေါ့ပဲ သဘောထားတယ်၊ အစကတည်းက ဒီအလုပ်ကို မလုပ်ပါနဲ့ဆိုတာ ပြောမရဘူး၊ ခုလဲသွားနေတုန်းပဲဆိုတော့ မလှုန်လှန်းဘူးလား

www.burmeseclassic.com

www.burmeseclassic.com



ကြည်ကြည်သည် ထားထားရီကို စိတ်မရှည်တော့ပေ။ ထားထားရီ သည်မျှအဖြစ်သည်းနေရခြင်းမှာ ကိုကို့ကြောင့်ဟု သူထင်သည်။ သူပြောသလို ကိစ္စအားလုံးက ပြီးခဲ့ပြီပဲ။

'ငါ့ဟာ ငါ ငါ့အကြောင်းနဲ့ ငါပဲ မိထား၊ နင် ကိုကို့ ကိုကြိုက်တာနဲ့ ဒါလောက် ဖြစ်မနေပါနဲ့၊ ငါ ဒီလိုမဖြစ်ရင်ကော ကိုကိုက နင့်ကိုယူမလား ကွဲ၊ ငါပြောတာ ဘာမဆိုတစ်တစ်ချတွက်ထားလို့ မရပါဘူး၊ ဖြစ်ချင်သလို ဖြစ်ကြရတာ၊ ကိုကို့အမေက သူ့ကိုယ်သူ ကုလားသူဌေးလောက် ထင်နေတာ၊ ငါတို့လောက်တောင် ပိုက်ဆံမရှိပါဘူး၊ နင် ကျောင်းနေချင်တာ နေစမ်းပါ၊ ငါ ထားပေးပါ့မယ်၊ အဖေ ပြောတာလဲနားတောင်မနေနဲ့'

ထားထားရီသည် ကြည်ကြည့် စကားတွေကို နားထောင်ရတာ ပိုရှက်လေသည်။ ကြည်ကြည် ဘာအားကိုးနှင့် ပြောသည်ကို ထားထားရီသိသည်။ ကြည်ကြည်သည် ဂုဏ်သိက္ခာကို နားမလည်ပေ။ ပိုက်ဆံများများရဖို့ပဲ သူသိသည်။ ကိုကိုသည် ဂုဏ်သိက္ခာကို တန်ဖိုးထားသူဖြစ်သည်။

'တော်ပါတော့ ကြည်ကြည် နင့်ပိုက်ဆံလဲ ငါမလိုချင်ဘူး၊ ငါ့ဟာငါ ငါ့လုပ်အားနဲ့ငါ နေပါ့မယ်၊ နင်သာ အနေအထိုင်ဆင်ခြင်ပါ၊ ရွှေဆက်တိုးရင် နင် ပိုနစ်နာမှာပဲ'

ကြည်ကြည်ကလည်း ထားထားရီစကားကို နားမဝင်ပေ။ တကယ်တော့ ဖြစ်လာရတာတွေဟာ ကိုယ်ဖန်တီးတာမှ မဟုတ်



ဘဲ။ မနှစ်က အခြေအနေကို ထားထားရီ အသိဆုံး။ အိမ်မှာ အစ်ကိုနှင့် အဖေ နှစ်ယောက်ပဲ အလုပ်လုပ်သည်။ အမေက အမင်းတစ်လုံးတောင် ဖြောင့်အောင်ချက်နိုင်သူ မဟုတ်ပေ။ ထားထားရီကလည်း ကျောင်းတက်သည်။ ကြံရာသီကုန်သည်နှင့် အစ်ကို့မှာလည်း အလုပ်မရှိတော့။ အဖေ့ ကြံစိုက်ခင်းတွေ ကလည်း အုန်းပိုးကျသည်။ ကျန်သည့် လယ်နှစ်ကွက်ကလည်း ငမ်းစာစပါးပင် အနိုင်နိုင်ရလေသည်။

သည်တော့ ကြည်ကြည်က အလုပ်ရှာရသည်။ ဇေယျာဝတီ တစ်နယ်လုံးနို့ဆီချက်သည့်လုပ်ငန်းတွေက အများကြီးရှိသည်။ နို့ဆီချက်ရုံတစ်ခုမှာ ဝင်လုပ်ရလေသည်။ တစ်လကို တစ်ရာ ငါးဆယ်လောက်ရသည့် အလုပ်မို့ ကြည်ကြည် ပင်ပန်းသည် ထင်။ ဗုံမီးဖိုကြီးပေါ် တင်ထားသော နို့ဆီချက်သည့် ကန် ထဲမှာ နွားနို့နှင့် သကြားရည်ကို ထည့်ကာ မွှေပေးရသည်။ နို့ဆီချက်သည့်ကန်ဆိုသည်မှာလည်း တကယ်တမ်း ပြောရလျှင် တော့ အနေ့ာက်နိုင်ငံသားတို့ ရေချိုးသေ့ရှိသည့် ရေချိုးကန် သာတည်း။

နို့နှင့် သကြားရောသော နို့ဆီကန်ကြီးကို လှော်တက်လို ယောက်မကြီးဖြင့် မပြတ် မွှေ ပေး ရ လေ သည်။ အပူ ဒဏ် သက်မောင်းအောင့်သည့် ဒဏ် ကြားမှပင် ကြည် ကြည် သည် သီချင်းတအေးအေးဖြင့် လုပ်နိုင်ခဲ့၏။ ကြည်ကြည့်ပင်ကိုဗီဇကိုက ပျော်ပျော် နေတတ်သည်။ ဖြစ်လာသမျှ အခက်အခဲကို ရင်ဆိုင်ဖြေရှင်းတတ်သည်။ ငေးငိုင်မနေတတ်။ တစ်ဘက်တစ်

www.burmeseclassic.com

www.burmeseclassic.com



လမ်းက ဝင်ငွေရဖို့က အရေးကြီးသည် မဟုတ်လား။ ထားထားရီကတော့ သူ့အစ်မကို သည်အလုပ် မလုပ်စေချင်ပေ။ အထူးသဖြင့် ကြည်ကြည် အလုပ်လုပ်သည့်အိမ်ကို ထားထားရီက သဘောမကျ။

သည်အိမ်က ပိုင်ရှင်သူဌေးက ဂျပုမှာ နာမည်ကြီးသည်။ ရှင်းရှင်း ပြောရလျှင်တော့ မိန်းမဘက်မှာ နာမည်ကြီးလေသည်။ သို့သော် ကြည်ကြည်က နားမဝင်တော့။ လခအပြင် အလုပ်ကောင်းလျှင် ကောင်းသလို ရတတ်သော အပိုမုန့်ဖိုးလေးတွေကိုလည်း မက်သည်။ အန္တရာယ်ဆိုတာ ရှောင်နိုင်လျှင် လွတ်သည်ပဲ။

သို့သော် ကြည်ကြည်သည် အန္တရာယ်ကို လွယ်အောင် မရှောင်နိုင်ခဲ့ချေ။

များမကြာမီ ကြည်ကြည့်မှာ ကိုယ်ဝန်ရှိလာလေသည်။ ကြည်ကြည်သည် ဟန်မပျက်ပင် အလုပ်ဆင်း၏။ နောက်ဆုံး အဖေတို့ အစ်ကိုတို့ပါ သိလာရသည့်အချိန်တွင် ကြည်ကြည်သည် အံ့ဩဖွယ်သော စကားကို ဆိုပြန်သည်။

'သူက လူသိရှင်ကြားတော့ မယူနိုင်ဘူးတဲ့၊ ဒါပေမယ့် ကလေးအတွက်ကော လူကြီးအတွက်ကော အားလုံး တာဝန်ယူတယ်တဲ့'

အစ်ကိုက တုတ်တစ်ပျက် ဓားတစ်ပျက်ဖြစ်လိုက်သေးသည်။ နောက်ဆုံးတော့ သူတို့ တစ်သက်မှာ မကိုင်ဘူးသော ငွေ



ကြည်ကြည်က သယ်ဆောင်လာသည်။ သည်အခြေမှာ ဘာတတ်နိုင်တော့မှာလဲဟူသော စကားကိုလည်း အမေက အစပြောစပြုသည်။

ထားထားရီကတော့ ဖြစ်နိုင်လျှင် သည်ကမ္ဘာပေါ်ကတောင် ပြေးထွက်သွားချင်သည်။ ကိုယ်ကျင့်တရားနှင့် အကျင့်သိက္ခာဟူသည် ငွေကြေးအောက်မှာ ကွယ်ပျောက် တတ်လေသလား။ အဖေနှင့် အစ်ကိုတို့၏ ဒေါသများသည် ငါးထောင်ဟူသည့် ငွေကြေးအောက်မှာ ကွယ်ပျောက် သွားကြသည်။

ကလေးတစ်ယောက်ကို ရဲရဲဝံ့ဝံ့ မွေးဝံ့သော ကြည်ကြည့်သတ္တိကိုလည်း အံ့ဩလေသည်။ ပြီးတော့ သူက ဟန်မပျက် အလုပ်ဆင်း နေလိုက်သေးသည်။

ကိုကို့ မျက်လုံးများကို ထားထားရီရင်မဆိုင်ဝံ့ပေ။ ကျောင်းမှာ ကိုကိုနှင့် တစ်တန်းတည်းတက်ရစဉ် ကိုကို စကားပြောကောင်းတာ၊ စာတော်တာ၊ အနေအထိုင် သိမ်မွေ့တာတွေကို သိသည်။ စာပေဗဟုသုတ ကြွယ်ဝတာကိုလည်း အထင်ကြီးသည်။ ကိုကိုသည် ထားထားရီကို ခင်ခင်မင်မင် ရှိသည့်အတွက်လည်း ကျိတ်၍ဝမ်းသာခဲ့ရသည်။

ယခု ကိုကိုက သူတို့မိသားစု၏ အကျင့် သိက္ခာကို မည်သို့ အကဲဖြတ်မည်လဲ။

www.burmeseclassic.com

www.burmeseclassic.com



ထားထားရီ ကိုကိုနှင့် ထပ်တွေ့ရမှာကို ဝန့်လေးနေမိလေသည်။

\+ \+ \+

ဦးဘကျိုင်နှင့်အတူ ထားထားရီ ပါလာသည်ကို တွေ့ရသဖြင့် စိန်အောင်တစ်ယောက် အူမြူးနေသည်။ ယခုတလော ထားထားရီကို မတွေ့ရသည်မှာကြာပြီ။ ကြည်ကြည့်ကိစ္စ သိုးသိုးသန့်သန့် ကြားရကတည်းက ထားထားရီကို မတွေ့ရတော့ခြင်း ဖြစ်၏။ ခါတိုင်းနှစ်တွေဆိုလျှင် ကြံပင်တွေခုတ်ပြီဆိုသည်နှင့် ထားထား ရီ ကြံစိုက်ခင်းထဲကို ပါပါလာတတ်သည်။ တစ်ခါ တစ်ရံ သမင်းလာပို့သည်။

'စိန်အောင် မင်းလူတွေ ရောက်နေပြီလား'

'ရောက်နေပြီအဘ ဟဲ ဟဲ'

နောက်က ဟဲ ဟဲ ဆိုသည်မှာ ထားထားရီဘက်ကိုလှည့်ကာ ရယ်ပြရခြင်းဖြစ်၏။

'မင်း ဒီနှစ် ဒီဘက်အခင်းကို စိုက်မယ် မဟုတ်လား'

'စိုက်မယ်အဘ မှဲ ဟဲ'



'မင်းလူတွေ ငါ့လဲ ကူပါဦးကွာ'

'ဟာ ကူမှာပေါ့ အဘရ'

ထားထားရီသည် စိန်အောင့်ဘက်ကို မကြည့်မိအောင် သတိထားနေရလေသည်။ စိန်အောင်သည် အလွန်ရိုးသည်။ အစက ဂျေပုမှာ ထားထားရီတို့နှင့်အတူတူ ကျောင်းတက်သည်။ နောက်တော့ သူ့အဖေ ဆုံးသွားပြီး သူ့အဖေ၏ ကြံခင်းများကို ဆက်၍ တာဝန်ယူနေရသည်နှင့် ကျောင်းမနေ ဖြစ်တော့ပေ။ စိန်အောင်တို့ကြံခင်းနှင့် ထားထားရီတို့ အဖေ ဦးဘကျိုင်၏ ကြံခင်းသည်ဆက်နေသည်။ တစ်ဘက်မှာ ကိုကိုတို့ဦးလေးဦးသာကျော်၏စိုက်ခင်း ရှိသည်။

အဖေနှင့်စိန်အောင်တို့သည် အသင့်ရောက်နေသော တွန်းတုံးတွေ နွားတွေဖြင့် စိုက်ခင်းကို ယပ်ပြီးထွန်ရန် ပြင်ဆင်နေကြ၏။ ထားထားရီသည် စိန်အောင်က သူ့ကိုတကြည့်ကြည့်ဖြစ်ကာ အလုပ်မဖြောင့်ဘဲ ဖြစ်နေသည်ကို သိသဖြင့် မျက်နှာပူကာ စိန်အောင်တို့အမေရှိသော လမိုင်းခင်းဘက်သို့ ထွက်ခဲ့လေသည်။

လမိုင်းခင်းကား မနှစ်က ကြံစိုက်ခင်းဟောင်းများ ဖြစ်၏။ ကြံပင်များကိုခုတ်ပြီး မြေကိုထွန်မပစ်ဘဲ ကြံပင် အငုတ်များကို မီးရှို့ပစ်ရသည်။ ပြီးလျှင် ဘေးတစ်ဘက်တစ်ချက်စီမှ သင်ပေးရသည်။ ပြီးမှ ခေတ်မြေသြဇာကျွေးပြီး ကြမ်းတုံး ပြန်ပေ

www.burmeseclassic.com

www.burmeseclassic.com



ပေးရလေသည်။ လမိုင်းခင်းက စရိုက်သက်သာသည်။ ရသမျှ အမြတ်ပဲ ဖြစ်သည်။

ကိုစိန်အောင်တို့အမေသည် အလွန်ရိုးသည်။ အလုပ်လည်း အလွန်လုပ်၏။ ကိုစိန်အောင်တို့အဖေ မသေမီကလည်း အလွန် အလုပ်လုပ်သော တောင်သူတစ်ဦး ဖြစ်ခဲ့သည်။ ယခုတော့ သား စိန်အောင်ကို အားလုံးလွှဲအပ်ခဲ့ပြီ၊ စိန်အောင်သည်လည်း သူ့မိဘများလိုပင် ယာခင်းကို ခင်တွယ်ကာ တောင်သူဘဝကို မြတ်နိုးသူဖြစ်သည်။

'ဟဲ့ ထားထားမဟုတ်လား၊ မတွေ့တာတောင် ကြာပေါ့'

ကိုစိန်အောင်တို့အမေ ဒေါ်နုကား သူ့ယာခင်းမှာသာ စိတ်ဝင်စားသည်မို့ တခြား လူမှုရေးတွေဘာတွေ နားမလည်ပေ။ ထို့ကြောင့် ထားထားရီ စိတ်သက်သာရာ ရသည်။ ထားထား ရီမှာ လူတွေကို ကြောက်ရွံ့ထိမ်းရှောင်နေရသည် မဟုတ်ပါလား။ ယခုလည်း စိတ်က မငံ့မရဲနှင့်ပင် တစ်ဘက်မှ ဦးသာကျော်တို့ အခင်းဘက် လှမ်းကြည့်ရသည်။ ကိုကိုများရောက်နေလေမလား။

ကိုကို့ အရိပ်အရောင်ကို မတွေ့ရသဖြင့် ထားထားရီ အားငယ် သွားသည်။

ကိုကို့ကို ရှာနေရသဖြင့် ထားထားရီမှာ ဒေါ်နုကို စကား မပြန်နိုင်သေးပေ။



'ဟဲ့ ထားရီ နင့်အမေကော နေကောင်းရဲ့လား၊ မျက်စိက သက်သာလား၊ ကြည်ကြည်တစ်ယောက်ကော'

'ဪ ရှင် ဟုတ်ကဲ့၊ နေကောင်းပါတယ်၊ အင်း ကြည်ကြည် ကတော့'

ထားထားရီ အထိတ်တလန့်ဖြင့် ပါးစပ်ထဲတွေ့ရာပြောလိုက် မိသည်။

'နင့်အဖေလဲ ပင်ပန်းရှာတယ်ဟဲ့၊ ငါလဲ စိန်အောင်ရှိလို့ သာ၊ နို့မို့ဆို မလွယ်ဘူး၊ စပါးကလဲ ဝမ်းစာရအောင် ဖိုက်ရ သေး၊ ကြံကလဲ အထူးစိုက်ခင်းထဲပါတော့ သိပ်သတိထားရ တယ်၊ ဒီလမိုင်းခင်းကို ခုတ်ချင်တာကြာလှပြီ၊ ကြံလက်မှတ် မရသေးတာနဲ့'

ဒေါ်နုကတော့ သူ့စိတ်ကူးနှင့်သူ ပါးစပ်က ပြောရင်း လက်ကလည်း ကြံပင်များကို ဓားမတစ်ချောင်းဖြင့် ခုတ်ဖြတ် နေသည်။

အသက်ကကြီး၍ ပိန်ပိန်ပါးပါး ဖြစ်သော်လည်း ဒေါ်နု သည် လျင်မြန်သွက်လက်လှသည်။ လောကတွင် သူ့ကြံစိုက်ခင်း ကလွဲ၍ ဘာကိုမျှလည်း စိတ်ဝင်စားသည့်ပုံ မပေါ်ပေ။ ထို့ ကြောင့် မစွေ့ရ စိတ်လည်း ပွားများနေစရာ အချိန်မရှိ။ ကြည်ကြည့်ကိစ္စနှင့်ပတ်သက်၍ လူတွေက ထားထားရီကိုပါ အထင်အမြင် သေးသောစကားတွေကို ခွေ့တင်မှာ ဖြစ်စေ၊

www.burmeseclassic.com

www.burmeseclassic.com



ကွယ်ရာမှာဖြစ်စေ မကြားတကြား ပြောတတ်ကြသော်လည်း သည့်အကြောင်းတွေကို ဒေါ်နုက အလေးထားဟန် မတူပေ။

ထားထားရီသည် ငယ်ငယ်ကဆိုလျှင် အဖေနှင့်ယာခင်းထဲကို ပါလာတတ်စမြဲ။ စိန်အောင်ကဲ့သို့ပင် အဖေ့ကို ကူနေကြ။ နောက်တော့ ကျောင်းစာ အရေးကြီးသည်ဆိုကာ အဖေက လည်း မလိုက်စေခဲ့။

'ကျွန်မလဲ အမေတစ်ယောက်တည်း အိမ်မှာ စိတ်မချလို့ ယာခင်းထဲ မလိုက်ရတာ၊ ပြီးတော့ ကလေးကလဲ'

ထားထားရီသည် လှုပ်ကနဲ သက်သွားပြီးမှ ပြောလက်စ စကားကို ရပ်ထားမိသည်။ အိမ်မှာ ကြည်ကြည် မရှိလျှင် ကြည်ကြည့်ကလေးကို ထိန်းပေးရသည်။

'အေးဟဲ့ ကြည်ကြည့်ကလေးကော ဘယ်နှစ်လရပြီလဲ'

ဒေါ်နုက ကြံခုတ်မပျက် လှမ်းမေးလိုက်သော်လည်း ထားထားရီမျက်နှာက ရဲကနဲ ဖြစ်သွားလေသည်။ ဒေါ်နုသည် ဘယ်ဘက်လက်က ကြံပင်ကိုယိမ်းရှိုက်ပြီး ညာဘက်က ဓားမဖြင့် ရှပ်ကနဲ ရှပ်ကနဲနေအောင် ပိုင်းဖြတ်နေသည်။ ကြံခုတ်သည် ကလည်း လူငှားမည်ဆိုလျှင် လုည်းတစ်စီးစာကို ငါးကျပ်ပေးရမည်။

'ငါးလထဲမှာ'

ထားထားရီ၏အသံသည် တိုးတိုးတိမ်းတိမ်းလေး ဖြစ်သွားသည်။



'နေကောင်းရဲ့လားဟဲ့ ကလေးက'

ဒေါ်နုက ကြံပင်ကို အရင်းနားနီးနီး ကပ်နိုင်သမျှ ကပ်အောင်ခုတ်ရင်းက မေးပြန်သည်။ ခုတ်ပြီးသားကြံပင်များကို အမြစ်တွေ အရွက်တွေ သပ်ရပ်အောင် ဖြတ်လိုက်ပြန်ကာ တစ်နေရာမှာ စုပုံထားသည်။

'ကောင်းပါတယ် အဒေါ်ရယ်၊ ခု အလုပ်ပြန်ဆင်းနေတယ်လေ၊ ပြောလို့လဲမရဘူး၊ ကျွန်မ သိပ်ရှက်တယ် အဒေါ်'

ထားထားရီ၏ အသံသည် ငိုသံပါလာလေသည်။

ဒေါ်နုသည် ကြံအခုတ်ရပ်ပြီး ဓားမကြီးကို ကိုင်လျက်က ထားထားရီကို ကရုဏာသက်စွာ ကြည့်သည်။

'ရှက်မနေနဲ့ထားရီ၊ လက်ညှိုးမကောင်း လက်ညှိုး၊ လက်မမကောင်းလက်မပဲ၊ဟိုကလဲ စားနေကျကြောင်ပဲဟာ၊ ကြည်ကြည်နဲ့မို့သာ ဒီအထိလိုက်လျှောတာ၊ ဘကြိုင်လဲ သမီးကိစ္စ ဖြစ်ပြီးကတည်းက မျက်နှာကိုမကောင်းဘူး၊မရွှေကလဲ အ ပေတာကိုး'

'အမေ့တော့ ထည့်ပြောမနေပါနဲ့ အဒေါ်ရယ်'

'ဟုတ်ပါ့၊ မွေးထားတော့လဲ သမီးတွေက အချောအလှချည်း၊တို့တော့ သားတစ်ယောက်ရှိတာပေါ့၊ပေါ်တောတော်နဲ့ အားတော့အကိုးရသား၊ ခုဆို သူကချည်း ဦးဆောင်နေတာ၊ မအေကိုတောင် ဘာမှလုပ်စေချင်တာ မဟုတ်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နုသည် သူ့သား စိန်အောင်ကို ထားထားရီနှင့် နီးစပ်စေချင်ခဲ့သည်။ တောသူတောသား သဘာဝ အရွယ်ရောက်လာသည်ဆိုလျှင် လယ်အလုပ် ကိုင်းအလုပ် လုပ်တတ်လျှင် ပြည့်စုံပြီပဲ။ သင့်တော်ရာနှင့် အိမ်ထောင်ချပေးလိုက်ရန် ဝန်မလေးပေ။ ထားထားရီကတော့ စိန်အောင့်ကို စိတ်ကူးချမ်းမရ။ ယာခင်းချင်းဆက်ကာ ငယ်ငယ်က ခင်ခင်မင်မင် နေခဲ့သော်လည်း ယခုတော့ စိန်အောင်လိုလူမျိုးကို အားငင်ကြီး အားကိုးချင်စိတ်မရှိတာ အမှန်ပင်။

'အဒေါ် ကြံတွေက ဒီနေ့ချရမှာလား'

ထားထားရီက စကားလွှဲ၍ ပြောလိုက်သည်။

'အေး လက်မှတ်ကလဲ တစ်ဆယ်တောင်ပေးရ သအေ'

သကြားစက်က တစ်နေ့ဝယ်ယူနိုင်သည့် ကြံတန်ချိန်ကို သတ်မှတ်ထားပြီးဖြစ်ရာ ကြံလှည်းချလိုသူ တောင်သူများက ခွဲတမ်းအရပေးသည့် ကြံချလက်မှတ်ကို မျှော်ကြရသည်။ စောစောခုတ်ချင်သူများက လက်မှတ်နောက်ကို လိုက်ကြသည်။ ကြံပင်ကို ခုတ်ပြီး ရက်ဆိုင်းနေ၍လည်း ဖြစ်သည်မဟုတ်ပေ။ သည်တော့ ကြားထဲက အကြံအဖန်သမားရှိလျှင်လည်း ပေါက်ဈေးအတိုင်း ပေးလိုက်ကြ၏။

'ကျွန်မ အဖေ့ကို သွားကူဦးမယ် အဒေါ်ရယ်'

အေး ကူပါအေ၊ သူ့ခမျာ အသက်ကလဲ ကြီးပြီဟဲ့၊ စိန်အောင်တို့ အဖေလဲ မနှစ်က ကြံပင်တွေအူနီကျလို့ စိတ်ခတ်



ကလဲကျ၊ ကျွန်းမာရေးက မကောင်းတော့ ကြံခုတ်ရင်းကို မူးတယ်မူး တယ်နဲ့ လဲသွားတာ ဆေးရုံရောက်တော့ အသက်မရှိတော့ဘူး'

ထားထားရီသည် အဖေ့အတွက် ရင်ထဲက ပူလာလေလည်း။ အဖေတို့သည် တစ်သက်လုံးက သည်လိုပဲ ကြမ်းကြမ်းတမ်းတမ်း နေခဲ့ကြ၍ မိုးရွာနေပူလည်း မရှောင်တတ်ကြ။ မိမိကိုယ်မှာ ဘာရောဂါရှိလို့လည်း ရှိမှန်းသိကြသည်မဟုတ်။ မတတ်ရပ်နိုင်သမျှအလုပ်လုပ်ကြသည်။ ထို့ကြောင့်လည်း ဖြစ်ပြီဟော့ဆိုလျှင် ကောက်ကနဲ ဖြစ်လိုက်ကြသည်။

ထားထားရီသည် အဖေ့လို ကြမ်းကြမ်း တမ်းတမ်းလည်း လုပ်ကိုင်မစားနိုင်ပေ။ ကြည်ကြည်လိုဘဝကို လွယ်လွယ်လေး သတ်မှတ်ကာ ဖြတ်လမ်းကိုလည်း မလိုက်ချင်။ ရှိသမျှအင်အားနှင့် ရုန်းကန်ကြိုးစားချင်သည်။ ကိုကိုသည် သူ့ဘဝ၏ အင်အားတစ်ရပ်ပင် ဖြစ်၏။ ကိုကိုက ယခုအချိန်ထိ ပေါ်မလာသေးပါလား။

ထားထားရီက အဖေ၏ စိုက်ခင်းထဲသို့ ပြန်လာခဲ့သည်။ စိန်အောင်သည် သူငှားထားသော လူများဖြင့် အဖေ့ကို အားတက်သရော ကူညီလျက် ရှိသည်။

ထယ်ဖြင့် မြောင်းဖော်ထားသော မြေပွပွများသည် ကြံစိုက်ရန် အသင့်ဖြစ်နေသည်။ တစ်မိုက်ခန့် ကြံအဆစ်အပိုင်းလေးတွေကို ဒယ်အိုးထဲတွင် ဓာတ်မြေဩဇာရည်ဖြင့် စိမ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြံပိုင်းလေးတွေကို ဆယ်ကာ မိန်းကလေးတွေက မြောင်းအတိုင်း တုံးလုံးချပေးသွားသည်။

စိန်အောင်သည် ပုဆိုးစလွယ်သိုင်းထဲမှာ ဓာတ်မြေသြဇာပုံးကို ထည့်လေသည်။ ပြီးတော့ ကြံပိုင်းများချသွားရာနောက်မှ ဓာတ်မြေသြဇာ လိုက်ချပေးလေသည်။ ဓာတ်မြေသြဇာကို လက်ဖြင့် ဆုပ်၍ဆုပ်၍ ယူကာ ကြံပိုင်းလေးများပေါ် ချပေးနေသော စိန်အောင်၏ လက်များသည် သွက်လက်နေကြသည်။

ထားထားရီကို သည်ကနေ့မှပြန်တွေ့ရသည်ပဲ။ ထားထားရီ၏အသားများက ပိုနုပြီး ပိုလှလာသည်ဟုထင်သည်။ ငယ်စဉ်ကတော့ ထားထားရီနှင့် သူသည် ခင်မင်ခဲ့ကြ၏။ အမေက ထားထားရီကို ချွေးမှာထားပြီး သူ့ သားစိန်အောင်နှင့် သဘောတူကြောင်းပြောလျှင် ထားထားရီသည် ဘာမျှ နားမလည် အပြစ်ကင်းသောမျက်နှာလေးနှင့်ရယ်နေတတ်သည်။ ထားထားရီထက် သုံးနှစ်ခန့်ကြီးသော စိန်အောင်ကသာ သဘောတွေ့ကျကာ သွားကြီး ဖြီးနေခဲ့ရလေသည်။

ယခုတော့ ထားထားရီက အေးဆေးလွန်းသည်။ မျက်လုံးများကလည်း ညှိုးငယ်နေသည်။

'သူ့ ယောက္ခမစိုက်ခင်းမို့ မျက်နှာလိုအားရလုပ်နေ၊ ကျုပ်တို့တော့ အလကား မကူနိုင်ဘူးနော်၊ ထုံးစံအတိုင်းပဲ၊ ဒီအခင်းနဲ့တင် နေကုန်ရင် တစ်နေ့တွက် သပ်သပ်ပေး'



ကြံဆစ်များကို မြေကြီးထဲ လိုက်ချနေသော မသန်းတင်က လှမ်းပြောသည်။ မသန်းတင်တို့လူသိုက်ကို နေ့စား ၇ ကျပ်ဖြင့် ငှားထားရခြင်းဖြစ်၏။ စိန်အောင်သည် အဖေ့လက်ထက်က အတိုင်း လယ် ရှစ်ကေကျော်ရှိရာတွင် နှစ်ကေကို ပေါင်းစိုက်ပြီး ခြောက်ကေကို ကြံစိုက်သည်။ အမေကလည်း အလကားမနေတတ်သူဖြစ်၍ သားအမိနှစ်ယောက် တက်ညီ လက်ညီ လုပ်ကြသည်။ ခုတ်သည့်အခင်းကိုခုတ်၍ စိုက်သည့်အခင်းကို စိုက်ရသည်။

'ကျယ်ကျယ် ကျယ်ကျယ် မပြောစမ်းပါနဲ့ သန်းတင်ရယ်၊ ဒါလေးက မနက်စာမစားခင် ပြီးမယ့်ဟာကို'

ဦးဘကြိုင်မှာ ကြံသုံးခင်းကိုပင် အနိုင်နိုင်စိုက်နေရလေသည်။ လူလည်း များများ မငှားနိုင်ပေ။ ထားထားရီတို့ အစ်ကိုကလည်း စိုက်ခင်းဘက်ကိုမလာ။ သူက တစ်နေ့လုပ် တစ်နေ့ရသော ကြံတင်ကြံချ၊ သကြားအိတ်ထမ်း၊ ပျံကျအလုပ်ကိုပဲ ဝိတ်ပါသည်။ ဦးဘကြိုင်ကို ငယ်ငယ်ကတည်းက အဖေနှင့် တန်းတူထားပြီး ရိုသေခဲ့ရသည်မို့ စိန်အောင်က အစစ အကူအညီပေးသည်။ ထားထားရီ မျက်နှာကြောင့်လည်း ပါသည်ပေါ့။

အဖေသည် သစ်ပင်ရိပ်မှာ ထိုင်နေလေသည်။ ထားထားရီသည်အဖေ့ကို သနားသွားသည်။ အဖေသည် မိန်းမကိုလည်းကောင်း၊ သားသမီးများကိုလည်းကောင်း ခိုင်းရကောင်း[illegible] ဟု အောက်မေ့တတ်သူမဟုတ်ပေ။ တစ်ယောက်တည်း [illegible] နိုင်သလောက်လုပ်သည်။ အထူးသဖြင့် သားသမီးများကို [illegible]

www.burmeseclassic.com

www.burmeseclassic.com



သည်။ အဖေ့အသက်သည် ခြောက်ဆယ်ကျော်ပြီ။ ယခုနှစ်မှာ ပို၍ အိုစာသွားသလိုပင် ထင်ရလေသည်။ စိန်အောင်တို့အဖေ လိုများ တစ်ခုခုဖြစ်သွားရင်အခက်။

'အဖေ ထမင်းစားတော့မလား ဟင်'

ထားထားရီက မနက်ကအစောကြီးထကာ ပန်းဂေါ်ဖီနှင့် ကြက်ဥကိုခေါက်၍ ကြော်ခဲ့သည်။ ခရမ်းချဉ်သီး ငါးပိချက် ချက်သည်။ ငါးခြောက် နည်းနည်းဖုတ်ခဲ့သည်။ ကိုကိုနှင့်များ ထမင်းအတူတူ စားရမည်လားဟု မျှော်လင့်ခဲ့မိသေး၏။ အဖေ သည် ကိုကို့ကို ကောင်းစွာသိသည်။

'စားတာပေါ့ကွယ် မောင်စိန်အောင်တို့ သားအမိလဲ ခေါ် ပါဦး'

အဖေသည် သိပ်ပြီး အမောခံနိုင်တော့ဟန် မတူပေ။ အဖေ အလုပ်လုပ်ရာသို့ ထားထားရီ မလိုက်တာ ကြာပြီပဲ၊ အဖေ မည်မျှပင်ပန်းနေရသည်ကို မသိ။ ကြည်ကြည်ကိစ္စနှင့် ပတ်သက် ပြီး လူတွေကို ရှောင်ပုန်းနေရသည် နှင့်ပင် ဘာကိုမျှ မသိ နိုင်ခဲ့။

ထားထားရီသည် ထမင်းချိုင့်များကိုဖွင့်၍ အသင့်ပြင်ပေးခဲ့ ပြီး စိန်အောင်တို့ သားအမိကို ခေါ်ရန် ထွက်ခဲ့သည်။

'အဒေါ်ရော ကိုစိန်အောင်ရော ထမင်း စားကြရအောင် လေ'



စိန်အောင်သည် သွားသုံးဆယ့်နှစ်ချောင်းလုံးပေါ်အောင် ပြုံးနေ၏။

ဒေါ်နု့က ယာခင်းထဲသို့ နေ့စဉ်လာနေကျဖြစ်၍ ထမင်း အိုး ဟင်းအိုးများကို တောင်းတစ်လုံးဖြင့်စုပြုံထည့်ထားသည်။ သည်တောင်းကြီးကို မလာရုံဘဲဖြစ်၏။ တောင်းထဲမှာ ထမင်း အိုးပါသည်။ ဟင်းအိုးပါသည်။ ရေနွေးအိုး၊ လက်ဖက်ခြောက်၊ ဆီ၊ ဆားတို့လည်းပါသည်။ သူ့တောင်းထဲက ပစ္စည်းတွေကို တစ်ခုချင်းထုတ်သည်။ မြေအိုးများမှာ အပြင်က မည်းနက် လျက်ရှိ၏။ ပန်းကန်ပြား သုံးချပ်သည် အနားများ ဝါနေ သည်။

'ထူးပါဘူး အမေရာ၊ အဲဒီ တောင်းကြီးပါ မလာခဲ့ပါ တော့'

စိန်အောင်က ပြောပြောဆိုဆို ထမင်းတောင်းကြီးကို မပြီး သစ်ပင်ရိပ်သို့ ယူလာခဲ့၏။ တခြားတောင်သူများလည်း ထမင်း စားဖို့ ပြင်ကြသည်။ မိန်းကလေးများက သွက်လက်စွာလှုပ်ရှား နေသော စိန်အောင်ကိုကြည့်ကာ မေးထိုး လက်တို့၍ ရယ်ကြ သည်။

ဒေါ်နု၏ ထမင်းတောင်းထဲမှ ငရုတ်သီးစပ်စပ်ဖြင့် ထောင်း ထားသော ငါးပိထောင်းနံ့သည်မွှေးနေလေသည်။ ဆတ်သား ခြောက်များကို မီးဖုတ်၍ဆီရွှဲရွှဲဆမ်းထားသည်။ ရေနွေးကြမ်း

www.burmeseclassic.com

www.burmeseclassic.com



ကလည်း အကျရည် ကောင်းလှ၏။ အဖေသည် ထမင်းကို မြိန်ရှက်စွာ စားလေသည်။

အားလုံးက တစ်ပျော်တစ်ပါး ရှိလှ၏။

ထားထားရိုကစ်ယောက်သာ တစ်ဘက်ယာခင်းကို လှမ်းမျှော်ရင်း ထမင်းစားရသည်မှာ တို့ကနန်း ဆိတ်ကနန်း ဖြစ်နေရှာလေသည်။

\+ + +

စိန်အောင်ကတော့ သူ့ဘဝသူ ကျေနပ်သည်။

အဖေသေသွားသည့်အတွက် မိခိုရာ အရိပ်မဲ့ခဲ့ရသော်လည်း ဘဝပျက်ရသလို မဖြစ်ခဲ့။ အမေသည် စိတ်ခါတ်ခိုင်မာသည်။ အလုပ်လုပ်သည်။ သူတို့မှာ တောင်ယာခင်းတွေ ရှိသည်။ ဘာ ပူစရာလိုသလဲ။ စိန်အောင်တွင် အစ်မတစ်ယောက် ရှိသည်။ အိမ်ထောင်ကျသွားပြီ။ သူ့ယောကျ်ားက စက်ထဲမှာလုပ်သည်။

သည်ကြံစိုက်ခင်းများ လယ်ကွင်းများကို စိန်အောင် ခင် တွယ်၏။ အဖေမသေမီ စိတ်ဆင်းရဲသွားရရှာတာလေးကိုသာ တွေးတွေးပြီး စိတ်မကောင်းဖြစ်သည်။



အကုသိုလ်ဝင်သောနှစ်ဟု ခေါ်ရလေမလား။ ထိုနှစ်က ကြံပင်ထက်ဝက်ခန့်မှာ အူနီပိုးကျခဲ့လေသည်။ ထားထားရိုတို့ အဖေ၏ ကြံခင်း မှာလည်း ထိုနည်းငင်းပင်။ ဘာ့ကြောင့် မှန်းလည်း အဖြေ ရှာမရခဲ့။ အောက်စမ်းခါတ် မကောင်း၍ဘဲလား၊ ခါတ်မြေဩဇာ အသုံးမှား၍လားမသိ။ ကပ်ဆိုက်သည်ဟုပင် ဆိုရမည်။ ကြံပင်များကလည်း 'အဆစ်အနည်းငယ်သာမက တစ်ချောင်းလုံး နီလေတော့ စက်ရုံက ထက်ဝက်ဈေးနှင့်ပင် ပေးမဝယ်တော့ချေ။

ထိုနှစ်မှာမှ စပါးကလည်း အထွက်နည်းသည်။ တာဝန်ကျေအောင်ပင် မရလေ၍ အားကိုးစရာမရှိ ဖြစ်ရသည်။ သည်အထဲမှာပင် အဖေက ဖြုန်းကနဲ ကောက်ဖြစ်သည်။ စိတ်ရောလူပါကျနေချိန်မို့ သီးမှည့်ဘစ်လုံးကို ဆက်ကနဲခြွေလိုက်သလိုပင်။

စိန်အောင်ကတော့ သူ့ဘဝသူ ဝမ်းနည်းအားငယ်ခြင်း မဖြစ်မိပေ။ အစကတည်းက ယာခင်းကို ခင် တွယ် ခဲ့ သည့်မို့ ယာခင်းထဲ ဆင်းရသည်ကို စိတ်ညစ်ညူးခြင်း အလျှင်းမရှိ။ အဖေ့ကို သနားတာတစ်ခုပဲ ရှိလေသည်။

သူ့ဘဝမှာ ကျောင်းပညာကိုလည်း အထိုက်အလျောက် သင်ခဲ့ရပြီမို့ အအ အနကြီးလည်း မဟုတ်တော့။ မထင်မှတ်ဘဲ အပျက်အစီး အဆုံးအရှုံးတွေ ရင်ဆိုင်ရသည့်အခါ စိတ်ပျက်မိသော်သည်း ငယ်ရွယ်သော အခွင့်အရေးကို လက်ကိုင်ထား

www.burmeseclassic.com

www.burmeseclassic.com



ကာ သူကြိုးစားသည်။ အမေကလည်း ဇွဲကောင်းသည်။ သူ
ဘာပူစရာ လိုတော့သလဲ။

သို့သော် ထားထားရီကို မြင်ရမှ သူ စိတ်ဓာတ် နည်းနည်း
ကျသွားလေသည်။ တစ်ချိန်က ယာခင်းထဲမှာ လက်ချင်းဆက်
ကာ ပြေးလွှားကစားခဲ့သော ထားထားရီသည် ယခုတော့ စိမ်း
လေပြီတည်း။ ထားထားရီ သိမ်မွေ့နူးညံ့တာကို သူ သိသည်။
သည်အမူအရာ လေးများကိုပဲ သူ ချစ်ခင်နှစ်လို ခဲ့ရသည်။
ကျောင်းမှာ နေစဉ် ကုလားမလေးများထဲမှာ မြန်မာဆန်ဆန်
ယဉ်ယဉ်ကျေးကျေး လှသော ထားထားရီကို ငေးရသည်မှာ
အမော။ သို့သော် ထားထားရီက ငယ်သူငယ်ချင်း ဖြစ်သော
သူ့ကို ဖုတ်လေသည့်ငါးပိရှိသည်မှမအောက်မေ့။သည်နေ့လည်း
ထားထားရီကို ပြန်တွေ့ရသဖြင့် သူ့ရင်ထဲမှာ လှုပ်ရှားသည်။
သို့သော် ထားထားရီသည် မျက်နှာလေး ညှိုးလျော်နေသည်က
လွဲပြီး သူ့အပေါ် စိတ်ဝင်စားဟန် မပြပေ။

'ဟဲ့ သား မအိပ်သေးဘူးလား၊ မနက်လဲ အစောကြီး ထ
ဦးမှာ'

စိန်အောင်တစ်ယောက် ထားထားရီအကြောင်း တွေးပြီး
အိပ်မပျော်ဘဲ တလူးလူးတလိမ့်လိမ့် ဖြစ်နေသည်ကို အမေက
သိနေလေသည်။ အမေသည် အဖေမရှိသည့် နောက်ပိုင်း စိန်
အောင့်ကို ပို၍ ဂရုစိုက်ကာ အရိပ်တကြည့်ကြည့် ဖြစ်နေရှာ
သည်။ ပြီးတော့ အများက သတ်မှတ်သလို စိန်အောင်က



ရုးတူးတူး ပေါချာချာမို့ ဆိုပြီး စိတ်မချနိုင်တာလည်း ပါ
သည်။ ယခုတော့ စိန်အောင်မှာ ထားထားရီစိတ်နှင့် တကယ်
ပင် ရူးရပြီ။ သည်နေ့ ထားထားရီကို တွေ့လိုက်ရမှ သူပိုပြီး
ရူးချင်လာသည်။ ထားထားရီက ပိုတည်ငြိမ်ပြီး ပိုလှလာသည်။

'အိပ်ပါတော့မယ် အမေရ'

အမေကျေနပ်အောင် ပြန်၍အသံပြုလိုက်ရသည်။ [illegible]
ဆောင်းက ချမ်းစိမ့်လှသဖြင့် အညာစောင်နှစ်ထည် [illegible]
သော်လည်း မနွေးနိုင်အောင် ရှိပြန်၏။ လက်နှစ်ဘက်နှင့် [illegible]
ထောက်နှစ်ဘက်ကို ပုဆိုးခြုံထဲမှာ ကွေးနေအောင် [illegible]
မိသည်။ သူအိပ်ပျော်ရန် ကြိုးစားရ၏။

သည်နေ့ ထားထားရီအဖေကို မျက်နှာလုပ်နေရသဖြင့် သူ့
စိုက်ခင်းကို အပြီးသတ်အောင် မစိုက်ခဲ့ရပေ။ အထူးစိုက်ခင်း
နှစ်ကွက်အတွက် ကြံမျိုးကောင်း ခွန်ခွန်ငါးတွေချည်း ရွေး
ထားသည်။ မနက်ဖြန်တော့ စိုက်ဖြစ်အောင် စိုက်ရပေမည်။
ခင်းသစ်နှစ်ခင်းကိုလည်း ရိတ်ရဦးမည်။

အလုပ်အကြောင်း စိတ်က ရောက်သွားသဖြင့် သောက
နည်းနည်း ပြေသွားသည်။တစ်နေ့ကျလျှင်တော့ ထားထားရီက
သူ့စေတနာကို နားလည်လာမှာပါပဲ။ သူ့မျက်စိကိုမှိတ်ကာ
ကြိုးစား၍အိပ်လိုက်၏။ နွေးထိမ့်သောလေသည် ကြမ်းကြားမှ

www.burmeseclassic.com

www.burmeseclassic.com



တိုးဝင်လျှက်ရှိသည်။ စိန်အောင်သည် ခြေနှင့်လက်များကို ပို့ ကွေးကာ မကြာမီ အိပ်ပျော်သွားလေသည်။

+ + +

သူတို့ အလုပ်သမားတွေ နောက်ပြောင် သတ်မှတ်ထားသော စကားရှိသည်။ ည ၁ဝနာရီခွဲ လုံခြုံရေးများခေါ်သည့် ဥသြ လင်ငယ်ပြန်ဥသြ။ ၁၁နာရီခွဲ တာဝန်လဲသောဥသြကို လင်ကြီး ပြန်ဥသြတဲ့။ စက်ရုံထဲမှ တာဝန်ကျ အလုပ်သမားများသည် ၁၁နာရီခွဲမှာမှ အိမ်ပြန်ရသည်။ ၁ဝနာရီခွဲမှာ ဥသြတစ် ဆွဲသေးသည်ဆိုတော့ နောက်မီးလင်းသည့် မိန်းမ အတွ လင်ငယ်ကို နှင်ဖို့ သတိပေးသလို ဖြစ်နေသည် မဟုတ်လော။

ချစ်မြိုင်သည် လင်ငယ်ပြန် ဥသြဆွဲသံကြားသည်နှင့် သည် အဖို့တော့ တာဝန်ပြီးဆုံးတော့မည်ဟု စိတ်လက်ပေါ့ပါးသွာ သည်။ အများတကာတွေ အိပ်ကောင်းချိန်မှာ အလုပ်ဝင် ရသော်လည်း တစ်ယောက်တည်းသမား လူငယ်လူရွယ်မို့ ခံနို ရည်ရှိသည်။ သည်စက်ကြီးက နှစ်ဆယ့်လေးနာရီပတ်လုံး လည် ပတ်နေရတာဆိုတော့ လူကမှ နားရသေးသည်။ စက်ကမနာ ရဟု ဆိုရပေမည်။



မျက်စိများ လေးလံနေသော်လည်း ခြေထောက်များက ပေါ့ပါးနေ၏။ အဝတ်အစားများကို သပ်ရပ်အောင် ပြန်လည် ဆွဲဆန့်နေချိန်မှာ (ဂ) ဆိုင်းဝင်မည့် ကိုအောင်ဇင်တို့ရောက် လာသည်။

'ဘယ်လိုလဲ ချစ်မြိုင်'

'အားလုံး ကောင်းပါတယ်ပေါ့'

ချစ်မြိုင်က ရယ်၍ပြောလိုက်သည်။

'ရိုလာနားမှာ ဦးမြင့်ငွေတစ်ယောက် စောင်ကြီးခြုံပြီး အလုပ် လုပ်နေတယ် ကြည့်ပြောစမ်းပါဦးဗျာ'

'ဟာ ဒီလူကြီးတွေကလဲ တယ်ခက်တာကိုး'

ချစ်မြိုင်သည် သံလှေကားများမှတစ်ဆင့် အောက်သို့ဆင်း ခဲ့၏။ ညဘက်တွင် ချမ်းအေးလှသဖြင့် တစ်ချို့က စောင်ကြီး တွေ ခြုံလာကြသည်။ တကယ်တော့ စောင်ကဲ့သို့သော ကိုးရိုး ကားရား အဝတ်များသည် စက်ရုံထဲမှာ အလွန်ပင်အန္တရာယ် ကြီးပေသည်။ စောင်က စက်ကြားထဲညပ်၍ လူပါ တစ်ကိုယ် လုံး ပါသွားနိုင်သည်။ ထို့ကြောင့် တာဝန်ရှိသူများကလည်း လုံးဝခွင့်မပြု။

ဦးမြင့်ငွေသည် အလွန်ပေတေသော လူကြီးတစ်ယောက်ဖြစ် သည်။ စက်ရုံမှာ အနေကြာလာ၍ သူ့ကိုအားလုံးကခွင့်လွှတ် ထားသလို သူကလည်း မည်သူ့ကိုမျှ ဂရုမစိုက်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီမှာဦးလေး ဥညြတောင်ဆွဲပြီးပြီ ဘာဖြစ်လို့ စောင်ကြီး ခြုံထားတာလဲဗျာ၊ မြင်သွားရင် မကောင်းဘူး၊ ဦးလေးတော့ ခက်ပါတယ်'

'ဩော် မောင်ချစ်မြိုင်၊ မင်း အိမ်ပြန်တော့မလား'

'ဟုတ်တယ် ဦးလေးရေ ဘာလုပ်နေတာလဲ၊ ပြန်မယ်လေ၊ စောင်ကြီးကို ယူယူမလာစမ်းပါနဲ့ ဦးလေးရယ်၊ချမ်းရင်ဂျာကင် ထပ်ဝတ်ခဲ့ပေါ့'

'အေးတာလဲလွန်ရော၊ အသက်ကြီးတော့ အအေးဒဏ်မခံ နိုင်ဘူးကွ၊ စက်ရုံက ရေသမျှအစတွေလဲ မိအေးရောင်းစားတာ နဲ့၊ မြေးတွေ ဘောင်းဘီချုပ်ပေးရတာနဲ့ပဲ ကုန်တာပါပဲကွာ'

ချစ်မြိုင်သည် ဦးမြငွေကို ရပ်စောင့်နေ၏။ ဦးမြငွေသည် စက်ရုံမှာ သက်တမ်းအကြာဆုံးဖြစ်သလို ဆင်းလည်းဆင်းရဲလှ ပေသည်။ သားသမီး မြေးမြစ်တွေက များလှပြီး အားလုံးမှာ လည်း ပုံကျအလုပ်သမားတွေ ဖြစ်သည်။ ဖြစ်သလိုနေ ဖြစ် သလိုစားကြသည်။ မြေးအကြီးဆုံးက ချစ်မြိုင်တို့ စမ်းစမ်းတို့ နှင့် ရွယ်တူ။ သန်းရီဆိုလျှင် စက်ရုံထဲက ကာလသားတိုင်းက သိသည်။ သို့သော် သန်းရီထက်အငယ် ကျော်ငွေးက အလွန်ဆိုး ၏။ ကျော်ငွေးရန်ကိုကြောက်သည်နှင့် သန်းရီကို တော်ရုံလူက မငဲ့ရဲပေ။

ဦးမြငွေသည် သူ့စောင်ကို ကျစ်ကျစ်လျစ်လျစ် ထုပ်ပြီး



အကျီကြားထဲ ထည့်လိုက်သည်။ လုံခြုံရေးအစောင့်များ မမြင် စေရန် ဖြစ်၏။

'ဦးလေးကလဲဗျာ၊ တော်ကြာ သကြား ခိုးထုတ်လာတယ် မှတ်ပြီး ရှာနေပါ့မယ်'

ဦးမြငွေက ရယ်လျက် ခေါင်းခါပြ၏။

'ငါ့တော့ သူတို့က ယုံတယ်ဟေ့၊ သကြားတော့ တစ်သက် သုံး မယူဘူး၊ ယူလဲ ငါးဆယ်သားလောက် အစိတ်သား လောက်နဲ့ကတော့ မဖြစ်လောက်ဘူးဟေ့'

သို့သော် ထိုသို့ ငါးဆယ်သား အစိတ်သား လောက်ပင် မကြာခဏ ပြဿနာဖြစ်ကြမြဲ။ ဂိတ်ဝမှာ လုံခြုံရေးက အမြဲရှာ သည်။ သည်ကြားထဲကပင် အကြံအဖန်များကာ လစ်သွားကြ သူတွေ ရှိသေး၏။ မိ၍ အပြစ်ပေးခံရသူလည်း မရှား။

သူတို့နှစ်ယောက် စက်ရုံကြီးထဲမှ ထွက်ခဲ့သည်။ တဂျုံးဂျုံး မြည်နေသော စက်သံကြီးက နောက်မှာ ကျန်ခဲ့သည်။ တာဝန် လဲရန် စက်ရုံထဲဝင်လာသူတွေ တဖွဲဖွဲရောက်လာသည်။ ည အမှောင်မှာ စက်ရုံဝင်းသည် လင်းထိန်လျက်။ ညဥ့်ဝက်မှာ အိပ်ရာထလာရသူတွေသည် တရွေရွေ လှုပ်ရှားလျက်။

သူတို့က အလုပ်သမားတန်းလျားရှိရာကို ပြန်ရမည်မို့ စက်ရုံ ၏တောင်ဘက်ဂိတ်ဝဘက် ထွက်လာသည်။ ထိုနေရာမှာ ကြံ သည်းတွေ ဝင်ရာလမ်းရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြုံစေစေချနိုင်ရန်အတွက် ညကတည်းက လာရောက် တန်းစီထားကြသည်။ သူတို့လည်းလရောင်အောက်မှာချမ်းချမ်း စည်းစည်းဖြင့် ကွေးနေကြလေသည်။ တချို့က လှည်းအောက် ဝင်ကာ ကောက်ရိုးတွေခင်းပြီး အိပ်ကြသည်။ နွားရောလူရော အိပ်သူက အိပ်သည်။ တချို့က လှည်းပေါ်မှာပင် ကြံချောင်း တွေကြားမှာ အိပ်သည်။ နှင်းများကား တဖွဲဖွဲကျလျက်ရှိ၏။

ဂိတ်ပေါက်ကို လွန်သည်နှင့် ဦးမြငွေသည် သူ့စောင်ကြီးကို ထုတ်ကာ ကိုယ်ပေါ်မှာ ပတ်လိုက်လေသည်။

'ဦးလေးကလဲဗျာ၊ တစ်ယောက်တည်းများဆို အမှောင်ထဲ မှာ သရဲခြောက်သလား အောက်မေ့ရမယ်'

'ဟီးဟီး၊ အေးဟ၊ ငါတစ်ခါ စောင်ကြီးခြုံပြီး ပြန်သွား တာ ညွှန့်ရိပ်သာထဲက ကောင်မလေးတစ်ယောက် အပြင်ထွက် ရပ်နေတာ ငါ့လဲမြင်ရော ဝင်ပြေးလိုက်တာ တန်းနေတာပဲ'

ခပ်လှမ်းလှမ်းတွင် ညွှန့်ရိပ်သာမှ မီးရောင်လဲ့လဲ့ကို မြင်နေရ လေသည်။ စမ်းစမ်းတို့အိမ်ဟောင်းများနေရာတွင်ကား ဖျက်ပြီး စအိမ်များ၏ အရိပ်သဏ္ဌာန်သည် ဟိုတစ်ပုံ သည်တစ်ပုံ ဖြစ်နေ သည်။ သည်နေရာမှာ စက်ရုံအသစ်ကြီး ပုန်းကနဲ ပေါ်လာမည့် ပုံကို ချစ်မြိုင်က မှန်းဆကြည့်သည်။ ထိုအခါမှာကော ချစ်မြိုင် သည် မည်သည့်နေရာမှာ ရောက်နေလေမည်လဲ။

သူတို့အိမ်တန်းလျားဘက်ဆီ ကွေ့ဝင်လာခဲ့ကြ၏။ ဦးမြ ငွေ၏ အိမ်ကို အရင်ကျော်ဖြတ်ရမည်။ လမ်းထဲကို ဝင်လိုက်



ကတည်းက ဦးမြငွေတို့အိမ်က တံခါးပွင့်နေသည်။ သန်းရီ၏ ခေါင်းတစ်ခြမ်း ပြူထွက်နေသည်။

'ဟောဟိုမှာ အဘမြေး ထွက်မျှော်နေပြီ'

ချစ်မြိုင်က ပြောလိုက်၏။

'ဟေ့ ငါ့မျှော်တာ မဟုတ်ဘူးဟေ့၊ သူ့မောင်ကို မျှော် တာဟ၊ ဒီကောင် ခက်တယ်၊ အလုပ်ထဲ ဝင်ခိုင်းတာလဲ မရ၊ ညညလဲ လျှောက်လည်နေတာ'

သန်းရီသည် လရောင်အောက်မှာ ချစ်မြိုင်နှင့် သူ့အဘိုး လျှောက်လာနေသည်ကို လှမ်းကြည့်နေ၏။ ချစ်မြိုင်သည် သူ့ကို လှမ်းကြည့်ပြီး ရှေ့ဆက်၍ လျှောက်သွားသည်။ သန်းရီက ချစ်မြိုင်၏နောက်ကျောကို တစ်ချက်လှမ်းကြည့်လိုက်သည်။

'ဟင် အဘ စောင်ကြီးခြုံသွားပြန်ပြီလား'

'ဟီး သိပ်ချမ်းတယ် သမီးရဲ့'

'အဘကလဲ ရေနွေးကြမ်းပူပူလေး တည်ပေးမယ် သောက် မလား'

သူတို့အိမ်မှာ မောင်ငယ်ကျော်ငွေ၏လက်ရာ လျှပ်စစ်မီးဖို လေးတစ်လုံးရှိသည်။ သူ့ဘာသာ ပစ္စည်းကိရိယာငယ်၍ လုပ် ထားခြင်း ဖြစ်၏။ ကျော်ငွေက ပေတေသော်လည်း ဒါမျိုး တော့ ဝါသနာပါသည်။

'သောက်တော့ပါဘူးကွာ အိပ်လဲအိပ်ချင်လှပြီ၊ နှင်းမောင် ကို စောင့်ဦးမလို့လား'

www.burmeseclassic.com

www.burmeseclassic.com



'ဇေယျဝတီက သူငယ်ချင်းအိမ်မှာ အိပ်မလား မသိဘူး'

'ဒါဆိုလဲ တံခါးပိတ်ချည်တော့'

သန်းရီက ခပ်ယိုင်ယိုင် တံခါးရွက်ကို ဆွဲပိတ်လိုက်သည်။ တံခါးသာဆိုပေမည့်လူရိုသေရုံပိတ်ရခြင်းသာတည်း။ သန်းရီက အိမ်ရှေ့ခန်းမှာ ကလေးငယ်များကြားထဲ တိုးဝင်အိပ်သည်။ ဦးမြင့်က နောက်ဖေးသို့ ခြေဖော့နင်း၍ ဝင်သွားသည်။ သူ့သားမက်၏ လက်ကျန်ပုလင်းကို ရှာရသည်။ ပုလင်းထဲမှ ဖြူဖြူအရည်ကို အကြမ်းပန်းကန်ထဲ ထည့်ကာ မော့လိုက်မှ ရင်ထဲမှာ ပူကနဲဖြစ်သွားသည်။ ဘာဘာညာညာ တွေးမနေတော့ပဲ သူ့အတွက် သတ်မှတ်ထားသော အိပ်ရာမှာ တုန်းကနဲလဲကာ အိပ်လိုက်လေသည်။ ခဏတွင်းမှာ လောက၏စည်းစိမ်ကိုရလျက် နှစ်ခြိုက်စွာ အိပ်ပျော်သွားတော့သည်။

\+ \+ \+

'ကမ္ဘာကျော် လာစမ်း'

-စမ်းစမ်းက ကုလားမင်းသားတိုက်ကြီး၏ တံခါးတောင်ကို မှီလျက် မောင်ဖြစ်သူကို လှမ်းခေါ်လိုက်သည်။ ကမ္ဘာကျော်

BURMESE CLASSIC .com



သည် ထုံးစံအတိုင်း တိုက်ရှေ့ကွက်လပ်မှာ ဆော့ကစားနေသည်။ ကလေးတစ်သိုက်က သူ့ဘေးမှာရှိသည်။

'ဟဲ့ကမ္ဘာကျော် လာစမ်းလို့ဆိုနေ'

ကမ္ဘာကျော်သည် ဆော့ကစားနေရာမှ သူ့အစ်မရှိရာသို့ မလာချင့်လာချင်ဖြင့် လာရသည်။

'ဘာလုပ်မလို့လဲ အစ်မကလဲ ခဏခဏခေါ်နေတာပဲ'

ကမ္ဘာကျော်သည် စိတ်မရှည်သလိုပြော၏။ စမ်းစမ်းက သူ့နဖူးကို တစ်ချက်လှမ်းခေါက်လိုက်သည်။

'ခေါ်ရတာပေါ့ဟဲ့၊ ခိုင်းစရာလေးရှိလို့မှ မခေါ်ရဘူးလား၊ လာစမ်း နင့်ဂျေပူက ဘားထားရီတို့အိမ် သိတယ်မဟုတ်လား'

စမ်းစမ်းသည် ရှေ့ဘက်ရှိ ကိုကိုတို့အခန်းဆီကို မကြည့်မိအောင် သတိထားရင်းပြောသည်။ ကိုကိုသည် သူ့အခန်းထဲမှာ စာဖတ်လျက်ရှိနေလေသည်။ စမ်းစမ်းပြောသမျှကို သူကြားသည်။ ဘာများဆက်ပြောမည်လဲဟု နားစွင့်နေလိုက်သည်။

'အင်း သိတယ်'

'သွား အရင်လက ယူထားတဲ့ သကြားဖိုးတွေ ရှင်းလိုက်ပါလို့ပြော'

'ဘယ်သူ့ကို ပြောရမှာလဲအစ်မရဲ့ မထားထားကိုလား၊ သူက သကြားကောက်လို့လား'

www.burmeseclassic.com

www.burmeseclassic.com



'တယ် လျှာရှည်ရှန်ကော သူ့အစ်မ ကြည်ကြည်ယူထားတာဟဲ့ မတွေ့လဲ တွေ့တဲ့သူကိုပြောခဲ့ပေါ့'

တကယ်တော့ စမ်းစမ်းသည် မနာလိုစိတ်ဖြင့် ထားထားရီကို မဲနေခြင်းဖြစ်သည်။ ကြည်ကြည်သည် သူ့ယောကျ်ားနို့ဆီချက်သည့်သူဌေးကိုမပြတ်သလို တပ်ဘက်ကလည်း သူကပါ လုပ်ငန်းကို ကူညီသေးသည်။ ချက်သကြားနှင့် နို့ဆီချက်လေ့ရှိသော်လည်း စက်ရုံကထုတ်ပေးသော သကြားဈေးချိုလျှင် သူကကောက်ပေးသည်။ တစ်ခါတစ်ရံ နို့ဆီပုံးများ ရထားတဲ့ပေါ် လိုက်တင်ပေးနေသောကြည်ကြည့်ကို မြင်ရသည်။ သည်အချက်တွေကို ကိုကိုသိစေချင်သည်။ ထားထားရီလည်း သည်ပုတ်ထဲကသည်ပဲမဖြစ်နိုင်ပြီလော။ သူတို့ညီအစ်မတစ်တွေပြောင်ပြောင်ရောင်ရောင်ဖြစ်လာကြတာ တစ်ရွာလုံးအသိပင်။

ကိုကိုသည် ဖတ်လက်စစာအုပ်ကို ပစ်ချလိုက်၏။ သည်ကျောင်းပိတ်ရက်မှာ အိမ်ပြန်ခဲ့ရသော်လည်း သူမပျော်နိုင်ပေ။ အိမ်ကလည်း အခြေအနေမရှိဘဲ ဖြစ်သလိုနေနေရသည်။ အဖေကလည်း အနည်းဆုံး မြောက်ဥက္ကလာ အခန်းလေးမှ ပြန်ရအောင်မစွမ်းနိုင်ပေ။ အဖေတို့က အေးလွန်းသည်။ ကျရာမှာပျော်သည်။

သည်ကြားထဲ ထားထားရီကလည်း ပြဿနာနှင့်မို့ စိတ်ညစ်ညူးမိသည်။

'သေသေချာချာပြောနော်၊ အံ့ရင်ဟာတွေ မရှင်းနိုင်ရင်



နောက်လအတွက် မပေးနိုင်ဘူးလို့ဒါတောင် ဖြူးကို သွင်းရမယ့်အထဲက ဖဲ့ပေးထားရတာလို့'

ကမ္ဘာကျော်သည့် စကားကို ဆုံးအောင်နားမထောင်ဘဲ ပြေးထွက်သွားသည်။ စမ်းစမ်းသည် သက်ပြင်းချလိုက်၏။ ကိုကိုစာဖတ်နေရာမှ ထသွားသည်ကို ရိပ်ခနဲမြင်လိုက်သည်။ ကိုကို့ကို အနှောင့်အယှက်ပေးမိပြီလားဟု စိတ်မကောင်းဖြစ်သွားပြန်လေသည်။ သို့သော် ကိုကိုသည် ပြန်ရောက်ကတည်းက သူ့ကို အရေးတယူမရှိလှတာကို နာကျည်းလေသည်။ ကိုကိုထားထားရီတို့အိမ်သွားတာကိုလည်း ဂျူပူထဲက မိန်းကလေးတွေ ပြောရ၍သိရသည်။ သကြားကောက်ရင်း သတင်းအတင်းစုံခဲ့ပြီ။

စမ်းစမ်းသည် စာရင်းစာရွက်ကိုဖြန့်ကာ ငွေကြိုပေးထားသော အလုပ်သမားများဆီမှ ရပြီးသောသကြားထုပ် အရေအတွက်ကိုစစ်သည်။ နောက်ထပ် ကျန်သေးသည့်စာရင်းကို ကြည့်သည်။ သည်အချိန်မှာ စမ်းစမ်းအတွက် အရေးအကြီးဆုံးအရာသည် သည်အလုပ်သာ ဖြစ်သည်။ သည် နယ် မြေ မှာ ယောကျ်ားတွေက စက်ရုံအလုပ်ကိုလုပ်သည်။ သူတို့ကို မှီခိုနေသောမိန်းမတွေက သည်အလုပ်ကိုလုပ်သည်။ ရာသီချိန်မှာ တတ်နိုင်သမျှ ငွေရှာရခြင်းတည်း။ ထို့ကြောင့် စမ်းစမ်းမှာ သည်အချိန်ရောက်ပြီဟုဆိုသည်နှင့် အိမ်မှာမြဲမြဲနေ၍ မရတော့ပေ။ ကျောင်းဆိုသည်က စမ်းစမ်းအတွက် တစ်ခါတစ်ရံမှသာ စိတ်ရောက်သောနေရာ။ ထို့ကြောင့် စာမေးပွဲကိုလည်း ဆက်

www.burmeseclassic.com

www.burmeseclassic.com



ဖြေဖို့စိတ်မကူးတော့။ ကိုကို အသင်ကြီးစေချင်သော ရည်ရွယ်ချက်တစ်ခုတည်းနှင့် ကျောင်းကို ဆက်မနေချင်တော့ပေ။

စက်ရုံကြီး စတည်ကတည်းက ရာသီချိန်အလုပ်သမားဘဝက မတက်ခဲ့သော အဖေရယ်၊ မွေးကတည်းက ဇေယျဝတီဟိုဘက် ကားလမ်းကျော်ပြီး မရောက်ဘူးသော အမေရယ်ကို မှီခိုနေရသမျှ ကိုယ့်ဝမ်းကိုယ် ရှာစားဘတ်ဖို့ လိုသည်မဟုတ်လား။

စမ်းစမ်းသည် ကိုကို့လို ကိုယ့်ဘဝတိုးတက်ကြောင်းကိုလည်းမတွေး၊ ထားထားရီလို ကိုယ့်ဘဝကိုယ် ဝမ်းနည်းအားငယ်နေတတ်သူလည်း မဟုတ်။ သူ့မှာ လောဘတစ်ခုပဲရှိသည်။ ပိုက်ဆံရှာဖို့။ သူနားလည်သည်က ပိုက်ဆံရလျှင် ဟင်းကောင်းကောင်းဝယ်စားနိုင်သည်။ ပိုငွေကို စုထားမည်။ ရာသီချိန်လွန်လျှင် ပင်ပင်ပန်းပန်း မလုပ်ရစေရန်ဖြစ်သည်။ သည်ငွေထဲကပင် အဝတ်အစားဝယ်ရသည်။ အမေနှင့်မောင်လေးကို ကျွေးရသေးသည် မဟုတ်လော။

'ဒီနှစ်ထဲမှာ ရနိုင်သမျှရှာထားမှ၊ နောက်နှစ်ဆို အဖေကလဲ အလုပ်လုပ်ချင်မှ လုပ်နိုင်တော့မှာ ယာယီအလုပ်ကလေးတောင် ပြန်ရဖို့အခက်၊ ဒီလိုဆို ဒီတိုက်ဟောင်းကြီးထဲမှာတောင် ခနခွင့်ရှိချင်မှရှိတော့မှာ၊ ခုတောင် အဘိုးရဲ့အရှိန်နဲ့ ဆက်နေနေရတာ'

စမ်းစမ်းက အရှည်တွေးသည်။ သူတွေးသောအရှည်ဆိုသည်မှာ သကြြားကောက်ပြီး ငွေရှာဖို့ပဲဖြစ်သည်။ သည့်ထက်အရှည်



ကို မတွေးတတ်ပေ။ သည်တော့လည်း ရရာစားစားပေါ့။ နောင်ရေးအတွက် စမ်းစမ်းပင် ပူပင်ရသည်။ သည်လိုတာဝန်တွေကြားမှာ ကျောင်းတက်ချင်စိတ် မရှိတော့တာ အမှန်ပင်ဖြစ်သည်။

စမ်းစမ်းသည် ကိုကိုနှင့် ထားထားရီအကြောင်းကို မေ့ပစ်လိုက်သည်။ သကြားလက်ကျန်စာရင်းကိုသာ ထပ်စစ်နေလိုက်သည်။ ပေးထားသည့်ငွေစာရင်း။ ဝင်လာမည့်သကြားအချိန်။ ပေးရမည့် အမြတ်ငွေ။ ဒေါ်ဘုမကို ဆပ်ရမည့်ငွေ။ ရရှိမည့်အမြတ်။

BURMESE CLASSIC .com

သူတွက်နေဆဲမှာ ကမ္ဘာကျော် ပြန်ရောက်လာသည်။

'လာပေးပါ့မယ်တဲ့ အစ်မရဲ့၊ ရန်ကုန်က နို့ဆီမိုးတွေလဲ မရသေးလို့တဲ့၊ နောက်ထပ်လဲ စုထားပေးပါဦးတဲ့'

'အမယ်တော် လာလာချေသေး၊ သူ့ဈေးအငယ်အနှောင်းကဟင်း ငါမပြောလိုက်ချင်ဘူး'

သည်တစ်ခါ စမ်းစမ်းက တကယ်ပင် စိတ်ထဲက မခံချင်၍ ရေရွတ်လိုက်ခြင်းဖြစ်သည်။ ကိုကို သူတို့အိမ်ထဲမှာ မရှိတော့တာကိုသိသည်။ စမ်းစမ်း မြည်တွန်တောက်တီးနေဆဲ အဖေပြန်ရောက်လာလေသည်။

ကုလားမင်းသား၏ နန်းတော်ကြီးထဲကို လှမ်းဝင်လာသောအဖေ့ခန္ဓာကိုယ်က ယိုင်နဲ့နေပြီ။ အဖေတို့နှယ် အရွယ်ရောက်

www.burmeseclassic.com

www.burmeseclassic.com



ကတည်းက အလုပ်ကြမ်းလုပ်လာတာ ကနေ့အထိလည်း အလုပ်ကြမ်းသမားပါဘဲလားဟု စမ်းစမ်းက တွေးလေသည်။ အင်းလေ သည့်ထက်ပိုပြီး ဘာဖြစ်ရဦးမှာလဲ။ အဖေသည် ကျောင်းကို လုံးဝမနေခဲ့ဖူးပေ။

'မောလိုက်တာကွာ'

အဖေက ထိုမျှသာပြောသည်။ အဖေ့ပါးစပ်ကအနံ့ထွက်လာသဖြင့် အဖေသည် သူ့ပင်ပန်းမှုကို တစ်ခုတည်းသော ဖြေဆေးဖြင့် အစားထိုး ကုသခဲ့ပြီဖြစ်ကြောင်းသိသည်။ အမေသည် အဖေ့အတွက် ထမင်းခူးနေသည်။

ကမ္ဘာကျော်ကလည်း ပန်းကန်ညစ်ညစ် တစ်ချပ်ကို ဆွဲ၍ ထမင်းဝင်စားသည်။ ပဲဟင်းနံ့က မွှေးနေသည်။

'ဟဲ့ မိစမ်း ညည်းကော တစ်ခါတည်းလာလေ'

'မဆာသေးဘူးအမေရာ၊ ကျွန်မဘာန်းလျှားဘက်သွားလိုက်ဦးမယ်၊ သကြားမရသေးတဲ့သူတွေနောက် လိုက်မလို့'

'သိမ်မမှောင်စေနဲ့'

'ဟုတ်ကဲ့ပါ'

စမ်းစမ်းသည် သကြားစက်အမှုထမ်းဝင်းနှင့် အရက်ပုံ့စက်ဝင်းတို့ကို ခြားထားသည့် ကတ္တရာလမ်းအတိုင်း လျှောက်လာခဲ့လေ၏။

ကိုကို့ကို စာကြည့်တိုက်ထဲမှာ လှမ်းမြင်ရလေသည်။

+ + +



ထားထားရီ တရှုပ်ရှုပ်ငိုနေသည်ကို သူ့အစ်ကိုတင်ဟန်မြင်သွားသည်။ တင်ဟန်သည် စိတ်ကလက်တစ်ဆစ်စာလောက်သာရှိသူဖြစ်သည်။ ဘာကိုမဆို တုတ်ဆွဲမားသွဲ၍ ဖြေရှင်းလိုက်ချင်စိတ်ရှိသည်။ ကြာရှည်သည်းခံမနေတတ်ပေ။ သူသည် ပြဿနာကို ခေါင်းထဲမှာ ကြာကြာထားရသည်ကိုအကြောက်ဆုံးဖြစ်သည်။ မပြီးနိုင်သည့်ပြဿနာကို မြန်မြန်ပြီးအောင် လုပ်ပစ်ချင်သည်။

'ဒါက ဘာဖြစ်ရပြန်တာလဲဟင်၊ နင်တို့ညီအစ်မ မွေးထားရတာ နွားမတွေ မွေးထားရသလိုပါပဲလား၊ အထိန်းခက်အကျောင်းခက်တွေ'

အဖေသည် ယာထဲက ပြန်မလာသေးပေ။ အမေကလည်း သူတို့ညီအစ်မ အူအူညံ့ညံ့နှင့် ဘာတွေ ဖြစ်နေသည်ကို မသိ။ မျက်စိမှုန်ရုံသာမက ကြာတော့ အကြားအာရုံပါ ချွတ်ယွင်းလာသည်။ စိတ်လျှော့လိုက်တာလည်း ပါသည်။

'ဘာမှ မဖြစ်ပါဘူး၊ ဒီကောင်မကိုက ငိုကြောရှည်တယ်'

ကြည်ကြည်က တင်ဟန်ကိုတော့ လန့်သည်။ ပြဿနာတက်မှာစိုး၍ ပိတ်ပြောလိုက်ရပြီး ထားထားရီကိုလည်း ကျိတ်၍ မျက်စောင်းထိုးလိုက်သည်။

ထားထားရီမှာလည်း မျိုသိပ်ထားရသည့်တိုင် မအောင့်အည်းနိုင်၍ ထပ်ရှိုက်လိုက်ပြန်သည်။

'ပြောစမ်း နင်တို့ကိုဘယ်သူက စော်ကားပြန်ပြီလဲ၊ ဒီအစ်ခါတော့ သူသေ ကိုယ်သေပဲဟေ့'

www.burmeseclassic.com

www.burmeseclassic.com



တင်ဟန်က နံရံမှာထိုးထားသောဓားမဆီ ချက်ချင်းမျက်စိရောက်သွားသည်။

'အို ဘာမှ မဖြစ်ပါဘူးဆိုနေ'

ကြည်ကြည်က တင်ဟန့်လက်ကို ဆွဲထား၏။ ထားထားရီသည် ကြည်ကြည့်ကိုကြည့်ပြီး နာကျည်းလာလေသည်။

'အစ်ကို့ ညီမလေး၊ ဒီလောက် အရှက်တကွဲ ဖြစ်ထားတဲ့ကြားက ဟိုကိုသူကအလုပ်အကျွေးပြုတုန်း၊ ခု သူများတကာက လာပြီး ကြွေးတောင်းတာ ခံရတယ်၊ ကွယ်ရာမှာဘယ်လောက်တောင် ပြောမယ် ဆိုမယ်ဆိုတာ မတွေးဝံ့ဘူး'

ထားထားရီသည် စမ်းဖမ်းအကြောင်းကို အသိဆုံးတည်း။ ယခု သူ့မောင်လေးကို ကြွေးတောင်းနိုင်းခြင်းသည် တမင်လုပ်မှန်းသိသာသည်။

'အိုး ဒီကောင်မများ စကားထဲ ထည့်ပြောလို့'

ကြည်ကြည်ကလည်း ပြန် ပြော သည်။ တင် ဟန် သည် ခပ်တွေတွေရပ်နေသည်။ မပြီးဆုံးနိုင်သောမီးခိုးကြွက်လျှောက်ပြဿနာ။ ကြည်ကြည် သူ့ယောကျ်ားနှင့်မပြတ်တာ တင်ဟန်လည်းသိသည်။ ရွာသိမ် ရွာငယ်လေးမှာ မသိချင်မှ အဆုံး။ ပြီးလည်းပြီးခဲ့ပြီ။ လွန်တာတွေလည်း လွန်ခဲ့ပြီဆိုတော့ မသိကျိုးကျွန် နေခဲ့သည်။ ယခု မပြီးသေးပါကလား။

'ကြည်ကြည် နှင့်ကို ငါတို့က ကိုယ့်ညီမလေးရယ်လို့ လက်လွှတ်ပယ် မဖြစ်စေချင်လို့ စောင့်ရှောက်ထားတာ၊ ဆင်ဆင်



ခြင်ခြင် နေဦးမှပေါ့၊ နှင့်ကို ငါတို့ပစ်ထားလိုက်ရင် ဘာဖြစ်သွားမလဲသိလား၊ မိဘအရှိန်နဲ့မို့ ဟိုက နှင့်ကို လက်ခံနေတာ၊ နင်တစ်ယောက်တည်းဆို သယ်လိုအခြေ ရောက်သွားမလဲ'

ကြည်ကြည်သည် နားမ ငင်သော်လည်း ဟန်ဆောင်နေလိုက်ရသည်။

ဟိုကပေးတဲ့ငွေနဲ့ အိမ်လေးကို ပြုပြင်နိုင်ခဲ့တယ် မဟုတ်လား။ အဖေ့ကြံ့ဂိုက်ခင်းတွေကိုလည်း သည်ငွေနှင့်ပဲ ပြန်လည်မတည်ပေးခဲ့သည်။ ဟိုကလည်း ကြည်ကြည်ကိုဦးစားပေးလိုက်ပါပဲ၊ သူ့မိန်းမ (အကြီး) အိမ်ကိုတောင် မသွားတော့ပဲ အလုပ်ရုံမှာပဲ နေတာကြာပြီ၊ သည်တော့ ကြည်ကြည်ကလည်း သူ့အလုပ်ခွင်မှာ တတ်နိုင်သလောက်ကူရတာပေါ့။ နောက်ဆိုကိုယ်ကပဲ ဦးဆောင်ဦးရွက် ပြုရတော့မယ်မဟုတ်လား။ ခုဆိုကျန်သည့် အလုပ်သမလေးတွေကပင် အစ်မ အစ်မနှင့် ရိုသေနေရပြီ။

'ခုလဲ ဘာမှဖြစ်တာ မဟုတ်ပါဘူး၊ သကြားလေးချေးကျလို့ နည်းနည်းကောက်ပေးတာပါ၊ ကိုယ်လုပ်နေတဲ့ အလုပ်ပဲ၊ ဘယ်မှာဖြစ်ဖြစ် ဒီလောက်တော့ကူရတာပေါ့၊ အကြွေးတောင်းခံရတာလဲ မဟုတ်ပါဘူး၊ နောက်နေ့ ပေးလိုက်မယ့် ဟာပဲ၊ အရောင်းအဝယ်ဆိုတာ ဒီလိုပဲ လုပ်ရတာ'

ကြည်ကြည်သည် သူ့အနေပါ အရာရောက်ပုံကိုလည်း ပြောချင်သည်။ ပွင့်ပွင့်လင်းလင်းလည်း မပြောရဲပေ။

www.burmeseclassic.com

www.burmeseclassic.com



'နင် သူများအပြောအဆိုခံပြီး တစ်သက်လုံး ဒီလိုနေမှာလား၊ နောက်မဆုတ်တော့ဘူးလား'

'ဟဲ့ ငါက တစ်လင်ကနှစ်လင် မပြောင်းနိုင်ဘူးဟဲ့'

တင်ဟန်သည် တောက်တစ်ချက်ကို ပြင်းပြင်းခေါက်လိုက်မိလေသည်။ ညီမအငယ်ကိုလည်း သနားသည်။ ခမျာရှက်ရှာမှာပဲ။ ငါလို ဘယ်သူကမှ ဂရုမစိုက်တဲ့ကောင်တောင် တုန်လှုပ်သေးသာ။ တင်ဟန်ကိုလန့်၍ တင်ဟန့်ရှေ့မှာ တော်ရုံလူကလည်း အတင်းမပြောရဲပေ။ ညီမကတော့ မိန်းကလေးဆိုတော့အပြောအဆို ခံရမည်။

နောက်ဆုံးတော့ ငါ့အပြစ်ပါပဲ။ ငါ့တာဝန်မကျေလို့ ညီမတွေဒီလိုဖြစ်ရတာ။ ငါသာ ပေပေတေတေ မနေခဲ့ရင် စက်ရုံထဲမှာ အများတကာလို အခြေအနေလေးကောင်းအောင် ကြိုးစားခဲ့မိရင် ညီမတွေ လောကရေးအလုပ် လျှောက်လုပ်ရမှာမဟုတ်ဘူး။ တင်ဟန်သည် သူ့ကိုယ်သူပါ မကျေမနပ် ဖြစ်လာသည်။

'ကြည်ကြည် နင့်ပြဿနာတွေကို ငါတို့သဲ တက်လျှော့ခဲ့ရပြီ၊ ဒါပေမယ့် နောင်ကို နည်းနည်းမိကိုပါ မလာစေနဲ့၊ နင့်အတွက်နဲ့ ထားထားရိုပါ အညွန့်ကျိုးတာ ငါမခံနိုင်ဘူး၊ ဒါမှမဟုတ်နင့်ထိုက်နဲ့နင့်ကံ အိမ်ပေါ်က ဆင်းသွားပေတော့ဒါပဲ'

တင်ဟန်သည် အိမ်ပြင်သို့ ထွက်သွားလေသည်။



အမေသည် မျက်ရည်လေးဝေမ်းဝေမ်းဖြင့် သမီးများကို လှာချော့သည်။

'ဘာဖြစ်နေကြတာလဲ သမီးတို့ရယ်၊ နင့် အစ်ကို ရှေ့မှာ ပြဿနာမရှာကြပါနဲ့၊ သူ ဒေါသ ပေါက်ကွဲရင် မလွယ်ဘူး၊ နင့်အဖေလဲ ပြန်လာတော့မယ်၊ အမေတို့အသက်ကြီးပြီ၊ စိတ်ချမ်းချမ်းသာသာ နေပါရစေကွယ်'

ကြည်ကြည်ကတော့ ချက်ချင်းပင် ပြီးပြီး ပျောက်ပျောက် သဘောထားလိုက်သည်။ထားထားရီမှာ အရှက်မပြေနိုင်သေး။ စမ်းစမ်းက ကိုကို့ရှေ့မှာ ဘာတွေများ ပြောလေ မညီနည်း။ ကိုကိုကလည်း သူ့ဆီ တစ်ခါသာ ရောက်လာပြီး နောက်ထပ်မလာတော့။ ချိန်းထားတဲ့ရက်ကလည်း မတွေ့ရ။

အမေ ပြန်ရောက်လာသည်။ ထားထားရီသည် အမေ့ကို သနားရ၍ မျက်ရည်တွေ သုတ်ပစ်လိုက်သည်။ အမေ့လက်ထဲက ပစ္စည်းကိရိယာတွေကို ယူသည်။ အမေ့ အသက်ရှူသံက မြန်နေသည်။

'လွယ်အိတ်ထဲမှာရေမ်းသီးတွေပါတယ်သမီးရေ့ သိမ်းလိုက်စမ်း၊ စိန်အောင်တို့ခြံထဲကဆွတ်တာ၊ စိန်အောင်ကတော့ကွာငယ်သာငယ်တယ် အလုပ်သိပ်လုပ်နိုင်တာပဲ၊ အဖေသဲ သူ့ရှိနေလို့သာ တော်တော့တာ သူ့ပဲအားကိုးနေရသဟေ့'

www.burmeseclassic.com

www.burmeseclassic.com



ထားထားရိသည် အဖေ့စကားများကို ကောင်းကောင်း မကြားနိုင်ပေ။ မျက်ရည် အကြွင်းအကျန်များကို အဖေမမြင် အောင် သုတ်နေရ လေသည်။

\+ ◆ +

သန်းရိသည် သူ့မောင် ကျော်ဌေးကိုရှာရန် စက်ရုံဝင်းဘက် လျှောက်ခဲ့သည်။ သန်းရိက သည်မောင်လေးကို တော်တော် ချစ်၏။ သူတို့မိသားစုသည် ကလေးများလှသည်။ သူတို့မှာ မောင်နှမ ခုနစ်ယောက်ရှိသည်။ သန်းရိနှင့်ကျော်ဌေးအောက် တွင် ဘုစုခရုများသာ ဖြစ်၏။ အလုပ် လုပ်သူက အဖေရယ် အဘိုးရယ် နှစ်ယောက်ပဲ ရှိ၏။ ကလေးများနှင့် လောက်နို သည်မရှိ။ ထို့ကြောင့် သည်နှစ်တော့ အရက်ပုံ့စက်ရုံတွင် ပုလ ဆေးသည့်အလုပ် ဝင်လုပ်တော့သည်။

ကျော်ဌေးကိုလည်း အဖေက အလုပ် လုပ်စေချင်သည် သို့သော် ကျော်ဌေး့ အလုပ်အကြောင်း စကားအစမခံပေ။ သူ ကားမောင်းသင်ချင်သည်တဲ့။ အဖေက စက်ရုံထဲမှာပဲ လုပ် ချင်သည်။



စက်ရုံဝင်းထဲ ဝင်ခါနီးမှ ဘတ္တားစာရေး ကိုအေးသောင်း ကို တွေ့လေသည်။

‘ဟဲ့ သန်းရိ ဘယ်သွားမလို့လဲ’

‘ကျော်ဌေး ချာမလို့’

သန်းရိသည် သူတို့အရပ်က လူတော်တော်များများကဲ့သို့ပင် ‘ရှ’နှင့် ‘ချ’ကို ပြောင်းပြန် ပြောတတ်လေသည်။ အဘော်ကြီး သတိထားပြောမှ မှန်သည်။

‘နင်ကလဲ ဒီ မောင်တစ်ယောက်ကိုပဲ နေ့ရှိသရွေ့ ရှာနေ တာပဲ၊ နင့်မောင်က ကလေးလေး မဟုတ်တော့ပါဘူးဟာ’

‘ကလေးလေးမဟုတ်လို့ ချာရတာပေါ့တော့၊ ဒီဘက်များ လာသေးလား’

‘မလာပါဘူးဟာ၊ခုလောက်ဆို ဦးပိတာတို့အိမ်များ ရောက် နေလားမသိဘူး၊ ခရစ္စမတ်ညအတွက် ပြင်ဆင်နေကြတယ်’

သန်းရိသည် ဆက်လိုက်သွားရန် စိတ်မကူးတော့ပေ။ ဦးပီ တာသည် သူတို့အရက်ပုံ့စက်ရုံမှ အရာရှိတစ်ယောက် ဖြစ်သည်။ သူတို့အိမ်မှာ ခရစ္စမတ်ညကို စည်စည်ကားကား ကျင်းပလေ့ ရှိသည်။ လူငယ်တွေ စုရုံးကြသည်။

သန်းရိသည် အိမ်ဘက်သို့ ပြန်လှည့်လိုက်သည်။

‘သန်းရိ နေပါဦးဟဲ့ နင့်ကို ငါ ပြောစရာရှိလို့’

www.burmeseclassic.com

www.burmeseclassic.com



သန်းရီမျက်နှာ နီမြန်းသွားသည်။ သူဘာပြောမည်ကို သိပြီးသားဖြစ်၏။

'မနေနိုင်ဘူး၊ ပြန်မယ်'

သန်းရီကို ပိုးသူပန်းသူတွေ များလှ၏။ သန်းရီက သူတို့အရပ်မှာ ရှားရှားပါးပါး အသားက ဖြူဆွတ်နေသည်။ ကိုယ်ဟန်က သွယ်နွဲ့သည်။ မျက်လုံးများက ဝိုင်းစက်သည်။

'နေစမ်းပါဦးဟယ် ဇာလေးပါ၊ နင့်မောင်ကိုလဲ ငါက ကိုယ့်ညီလေးလို စောင့်ရှောက်ပါတယ်၊ တစ်နေ့ကဆို ပဲခူးလမ်းက အောင်ထွန်းတို့အုပ်စုနဲ့ ရန်ဖြစ်နေလို့ ဝင်ဖျန်ခဲ့ရသေးတယ်'

သူ့မောင်အကြောင်းပြောလိုက်၍ သန်းရီ ခြေထောက်များ တန့်သွားသည်။ သို့သော် ကိုအေးသောင်း အနားမှာတော့ ကြာကြာ မနေချင်ပေ။ ကတ္တားစာရေးမို့ ငွေစလေး အကြံအဖန်လုပ်နိုင်သော်လည်း သူ့ကို သန်းရီ သဘောမကျ။ လူက ကျားကျားလျားလျား မရှိဟု ထင်သည်။

'အမြင်မတော်ရင်လဲ ဆိုးမပေါ့တော်၊ ကိုယ့်တူသားတွေပဲဟာ'

သန်းရီက တမင် ရွဲ့၍ပြောလိုက်ခြင်း ဖြစ်သည်။ ကိုအေးသောင်းက လူငယ်ပိုင်း မဟုတ်တော့၊ ကိုအေးသောင်း၏ မျက်နှာကြီး ရှုံ့မဲ့သွားသည်။



'နင်ကလေ ငါ့များ အဘိုးကြီး မဟုတ်သေးပါဘူးဟဲ့၊ မိန်းမကို ကိုယ်ကြိုက်တာ မတွေ့သေးလို့ မယူတာ'

'တော်ပုံကြီးကို ကြိုက်မယ့်သူရှိလို့လား'

'ဒီလိုမပြောပါနဲ့ဟာ၊ ငါက တည်တည်ကြည်ကြည်နေလို့ပါ၊ ဒီမယ် သန်းရီ မသွားပါနဲ့ဦး'

ကိုအေးသောင်း ရှေ့သို့တိုးလာသဖြင့် သန်းရီလန့်သွားလေသည်။ ကတ္တားရုံရှေ့မှာ လူရှင်းနေသည်။ ခပ်လှမ်းလှမ်းမှာ မနက်အတွက် လာစောင့်နေကြသော ကားတွေ လှည်းတွေ ရှိနေသည်။ အေးအေးဆေးဆေး စကားမြည် ပြောနေကြသည်။

'တော် ချေ့မတိုးနဲ့နော်၊ ကျုပ် တော်ကို မကြိုက်ဘူး၊ နောက်ကို ဟိုပြော ဒီပြော မပြောနဲ့ ဇါပဲ'

'နင်ကလဲဟယ်'

ကိုအေးသောင်းသည် ရှေ့မတိုးတော့ပဲ ရပ်ကြည့်နေသည်။

'အဟမ်း အဟမ်း'

ကိုအေးသောင်းရော သန်းရီပါ လန့်သွား၏။ ဘယ်တုန်းက အနားရောက်နေမှန်း မသိသော စမ်းစမ်းကို မြင်လိုက်ရသောကြောင့်ဖြစ်သည်။ စမ်းစမ်းက ပေါ်ပြုံးပြုံးကြည့်နေသည်။

'စမ်းစမ်း နင် ဘာလာလုပ်တာလဲ၊ မှောင်နေမှ'

www.burmeseclassic.com

www.burmeseclassic.com



ကိုအေးသောင်းက စကားရော ဖောရော လုပ်လိုက်၏။

'ရှင့်ဆီက သကြားမရသေးလို့ လာပြောတာ၊ အမြတ်ငါးကျပ် ကြိုပေးထားတာလေ၊ လာတာ မကြိုက်ဘူးလား' သန်းရီ နင်တစ်ယောက်တည်းလား'

'ဟုတ်တယ်အစ်မ၊ ကျော်ဒွေးလိုက်ချာတာ'

'ချာမနေနဲ့၊ အဲ ရှာမနေနဲ့၊ ငါ ဦးပီတာတို့အိမ်ရှေ့မှာ မြင်ခဲ့တယ်၊ တစ်ယောက်တည်း လျှောက်သွားမနေနဲ့တော်၊ လူတွေက ကောင်းတာမဟုတ်ဘူး'

စမ်းစမ်းက တမင်ပင် စောင်းပြောလိုက်လေသည်။ သန်းရီသည် ပိုးလျက် ပြန်လှည့်လာခဲ့သည်။

'ကြော် သန်းရီရေ နေဦး၊ ငါ နင်တို့ဘန်းလျားဘက် လိုက်ခဲ့ဦးမယ်၊ ချစ်မြိုင်နဲ့ တွေ့စရာရှိလို့'

သန်းရီ၏ခြေလှမ်းများ တုံ့သွားသည်။ စမ်းစမ်းကို ရပ်စောင့်နေရသည်။ စမ်းစမ်းက ချစ်မြိုင်နဲ့ ဘာဖြစ်လို့တွေ့မှာလဲ။ သန်းရီ စဉ်းစားနေသည်။ စမ်းစမ်းနှင့် ချစ်မြိုင် သမီးရည်းစားဖြစ်နေကြသလား။ စက်ရုံထဲက ကာလသားတွေကတော့ နောက်ပြောင်နေသံကြားရသည်။

သန်းရီနှင့် စမ်းစမ်း ယှဉ်တွဲ၍လျှောက်လာ၏။ စမ်းစမ်းက ညိုသည်။ သန်းရီက ဖြူသည်။ သန်းရီသည် စမ်းစမ်းထက်



လှသည်ကား အမှန်ပင်။ သို့သော် စမ်းစမ်းသည် ဖျတ်လတ်၍ သွက်ဆောင်မှုရှိသည်။

'ကိုချစ်မြိုင် ဒီနေ့ ညဆိုင်းထင်တယ် အစ်မရဲ့'

'ဆယ့်တစ်နာရီခွဲမှ ဝင်ရမှာ မဟုတ်လား'

'အင်း ဟုတ်တယ်ထင်တယ်၊ အဘနဲ့ အတူတူပဲ'

သန်းရီနှင့် ချစ်မြိုင်သည် အိမ်ချင်းနီးသည်။ ချစ်မြိုင်သည် သန်းရီ၏ အဘိုးကို လေးစားချစ်ခင်သလို သန်းရီတို့ မောင်နှမတစ်တွေကိုလည်း ကူညီ စောင့်ရှောက်သည်။ သန်းရီသည် ချစ်မြိုင်ကို အစ်ကိုလို ခင်မင်အားကိုးရှာသည်။ သူ့မှာ သမီးအကြီးဆုံး ဖြစ်နေရ၍ အားကိုးလောက်စရာ အစ်ကို အစ်မ မရှိပေ။

စမ်းစမ်းသည် သန်းရီကို သူတို့အိမ်ရှေ့မှာထားရစ်ကာ ချစ်မြိုင်တို့အိမ်ဘက် ဆက်လျှောက်ခဲ့၏။

'ချစ်မြိုင်ရေ၊ ဟေ ချစ်မြိုင်'

စမ်းစမ်းက အိမ်ရှေ့မှလှမ်းခေါ်သည်၊

'ဟဲ့ ဘယ်သူတုံး မိုးကြီးချုပ်မှ'

ချစ်မြိုင်အမေ ဒေါ်လှိုင်က စမ်းစမ်းမှန်းသိလျက် ခပ်ဆတ်ဆတ်လေး အော်မေးလိုက်သည်။

'ကျွန်မပါ ချစ်မြိုင်ရှိသလားလို့'

www.burmeseclassic.com

www.burmeseclassic.com



ချစ်မြိုင်သည် စမ်းစမ်းအသံကြားသဖြင့် အိမ်ထဲမှ ကမန်းကတန်း ထွက်လာခဲ့ရသည်။ သူ့အမေက မျက်စောင်းထိုး၍ ကျန်ရစ်သည်။

'စမ်းစမ်း နင်တစ်ယောက်တည်းလားဟင်၊ ဘာလာလုပ်တာလဲ'

ချစ်မြိုင် မနေသာခွေ့နေသော်လည်း စမ်းစမ်းအတွက် စိုးရိမ်ပူပန်သွားသည်။

'ငါလဲ နေလို့ထိုင်လို့ မရတာနဲ့ ထွက်လာတာဟယ်'

'ဟင် နင်က နေလို့ထိုင်လို့မရဘူး ဟုတ်လား၊ ဘာဖြစ်လို့လဲဟင်၊ အိမ်ထဲဝင်ပါလားဟာ၊ အိမ်ရှေ့မှာ မတ်တတ်ကြီး'

ချစ်မြိုင်က ပြုံးပြုံးပျာပျာ ပြောလိုက်သည်။

'နေပါစေဟာ နင့်အမေ ကြောက်လှန်းလို့၊ နင့်အမေက ငါ့များ သူ့သားကို ကြိုက်နေတယ် မှတ်သလား မသိဘူး၊ ငါ့ကို ကြည့်စမ်းပါဟယ်၊ စက်ထဲက ယာယီပုတ်ပြတ်သမားတွေဆီက မရသေးတဲ့ သကြားတွေ လိုက်တောင်းပေးစမ်းပါ၊ သူတို့က သယ်အချိန်က လာထုတ်သွားကြမှန်းမသိဘူး၊ သကြားမပေးနိုင်လဲ ငါပေးထားတဲ့ငွေ ပြန်ပေးဖို့ပါ၊ ငါ့မှာ ငွေတွေ လက်လွှန်သားတော့ အိပ်လို့တောင် မပျော်ဘူး၊ ဒေါ်ဘုမဆီက ယူထားတာတွေ ပြန်မပေးနိုင်ရင် အခက်ပဲ'

စမ်းစမ်းက တကယ်ပင် အားကိုးစွာ ပြောနေလေသည်။



သည်ကိစ္စက အထက်လူကြီးတွေ မသိအောင် တိုးတိုးတိတ်တိတ် လုပ်ထားရတာဆိုတော့ မည်သည့် တာဝန်ရှိသူကိုမှ သွားတိုင်၍ မရပေ။ ကိုယ့်ဘာသာ ဖြေရှင်းရမည်။

'နင်ကလဲ တယ်လက်လွယ်တာကိုး၊ နောက်ကို စာရင်း ငါ ကောက်ပေးမယ်၊ အေး နင် သကြားမရသေးတဲ့စာရင်း ငါ့ပေးထား၊ ငါလိုက်ပြောပေးမယ်'

စမ်းစမ်းတို့ အနေနှင့်က စက်ရုံကြီးထဲဝင်ရဖို့ မလွယ်ပေ။ ပြီးတော့ ယာယီပုတ်ပြတ်သမားဆိုသည်မှာ စက်ရုံဝင်းထဲမှာ ချည်း မနေကြ။ ရွာထဲကလူတွေ များသည်။

'ရော့ ဒီမှာ စာရင်းစာရွက် မပျောက်စေနဲ့ဦး၊ ငါပြန်တော့မယ်'

'နေဦးလေဟယ်၊ မှောင်နေပြီ၊ ငါလိုက်ပို့မယ်'

'ငါသွားရဲပါတယ်'

စမ်းစမ်းက ပြောပြောဆိုဆို ထွက်သွားသည်။ ချစ်မြိုင်သည် အိမ်ထဲဝင်ကာ နှစ်တောင့်ထိုး လက်နှိပ်ဓာတ်မီးလေးကိုယူကာ စမ်းစမ်းနောက် လိုက်သွားသည်။ သူ့အမေက ပွစိပွစိနှင့် ဘာတွေ ပြောကျန်ရစ်သည်မသိ။

အလုပ်သမားတန်းလျားများမှာတိတ်ဆိတ်မည်းမှောင်လျက်ရှိ၏။ ချမ်းလွန်း၍ အိမ်ထဲမှာ ကွေးသူက ကွေးနေကြသည်။ စက်ရုံဝင်းထဲရောက်သော် မီးရောင်များ လင်းလာသည်။ တိတ်

www.burmeseclassic.com

www.burmeseclassic.com



ဆိတ်သော ညယံမှာ စက်ကြီးလည်ပတ်သံသည် စည်းချက်မှန်မြည်ဟည်းနေသည်။

သူတို့နှစ်ယောက် တိတ်ဆိတ်စွာလျှောက်လာကြသည်။

ရထားလမ်းဆီမှ ရထားတစ်စင်း ခုတ်မောင်းသွားသံ ကြားရသည်။

\+ \+ \+

စာကြည့်တိုက်ပိတ်သွား၍ ကိုကို ပြန်လာခဲ့သည်။ လက်ထဲမှာ ဝတ္ထုစာအုပ်နှစ်အုပ် ကိုင်လာသည်။ သည်ည ဝတ္ထုတာဝကြီး ဖတ်မည်။ ကိုကို ငယ်ငယ်ကတည်းက စာဖတ်တာ ဝါသနာပါခဲ့သည်။ အဖေကလည်း စာဖတ်တာကို အားပေးသည်။ အဘိုးက စက်ရုံအလုပ်သမားတွေကို မျက်နှာမြူအစိုးပုက စာတတ် ပေတတ် မဖြစ်စေချင်သည့် အကြောင်း ပြန်ပြောပြဖူးသည်။ အဘိုးသည် စာမတတ်။ အဖေကတော့ ကျောင်းနေသည်။ သို့သော် ခုနစ်တန်းအောင်ရုံနှင့် စက်ရုံက အလုပ်ခန့်လိုက်တော့ အဖေသည် ချက်ချင်း အလုပ်ဝင်လုပ်တော့သည်။ သို့ဖြင့် အဖေသည် အလုပ်သမားကြီးပဲ ဖြစ်ခဲ့သည်။



ကိုကိုတို့ ခေတ်မှာ သင်နိုင်လျှင် သင်ချင်သလောက်သင်ရှုံရပြီ။ သို့သော် ငွေကြေးကတော့ ကိုကိုတို့မှာ မပြည့်စုံပေ။ အမေ့ဘက်က ဆွေမျိုးများက ကူညီထောက်ပံ့၍ ဖြေသာသည်။ ကိုကိုသည် ကျောင်းစာလည်း ကြိုးစားသည်။ အပြင်စာလည်း ဖတ်သည်။ စက်ရုံ၏ စာပေ ယဉ်ကျေးမှု ကိစ္စများမှာလည်း ကူညီသည်။ နှစ်စဉ် စာပေဟောပြောပွဲတွေ လုပ်ရသည်မှာလည်း တက်ကြွဖွယ်ကောင်းသည်။ သို့ဖြင့် သီးခြားကမ္ဘာလေး တစ်ခုဖြစ်နေသော သူတို့အတွက် အပြင်လောကနှင့် အဆက်အသွယ်ရသည်။

ကိုကိုသည် ယခုရက်များအတွင်း စာကိုသာ ဖိဖတ်နေခဲ့ရလေသည်။ ထားထားရီနှင့် ပတ်သက်၍ သူဘဝင်မကျတာတွေ ရှိနေသည်။ ထားထားရီကို သူချစ်သည်။ ကျောင်းမှာကတည်းက တစ်ယောက်နှင့်တစ်ယောက် အဆက်အသွယ် ရှိခဲ့ပြီပဲ။ ထားထားရီတို့သည် သူလိုကိုယ်လို လူများထဲမှာတော့ သိပ်ပြီး ဆင်းတောင့်ဆင်းရဲဟု မဆိုနိုင်ပေ။ ပြီးတော့ ထားထားရီက အနေအထိုင်သိမ်မွေ့သဖြင့် သူ သဘောကျသည်။ သို့သော် သူ့အစ်မ ကြည်ကြည်နှင့်ပတ်သက်၍ တစ်ရွာလုံးက ပြောကြဆိုကြသည်ကို ကြားခဲ့ရသည်။ သူတို့ ညီအစ်မနှစ်ယောက်လုံးကလည်း လှကြသည်။ တောမှာဆိုတော့ ရုပ်ရည်လေး အသင့်အတင့်ရှိလျှင် ထင်ပေါ်သည်သာ။

မိန်းကလေးတွေအဖို့ ကျရာအလုပ် ဝင်လုပ်ကြရခြင်းကို ကိုကိုအပြစ်မဆိုပါ။ သို့သော် ကြည်ကြည်သည် သူများပြော

www.burmeseclassic.com

www.burmeseclassic.com



စရာဖြစ်အောင်ကို စာရိတ္တပျက်ပြားနေပြီထင်သည်။ သူ့ငွေးဆီက လျှော်ကြေးကို လက်ခံပြီး ကလေးတစ်ယောက် မွေးသည်ကတော့ ကြည်ကြည် လွန်သည်။ ပြီးတော့ ယခုတိုင်နောက်မဆုတ်ဘဲ ပေါင်းသင်း နေထိုင်နေသည်ကို ထားထားရိတို့မိသားစုက လက်ခံနေသလော။

ချစ်သူကို ပြစ်မျိုး မှဲ့မထင် ဖြစ်စေချင်သည်မှာ ကိုကို့ဆန္ဒဖြစ်၏။

'ဟော့ ကိုကို'

စမ်းစမ်းသည် ကိုကိုတစ်ယောက်တည်း စာအုပ်လေးတွေပိုက်လာ ခေါင်းငိုက်စိုက်ချ၍ လမ်းလျှောက်သွားသည်ကို မြင်သဖြင့် မနေနိုင်ဘဲ လှမ်းခေါ်လေသည်။ ကိုကို အတွေးပျက်သွားသည်။ စမ်းစမ်းဘေးမှာ ချစ်မြိုင်ကို တွေ့ရသည်။ စမ်းစမ်းသည် ပြုံးသုတ်သုတ်လျှောက်လာသည်။ စမ်းစမ်းသည် အမြဲလိုပွင့်လင်း ဖျတ်လတ်မှု ရှိသည်မို့ စမ်းစမ်းကို ကိုကိုခင်သည်။ သည့်ထက်တော့မပိုပေ။

'နင် အဖော်ရပြီ ငါပြန်ရတော့မလား'

ချစ်မြိုင်က မျက်နှာပျက်လျက်က ပြောသည်။ စောစောက နှစ်ယောက်တွဲ၍ စိတ်ကူးယဉ်ပြီး လျှောက်ခဲ့ရတာတွေ လွင့်ပျောက်ကုန်လေသည်။

'အဟဲ နင်ကလဲ အိမ်ထိအောင် လိုက်လာပါဦးလား၊ အေး



လေ နင်အလုပ်ထဲ ဝင်ရဦးမှာဆိုတော့ ပြန်ချင်လည်း ပြန်ပေါ့၊ ငါ ပြောထားတာလေးတွေလဲ လုပ်ပေးဦးနော်'

စမ်းစမ်းက သဘောရိုးနှင့် ပြောခြင်းဖြစ်သည်။ ချစ်မြိုင် မျက်နှာမကောင်း။

'အင်းပါ အင်းပါ၊ ငါသွားမယ် ကိုကို ငါသွားမယ်'

ကိုကို့ကိုပါ မကောင်းတတ်၍ နှုတ်ဆက်ရသည်။ ကိုကိုက ခေါင်းညိတ်ပြသည်။ သူတို့အားလုံးသည် ငယ်ငယ်ကတည်းက ကစားဖော် ကစားဖက်များ ဖြစ်သည်။

'နင် ဘယ်က ပြန်လာတာလဲ'

ကိုကိုက စမ်းစမ်းဘက်လှည့်၍ မေး၏။

'အဟဲ အလုပ်သမားတန်းလျှားကလေ၊ သကြားမရသေးတဲ့ စာရင်းတွေ ချစ်မြိုင်ကို သွားပေးရတာ၊ ကိုကိုက ဟာကြည့်တိုက်က ပြန်လာတာလား'

'အေး နင်ကလဲဟယ် ဒီသကြားကောက်တဲ့အလုပ်ပဲ လုပ်နေတာပဲ၊နင့်ကြည့်ရတာ မောလိုက်တာ၊ ကျောင်းလဲမတက်ဘူးဆို'

စမ်းစမ်း မျက်နှာ ညှိုးသွားသည်။ အင်းလေ ကိုကိုက ထားထားရိကိုမှ အကောင်းထင်တာပဲ။ သူတို့ တစ်တွေသည် တစ်မြေတည်းမှာ ကြီးပြင်းလာကြရပြီး သီးခြားကမ္ဘာလေးတွင် ဖြစ်နေသော သည်ဝင်းထဲမှာ တစ်ယောက်ကို တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ခင်တွယ်တတ်ကြသည်။ သူတို့အထက်က လူကြီးတွေလည်း အချင်းချင်းပေါင်းသင်းကာ အိုးအိမ်ထူထောင်ခဲ့ကြသည်။ ယခုတော့ ယခင်ကထက်ပိုပြီး ကျယ်ပြန့်လာသဖြင့် ကိုယ့်အသိ ကိုယ့်အမြင်နှင့် တွင်ကျယ်ဝင်ဆံ့လာကြသည်။ စမ်းစမ်း… သာ သည့်နယ်မှာ ခင်တွယ်လှုပ်ရှားနေတာပဲ။

'မတက်တော့ပါဘူး ကိုကိုရယ်၊ စာမေးပွဲလဲ အောင်မှာ… မဟုတ်တာ၊ တို့အဖေက ကိုကို့အဖေလို လုံခြုံရေးမှူးမှ မဟုတ်… တာ၊ ကိုယ့်အတွက် ကိုယ်ရှာရတာပေါ့၊ အမေနဲ့ မောင်လေး ကလဲ ရှိသေးတယ်လေ'

'လုံခြုံရေးမှူးလဲ ဘယ်လောက်ရလို့လဲဟာ'

'ဒါပေမယ့် အမြဲတမ်းအလုပ်ရှိတော့ တော်သေးတာပေါ့၊ ပြီးတော့ ကိုကိုတို့ တောင်ငူက အမျိုးတွေကလဲ ချမ်းသာတယ် မဟုတ်လား'

'မချမ်းသာပါဘူးဟာ'

'ဘာပဲဖြစ်ဖြစ် ကိုကို့မှာ ကူမယ့်သူရှိတယ်၊ တို့မှာ ကူမယ့်သူ မရှိဘူး၊ ကိုယ့်ဘာသာရုန်းရတာ'

စာဖတ်သော ကိုကိုသည် စာမဖတ်ဘဲ ပြောလိုက်သော စမ်းစမ်း၏စကားကြောင့် ငိုင်သွားသည်။ အင်းလေ စမ်းစမ်း… ကမ္ဘာဟာ သည့်ထက်ပိုပြီး ဘယ်လို ကျယ်ပြန့်နိုင်မှာလဲ။ သူ့… အမြင်သည် သူ့အတွက် ပိုက်ဆံရှာဖို့ပဲဖြစ်သည်ပေါ့။



အမြဲတမ်း ကြမ်းတမ်း ခက်ထန်ခဲ့သော စမ်းစမ်းကလည်း ကိုကိုနှင့်ကျမှ ရင့်ကျက်နေသည်။ စမ်းစမ်းသည် ကိုကို့ကို ငယ်ငယ်ကတည်းက အထင်ကြီး ချစ်ခင်သည်။ ကိုကို မသိလေ ရော့သလား။

'ဟင် အနိကယ်တစ်ယောက်တည်းလား၊ စက်ရုံထဲ သွားမလို့လားဟင်'

စက်ရုံအင်ဂျင်နီယာကြီးကို မြင်လိုက်၍ ကိုကိုက နှုတ်ဆက်လိုက်သည်။ အနိကယ်ဦးဘခင်သည် ရေးကြီးသုတ်ပျာ လှမ်းလာနေသည်။

'အေးကွာ ဖုန်းဆက်ခေါ်လို့'

'အင်း စက်ပျက်ပြန်ပြီထင်တယ်'

ကိုကိုက ပြောသည်။

'မပျက်ဘဲ ခံနိုင်ပါ့မလားတော်၊ လူတွေတောင် အိုကြသေးတာ၊ ဒီစက်ကြီးက အနှစ်လေးဆယ်ကျော်နေပြီပဲ'

စမ်းစမ်းပြောသည်ကို ကိုကိုမကြား။

စက်ရုံသစ်ကြီး ဘယ်တော့ တည်ဆောက်မလဲ။ သည်အခါ မှာ ကိုကိုက ဘယ်နေရာမှာ ရောက်နေမလဲ။ ကိုကိုကတော့ အမြဲပဲ မျှော်လင့်ချက်တွေထားလေသည်။

\+ \+ \+

www.burmeseclassic.com

www.burmeseclassic.com



ဦးဘခင် အိပ်ပျက်ခဲ့ရတာ နှစ်ညရှိပြီ။

ခေါင်းထဲမှာလည်း မကြည်လင်တော့။ သို့သော် ဖုန်းဆက်ခေါ်သည်ဆိုတော့ ထလာခဲ့ရပြန်သည်။ စက်ဒိုင်ဂါကြီး ဒုက္ခပေးတာပဲ ဖြစ်ရမည်။

သည်စက်မှာ သူအမှုထမ်းခဲ့တာကြာပြီ။ မြည်သူပိုင်မသိမ်းမီကတည်းက ဆိုပါတော့။ နှစ်ပေါင်း သုံးဆယ်ကျော်ပြီ။ စက်လည်းအို လူလည်းအိုပြီ။ စက်သည်းဆွေး လူလည်းဆွေးပြီ။ စက်ရုံမှူးတွေ၊ တခြားအရာရှိတွေသာ အဆင့်ဆင့်ပြောင်းသွားသည်။ သူက သည်စက်ရုံက မခွာခဲ့ရ။ သည်စက်နှင့် သူသည် သားဆိုးအဖေလို သူ့ရှိမှ စက်က နာခံသည်။ လူက စက်ကိုမှီ၍ စက်ကလည်း လူကိုမှီနေရသည်။ သည်စက်အကြောင်း သူသာ ခုတ်အသိဆုံးတည်း။

ထို့ကြောင့်လည်း တစ်ခုခုဖြစ်ပြီဟေ့ ဆိုလျှင် သူ့ကိုသာ အမြန်ခေါ်ရလေသည်။ မည်မျှပင် အိပ်ရေးပျက်နေစေကာမူ သူ နေ၍မရ။ သည်စက်ပေါ်မှာ မှီခိုနေသည်တွေက များလှသည် မဟုတ်လား။

စက်အလည်ရပ်သွားသည်နှင့် ကျန်သည့်ယန္တရားတွေလည်း အကုန် ရပ်ကုန်တော့သည်။ ကြိတ်စက်ဝါးမှု ရပ်သွားမည်။ သည်တော့ ကြံရည်ကျိုဒွာနတွေ၊ သကြားဌာနတွေ အကုန်ရပ်မည်။ သကြား အကုန်ရပ်တော့ သကြားအိတ်ထမ်းသည့်



အလုပ်သမားလည်း ရပ်မည်။ ကြံလာချသည့် လှည်းတွေလည်း ရပ်ကုန်သည်။ ကြံတင်သည့် ကားတွေ ရထားတွေလည်း ရပ်၊ အကုန်ရပ်ပြီတည်း။ ထို့ကြောင့် သူ နေ၍မဖြစ်။

အစစအရာရာ တိုးတက်ခေတ်မီနေသော ခေတ်မှာ သူ့စက်ကြီးက အိုနွမ်းလှပြီဖြစ်ရာ နေရာတကာ အပင်ပန်းခံသလောက်လည်း အကျိုးအမြတ် မရတော့။ အရက်ပျံစက်ရုံဆိုလျှင် ကြည့်။ ခေတ်မီ စက်ခလုတ်တွေက ဦးဆောင်သွားသည်။ လူတွေက အအေးခန်းထဲမှာ ခလုတ်နှိပ်ရုံသာ လုပ်ရသည်။ သည်မှာတော့ အန္တရာယ်ကြားမှာနေကြရသည်။ နှစ်စဉ် ဆောနပ်ဆုရကြပြီဟေ့ဆိုတော့ အရက်ပျံစက်ရုံက သာသည်။ သကြားစက်က တစ်ရာရလျှင် သူတို့က သုံးရာရသည်။ အမြတ်ငွေကလည်း ကွာပေသကိုး။ သူတို့စက်က သိန်း ၅၀ မြတ်လျှင် အရက်ပျံစက်ရုံက သိန်း ၃၀၀။

ဂျူတီလဲသည့် ဥဩသံကိုကြားရသည်။ အလုပ်သမားတွေ အဝင်အထွက် ပြုကြသည်။ ယခုလောက်ဆိုလျှင် သူ့လက်အောက်က အလုပ်သမားတွေလည်း ရောက် နေလောက် ရှိ။ ဘုရားသိကြား မလို့ သည်တစ်ညတည်းနှင့် ပြင်လို့ပြီးပါစေ။ ယခင်နှစ်ရက်ကလည်း မအိပ်ခဲ့ရ။ သုံးညဆက်၍ အိပ်ရေးပျက်လျှင် သူမခံနိုင်တော့။ တစ်ခါတစ်ရံ စက်ရုံထဲက မထွက်ရသည်နှင့် ထမင်းပင်ပြန်မစားနိုင်။ လက်ဖက်ရည်နှင့်ပင် ပြီးရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



စက်ရှုံဝင်းထဲကိုဝင်ခဲ့၏။ သူ့နားက ယဉ်နေသဖြင့် စက်တစ်လုံးတည်း လည်ပတ်သံကိုသိသည်။ သူတို့မှာ စက်နှစ်လုံးရှိသည်။ ကုလားမင်းသား တည်ထားခဲ့တဲ့စက်တွေပဲ။ လည်ပတ်ပုံ နည်းစနစ်တွေက ခေတ်မမီတော့။

စက်ရှုံသစ်ကြီး တည်ဆောက်ပြီးလျှင်တော့ ဘယ်လိုဖြစ်လာမလဲ။

လောလောဆယ်တော့ သူ့စက်ကြီး အမြန်ဆုံးလည်ပတ်နိုင်အောင် သူကြိုးစားရဦးမည်။

သို့မှသာ အားလုံး၏လက်များ ခြေများ ဆက်လက်လှုပ်ရှားလည်ပတ်ပေလိမ့်မည်။

\+ \+ \+

စိန်အောင်သည် လှည်းပေါ်မှာ ငိုက်မျည်းနေသည်။

တစ်ညလုံး ကြံလှည်းပေါ်မှာ စောင့်ခဲ့ရသဖြင့် ချမ်းစိမ့်ပြီး တစ်မှေးမှအိပ်မရ။ ယခု နေရောင်ခြည်လေးထွက်ပြူလာမှ နွေးထွေးပြီး အိပ်ငိုက်လာသည်။ သို့သော် အရှက်ဦးမှာ ကြားရသည့်



သတင်းကြောင့် သူစိတ်မောသွားသည်။ စက်ပျက်နေ၍ ကြံအချရပ်ထားသည်တဲ့။ စက်တစ်လုံးတည်း လည်ပတ်သည်ဖြစ်၍ ရပ်ဝေးကားတွေကို ဦးစားပေးမည်။

လှည်းပေါ်မှာ အမေကိုယ်တိုင် အပင်ပန်းခံ၍ ခုတ်တင်ပေးလိုက်သော ကြံတစ်တန်ကျော်ကျော်လောက်ပါမည်။ အမေသည် ကြံခုတ်ခ လှည်းတစ်စီး ငါးကျပ်ပေးရမည်စိုး၍ သူကိုယ်တိုင်ခုတ်သည်။ သို့တိုင် သူတို့မှာ လှည်းမရှိသေး၍ လှည်းကို အစိတ်ပေးပြီးငှားရသည်။ တစ်ရက်ပိုကြာတော့ ထပ်ပေးရဦးမည်။ ကြံတွေကလည်း ခြောက်ကုန်ပြီး အလေးချိန် လျော့ဦးမည်။

ကြံတစ်တန်ကျော်ဆိုတော့ တစ်တန်ကိုတစ်ရာနှင့် ငွေတစ်ရာကျော်ရပေမည်။ အမတော်ကြေးအတွက် ပြန်ပေးခဲ့ရမည်။ တောင်သူတစ်ဦးအတွက် ရသည့်ငွေဆိုသည်မှာ ရင်းနှီးမတည်ငွေ နုတ်လိုက်လျှင် တစ်နှစ်ပတ်လုံး တကုန်းကုန်းလုပ်မှ စားရသောက်ရတာ ဆက်လက်ရပ်တည်ရတာသာ အဓိကဖြစ်၏။

စက်ပျက်နေ၍ ကြံမချရသေးဆိုတော့ စိန်အောင်သည် စိတ်ပျက်လက်ပျက်ဖြင့် လှည်းပေါ်မှဆင်းလိုက်သည်။ လူကြုံရှိလျှင် အမေ့ကို ပြန်အကြောင်းကြားရမည်။ နောက်ထပ်ကြံတွေ မခုတ်သေးဖို့အကြောင်း။ ပြီးတော့ စိုက်မည့်ခင်းသစ်အတွက် ရှိသည့်လူနှင့် ထွန်ထားဖို့ဖြစ်သည်။

လူကြုံရှာဖို့ဆိုတော့ ဦးလေးဦးဘကြိုင်ကိုပဲ သတိရသည်။ သည်တော့ ထားထားရိကပါလာပြန်သည်။ ထားထားရိက

www.burmeseclassic.com

www.burmeseclassic.com



သူသွားတာကိုကြိုက်ပါ့မလား။ ထားထားရီနှင့် ပတ်သက်လျှင် သူအမြဲအားငယ်ရသည်။

သူ ထားထားရီနှင့် တွေ့လည်း တွေ့ချင်သည်။ တွေ့လည်း မတွေ့ချင်လှ။

'ငါ့လှည်းကို ခဏကြည့်ထားလိုက်စမ်းပါကွာ'

တစ်ရွာတည်းသမား လှည်းသမားတစ်ဦးကို မှာထားခဲ့ရလေသည်။

ကြဲ့လှည်းတွေ တန်းစီနေသော စက်ရုံ အပြင်လမ်းကလေးအတိုင်း လျှောက်လာခဲ့သည်။ တောင်သူဦးကြီးများသည် စိတ်ပျက်လက်ပျက်ဖြင့် နေပူစာလှုံရင်း ငုတ်တုတ်ထိုင်သူက ထိုင်နေသည်။ မုန့်ဟင်းခါးဆိုင်မှာ မုန့်စားသူက စားနေကြသည်။ စက်ရုံအဝင် ကတ္တရာလမ်းဘက်သို့ရောက်ခဲ့၏။ မနက်ဆိုင်းဝင်မည့် အလုပ်သမားတွေ လျှောက်လာနေကြသည်။ သူကတော့ စက်ရုံအလုပ်ထက် စိုက်ပျိုးရေးကို ပိုပြီး ဝါသနာပါခဲ့လေသည်။ လမ်းထိပ်မှ စည်းဝေးခန်းမကိုကျော်ခဲ့သည်။ စာကြည့်တိုက်ကို လွန်ခဲ့သည်။

ကြံ့တောင်သူ အစောင့်ရောင်းဆိုင်ရှေ့သို့ရောက်လာ၏။ သကြားကောက်မည့်ဈေးသည်တွေ နေပူဝလှုံရင်း ထိုင်နေကြသည်။

'ဟေ့ စိန်အောင် နင်ဘယ်သွားမလို့လဲ'

လှမ်းနှုတ်ဆက်သူကိုကြည့်လိုက်တော့ စမ်းစမ်း ဖြစ်နေလေသည်။ ကျောင်းနေဘက် သူငယ်ချင်းများမို့ တစ်ယောက်နှင့်တစ်ယောက် သိနေကြသည်။



'ထားထားရီတို့အိမ်ကို၊ အဲ သူ့အဖေကို မှာစရာရှိလို့'

စိန်အောင်သည် မလုံမလဲဖြင့် ပြောလိုက်မိလေသည်။ စမ်းစမ်းက ချက်ကနဲဆို သိလိုက်ပြီ။

'နင်ကလဲ ရှက်မနေစမ်းပါနဲ့၊ နင့်အမူအရာကြီးက သိပ်သိသာတယ်၊ ဒါနဲ့ နင်ကလဲ တောသားကြီးကျနေတာပဲဟယ်၊ ပုဆိုးကြီးတိုတိုနဲ့၊ ဒီလိုပုံနဲ့ ထားထားရီက နင့်ကို ကြိုက်မလား၊ သတိထားနော်၊ နင်ကျန်ရစ်ဖြစ်မယ် ဟင်းဟင်း၊ ဟိုက ကိုကိုတို့လို ရှိုးကျကျမှသဘောကျတာ'

စမ်းစမ်းက ဘမင်တွန်းပေးလိုက်သည်။

စိန်အောင် မျက်နှာပျက်သွားလေသည်။ စိတ်ထဲမှာလည်း စိုးရိမ်ပူပန်သွားသည်။

'ဒါတော့ ငါက တောသားကိုးဟယ်၊ လုပ်ရတာကလဲ ယာထဲကိုင်းထဲမှာ၊ ခုတောင် ကြံလာချတာဟ'

'ဟေ ဟုတ်လား၊ နင်တို့ကို ဒီဆိုင်မှာ သကြားနဲ့ဆင်မြွာတွေပေးနေတယ်၊ ဖယောင်းတိုင်တွေ ဒန်အိုးတွေလဲ ပေးတယ်၊ နင်မလိုရင် ငါ့ပြန်ရောင်းနော်၊ အမြတ်ပေးမှာပါဟ'

'အေးပါ၊ ခု စက်ပျက်နေလို့ ကြံတွေ ချမရဘူး၊ အဲဒါ ငါသွားမှာမလို့၊ သွားမယ်သိလား'

'အေးအေး နင်စွံပါစေလို့ ငါဆုတောင်းပေးတယ်ဟယ်

www.burmeseclassic.com

www.burmeseclassic.com



စမ်းစမ်းသည် စိန်အောင် တစ်ယောက် ထားထားရီကို တကယ်စွဲပါစေဟု ဆုတောင်းလိုက်မိလေသည်။ ပြီးတော့ တစ်ဆက်တည်းမှာပင် စက်ပျက်နေတော့ ဒီနေ့ကြံတောင်သူတွေ လာမှာမဟုတ်ဘူး၊ သက်သာဆိုင်ဘက်ကို သွားမှဟု စိတ်ကူးလိုက်သည်။

စိန်အောင်သည် အရက်ပုံ့စက်ရုံဘက်မှလှည့်ကာ ဂျေပုရွာထဲသို့ဆင်းသည်။ ထားထားရီတို့အိမ်ကိုတောင် မရောက်တာကြာပြီပဲ။ ကျောင်းမှထွက်ကတည်းက ယာထဲမှာသာ အချိန်ကုန်ခဲ့သည်။ ထို့ကြောင့် သူကလည်း စမ်းစမ်းပြောသလို တောသားကြီးပုံ ပေါက်နေတာသင်ပါရဲ့။ စိန်အောင်သည် ပုဆိုးကို ရှည်ရှည်ချကာ ပြင်ဝတ်လိုက်သည်။ ဆံပင်ကိုလည်း လက်ငါးချောင်းဖြင့် ထိုးတင်လိုက်သည်။ သို့သော် တစ်ညလုံး အိပ်ပျက် ပင်ပန်းထားသဖြင့် မည်သို့မျှ သားနားနိုင်မည်မဟုတ် ဆိုတာ သူ့ဘာသာ သိနေလေသည်။

ထားထားရီတို့အိမ်ရှေ့ ရောက်တော့ အပြင်ထွက်မည့်ဟန် ပြင်နေသော တင်ဟန်နှင့် အရင်တွေ့ရသည်။

‘ဟ စိန်အောင် မင်း ဘာလာလုပ်တာလဲ’

ကိုတင်ဟန်သည် စိန်အောင့်ကို ရိုးသား၍ ခင်သည်။ စိန်အောင်ကလည်း ကိုတင်ဟန်ကို လူဖြောင့်စိတ်တိုကြီးအဖြစ် လေးစားသည်။

‘စက်ပျက်နေသတဲ့ အစ်ကိုရာ၊ အဲဒါ အမေ့ဆီ ပြန်မှာမလို့ အဘကော သွားပလား’



‘မသွားသေးဘူးကွ၊ အင်း စက်ပျက်တယ်ဆိုရင် ငါတို့တောင် အလုပ်ဆင်းရပါတော့မလား’

ကိုတင်ဟန်က သူ့အတွက်သူပူပန်လိုက်မိလေသည်။ စက်ပျက်လျှင် ကြံအချုပ်ရပ်မည်။ သူတို့က ကြံချနိုင်မှ လုပ်ခပိုက်ဆံရမည်။ ယာယီပုတ်ပြတ်သမားဆိုတော့ အလုပ်မရှိလျှင် ငွေမရ။ တစ်နေ့မရလျှင် မရမှန်းသိသာသည်။ အိမ်မှထွက်မည့်ဆဲဆဲ ကိုတင်ဟန်၏ ခြေထောက်များ အားပျော့သွားသည်။

‘ဟ စိန်အောင် ဘယ့်နှယ် မင်း ကြံလှည်းမချရသေးဘူးလား’

‘အဲဒါ လာပြောတာ အဘရာ စက်ပျက်နေလို့’

‘အေး ထိုင်ဦးလေကွာ၊ ထားထားရေ ရေနွေးကြမ်းလေး လုပ်ဟေ့’

ထားထားရီသည် စိန်အောင့်အသံကြားကတည်းက ထွက်မလာချင်သဖြင့် တမင်ရှောင်နေခြင်းဖြစ်သည်။

‘ကြည်ကြည် နင်သွားလုပ်လိုက်၊ ငါ ကလေးကြည့်ထားမယ်’

ထားထားရီက ကလေးချီကာ အိမ်ရှေ့သို့ထွက်လာသည်။

‘ဟဲ့ ရေနွေးကြမ်းယူခဲ့ပါလို့ဆိုနေ’

‘ကြည်ကြည်လုပ်နေပြီ အမေရဲ့’

www.burmeseclassic.com

www.burmeseclassic.com



စိန်အောင်သည် ထားထားရီလက်ထဲက ကလေးကို လှမ်းကြည့်မိသည်။ ကြည်ကြည့်ကလေးဆို ထင်ပါရဲ့။ ထားထားရီက ကလေးကို မြူနေသည်။ သူသည် စိန်အောင် ကဲ့ရဲ့မှာကိုတော့ နည်းနည်းလေးမှ မစိုးရိမ်မိပေ။

'ကလေးက ချစ်စရာလေးနော်'

စိန်အောင်ကတော့ ဘာဘာညာညာ တွေးနေသည် မဟုတ်ပေ။ ထားထားရီ ကလေးချီထားပုံကို သူက သဘောကျ၍ပင် နေသေးသည်။ ထားထားရီသည် အိပ်ရာထစမို့ ဘာမျှ မပြုပြင်ရသေး။ စိန်အောင့်မျက်စိထဲမှာတော့ လှနေသည်။

'ငါလဲ ခုတ်စရာရှိတာ လက်မှတ်မရသေးတာနဲ့ မခုတ်ရတာပေါ့၊ ခုတ်ပြီး လမိုင်းချန်မလားစိတ်ကူးတယ်၊ ဟစ်ယောက်ဟည်းဆိုတော့ မနိုင်ဘူးကွာ'

ကြည်ကြည် ရေနွေးအိုးလာချလေသည်။ ကြည်ကြည်သည် ယခင်ထက်ပင် ပိုသပ်ရပ်ပြီး ပို၍ ပြောင်ရောင်နေသည်။ စိန်အောင်က မျက်နှာလွှဲလိုက်သည်။

'ကျွန်တော်လဲ အမေလိုက်လုပ်ပေးလို့ လက်မှတ်ရတာ၊ မြန်မြန်ခုတ်ချင်တော့လဲ လိုက်ရတာဘဲ အဘရ'

သူတို့အတွက် ကြံချလက်မှတ်ရဖို့ကလည်း အရေးကြီးသေးသည်။ ကြံချလက်မှတ်က ခွဲတမ်းနှင့် ထုတ်ပေးနေသည်။ ယခုလို စက်ပျက်၍ ကြံမချရလျှင် ခွဲတမ်းရထားသည့်လက်မှတ် တစ်ရက်



နောက်ဆုတ်ကြရဦးမည်။ မြန်မြန် ခုတ် မြန်မြန် ငွေပေါ်မှ ရှေ့ဆက်၍ လုပ်စရာရှိတာလုပ်နိုင်မည်မဟုတ်လား။ စက်ရုံကြီးက သူတို့အပေါ် မှီသလို သူတို့ကလည်း စက်ရုံကြီးအပေါ် မှီနေရသည်။ ရေတာရှည်၊ တောင်ငူ၊ အုတ်တွင်း၊ ဖြူး သည်နယ်တစ်ဝိုက်က ကြံတွေအားလုံး သည်စက်ရုံကို လာရသည်။

'သောက်ပါဦးကွ ရေနွေးလေး၊ ငါတို့ကလဲ့ လျှောကြီးထိုးရိုးရိုးသမားတွေကိုကွ၊ တချို့ကျတော့ အကြံအဖန်တွေက များနေတာ၊ ကြံတစ်ချောင်းမှမချရဘဲနဲ့ ငွေရအောင် လုပ်တဲ့သူက လုပ်နေတာကွ'

'ဟာ အဘကလဲ ဘယ်လိုလုပ်မလဲ'

'စိန်အောင်ရာ မင်းက လူငယ်ဖြစ်ပြီး ငါ့ထက်တောင် အသေး၊ ကြံတောင်သူရယ်၊ ပန်ချာရယ်၊ ကတ္တားစာရေးရယ်၊ နောက်စာရေးတစ်ယောက်ရယ်က အစဉ်ပြုလိုက်ရင် စားပွဲမှာ ဖိုင်းလိုက်ရုံနဲ့ အလုပ်ဖြစ်တယ်ကွ'

စိန်အောင်စဉ်းစားမိသည်။ အင်း ကြံတကယ်မချဘဲ အစဉ်ပြုပြီး ငွေထုတ်ယူတာပဲဟု နားလည်လိုက်သည်။

'ဒါတော့ ဘယ်ကောင်းမလဲ အဘရယ်၊ ထိထိရောက်ရောက် အရေးယူဖို့ကောင်းတယ်'

စိန်အောင် တကယ်ပင် စိတ်မသက်မသာ ဖြစ်သွားသည်။ သူတို့မှာတော့ ချွေးမြေကျအောင် တစ်နှစ်လုံးလုံး လုပ်နေရ

www.burmeseclassic.com

www.burmeseclassic.com



တာပဲ။ မည်သူ့ကိုမျှလည်း မပေါင်းတတ်မသင်းတတ်။ ကတ္တား ပေါ် ကြုံစိုက်သူတွေ အကြံအဖန်လုပ်သမျှလည်း သူတို့ပင် ခံရသည်။ သူတို့ လည်းတွေဆီက အလျော့ပြုပြီး တခြားလှည်းမှာ အပိုပြုလျှင်လည်း သူတို့မသိ။ သိသူတွေက ပူးပေါင်းပြီး အပိုငွေ ရှာကြသည်။

'ဒါပေမယ့် ဆိဆိုတာ အပ်ဖျားလောက် အပေါက်ကလေး ကလဲ စိမ့်ထွက်နိုင်တာပဲ၊ ကိုင်း စကားပြောနေလို့ မဖြစ်သေးဘူး၊ ငါသွားမယ်၊ မင်းအမေကိုလဲ ငါပြောလိုက်ပါမယ်'

'ကျွန်တော်လဲ ပြန်လိုက်မယ်အဘ၊ စက်ပြန်ကောင်းရင်တော့ ချက်ချင်းချနိုင်ပါလိမ့်မယ်၊ ကျွန်တော့်လှည်းက ရွှေဟော်တော် ရောက်နေပြီ'

စိန်အောင်သည် နေရာမှ မထချင်ထချင်ဖြင့် ထသည်။ ထားထားရီသည် အိမ်ထဲဝင်သွားပေပြီ။ နှုတ်ကလေးမျှ မဆက်လိုက်ရ။ ကြည်ကြည့်ကိုပဲ နှုတ်ဆက်လိုက်ရသည်။

'ကိုစိန်အောင် အိမ်လဲလာလည်ပါဦး၊ အဖေ့ကိုလဲ ကူပါနော်၊ ကျွန်မတို့က မိန်းကလေးတွေချည်းဆိုတော့ မကူနိုင်ဘူး၊ အစ်ကိုကလဲ စိုက်ပျိုးရေးမှူး နည်းနည်းမှ ဝါသနာမပါဘူး'

'စိတ်ချပါ အစ်မရာ ကျွန်တော်သွားမယ်နော်'

'အင်း အင်း'



စိန်အောင်သည် အိမ်ထဲသို့ တစ်ချက် လှမ်းကြည့်ကာ ဦးဘကြိုင်နောက်မှ လိုက်သွားရလေသည်။

ကြည်ကြည်သည် ရေနွေးဗန်းကိုသိမ်းရင်း အိမ်ထဲဝင်လာသည်။

'မိထား နင်ကလေ စိန်အောင်က ကိုယ့်အဖေကို အမြဲကူနေတာ စကားကောင်းကောင်းမွန်မွန် ပြောဖော်မရဘူး၊ နင်က ငါ မပြောလိုက်ချင်ဘူး၊ ကိုကို့ကိုပဲ ရှဲလမ်းနေ၊ ကိုကိုက တစ်နေ့ နင့်ကို ဒုက္ခပေးလိမ့်မယ်'

'နင် ငါ့ကို မဆုံးမနဲ့ ကြည်ကြည်၊ ကိုယ့်ဟာသာ အရင်ဆုံးမဦး'

ကြည်ကြည် မျက်နှာတင်းမာသွားသည်။

'ငါ နင့်ကို စေတနာနဲ့ပြောတာ ထားထား၊ ငါဟာ မှားခဲ့တဲ့လမ်းပေါ် ရောက်နေပြီ၊ ပြင်လို့မရတော့ဘူး၊ နင်တို့ ပြောတဲ့နည်းနဲ့ နောက်ဆုတ်ရင် ငါပဲအရှုံးပေးရတော့မှာ၊ ငါ့ ကလေးက ဘယ်သူ့ကို အဖေခေါ်မလဲ၊ ငါ့ကလေးအတွက် ငါလုပ်နေတယ်ဆိုတာ နင် နားမလည်ဘူး၊ နင် တစ်နေ့ကျ လောကအကြောင်း သိလာလိမ့်မယ်'

ကြည်ကြည်သည် နက်နက်နဲနဲ မပြောစဖူးပြောကာ ထားထားရီကို ကျောခိုင်းလိုက်သည်။

ထားထားရီ ငေးနေသည်။

\+ \+ \+

www.burmeseclassic.com

www.burmeseclassic.com



ခရစ္စမတ်ညသည် ရောင်စုံမီးလုံးများအောက်ဝယ် လှပနေ၏။ လူငယ်တစ်သိုက်သည် မီးပုံကို ဝိုင်းရံကာ ပတ်ချာလည် ထိုင်နေကြသည်။ သီးခြားကမ္ဘာလေး၏ လှပသော စုစည်းမှုဖြစ်သည်။ အားလုံး ပျော်ရွှင် တက်ကြွနေကြသည်။ ကြည်နူးမှု အပြုံးတွေဖြင့် လင်းလက်နေသည်။

သူတို့သည် စက်ရုံမြေပေါ်မှာ မွေးဖွားခဲ့ကြ၏။ စက်ရုံမြေပေါ်မှာ ကြီးပြင်းခဲ့ကြ၏။ စက်ရုံဝန်းကျင်သည် သူတို့၏ကမ္ဘာဖြစ်၏။ သည်ကမ္ဘာထဲမှာ ပျော်စရာကို ဖွေရှာရသည်။ သည်ညကား ခရစ္စမတ်ည။

ကိုကိုသည် ဂစ်တာတီးရင်း စဉ်းစားနေသည်။ သူ ထားထားရှိကို သည်နေရာရောက်အောင် ဘာကြောင့် သွားမခေါ်မိပါလိမ့်။ သည်လို ပျော်စရာကောင်းသော ညမျိုးတွင် ကိုယ့်ချစ်သူသည် အနားမှာ မရှိသင့်ပြီလော။ ကိုကိုသည် သူ၏ အားနည်းချက်ကို စဉ်းစားမိ၏။ သူသည် ပတ်ဝန်းကျင်ကို ရင်ဆိုင်ရန် သတ္တိနည်းသူ ဖြစ်နေပြီ။ တကယ်တော့ ထားထားရှိမှာ ဘာအပြစ်ရှိလို့လဲ။

မီးပုံပွဲသည် ပို၍ စည်ကားလာသည်။ လူကြီး တွေ ကော လူငယ်တွေပါ မြူးကြွလာသည်။ သီချင်းတွေ ဆိုကြသည်။ ပါဆယ်ထုပ်ကို လက်ဆင့်ကမ်းပြီး မဲကျသူကို အမျိုးမျိုးစေခိုင်းကြသည်။ တဝါးဝါး တဟားဟား ရယ်မော ပျော်ရွှင်ကြသည်။



ကျော်ဌေးသည်လည်း ဂစ်တာကိုတီးခတ်ရင်း မြူးတူးနေသည်။ သူ့ဘေးမှာ အေးနွယ်ရှိသည်။ အေးနွယ်သည် စက်ရုံထဲက အရာရှိတစ်ဦး၏ သမီးဖြစ်သည်။ တခြားတစ်ဘက်က တစ်ယောက်ကျော် နေရာမှာ သူ့ အစ်မ သန်းရီ ရှိနေသည်။ ကျော်ဌေးသည် စိတ်ရှိသလောက် မပျော်ရပေ။ သန်းရီက သူ့ကို အရိပ်တကြည့်ကြည့် ဖြစ်နေသည်။ သန်းရီ၏ ဘေးမှာ ချစ်မြိုင်ရှိသည်။ ချစ်မြိုင်လည်း ပျော် နေ သည်။ သို့သော် လမ်းဘက်ကို တမျှော်မျှော် ဖြစ်နေ၏။ သည်နေရာမျိုးသို့ စမ်းစမ်းမလာပေ။

ညသည် ပို၍နက်လာသည်။ စက်ရုံကမ္ဘာသည် ပြန်လည် တိတ်ဆိတ်စပြုလာ၏။ ဂီတသံများ တိုးညင်းစွာ ပျံ့လွင့်နေသည်။ ရယ်မောသံများလည်း တစ်စတစ်စ တိုးတိတ် လာသည်။ အိမ်ပြန်သူ ပြန်ကြပြီ။ အိမ်ရှင်ကျွေးမွေးသော အစားအသောက်များကို စားသောက်ပြီး လူကြီးတွေလည်း ပြန်ကြပြီ။ ကျော်ဌေးသည် အေးနွယ်ကို လိုက်ပို့ချင်သည်။ သို့သော် သန်းရီက မပြန်သေး။

ကျော်ဌေးသည် ချစ်မြိုင်ကို အပူကပ်ဖို့ဓိတ်ကူးရ၏။ ချစ်မြိုင် အနား အသာတိုးသွားသည်။

'အစ်ကို အစ်မကို ပြန်နှင့်ဖို့ ပြောပေးစမ်းပါဗျာ၊ ကျွန်တော် ခဏလေး နေခဲ့ချင်လို့'

ကျော်ဌေးက အရိပ်အခြည်ပြကာ ပြောလိုက်သဖြင့် ချစ်မြိုင် သဘောပေါက်သွားသည်။ ချစ်မြိုင် သည် သန်း ရီ အပေါ်

www.burmeseclassic.com

www.burmeseclassic.com



ငယ်စဉ်ကတည်းက မောင်နှမရင်းချာလို စောင့်ရှောက်လာသူဖြစ်သဖြင့် သန်းရီသည် သူ့စကားကို နားထောင်မှန်းသိသည်။ သန်းရီသည် ခရစ္စမတ်ညဏ် အလှမယ်လေးဖြစ်နေသည်။ သို့သော် တောက်တောက်ပပ ဝတ်စားနိုင်ခြင်းမရှိသဖြင့် ဖျော့တော့စွာ လှပနေသည်။

'သန်းရီ ညဥ့်နက်ပြီ မပြန်သေးဘူးလား၊ ပြန်ချင်ရင် ငါ လိုက်ပို့မယ်နော်'

သန်းရီ၏မျက်လုံးများ တောက်ပသွားသည်။ သို့သော် ကျော်ဌေးကို စိတ်မချစွာကြည့်၏။

'မောင်လေးကော မပြန်သေးဘူးလား၊ လာလေ'

ဂစ်တာဝိုင်းသည် အရှိန်မပြေသေး။

'ပြန်နှင့်ပါ အစ်မရဲ့၊ ကျွန်တော် ကိုကိုတို့နဲ့ အတူတူပြန်မှာပါ'

'သူတို့က ဒီနားတင်ပဲယာကိုကွယ်'

'မမကလဲ ပြန်နှင့်ပါဗျာ၊ ကျွန်တော် တခြားဘယ်မှမသွားပါဘူး၊ ဒီတစ်ညတည်းပါနော်၊ နောက်ညတွေ အိမ်မလည်တော့ဘူး'

'အစ်ကို နောက်တစ်ခေါက်ပြန်လာပြီး ခေါ်ပေးပါမယ်၊ ခု သန်းရီပြန်ဖို့ကောင်းပြီ၊ တခြား မိန်းကလေးတွေလဲ ပြန်ကုန်ပြီ



သန်းရီသည် ချစ်မြိုင်စကားကို နားထောင်လိုက်လေသည်။ သူတို့နှစ်ယောက် ရောင်စုံမီးလုံးများအောက်မှ ထွက်ခွာသွားသည်။ ကိုကိုက သူတို့ကို တစ်ချက်လှမ်းကြည့်လိုက်၏။ အရုပ်မြင့်၍ ကျားကျားလျားလျား ရှိသော ချစ်မြိုင်နှင့် လှပသော သန်းရီသည် အတွဲလိုက်ဘက်လှသည်ဟု ကိုကိုက တွေးမိသည်။ သို့သော် ချစ်မြိုင်သည် စမ်းစမ်းကိုသာ စိတ်ဝင်စားကြောင်း ကိုကိုသိသည်။ ကိုကိုသည် တွေးငေးကပင် ပြုံးမိ၏။ သူတို့သည် စက်ရုံမြေပေါ်မှာအတူတကွ ကြီးပြင်းခဲ့ကြသော ဘဝတူလူငယ်များ ဖြစ်၏။ စိတ်ဝင်စားစရာ ခင်မင်တွယ်တာစရာ ဟူ၍လည်း သည်လူတွေပင် ရှိသည်။ သို့သော် သူတို့သည် လူငယ်များ၏ သဘာဝအလျောက် တစ်ယောက်နှင့်တစ်ယောက် အကြိုက်ချင်း မညီနိုင်ကြဘဲ ဝိုင်းကြီးပတ်ချာလည်သလို ပြေးသူနောက်ကိုသာ လိုက်နေကြသည်။

ကိုကိုသည် ဂစ်တာကို ချထားခဲ့သည်။

ညအမှောင်ထဲသို့ ထွက်ခဲ့၏။ အပြင်တွင် အေးစိမ့်လျက်ရှိသည်။ ထားထားရီကို သတိရ၏။ ထားထားရီသည် လူများများရှိသောနေရာကို မလာတတ်ပေ။ စမ်းစမ်းလည်း သည်နေရာကို မလာပေ။ စမ်းစမ်းက သည်နေရာသည် သူနှင့် မအပ်စပ်ဟု ထင်ဟန်ရှိသည်။ သစ်ပင်ရိပ်မှာ စကားသံသဲ့သဲ့ ကြားရသည်။ ကျော်ဌေးနှင့် အေးနွယ် ဖြစ်ကြောင်း သိလိုက်၏။ ကိုကို လမ်းမအတိုင်း ဆက်လျှောက်လာခဲ့သည်။

စက်ရုံဘက်ဆီမှ စက်လည်ပတ်သံကို သဲ့သဲ့ ကြားရသည်။ ခရစ္စမတ်တေးသံများလည်း ဝေး၍ကျန်ရစ်သည်။ ကိုကိုသည်

www.burmeseclassic.com

အိမ်ပြန်ရန် မရည်ရွယ်သေးပေ။ သို့သော် လျှောက်လာမိလျက်သား ဖြစ်နေ၏။ ညက လှပငြိမ်ဝပ်နေသည်။

သူတို့ နေ့တွေ့ချိန်းရာ ကိုက်ဟောင်းကြီးသည် ညအမှောင်မှာ ထီးထီးမားမားကြီး ပေါ်လာသည်။ အလွန် ကျယ်ဝန်းခမ်းနားခဲ့သော ကိုက်ကြီးသည် မီးလောင်ခံလိုက်ရသေးသည်။ သည့်နောက်ပိုင်းမှ ပို၍ ပျက်စီးသွားခဲ့သည်။

ယခင်က အင်းရှင်တို့၏ ဩဇာအာဏာအောက်မှာ ဘယ်လောက်များ ခန့်ညားခဲ့လေမလဲ။ ကိုကိုသည် ဖိနှိပ်ချုပ်ချယ်မှု၊ ပညာရှိနည်းဖြင့် ချိုးနှိမ်ထားမှုများမှ လွတ်မြောက်ခဲ့သော သူတို့ဘဝကို ကျေနပ်သည်။ သို့သော် အာမခံချက်မရှိသော လူငယ်အချို့သည် သည်နယ်မြေမှာ လှုပ်ရှားရုန်းကန်နေဆဲ။ ဒါကို သူ ဘယ် လို စွမ်းဆောင်ရမလဲ။ အလုပ်သမားတွေ အားလုံးကို ဘဝအာမခံချက် ရှိစေချင်သည်။

ခြံဝင်းထဲကို ဝင်လာခဲ့သည်။ ကိုက်ဟောင်းကြီး၏ တစ်ခုသော တံခါးဝမှာ အရိပ်သဏ္ဌာန်တစ်ခုကို မြင်ရသည်။ မိန်းကလေးတစ်ယောက် ထိုင်နေသည်။ သေသေချာချာကြည့်တော့ စမ်းစမ်းဖြစ်နေသည်။ ရောင်းဖို့ ဝယ်ဖို့ အမြတ်ရဖို့ လောက်သာသိတဲ့ စမ်းစမ်းပဲ။ သည့်ထက်ပိုပြီး ဘာအကြောင်းကိုမှ မတွေးတဲ့ စမ်းစမ်းပဲ။ ကိုကိုတို့သာ အရှည်ကြီး မျှော်တွေးပြီး ဘာမျှ မနေရသေး။ စမ်းစမ်းတို့က သည်ကနေ့ ပြဿနာကို သည်ကနေ့ ရှင်းနှင့်သည်။



‘စမ်းစမ်း နင်ဘာလုပ်နေတာလဲ၊ မအိပ်သေးဘူးလား’

ညအမှောင်၏ လရောင်လဲ့လဲ့မှာ စမ်းစမ်းသည်လည်း လှလို့ပါလား။ ကိုကိုကပဲ နည်းနည်းသောက်ထားသော အရှိန်လေး ရှိနေလို့လား။

‘ကမ္ဘာကျော် ဘယ်သွားနေမှန်း မသိလို့ ဟိုအိမ်မှာများ မြင်ခဲ့သလား’

တကယ်တော့ စမ်းစမ်းအိပ်မပျော်၍ အပြင်ထွက်ထိုင်နေခြင်းဖြစ်သည်။

‘အေး ရှိလိမ့်မယ်၊ ကလေးတွေတစ်သိုက်တော့ တွေ့ခဲ့တာပဲ၊ နင် ဒီမှာထိုင်နေတာ မချမ်းဘူးလားဟင်’

ကိုကိုသည် စမ်းစမ်းနားမှာကပ်၍ထိုင်ချလိုက်သည်။ စမ်းစမ်းသည် ကိုကို့ကို အံ့ဩစွာကြည့်သည်။ နောက်တော့မှ ကိုကို အရှိန်ကလေးရလာလို့ပဲဟု နားလည်လိုက်သည်။ သို့သော် ဘူကြည့်နေသည်။

‘ကိုကိုကော မချမ်းဘူးလား’

စမ်းစမ်းက တိုးတိုးမေးသည်။ ညသည် နက်ရှိုင်းလာပြီ။ လရောင်သည် သူတို့နှစ်ဦးပေါ်သို့ ဖြန့်ကျက်လျက် ရှိသည်။ ကိုက်ရှေ့ကွင်းပြင်ကျယ်မှာ လေတဟူးဟူးတိုက်လျက် ရှိသည်။ ကိုကိုသည် စမ်းစမ်းနားသို့ တိုးကပ်၍ထိုင်သည်။ အနည်းငယ် နွေးသွားသည်။

www.burmeseclassic.com



'ဒီမှာ ငါပြောမယ်၊ ချစ်မြိုင်ကို နင်သနားဖို့ကောင်းတယ် သိလား၊ ချစ်မြိုင်က တို့ဟိုတန်းလျားမှာနေကတည်းက နင့်ဆီ လာလာနေတာ၊ နင့်ကို သံယောဇဉ်ရှိနေတာ ငါသိတာပေါ့ နင်က ချစ်မြိုင်ကို နင်ပဲ ဆေ ပြောပြောနေတာ မကောင်းဘူး အခု သန်းရီနဲ့ထွက်သွားတာ ငါတွေ့လိုက်တယ်'

'သူ့ဘာသာသူ ဘယ်သူနဲ့သွားသွား ငါနဲ့မဆိုင်ပါဘူး'

စမ်းစမ်း စိတ်ကူးယဉ် ကြည်နူးမှုများ ကွယ်ပျောက်သွားသည်။

'စမ်းစမ်း နင်ဟာ လှတော့လှတယ် ကြမ်းတယ်၊ ထားထား ရှိလို မနူးဘူး'

စမ်းစမ်းသည် ရုတ်တရက် နေရာမှထလိုက်သည်။ ကိုကို့ကို နာကျည်းစွာကြည့်လိုက်သည်။

'ကိုကို နင်ငါ့ကို ဘယ်သူနဲ့မှမနှိုင်းပါနဲ့၊ ငါဟာ ငါ့ခြေထောက်ပေါ် ငါရပ်နေတာ၊ နှုချင်မှနှုနိုင်မယ်၊ ဒါပေမယ့် ငါ့ကို ဘယ်သူနဲ့မှမနှိုင်းနဲ့ ငါမကြိုက်ဘူး'

'နေပါဦးလားဟာ၊ ငါက သူငယ်ချင်းချင်း အေးအေးဆေးဆေး စကားပြောနေတာ'

'တော်ပါကိုကို၊ နင့်ကိုလေ နင့်ကို ငါမုန်းတယ် သိလား'

စမ်းစမ်းသည် သူတို့အခန်းထဲသို့ ပြေးဝင် လာခဲ့လေသည်



ကိုကိုသည် ချမ်းစိမ့်သောညအမှောင်မှာ အုတ်နံရံကိုမှီ၍ ကျန်ရစ်သည်။

\+ \+ \+

သန်းရီမျက်နှာပြုံးနေသည်။ ပုလင်းတွေ ဆေးနေသောလက်များသည် လျင်မြန်သွက်လက်လှသည်။ တခြား မိန်းကလေးများက ပုလင်းဆေးရင်း သီချင်း တကြော်ကြော်ဆိုနေကြသည်။ သူတို့အတွက် ပုလင်းဆေးခ နေ့တွက် ၆ ကျပ်ရသည်။ စက်ရုံအလုပ်သမားများ၏ သမီးများဝင်လုပ်ကြသည်။ အရက်ပုံစက်ရုံမှာ လူ၏လုပ်အားကို အားသွန်ခွန်စိုက် အသုံးပြုရခြင်း သိပ်မရှိတော့။ ခေတ်မီစက်ခလုတ်များက ဦးဆောင်သည်။

သကြားစက်မှ ပိုက်များဖြင့် သွယ်တန်းယူဆောင်လာသော တင်လဲရည် သိုလှောင်ကန်ကြီးများသည် ထီးထီးမားမားရှိနေကြသည်။ သန်းရီတို့မိန်းကလေးတစ်သိုက်သည် ဂွန်အိတ်များဖြင့်ထည့်ထားသော ပုလင်းများကို ဂရုတစိုက်ထုတ်ယူကာ သန့်စင်အောင် အထပ်ထပ် ဆေးကြောကြသည်။ သန်းရီသည် လက်ကကျွမ်းကျင်စွာ လှုပ်ရှားရင်း ခရေ့ရွှမတ်သု အကြောင်း တွေးနေသည်။ သာယာလှပသည့်ညတစ်ည။ စက်ရုံအဝင်ဝမီး မကြီးပေါ်မှာ ချစ်မြိုင်နှင့်လျှောက်ခဲ့ရတာ သတိရသည်။ ချစ်

www.burmeseclassic.com

www.burmeseclassic.com



မြိုင်ကို ငယ်စဉ်ကတည်းက ခင်တွယ်ခဲ့ရသည်။ သို့သော် ချစ်မြိုင်သည် သူ့ကို ညီမတစ်ယောက်လိုပဲ သဘောထားနေသည်။

သန်းရီကတော့ သူ့ကိုပိုးပန်းသူအများကို စိတ်ဝင်စားခြင်းမရှိလှ၊ ချစ်မြိုင်ကို အားကိုးချင်သည်။ နှစ်ယောက်အတူလျှောက်ရင်း သန်းရီ၏စိတ်တွေ လှုပ်ရှားနေခဲ့သည်။

'အစ်ကိုချစ်မြိုင်၊ ဦးလေးလဲ ပင်စင်ယူတော့မှာဆိုတော့ အမြဲတမ်း ရာထူးရအောင် မချောက်တော့ဘူးလား'

သန်းရီက ရှိုရှိုသေသေဝတ်ရသော ဆွယ်တာလေးကို ရင်ဘတ်တွင်ဆွဲစုရင်း ချစ်မြိုင်ကို လေးစားစွာမေးသည်။

'နောက်နှစ် စက်ပြန်ဖွင့်ရင်တော့ ရပါလိမ့်မယ်ဟာ၊ ညကျောင်းကနေ စာမေးပွဲလဲ အောင်အောင် ဖြေရ ဦးမယ်၊ နင်ကော ဖြေမယ်မဟုတ်လား'

'ဖြေရမှာပေါ့ အစ်ကိုရဲ၊ သန်းရီတို့အဘိုးလဲ ပင်စင်ယူရတော့မှာ၊ အဖေကတော့ လုပ်ပါသေးတယ်၊ ဒါတောင် အဖေက ကျော်ငွေးကို အလုပ်ဝင်စေချင်နေပြီ၊ သူတို့မရှိရင် သန်းရီတို့နေစရာမရှိမှာစိုးလို့တဲ့'

အလုပ်လုပ်သူရှိမှ အိမ်နေရာရမည်၊ထို့ကြောင့် တစ်ယောက်အလုပ်မရှိလျှင် တစ်ယောက်လုပ်ဖို့လိုသည်။နေစရာရှိမှ စားစရာရှာလို့လယ်မည်မဟုတ်လား။

'အေး ဒါကြောင့် ငါလဲ ကြိုးစားနေရတာပေါ့၊ကျော်ငွေး



တော့ ငယ်ပါသေးတယ်ဟာ၊ အေးအေးဆေးဆေး ကျောင်းတက်ပါစေဦး၊ ရှီးမှာဝင်လုပ်ချင် လုပ်ပေစေပေါ့'

'ကျွန်မလဲ အဲဒီလိုစိတ်ကူးတာပဲ အစ်ကိုရဲ၊ ဒါပေမယ့် အမေက ကလေးတွေများလွန်းလို့ ကျော်ငွေးကို အလုပ်လုပ်စေချင်တယ်၊ ကျော်ငွေးကလဲ သိုးတယ်မဟုတ်လား အစ်ကိုရယ်၊ ပျက်စီးသွားမှာစိုးတယ်'

သူတို့နှစ်ယောက် စက်ရုံဝင်းထဲဝင်လာ၏။ လုံခြုံရေးကင်းတဲက ဖြတ်သွားခွင့်ပြုလိုက်သည်။

'နင်လဲ မနက်ကျောင်းတက်ရင်ရသေးတာ ဘာလို့ ထွက်ပစ်တာလဲ'

'အစ်ကိုကလဲ၊ အလုပ်လုပ်မှ ဖြစ်မယ်လေ'

ချစ်မြိုင် ဘာမျှမပြောတော့။ တကယ်တော့လည်း ပြောစရာမရှိတဲ့သော ပြောရခြင်းဖြစ်သည်။ ဘာကြောင့် လုပ်ရသည်ဆိုတာ သူသိပြီးသားပင်။

ကြံတင်ကြိတ်ချလုပ်သော ဒုံကာဘက်ကို ရောက်လာသည်။ သန်းရီသည် ကတ္တားစာဒရေး ကိုအေးသောင်းကို သတိရသည်။ ထိုအကြောင်းကို ချစ်မြိုင်ကို ပြောပြရကောင်းမလားဟု စိတ်ကူးမိသည်။

'သန်းရီ ဗိုဒ္ဓေ ဦးလေးညဆိုင်းလား'

www.burmeseclassic.com

www.burmeseclassic.com



'အဖေလား'

'မဟုတ်ဘူး အဘကိုပြောတာ'

'မနက်မှ ဝင်ရမယ်ပြောတယ်'

'အဘကို ပြောထားစမ်းပါဦးဟာ၊ ညညကျ စောင်ကြီး ခြုံခြုံ မလာပါနဲ့လို၊ သိပ်အန္တရာယ် များတယ်၊ မနှစ်က တစ်ယောက် ဒီလိုနဲ့ ရိုလာထဲပါသွားပြီ မဟုတ်လား'

'ပြောပါတယ် အစ်ကိုရယ်၊ အဘက သိပ်ခေါင်းမာတာဘဲ'

သန်းရီသည်ချစ်မြိုင်ကိုပြောမည့်စကားတွေပျောက်သွားပြီး အဖေတို့အဘတို့အတွက် စိုးရိမ် ပူပန်စိတ်ဒတွေဝင်လာသည်။ အဘက ငယ်ငယ်နှင့်အိမ်ထောင်ပြုသူမို့ အဖေနှင့် အသက် သိပ်မကွာ။ အဖေသည်လည်း အသက်ကြီးပြီပဲ။ သူတို့တာဝန်ကို ဆက်ယူရန် သန်းရီသာ ယောကျ်ားလေး ဖြစ်လိုက်ချင်သည်။ မောင်လေးကျော်ဌေးကိုတော့ စက်ရုံထဲမှာ မလုပ်စေချင်ပေ။

အိမ်တန်းလျားတွေဘက် ဝင်လာသည်။ ည အမှောင်မှာ အလုပ်သမားမိသားစုတွေ ချမ်းချမ်းစည်းစည်းနှင့် ကွေးနေကြသည်။ သူတို့ကား အမိုးအောက်က နေရာလေး တစ်နေရာ အတွက်ပင် အားကိုးမှီခိုကွယ်နေကြသည်။ကျန်သည့် ပြဿနာကို ကြုံသလို ရင်ဆိုင်သည်။

သန်းရီက အိမ်ရှေ့မှာ ခေတ္တရပ်သည်။ ချစ်မြိုင်ကို နှုတ်ဆက်သလို မော့ကြည့်သည်။ သန်းရီ၏မျက်လုံးများ တောက်ပ



နေကြပါကလားဟု ချစ်မြိုင် သတိထားမိသည်။ သို့သော် သန်းရီသည် ငယ်နုလွန်းပါသည်။ ဆယ်ကျော်သက်။ အပြစ်ကင်းစင်လှသည်။

'သန်းရီ အိမ်ထဲဝင်တော့လေ'

'ဟုတ်ကဲ့အစ်ကို'

'ငါကျော်ဌေးကို သွားခေါ်ပေးရဦးမလား'

'နေပါစေတော့ အစ်ကို'

'နင် သူ့ကိုစောင့်မနေနဲ့ အိပ်တော့၊ မနက် အလုပ်ဆင်းရဦးမယ်မဟုတ်လား'

'ဟုတ်ကဲ့'

သန်းရီသည် ချစ်မြိုင်ဆီက အကြင်နာစကားကိုကြားရသည့်အတွက် ကျေးဇူးတင်သွားသည်။ အိမ်ထဲသို့ ဖြည်းလေးစွာ ဝင်ခဲ့သည်။ တံခါးဝရောက်တော့ လမ်းမဘက်သို့ ပြန်ကြည့်ရသည်။ သူ့ကို ရပ်ကြည့်နေသော ချစ်မြိုင်ကို တွေ့ရသည်။ သန်းရီက လက်ကလေးပြလိုက်သည်။ စေ့ထားသော တံခါးကို ဖွင့်ကာဝင်ခဲ့၏။ ပိုးလိုပက်လက်အိပ်နေကြသောကလေးများကို ကျော်လွှားဝင်ခဲ့ရသည်။ မောင်အငယ်လေးများကို ငါးစပ် စောင်လေးတွေ ဆွဲခြုံပေးရသည်။ သန်းရီသည် ညီမအငယ်ဆုံးလေးဘေးမှာ ဝင်ကွေးလိုက်သည်။

ထိုညက စိတ်ကူးယဉ်အိပ်မက်များကို မက်ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကောင်မ ဘာပြုံးနေတာလဲ၊ ဒီနေ့ နင့်ကြည့်ရတာ အပိုးကို မကျိုးဘူး'

ဘေးက လုပ်ဖော်ကိုင်ဖက် မအေးကြည်က ပြောလိုက်သဖြင့် သန်းရီ မလုံမလဲ ဖြစ်သွားသည်။ ရှက်ရှက်ဖြင့် မအေးကြည်၏ ပေါင်ကို မဆီမဆိုင် ဆွဲဆိတ်လိုက်သည်။ မအေးကြည်က တအားကုန်းအော်သဖြင့် ရုတ်ရုတ်သဲသဲ ဖြစ်သွားကာ ရယ်ပွဲဖွဲ့ကြတော့သည်။

ရယ်မောပျော်ရွှင်နေကြသောမိန်းမတစ်သိုက်သည် ရေးကြီးသုတ်ပျာဝင်လာသောသူ တစ်ယောက်ကြောင့် ငြိမ်သက်သွားသည်။

'သန်းရီ အိမ်ပြန်လိုက်ခဲ့ဦး'

'ဟင် ဘာဖြစ်လို့လဲဟင်'

အားလုံးမျက်နှာပျက်သွားကြသည်။ ကောင်းသောသတင်းတော့ မဖြစ်နိုင်တော့။

'နင့်အဖေလေ ရေနွေးမြောင်းထဲကျလို့'

သန်းရီသည် စကားကို ဆက်နားမထောင် တော့ဘဲ တစ်ချိုးတည်းထပြေးလေသည်။ နောက်က မိန်းကလေးတွေက 'သန်းရီ သန်းရီ' ဟု လှမ်းခေါ်သေးသည်။ သန်းရီ မကြား။ အရက်ပုံစက်ရုံရှေ့က လမ်းမကြီးအတိုင်းပြေးသည်။ မနားတမ်းပြေးသည်။ အားသွန်ပြေးသည်။ ဘူဲ့ခေါင်းထဲမှာ ပြေးဖို့က



လွဲပြီး ဘာမျှမရှိ။ အဖေ့ကံကြမ္မာကို သူ မှန်းဆနိုင်သည်။ အငွေ့တထောင်းထောင်းထကာ ပွက်ပွက်ဆူနေသော ရေနွေးမြောင်းထဲကို ကျပြီဆိုလျှင် အရေတခြား အသားတခြား ဖြစ်ရုံသာရှိမည်။

စက်ရုံ တစ်နှစ်ဖွင့်တိုင်း တစ်ယောက် နှစ်ယောက် စသည် မတော်တဆ အန္တရာယ်ဖြင့် အသက် ဆုံးကြရသည်။ ထို့ကြောင့် ရှေးဟောင်းအယူအဆများကိုလည်း မစွန့်လွှတ်ရဲကြဘဲ ကန်တော့ပွဲတွေ နတ်ပွဲတွေ တင်ကြရသည်။ သို့သော် သေမြဲ။ မနှစ်က ကွန်းနိုင်တို့အဖေ မီးချောင်းတက်ပြင်ရင်း ခေါင်ပေါ်မှ ပြုတ်ကျကာ ပွဲချင်းပြီးသည်။ သည်နှစ် အဖေလား။ အဖေလား။ အို အဖေ မသေပါစေနဲ့။

စက်ရုံအဝင်ဝကို ရောက်တော့ သန်းရီ မောဟိုက်နေပြီ။ စုရုံးနေသော လူအုပ်အနား ရောက်တော့ မဟန်နိုင်တော့ဘဲ ပုံလဲသွားသည်။ သန်းရီ ဘာကိုမျှ မမြင်ရတော့ပေ။

အဖေ၏ ကြည့်ဝံ့စရာမရှိသော ရုပ်အလောင်းကိုလည်း မမြင်လိုက်ရတော့ပေ။

+ + +

ချစ်မြိုင်ရပ်ထဲမှာ တနုံ့နုံ့ ဖြစ်နေသည်။ သနှင့် သန်းရီတို့အဖေ မနက်က အလုပ် အတူတကွ ဆင်းခဲ့သည်။ ချစ်မြိုင်တို့သည်

www.burmeseclassic.com

www.burmeseclassic.com



ညဆိုင်းတစ်လှည့် နေ့ဆိုင်းတစ်လှည့် ဆင်းရသည်။ တစ်ခါတစ်ရံ အဘဦးမြငွေနှင့် ကျသည်။ တစ်ခါတစ်ရံ သန်းရီတို့အဖေနှင့် ကျသည်။ မနေ့ကပဲ ဦးမြငွေအတွက် စိုးရိမ်ပူပန်စကား ဆိုခဲ့မိသေးသည်။ သည်နေ့ မမျှော်လင့်ဘဲ သန်းရီအဖေဆုံးသည်။

သည်စက်ရုံထဲမှာ မတော်တဆ အန္တရာယ်ဟူသည်မှာ အချိန်မရွေးဖြစ်နိုင်သည်သာ။ သို့သော် ယနေ့ဆိုလျှင် မျက်စိအောက်မှာ ဖြစ်သွားရခြင်းဖြစ်၍ ပိုပြီး ချောက်ချားဖွယ်ကောင်းသည်။ သန်းရီတို့အဖေသည် မနက် ၇ နာရီခွဲ အိမ်မှထွက်ခဲ့သည်။ များသောအားဖြင့် နေ့ဆိုင်းသမားတွေက နေ့လယ် ၁၁ နာရီကျမှ အိမ်ပြန်၍ ထမင်းစားကြသည်။ သို့သော် အဆာပြေ တစ်ခုခုတော့ စားလာကြရမြဲ။ သူတို့အတွက် ထမင်းကြမ်းသည် အဆာပြေဖြစ်၏။ သို့သော် သန်းရီတို့အိမ်မှာက ကလေးမွေးငယ် များလှသည်ဖြစ်ရာ ထမင်းကြမ်းသော်မှ မလောက်နိုင်အောင် ရှိလေသည်။ အသက်ကြီးသောသူများအဖို့ အစာမရှိခြင်းသည်လည်း ခန္ဓာကိုယ်ကို ယိမ်းယိုင်စေ၏။ တစ်ချက်ကလေးမှ အမှားမခံသော နေရာမျိုးတွင် အင်အားနည်းပါးကာ မူးဝေယိမ်းယိုင်နေခြင်းသည် အန္တရာယ်ကြား တိုးဝင်နေသည်သို့သာ ရှိတော့သည်။

သန်းရီတို့အဖေသည် ဆေးရုံကိုပင် မရောက်လိုက်ပေ။ သူတို့မှာ ဆေးပေးခန်းနှင့် ဆရာဝန်ရှိသော်လည်း ဖျားနာပွန်းပဲ့လောက်သာ အားကိုးနိုင်သည်။ တကယ့် တကယ် ဒဏ်ရာအနာတရဖြစ်လျှင် ဖူးဆေးရုံကို ပြေးကြရ၏။ ထိုနေရာမှာလည်း



ပြည့်စုံကုံလုံခြင်းမရှိ။ အားကိုးတကြီး သွားပြီးခါမှ လက်ချည်းထိုင်နေရသည်လည်းရှိသည်။ ဆေးရုံတက်ချင်လျှင် ငွေငါးဆယ်ပေးမှ ရှောရှောရှူရှူ တက်ရသည် ဟူသော ကောလာဟလလည်း ရှိနေ၏။

သန်းရီအဖေ၏ အသုဘသည် စက်ရုံလုပ်သား မိသားစုများဖြင့် စည်ကား၏။ တာဝန်ရှိသူများ၏ ကရုဏာကြေးများကိုရရှိ၏။ လူမှုဖူလုံရေးထောက်ပံ့ငွေကိုမူ မျှော်ရန်ရှိသည်။ အမြန်ဆုံးရဖို့ဆိုသည်က သိပ်တော့မလွယ်။ ကြာမည်။ လောလောဆယ်မှာတော့ သန်းရီတို့ မိသားစုသည် ရွှေတောင်ကြီးပြိုသွားသလောက်ပင် ဖြစ်တော့သည်။

သက်သာချောင်ချိရေးကပေးသည့် ငွေလေးရာဖြင့် မတည်ကာ အသုဘကို လုပအောင် စီစဉ်ကြရသည်။ သန်းရီတို့အဖေသည် သည်နှစ်အတွက် ပွဲဦးထွက် အန္တရာယ်ကြုံရခြင်း။ မည်သူမျှ စိတ်မကောင်းနိုင်ကြ။ သူတို့အဘိုး ဦးမြငွေက သေချင်းသေငါပဲသေပါတော့ဟု တကယ့်စိတ်ရင်းနှင့် ပြောငိုသည်။ ကလေးများ၏ ငိုကြွေးသံကတော့ ကမ္ဘာပျက်သည့်နှယ်ပင်။ မည်သူမျှ မျက်ရည်မဆည်နိုင်ကြပေ။

ချစ်မြိုင်သည် သန်းရီကို နှစ်သိမ့် အားပေးရန် စိတ်အနရှိသော်လည်း စကားလုံးရှာမတွေ့။ အလောင်းမြေကျပြီးသည့်နောက်ပိုင်းမှာ အသုဘအိမ်သည် ခြောက်ကပ် တိတ်ဆိတ်၍ သွားသည်။ သားအမိမြေးအဘိုးတစ်တွေ တစ်ယောက်မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကြည့်ပြီး ငိုင်နေကြသည်။ ချစ်မြိုင်သည် မားမား မတ်မတ် ရပ်တည်ပေးလိုသဖြင့် သူတို့မိသားစုနှင့်အတူ ရှိနေသည်။

'အဘက သည်ရာသီချိန်ကုန်ရင် ပင်စင်ယူရတော့မှာ သည် အိမ်နေရာလေး ပြန်ရအောင်က....'

အဘ ဦးမြငွေ၏အသံသည် တိမ်ဝင်သွားသည်။ သန်းရီသည် ချစ်မြိုင်ကို အားကိုးတကြီး ကြည့်နေရှာသည်။ကျော်ဌေးသည် ထရံကို ကုတ်ခြစ်နေရာမှ အားလုံးကို ရင်ဆိုင်လိုက်သည်။

'ကျွန်တော် အလုပ်ဝင်လုပ်မယ်'

သန်းရီသည် သူ့အချစ်ဆုံးမောင်လေး လက်မောင်းကို ခပ်တင်းတင်း ဆုပ်ကိုင်လိုက်သည်။

'မောင်လေး မင်းဘာလုပ်မှာလဲဟင်'

'အေးနွယ်တို့ အဖေကပြောတယ်၊ နောက်နှစ် ရာသီချိန်ကျရင် ကြံတဲ့စောင့်တဲ့အလဲ သည့်ပေးမယ်တဲ့၊ နောက် အမြဲတမ်းရချင်ရင် လမ်းပြင်တဲ့ထဲ သွင်းထားပေးမယ်တဲ့'

'ဘယ်တုန်းက ပြောတာလဲ မောင်လေးရယ်'

သန်းရီ၏အသံမှာ တုန်နေသေးသည်။

'တစ်နေ့က အဖေ့အသုဘသတင်း လာမေးရင်း ပြောတာ'

'မောင်လေးရယ်'

သန်းရီသည် မောင်ငယ်၏ လက်မောင်းကို ဖက်တွယ်ကာ ငိုရှိုက်လိုက်လေသည်။ ချစ်မြိုင်သည် သူတို့မောင်နှမနှစ်ယောက်



ကို ခပ်ကြောင်ကြောင်ပင် ငေးကြည့်နေမိသည်။ သူ ဝဉ်းစားနေသည်။ အဘိုးကစပြီး အလုပ်လုပ်ခဲ့သော စက်ရုံကြီး။ အဘိုးပြီးတော့ အဖေ၊ အဖေပြီးတော့ သားအလှည့်လား။ ချစ်မြိုင်သည် သူတို့မိသားစုကို ခွာကာ စက်ရုံဘက်ထွက်ခဲ့သည်။

စက်ရုံသစ် သည်အောက်ရေး မြေနေရာဝယ် သစ်ပင်တို့ ကျိုးကျဲစွာ ပေါက်နေသည်။

စိန်ဓအာင်သည် သူလုပ်စရာရှိတာကို ကြိုးကြိုးကုတ်ကုတ်လုပ်နေသည်။ ခင်းသစ်တစ်ခင်းကို ဒီနေ့တပ်ချမည်။ သည်အတိုင်းဆိုလျှင် ခင်းသစ်က သုံးခင်း၊ လမိုင်းက နှစ်ခင်း။ ကျန်သည့် နှစ်ကွက်တော့ စပါးပဲတပ်ပိုက်မည်။ အမေက မုန်ညင်း[illegible] လည်း စိတ်ကူးထားသေးသည်။ သားအမိ နှစ်ယောက်လုံး တစ်နှစ်ပတ်လုံး အားရတော့မည် မဟုတ်ပေ။ [illegible] ဘယ် မခုတ်ရသေးဘာ နှစ်ကွက်ကျန်သေးသည်။ [illegible] ခုတ်ချင်လှပြီ။ ကြာလျှင် ပင်သေပင်ခြောက်တွေ [illegible] စီး၏။ ပင်သေ ပင်ခြောက်ဆိုလျှင် စက်ရုံက [illegible] ဝယ်မည်။ အချိုရည်ကောင်းမှ ဈေးကောင်းရမည်။

www.burmeseclassic.com

www.burmeseclassic.com



သတ်မှတ်ထားသော နှုန်းအပြင် မိမိကြံက အချို့ရည်ပိုကောင်း လျှင် ကောင်းသည့်အလျောက် ဈေးပိုရဦးမည်။ ခေတ်ခွဲခန်း က နမူနာစမ်းသပ်ပြီး အချိုဒီဂရီ ၁% ပိုတိုင်း တစ်တန်သုံးကျပ် နှုန်း ထပ်ပေးမည်။

စိန်အောင်က သူ့စိုက်ခင်းကို သူ အမြဲဂရုစိုက်သည် ဤသည်မှာ လောဘကြောင့်ချည်းမဟုတ်ပါ။ ဝါသနာကြောင့် လည်း ဖြစ်သည်။ သူတို့အတွက် ကြံစိုက်ရန် ငွေအဖြစ် ရထားသည်က ခေတ်မြေသြဇာဖိုးမျှသာ ဖြစ်သည်။ သူ့ စိုက်ခင်းက ချောင်းနှင့်ဝေးတော့ ရေသွင်းခကုန်ဦးမည်။ နေ့စား ငှားရတာနှင့်ဆိုတော့ တစ်ဧကကိုငွေတစ်ထောင်လောက်ကျန်ဖို့ ကိုပင် အနိုင်နိုင်ဖြစ်၏။ သို့သော် သူပျော်သည်။

အမေသည် ထုံးစံအတိုင်း လို တရ ထမင်းတောင်းကြီးကို မ၍ ရောက်လာလေသည်။ အမေ့နောက်က မသန်းတင်တို့လူသိုက် ပါလာသည်။ ရောက်သည်နှင့် အနားမနေ။ အော်ကြီးဟစ်ကျယ် စကားပြောရင်းကပင် မိုးပြဲဒယ်ကြီးထဲတွင် ကြံချောင်းတွေကို ဆေးစိမ်တော့သည်။ ပြီးလျှင် ထယ်ထိုးပြီးသော တောင် ကြောင်းထဲတွင် ကြံဆစ်များကို တုံးလုံး လိုက်ချပေးလေသည်။

မိန်းမတစ်သိုက်သည် အလုပ်လုပ်ရင်း အတင်းအဖျင်းလည်း ပြောနေကြသည်။ သူတို့ပြောသော စကားထဲတွင် မနေ့တစ်နေ့ က သကြားစက်ထဲမှာသေသွားသည့် အလုပ်သမားအကြောင်း နောက်မီးလင်းသော မိန်းမတွေအကြောင်း စုံတကာ စေ့စေ့ သည်။



နောက်ဆုံး စိန်အောင်စိတ်ဝင်စားသော ထားထားရီ၏ အကြောင်း ရောက်လာသည်။ သည်ကနေ့ ထားထားရီအဖေ ယာခင်းထဲကို မလာပေ။ သူ့စိုက်ခင်းနှစ်ကွက်က ပြီးသွားပြီ ဖြစ်၏။ ခုတ်ရန် တစ်ခင်းကျန်သေးသည်။

'ထားရီဆိုတဲ့ကောင်မ ကြည်ကြည့်ကြောင့် ခေါင်းမဖော် နိုင် ဖြစ်နေတာအေ့၊ ကြည်ကြည်ကလဲ ကဲလွန်းပါတယ်အေ၊ ခုလဲ ပြောင်ပြောင်တင်းတင်းပဲ နေနေတာ၊ ထားထားရီ သနား ပါတယ်အေ့'

သူတို့သည် စိန်အောင်ကြားမည်ကို သိသော်လည်း ဂရု မထားကြချေ။

'ထားထားရီကလဲအေ၊ သူ့အစ်မလိုပါပဲ ရုပ်ကလေး အားကိုးနဲ့ ဒေါ်နီမာ့သား ကိုကို့ကို ကြိုက်နေတာ၊ ဒေါ်နီမာ တို့အမျိုးတွေက သူဌေး အေ၊ တောင်သူက အမျိုး တွေက ခေါ်ပြီး ကျောင်းထားပေးလို့ တက္ကသိုလ် ကျောင်းသားကြီး ဖြစ်ဦးမှာ'

'အဲဒါ့ မျှော်ကိုးနေတာ ဖြစ်မှာပေါ့အေ ဟိဟိ'

စိန်အောင်သည် သူ့ကို တမင်လှောင်ပြောင် နေသလားဟု ထင်မိလေသည်။ သူတို့ လူသိုက်ကို ကြည့် လိုက် တော့လည်း ပြုံးစနွဲ့နွဲ့။

ယခုတလော သည်သတင်းတွေချည်း ကြားနေရသလား။

www.burmeseclassic.com

www.burmeseclassic.com



ခေတ်မြေဩဇာပုံးကို ကိုင်ထားသော သူ့လက်များ အားပျော့သွားသည်။

'ဒါပေမယ့် တို့လူပျိုသိုးကြီးကတော့ မျှော်လင့်နေတုန်းအေ့၊ ဘာပဲဖြစ်ဖြစ် ကြိုးစားပေးရမှာပေါ့လေ၊ ယောက္ခမတစ်ယောက်လုံး ကိုယ့်ဘက်ပါနေမင့်ဟာ ဟား ဟား'

'ဒီကလဲ မခေပါဘူးနော်၊ လယ်ပိုင်ယာပိုင်နဲ့ပါ၊ ငါတို့ကို မကြိုက်လို့ ကြိုက်ရင် ယူလိုက်ချင်သေး၊ အရုပ်ဆိုးတာနဲ့ ပေါတာ ကြောင်တာလေးတော့ သည်းခံရမပေါ့ ဟား ဟား ဟား'

စိန်အောင် သူတို့ပြောနေသမျှကို မကြားတော့ပါ။

ကြံခင်းဆီ စိတ်ရောက်သွားသည်။ လမိုင်းချွန်မည့်အခင်းကို သည်ည မီးရှို့ရမည်။

\+ + +

အိပ်ရာဝင်ခါစကတော့ စိန်အောင်သည် ပိတ်ကူးယဉ် အိပ်မက်များ မက်လျက်ရှိ၏။ ညဥ့်လယ်ရောက်လာတော့ အိပ်မက်ဆိုးများ ဝင်ရောက်ပြုသည်။ စိန်အောင် လန့်နိုးလာသည်။ ညသည် နက်မှောင်ဆဲ။ သူ့စိတ်က တစ်စုံတစ်ရာကို ယနမကောင်းသလို ဖြစ်လာသည်။ အိပ်ရာမှထခဲ့၏။ တဲတံခါးကိုဖွင့်ကာ ယာခင်းများဆီ မျှော်ကြည့်မိသည်။



မီးခိုးများ မြင်ရသည်။ သူ့မျက်လုံးများ ပြူးကျယ်သွားသည်။ အမြင်များ မှားလေသလားဟု ထပ်၍ကြည့်သည်။ မမှားပါ။ မီးတောက်မီးလျှံများကိုပါ မြင်ရသည်။

'အမေ အမေ'

စိန်အောင်က ကုန်းအော်လိုက်သည်။

'ဟဲ့ ဘာတုံး'

အအိပ်ဆတ်သောအမေ ချက်ချင်းနိုးလာသည်။

'ကြည့်စမ်း အမေ ဟိုမှာ မီးတွေလောင်နေသလားလို့'

'ဟင် ဘယ်မတုံး၊ အေး ဟုတ်သဟဲ့၊ တို့အခင်းဆီက များလား'

စိန်အောင်သည် ချက်ချင်းပင် တဲပေါ်မှ ဆင်းချသွားလေသည်။ သူ့နောက်က အမေပါလာသလား မပါသလား မသိ။ သူတို့တဲနှင့် ယာခင်းက အတန်ငယ်လှမ်းသည်။ စိန်အောင်သည် အသော့နှင်၍ ပြေးလိုက်သည်။ သည်အချိန် ဘယ်သူက ယာခင်းကို မီးရှို့မလဲ။ ညနေက သူ့အခင်းတစ်ခုကို မီးရှို့ခဲ့သည်။ လမိုင်းချွန်ရန် ခုတ်ပြီးသောကြံခင်းကို မီးရှို့ခြင်း ဖြစ်သည်။ ယခုမီးက ဘယ်ကမီးလဲ။

ဆောင်းလေသည် တဟူးဟူးတိုက်ခတ်လျက်ရှိသည်။ ကြံခင်းများမှမီးသည် တညီးညီး တောက်လောင်လျက် ရှိသည်။ စိန်အောင်သည် ခြေကုန်သုတ်၍ ပြေးသွားသည်။ အနားရောက်

www.burmeseclassic.com

www.burmeseclassic.com



တော့ သူ မောဟိုက်နေပြီ။ ဟုတ်ပါသည်။ သူ့ကြံ့ခင်းပါပဲ။ မခုတ်ရသေးသည့်အခင်း။ စိန်အောင်သည် ကြံရာမရဖြစ်နေ၏။ သူ့ကြံပင်တွေ မီးလောင်နေပြီ။ ဘာလုပ်ရမလဲ။ တခြား ရွာသားတွေ ပြေးလာနေသည်။ နီးရာချောင်းရေ သဲမှုန့်တွေဖြင့် ပက်ကြငြိမ်းကြသည်။ တဖြည်းဖြည်း အရှိန်သေသွားသည်။ တစ်ဘက် အခင်းကို မကူးရဲသာရှိသည်။

အမေ သည်နေရာကို ရောက်သည်နှင့် ယူကျုံးမရစွာဖြင့် ရင်ဘတ်ကိုတီးလိုက်သည်။ စိန်အောင် ခေါင်းငိုက်စိုက်ချလိုက်မိတော့သည်။ ညနေက သူ့အခင်းကို မီးရှို့သည်။ တခြားတစ်ဘက်ကဦးသာကျော်၏စိုက်ခင်းရှိသည်။ ထိုအခင်းကိုလည်း မီးရှို့သည်။ ဘယ်ဘက်ကနေပြီး သည်အခင်းသစ်ကို ကူးလေသည်လဲ မသိ။ ယခုတော့ မခုတ်ရသေးသော သူ့ကြံပင်တွေလောင်မီးကျကုန်ပြီ။

'ကိုင်း မီးကြွင်းကို ကုန်အောင်ငြိမ်းဟေ့၊ စိန်အောင်ရေ၊ မှိုင်မနေနဲ့ မိုးလင်းလင်းချင်း ကောင်စီကိုအကြောင်းကြား'

လူကြီးတစ်ဦးက သတိပေးလိုက်သည်။ မီးလောင်ကြံကို ၂၄ နာရီအတွင်း ခုတ်မှဖြစ်မည်။ သို့မှသာ စက်ရုံကို တစ်ဝက်ဈေးနှင့် သွင်းနိုင်မည်။ ၂၄ နာရီကျော်လျှင် အချဉ်မာတ်ပေါက်၍ ငွေတစ်ပြားမျှ ရတော့မည် မဟုတ်ပေ။

'ကိုင်းကွာ ဖြစ်လာမှတော့ ဘယ်တတ်နိုင်မလဲ၊ လုပ်စရာရှိတာ လုပ်ဟေ့'



သတိပေးသံတွေကို စိန်အောင် မကြား။ တစ်နှစ်ပတ်လုံး ချွေးမြေကျအောင် ရုန်း၍ လုပ်ခဲ့ရသော အကျိုးတရားတွေ ပျက်သုဉ်းကုန်သည့်အတွက် သူ ယူကျုံးမရဖြစ်မိသည်။

သည်ကြံခင်းသည် သူ စိတ်ကြိုက်ပျိုးခဲ့သော မျိုးကောင်းမျိုးသန့် အထူးစိုက်ခင်းဖြစ်သည်။ ကောင်စီကလည်း သဘောကျပြီး ခုတ်ရန်သာရှိတော့သည်။ ယခုတော့ သွားပြီ၊ အားလုံးသွားပြီ။

သူ့အမေ ဒေါ်နုသည် သွားလေသူ ခင်ပွန်းသည် အမည်ကိုတ ပြီး တစ်ချက် ငိုညည်းလိုက်သည်။

\+ \+ \+

ထားးထားးရီ ရင်တွေ တဒိတ်ဒိတ်ခုန်နေသည်။

ကိုကိုက တွေ့ချင်သည်တဲ့။ နှစ်ယောက်တည်းတဲ့။ သူနှင့်ကိုကိုသည် စာချင်းသာဆက်သွယ်ခဲ့ရသည်။ လူချင်း လွတ်လွတ်လပ်လပ် တစ်ခါမျှ မတွေ့ဘူးပေ။ အိမ်ကိုလာလည်လျှင် ကတ္တြိရစွာ စကားပြောသည်။ ဒါလောက်ပဲဖြစ်သည်။ ထားးထားးရီကိုကို့ကို ချစ်သည်။ ထို့ကြောင့် ကိုကိုက ချိန်းဆိုကမ်းလှမ်း

www.burmeseclassic.com

www.burmeseclassic.com



လာသည်ကို ငြင်းဆန်ရန်လည်းမဝံ့ပေ။ တစ်ယောက်ယောက်က မြင်ပြီး အပြစ်ပြောခံရမှာလည်း ကြောက်လှသည်။ သို့သော် သူမသွားဘဲနေလျှင် ကိုကိုက စိတ်ဆိုးလိမ့်မည်။ ယခင်တလောက ကိုကိုက သူ့ကို ရှောင်နေခဲ့သည် မဟုတ်လား။

ကိုကိုမှာထားသည်က ကိုကို့သူငယ်ချင်း နိုင်ပန်းတို့၏အိမ် ဖြစ်သည်။ နိုင်ပန်းတို့ အဖေသည် နေ့လယ်အလုပ်ဆင်းသည်။ နိုင်ပန်းတို့အိမ်က မြောက်ဘက်လိုင်းသစ်မှာ ရှိသည်။ လယ်ကွင်းဘက် အစွန်ကျ၍ တော်ရုံလူတော့ မရိပ်မိနိုင်။ ပြီးတော့ နိုင်ပန်းတို့ အိမ်တန်းလျားနားမှာ ထားထားရီ သူငယ်ချင်း မသန်းမြင့်တို့အိမ် ရှိသည်။ မသန်းမြင့်တို့အိမ် အရင်ဝင် အရိပ်အခြည် ကြည့်သင့်ကြည့်ရမည်။

ထားထားရီ သူ့ကိုယ်သူ ကြည့်ကောင်းအောင် ပြုပြင်ပြီး အိမ်ကထွက်ခဲ့သည်။ ဂေ့ပူရွာထဲမှာ မြန်မာမိသားစု အနေနည်း လှသည်။ သူတို့မိသားစုထဲမှာ အစ်ကိုတစ်ယောက်သာ စက်ရုံ အလုပ်သမားဖြစ်ပြီး ရာသီချိန်လေးသာ လုပ်ရသော နေ့စား ပုတ်ပြတ်တစ်ယောက်သာမို့ လိုင်းထဲမှာလည်း အိမ်မရခဲ့။

မြောက်ဘက်လိုင်းသစ်အထိ လျှောက်လာရင်း ချွေးစို့လာသည်။ ရှက်တာကြောက်တာလည်း ပါသည်။ ရင်ခုန်တာလည်း ပါသည်။ ကိုကိုက ဘာများပြောလေမည်လဲ။ အစ်မကြည်ကြည် ကြောင့် ရွာထဲမှာ သူတို့မိသားစု မျက်နှာမဖော်နိုင်အောင် ဖြစ်ရတာ။ ဒါကိုများ ပြောဦးမှာလား။ ကိုကိုကတော့ သူ့ကို နားလည်နိုင်လိမ့်မည်ဟု ထင်သည်။



နိုင်ပန်းတို့ အိမ်နား ရောက်မှန်းမသိ ရောက်လာသည်။ တစ်ယောက်ယောက်ကများ သူ့ကို ကြည့်နေမည်လားဟု စိုးရွံ့စွာ ဘေးဘီကို ကြည့်မိသေးသည်။ တော်ပါသေးရဲ့။ နိုင်ပန်းတို့ အိမ်ဘေးကလည်း ကုလားမိသားစုနေအိမ်ဖြစ်ပြီး ကလေးတွေကော မိန်းမတွေပါ သူတို့ဘာသာစကားနှင့်သူတို့အော်ဟစ် ဆူညံနေကြသည်။

ထားထားရီ အိမ်ပေါ်ရောက်တော့ ခြေဖျားလက်ဖျားတွေ အေးနေသည်။ ကိုကိုက စာအုပ်တစ်အုပ်ဖတ်ရင်း သူ့ကို စောင့်နေသည်။

'ကိုကို ခဏ ခဏလာရင် ရွာထဲက တစ်မျိုး ထင်မယ်၊ မကောင်းဘူးလေ၊ ဒါကြောင့် ထားထားကို မှာရတာ'

ထားထားရီသည် ငြိမ်သက်တိတ်ဆိတ်စွာပင် ကိုကို့အနားမှာ ထိုင်ချလသည်။

'အိမ်ထဲမှာ အေးအေးဆေးဆေး စကားပြောပါလား'

နိုင်ပန်းက ပြောသည်။ ထားထားရီ ခေါင်းကို ခါယမ်းမိ၏။ ကိုကိုကလည်း 'ရပါတယ် ဒီမှာပဲပြောမယ်' ဟု ပြန်ပြောသည်။ ထားထားရီ ကိုကို့ကို လေးစားအထင်ကြီးသည်။ နိုင်ပန်းသည် အိမ်အောက်သို့ ဆင်းသွားလေသည်။

'ကိုကို အရင်[illegible]တ်က ပြန်လာသေးလား'

ထားထားရီမှာ စာကြည့်တိုက်ဘက် သွားရင်း ကိုကိုတို့ တိုက်ကြီးဘက်ကို ငေးမျှော်ကြည့်ခဲ့ရသည်မှာ အမောပင်။

www.burmeseclassic.com

www.burmeseclassic.com



'ပြန်မလာဖြစ်ဘူး၊ စာမေးပွဲနီးလို့ အမေက ခဏခဏ ပြန်မလာနဲ့တဲ့၊ အဲဒါပြောမလို့၊ ကိုကိုစာမေးပွဲပြီးတဲ့အထိ တောင်ငူမှာ နေတော့မှာ၊ ထားထားနဲ့ တွေ့နိုင်မှာ မဟုတ်ဘူး၊ ကိုကို ပြောခဲ့ချင်တာတွေ ရှိတယ်'

'ပြောလေ'

ထားထားရီ ခေါင်းငုံ့ထားသည်။

'ကိုကို ထားထားကို ချစ်တယ်၊ ထားထားလဲ သိပြီးသားပါလေ၊ ကိုကို့မှာ ရည်ရွယ်ချက်တွေလဲ ရှိတယ်၊ ကိုကို ဒီနှစ်အောင်ရင်တော့ ဦးလေးအကူအညီနဲ့ ကျောင်းဆက်တက်နိုင်မှာပဲ'

ထားထားရီ ကိုကို့ကို မော့ကြည့်သည်။ အနာဂတ် ရောင်ခြည်များဖြင့် အားတက်နေသော ကိုကို့ကို မြင်ရတော့ ထားထားရီလည်း ပျော်လာသည်။

'ဘာလဲ ကိုကိုက ကိုယ်မွေးဖွားတဲ့ စက်ရုံကြီးမှာ အင်ဂျင်နီယာကြီး ပြန်လုပ်ချင်လို့လား'

'ဒီလိုတော့လဲမဟုတ်ပါဘူးထားထားရယ်၊ကိုကိုတစ်ယောက်တည်း အင်ဂျင်နီယာဖြစ်ချင်ဖြစ်မယ်၊ ဒီကလူငယ်တွေ အတော်များများဘဝက ကြံရည်စက်လည်ချိန်လေးမှာသာ လုပ်ရှားရတဲ့ အလုပ်သမားဘဝက မတက်နိုင်ကြဘူးဆိုတာ ကိုကို နားလည်ပါတယ်၊ ကိုကိုလဲ ကိုယ်မွေးဖွား ကြီးပြင်းတဲ့ နေရာမှာပဲ အခြေချချင်တာပါ'

'အို ထားထားက ကိုကို့ကို ဝေဖန်နေတာ မဟုတ်ပါဘူး'



ထားထားရီက သိနားလည် လွယ်သူပေပဲ။ ကိုကိုက ကျေနပ်စွာ ပြုံးသည်။

'အင်းလေ ကိုကိုပြောချင်တာ ဒါမဟုတ်ပါဘူး၊ ထားထား ကျောင်းလဲ ဆက်တက်၊ စာမေးပွဲလဲ ဖြေနော်၊ ပြီး တော့ ကိုကို့ကို စောင့်'

'စောင့်ပါတယ် ကိုကိုရယ်' ဟု ထားထားရီ စိတ်ထဲကသာ ပြန်ပြောဖြစ်သည်။ သို့သော် လူဆိုတာ ပြောင်းလဲတတ်တာပဲ။ ကိုကိုကော တစ်ချိန်မှာ ပြောင်းလဲမသွားဘူးလို့ ပြောနိုင်မလား။ သို့သော် ဒါတွေကို နှုတ်မှ ဖွင့်ဖွင့်နဲ့နဲ့ ပြောရမှာလည်း ထားထားရီ ဝန်လေးနေသည်။

'ကိုကိုက စာမေးပွဲပြီးရင်ကော ပြန်မလာတော့ဘူးလား'

'လာမှာပါ၊ ဒါပေမယ့် ကိုကိုက ဦးလေးကို တစ်လှည့် ပြန်ကူရမယ်၊ သူ့ဆိုင်မှာ အရောင်းအဝယ်လေးဘာလေး ဝိုင်းလုပ်ပေးရမယ်လေ၊ တစ်လုတ်စားဖူး သူ့ကျေးဇူး မဟုတ်လား ထားထားရယ်'

'ကိုကို ထားထားဆီ စာရေးနော်'

သည်စကားကိုပြောပြီး ထားထားရီ ခေါင်းငုံ့သွားသည်။ ကိုကို ထားထားလက်ကလေးကို လှမ်းယူ ဆုပ်ကိုင်ထား၏။ နိုင်ပန်း အိမ်ပေါ်သို့ ပြန်တက်လာ၏။

'ငါ မင်းတို့အတွက် လက်ဖက်ရည် သွားခေါ်တာ၊ ရော့

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်လုံးသောက်၊ ကိုကိုရေ မင်းကတော့ ကုသိုလ်ကောင်းလို့ ကျောင်းတက်နိုင်တာ၊ ငါတို့တော့ စာမေးပွဲဖြေနိုင်ဖို့တောင် ခပ်ခက်ခက်ပဲ၊ ဒီအချိန်ဆို စက်ရုံက ကြံကုန်တဲ့ ညသြကြီးဆဲ့မှာ တွေးတွေးပြီး ကြောက်နေတော့တာ'

နိုင်ပန်းလည်း စက်ရုံအလုပ်သမား။ ညကျောင်းမှာတော့ ကျောင်းတက်သေးသည်။ သို့သော် သည်နှစ်မှ ကိုးတန်းမအောင်လျှင်တော့ ဆက်ဖြေဖို့ စိတ်မကူးတော့။

ဆောင်းကုန်၍ နွေဘက်ရောက်လာလျှင် သူတို့တဝလည်း သွေ့ခြောက်စပြုပြီ။ ကြံလှေ့တုံး၍ ရာသီချိန်ကုန်လျှင် စက်ရုံမှ ညသြရှည်ကြီးဆဲ့ကာ တစ်နှစ်တာ လည်ပတ်မှုအရှိန်ကို တန့်ရပ်တော့မည်။ ထိုအခါ သူတို့တစ်တွေမှာ အလုပ်လက်မဲ့ ဖြစ်ကြရဦးမည်။ မျှော်လင့်ခြင်း ယံသာရာမှာ လည်ကြရဦးမည်။

'နောက်နှစ် ကြံပင်တွေ အညွန့်တလူလူ ထွက်လာတော့ အသက်ဆက်ရဦးမှာပေါ့ နိုင်ပန်းရယ်'

လားထားရီက အားပေးလိုက်သည်။

ကိုကိုသည် အဝေးကို မျှော်ငေးနေ၏။ သူသည် တကယ်ပဲ ကံကောင်းသူလား။

ထားထားရီ လက်ကလေးကိုမူ သူ ဆုပ်ကိုင် အားပေးဖြစ်သည်။

\+ + +



ကိုကို ပြန်ရောက်ပြီတဲ့။ ကိုကို ပြန်ရောက်ပြီတဲ့။

သည့်နေ့သည်ရက်မှာ ကိုကိုပြန်ရောက်မည် ဆိုတာတော့ ထားထားရီ သိပြီးပင်။ ကိုကို နောက်ဆုံးရေးပို့လိုက်သော စာကိုလည်း ထားထားရီရခဲ့သည်။ သို့သော် ထားထားရီ ရင်မှာ ထူးထူးခြားခြား ခံစားခြင်းမရှိခဲ့။ သည့်အချင်ကာလများက ကိုကို့ဆီက စာများသည် တာ့ကြောင့် ကျပါးခဲ့ရပါသနည်း။ ကိုကို့စာများသည် အနာဂတ်ခွဲခွာရေ အချိန်များကတော့ ကိုကို့စာများသည် အနာဂတ်ရောင်ခြည်တွေဖြင့် ဝေဝေဆာဆာ ရှိခဲ့သည်။ နောက်ပိုင်းမှာတော့ သွေ့ခြောက်ထုံထိုင်းပြီး ဖေးဖော်လာသည်ကို ထားထားရီ မနေ့အသိဖြင့် ခံစားရမိသည်။

တစ်စွန်းတစ်စ ကြားသိရသော သတင်းစကားများကြောင့် ကိုကိုသည် နှုတ်ကတိတစ်ခုကို ပယ်ဖျက်နိုင်စွမ်းပြီ ဆိုတာ နားလည်လိုက်၏။ သည်လောက်နှင့်လည်း ကိုကို့ကို သစ္စာဖောက်သူဟု မစွပ်စွဲထိုက်လှ။ ကိုကိုနှင့် ထားထားရီက နောက်မဆုတ်သာလောက်အောင် ခြိတ်ယှက်ကျမ်းဝင်ခဲ့ကြသည်မှ မဟုတ်တာ။ ထားထားရီအတွက် ကိုယ့်ဘဝကိုယ်ဘာသာ ကြိုးစားရှုန်းကန်ဖို့သာ အဓိကဟု ဆုံးဖြတ်ချက်ချကာ ကိုကို့ကိုလည်း မေ့နိုင်ရန် အားထုတ်ခဲ့ရလေသည်။

မနှစ်က ကိုကို့အဖေဆုံးစဉ် ကိုကိုပြန်လာတာ သိရသွေ့ရသော်လည်း ပူဆွေးအလုပ်ရှုပ်နေသော ကိုကို့ကို ခပ်လှမ်းလှမ်းကသာ နှုတ်ဆက်ဖြေသိမ့်ဖြစ်သည်။ နောက် ကိုကိုက စာမေးပွဲ

www.burmeseclassic.com

www.burmeseclassic.com



ရှိလို့ဆိုလား ပြန်သွားသည်။ ထားထားရီကိုလည်း လာမတွေ့ခဲ့။

ကြည်ကြည်နှင့်ပတ်သက်သော အမည်းစက်ကို ပယ်ဖျက်လိုသောမာနဖြင့် ထားထားရီ မျက်နှာမျှားဖို့လည်း စိတ်မကူးခဲ့။ ဆယ်တန်းအောင်အောင်သာ ကျိတ်ပြီး ကြိုးစား နေခဲ့သည်။ သည်ရက်များအတွင်း အိမ်မှာ စိတ်မချမ်းသာစရာတွေ ဖြစ်ပွားခဲ့ရသည်ကိုလည်း ခံနိုင်ရည်ရှိအောင် အား တင်း ခဲ့ရသည်။ ကြည်ကြည်သည် သူ့ဇာတ်ကို သူနိုင်အောင် ကမည်ဆိုကာ ကလေးပိုက်ပြီး အိမ်ပေါ်က ဆင်းသွားလေသည်။ သူ့အတွက်လည်း သည့်ထက်ပိုပြီး မထူးနိုင်တော့တာ အမှန်ပါပဲ။ ကြည်ကြည့်ကို အပြစ်ပြောပြီး ကြည်ကြည့်ကြောင့်ရသော အကျိုးစီးပွားကို စားမျိုမှန်းမသိ စားမျိုခဲ့မိသော သူတို့မိသားစု၏ စားဝတ်နေရေးသည်လည်း သိသိသာသာ ကျပ်တည်းသွားလေသည်။ တုတ်တပြက် ခါးတပြက် အစ်ကိုကိုလည်း ချော့ရမော့ရသည်။ ရိုးသား အရှက် ကြီး သော အဖေ့ကိုလည်း ဖေးကူ ဖျောင်းဖျရသည်။ ကြည်ကြည်ကတော့ သူတို့မိသားစုနှင့် ပြတ်ပြတ်သားသားပင် လမ်းခွဲသွားခဲ့သည်။ ပတ်ဝန်းကျင်ကို ပြောင်ပြောင်တင်းတင်း ရင်ဆိုင်ကာ သူ့အခွင့်အရေးကို သူ့ဘာသာတိုက်ယူသည်။ ကြည်ကြည် ပြောင်ပြောင် ရောင်ရောင်နှင့် ခပ်တည်တည်နေနိုင်ပြန်တော့ ပတ်ဝန်းကျင်က ပါးစပ်ပိတ်ပြီးရွှေတင်မှာ ကြည်ကြည် ကြည်ကြည်နှင့် ပေါင်းသင်းဆက်ဆံကြသည်ပင်။

ထားထားရီကတော့ ကြည်ကြည့်ကို စိတ်နာသည်။ အမုန်း



သမား ဒေါ်သာအိုး အစ်ကိုတစ်ယောက်နှင့် အလုပ် ကောင်းကောင်းမလုပ်နိုင်သော အဖေ့ကို ထားခဲ့ရက်သည်။ အမေ ဒုက္ခိတကိုလည်း သူ လှည့်မကြည့်။ အများတာ်တွေးခွက်မှာ မျှော်ရစဉ်ကတော့ တစ်မိသားစုလုံး လည်စင်းခံခဲ့ကြရသည်။

သည်တုန်းက ထားထားရီသည် ကိုကိုနှင့်စာမပြတ်ရေးနေဆဲဖြစ်သော်လည်း သည်အကြောင်းတွေထည့်မပြောဖြစ်။ ကိုကိုက ပညာရေးကိုသာ အလေးအနက်ထားနေလေတော့ ထားထားရီလည်း ဘယ်သူသေသေ စိတ်မာတ်ဖြင့် စာကိုသာ ဖိပြီးကြိုးစားနေခဲ့မိလေသည်။ တစ်ခုတော့လည်း ကိုကို့ကို ကျေးဇူးတင်မိပြန်သည်။ထားထားရီဆယ်တန်းအောင်လို့သာ လူကြီးတချို့၏ ထောက်ထားညှာတာမှုဖြင့် စာရေးမလေးတစ်ယောက် ဖြစ်ခဲ့သည်။

ကုံကောင်း ထောက်မစွာ မြောက်ဘက် ၁၇ ရပ်ကွက်ထဲမှာ အိမ်လေးတစ်ခန်းရ၍ ရွာထဲကအိမ်ကိုရောင်းပြီး အဖေ့အတွက် ငွေပင်ငွေရင်းလေးလည်းထုတ်နိုင်ခဲ့လေသည်။ကိုကိုနှင့် ကွဲကွာစဉ်ကာလအတွင်း ထားထားရီ၏ ပြောင်းလဲမှုက သည်မျှသာပဲဖြစ်၏။ နှလုံးသားရေးရာနှင့် ပတ်သက်၍လည်း ထားထားရီမှာ ထူးထူးခြားခြား စိတ်လှုပ်ရှားစရာ မပေါ်ပေါက်ခဲ့ပေ။

အစ်ကိုတင်ဖာန်ကတော့ ထားထားရီကို မကြာမကြာနှောင့်ယှက်ဖူးသည်။

www.burmeseclassic.com

www.burmeseclassic.com



‘မိတားတား၊ နင်လဲ ကြည်ကြည့်လိုအချိုးမျိုးတော့ မချိုးနဲ့နော်၊ ရုံးမှာလုပ်တယ်ဆိုပြီး အိမ်မြင် ထွက်တာနဲ့ မတော်တရော်တွေ ဖြစ်နေဦးမယ်၊ ဒီမယ် ငါ့ကိုလေ ကတ္တားမာရေး အောင်မြင့်က ပြောတယ်၊ ခင်ဗျာ့ညီမ တော်တော် လှလာတယ်တဲ့’

‘အစ်ကိုနော် သူများက တစ်ခွက် တစ်ဖလား တိုက်တိုင်း မူးမူးနဲ့ လျှောက်အရောဝင်မနေနဲ့၊ ကျွန်မ မကြိုက်ဘူး’

‘စာရေးဆိုပြီး အလင်မသေးနဲ့ နင့်ရည်းစား အင်ဂျင်နီယာထက် ဝင်ငွေကောင်းတယ် သိလား’

‘ဟွန်း သိလိုက်သမှ’

တားတားရီက အသောင်မကြီးနိုင်သည့်လေသံဖြင့် ပြန်ပြောမိသည်။ မသိဘဲတယ်ရှိမလဲလေ၊ အရင်တလောကပဲ ထားထားတို့ကို ဦးဆောင်သည့် နံရံကပ် စာစောင်မှာ ကာတွန်း တစ်ပုဒ်နဲ့တောင် လှောင်ခဲ့သေးတာပဲ။ ဝတ်ကောင်းစားလှနှင့် လူတစ်ယောက်ကို ‘ဟ ဒီလူက တယ်ပြီး သားနားပါလား၊ စက်ရုံမန်နေဂျာလား၊ အရာရှိလား’ တဲ့ တစ်ယောက်က မေးသည်။ ‘မဟုတ်ပါဘူး၊ သူက ကတ္တားစာရေးလေ’ ဟု တစ်ယောက်က ဖြေတဲ့ပုံ။ စက်ရုံ အလုပ်သမားတွေထဲမှာ အဆင့်မြင့် စာပေသမားတွေ အများကြီးရှိနေသည်ပဲ။ သူတို့ကလည်း အမှားအယွင်းတွေကို မြင်တတ်သိတတ်နေသည်။ ထားထားရီ တို့မှာ သည်ဝန်းကျင်မှာ ကျင်လည်နေသမျှ သည်လူတွေ၏ ဘဝ



ရုပ်တည်မှု အဖုံဖုံကို ခွဲခြားသိမြင်နေခဲ့ရသည်။ ကိုကိုသာ အနားမှာ ရှိနေခဲ့ရင်တော့ စိတ်တူကိုယ်တူ အယူအဆတွေ ဖလှယ်ဖြစ်မည် ထင်သည်။

ဒါပေမယ့် ခုဆိုရင် ကိုကိုက ပညာတတ်တစ်ယောက်ဖြစ်ခဲ့ပြီပဲ။ ယခင်ကလို စာနာတွေးခေါ်တတ်တဲ့ စိတ်ဓာတ်တွေ ရှိမှ ရှိသေးရဲ့လား။ အချိန်ကာလနှင့် အခြေ အနေဆိုတာ လူ့ရဲ့ စိတ်ဓာတ်ကို ပြောင်းလဲစေတတ်သည်မဟုတ်လား။ ပထမစတင် ခွဲခွာရစဉ်ကာလက ထက်သန်စွာထားရှိခဲ့ သဘောထားတွေ နောက်ပိုင်းမှာ ဝေဝေဝါးဝါး ဖြစ်ကုန်ရတာ ဘာကြောင့်လဲ။

ထို့ကြောင့်လည်း ကိုကို့ကို ထားထားရီ သွားမကြိုဖြစ်။

ကိုကို ထားထားရီဆီ လာချင်လျှင် သူ့ဘာသာ ရောက်လာပါစေတော့။

\+ + +

‘ဪ ကိုကို ပြန်ရောက်ပြီတဲ့လား’

စမ်းစမ်းက ကလေး အငယ်ကောင်၏ သေးစိုနေသော ဘောင်းဘီကို ဆွဲချွတ်ပေးရင်း ရေရွတ်ဖြစ်သည်။ ကိုကိုဆိုတာ စမ်းစမ်း၏ ငယ်စဉ်ဘဝမှာ စွဲလမ်း ခင်မင်ခဲ့ရသူ တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်ကလွဲ၍ ယခု ဘာမျှ ပိုမထူးခြားတော့ပါ။ စမ်းစမ်း ဘဝကများစွာပြောင်းလဲခဲ့ပြီ။ ခြောက်နှစ်ကျော်ကာလအတွင်း မှာပင် များစွာလည်း အိုမင်းရင့်ရော်သွားခဲ့ချေပြီ။

စမ်းစမ်းသည် ကိုကိုနှင့် ကွဲကွာခဲ့သည့် ကာလအတွင်း သူ ဖြတ်သန်းခဲ့ရသည့်ဘဝကို ပြန်ပြောင်းတွေးတော နေမိသည်။

စမ်းစမ်းဘဝမှာ လူမှန်း သိတတ်စကတည်းက မိသားစု စားဝတ်နေရေးကို ကူညီ ဖြည့်တင်းပေးဖို့ လူဖြစ်လာရသလို ပါပဲ။ သူတို့တတွေ မှီခိုကျက်စားခဲ့ရသော သည်စက်ရုံနယ်မြေ ထဲမှာ ရတတ်သမျှ အစာတွေကို ကိုယ့်ဘက် ယက်ပြီး ရှာကြံ စားသောက်နေခဲ့ရသည့် ဘဝက ခုထိလဲ မလွတ်သေးပါဘူး။ ယခင်ကတော့ အဖေတို့ အမေတို့ မောင်လေးတို့စားဖို့ ရှာခဲ့ရ သည်။ ယခု သူ့မိသားစုအတွက်ပါ ပိုလာသည်။

ဪ အမေက ဘာမှ စဉ်းစားမနေနဲ့၊ ယောကျ်ားသာ ယူပစ်လိုက်ဆိုလို့ ယူလိုက်ပြန်တော့လည်း နှုတ်ခမ်းပဲ့ချင်းမီးမှုတ် ရသလိုပါပဲလေ။ အဖေ့တုန်းကလည်း ရာသီချိန်အလုပ်သမား ဘဝ၊ ဟော အခု အိမ်ထောင်ဦးစီး ချစ်မြိုင်ကျတော့လည်း ကလေးနှစ်ယောက်သာရသော ရာသီချိန်ဘဝက ဘယ်မှာတက် တော့ လို့လဲ။

အစကတော့ သူ့ကို လူငယ်ပဲ အဖေ့ထက်တော့ မျှော်လင့် ချက်ပန်းတိုင်ရှိသေးရဲ့လို့ အောက်မေ့မိတာ ဘာထူးလို့လဲလေ။



စမ်းစမ်းမှာ ယောကျ်ားယူဖြစ်ဖို့အကြောင်းကလည်း မလွဲ မရှောင်သာ ဆိုက်ရောက်ခဲ့ရသည်။ အမျိုးတကာက စားစရာ မရှိ၍ ယောကျ်ားယူသည်။ စမ်းစမ်းက နေစရာမရှိ၍ယောကျ်ား ယူရသည်။ အဖေက ကျန်းလည်းမကျန်းမာ အသက်လည်း ကြီးပြီဖြစ်၍ အနားယူရလေသည်။ စမ်းစမ်းတို့အိမ်မှာ စက်ရုံ အလုပ်သမားမရှိတော့ စက်ရုံကပေးသည့်အိမ်မှာ ဆက်နေ၍ မရ။ သည်အိမ်ခန်းလေးမှာတောင် ကံကောင်းထောက်မ၍ နေခဲ့ရသည်။ နောက်ပိုင်းမှာ အမြဲတမ်း အလုပ်သမားတွေကိုပဲ နေစရာပေးလို့ ရာသီချိန်အလုပ်သမားတွေ ရင်တထိတ်ထိတ် ဖြစ်ခဲ့ရသည်။ နေလက်စအိမ်လေးတွေ ပြန်မအပ်ရအောင် ဘုရားတနေရသည်။ ဟော ခုတော့ ဟိုလူက မျက်စောင်းခဲ သည့်လူက မျက်စောင်းခဲ။

'ရွာထဲပြောင်းပြီး ရရာအလုပ် လုပ်စားရမှာပဲ'ဟု အဖေက အားငယ်စွာပြောလေသည်။ စမ်းစမ်း အဖေ့ကို သနားသွား သည်။ တစ်သက်လုံး ပင်ပင်ပန်းပန်း လုပ်ကိုင်စားသောက်ခဲ့ရ ပြီး အနားယူရမည့်အချိန်မှာလည်း အနားယူဖို့ထက် ဆက်လက် ရပ်တည်ဖို့ ပူပန်နေရရှာသည်။

'အဖေ ဘကြီးတို့အိမ်မှာ ခဏနေ၊ ကျွန်မပဲ ရှာပါမယ် အဖေရယ်၊ နောက်တော့ အိမ်လေးတစ်လုံးငှားပြီး အမေက မျှစ်ချဉ်လေးဘာလေးတည်ပေါ့'

'ဟဲ့ ညည်းအလုပ်က ခိဝင်းထဲမှာပဲ လုပ်ရကိုင်ရမှာ ရွာထဲက လာလို့ ခုလောက်အဆင်ပြေပါ့မလား'

www.burmeseclassic.com

www.burmeseclassic.com



'အဆင်ပြေတာ မပြေတာ အပထား၊ ဘကြီးတို့အိမ်တော့ ကျွန်မလိုက်မနေပါဘူး၊ သူ့မိန်းမကြီးနဲ့ ကျွန်မနဲ့လဲ အဆင်ပြေမှာမဟုတ်ဘူး၊ ကျွန်မ မခင်ရွှေတို့အိမ်မှာ ခဏနေမယ်၊ ဒီရာသီမှာ ခါတိုင်းထက် ပိုရှာရမှာပဲလေ'

ငွေအရင်းအနှီး များများရအောင် တောင်ငူကုန်စုံဆိုင်နဲ့ ဆက်ထားမှပဲဟု စိတ်ထဲက လျပ်တပြက်တွေးလိုက်သည်။

'ဖြစ်ပါ့မလားဟဲ့၊ သူ့ယောကျ်ားနဲ့ ကလေးတွေနဲ့'

'ဖြစ်လာမှာပါအမေရာ၊ ပူမနေပါနဲ့၊ ကမ္ဘာကျော်ကိုသာ ကျွန်မဆီ နေ့တိုင်းလွှတ်ပေး'

သည်လိုနှင့်ပဲ စမ်းစမ်းတို့တဝကစ်လျှောက် ခိုလှုံခဲ့ရသော ကုလားမင်းသားတိုက်ကြီးမှ မိသားစုတွေ ခွဲခွာလာခဲ့ရသည်။

တိုက်ကြီးကား ပို၍ အိုမင်းရင့်ရော်လျက်။ သို့သော် မှီခိုသူတွေကို အလုပ်အကျွေးပြုဆဲ။

ကလေးတစ်ချို့က အောက်ခြေအုတ်မြစ်မှ အုတ်ခဲများကို မြေကြီးအတွင်းမှ တူးဆွထုတ်ယူနေကြလေသည်။ သည်အုတ်ခဲများကို သူတို့ရောင်းစားကြမည်ဖြစ်၏။

+ + +

အမေက ရှုပ်ပါတယ်အေ၊ ညည်း ယောကျ်ားသာ ယူလိုက်ပါတော့ဟု ပြောခြင်းသည် အပြောင်အပျက် ပြောသည်ဟု



သဘောကားမိသော်လည်း နောက်တော့ အမေ တကယ်ပြော နေမှန်း စမ်းစမ်း ရိပ်မိသိရှိလာသည်။ မခင်ရွှေတို့အိမ်မှာလည်း ကြာကြာနေတော့ သိပ်အဆင်မပြေလှ။ ချစ်မြိုင်ကတော့ ကိုကို မရှိသည့်နောက်ပိုင်း သူ့အပေါ် ပို၍ပင် ဂရုစိုက်လာသည်။ အလုပ်က နားချိန်ရောက်သည်နှင့် စမ်းစမ်းရှိရာ ပြေးလာတတ်သည်။ ပစ္စည်းကောက်ရာ ဈေးကိုသွားသွင်းရာမှာ တကောက်ကောက် လိုက်သည်။

'ချစ်မြိုင်၊ နင်အမြဲတမ်းရာထူး ဘယ်တော့ရမှာလဲဟင်'

တစ်နေ့ စမ်းစမ်းက ကောက်ကာငင်ကာ မေးတော့ ချစ်မြိုင် တွေဝေသွားသည်။

'ဘာဖြစ်လို့ မေးတာလဲ စမ်းစမ်းရယ်'

'နင် အမြဲတမ်းရာထူးရရင် နင့်ကို ငါယူမယ်ဟယ်'

စမ်းစမ်းက ဒိုးဒိုးဒေါက်ဒေါက် ပြောချလိုက်တော့ ချစ်မြိုင် ဘာပြန်ပြောရမှန်း မသိအောင်ပင် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ သူ့အတွက် ထိုစကားကို ကြားရခြင်းသည် ရယ်စရာ၊ ဝမ်းသာစရာ မဖြစ်နိုင်။ ခုံကြယ်ကို ဆွတ်ပေးပါဟု ကြားရလျှင်ပင် သည်မျှ စိတ်ပျက်မိမည် မဟုတ်။ စမ်းစမ်း စကားက လက်တွေ့ဆန်ပြီး ထိရောက်လှသည်။

'စမ်းစမ်းရယ်၊ ငါ နင့်အပေါ်ထားတဲ့ အချစ်ကိုတော့ ထည့်

www.burmeseclassic.com

www.burmeseclassic.com



မတွေ့ကြတော့ဘူးလား၊ ခုလို နင်တစ်ယောက်တည်း ဟိုကူးဒီကူး လုပ်နေတာလဲ ငါမကြည့်ရက်ဘူး၊ ဒါကြောင့် ငါ နင့်နောက်က တကောက်ကောက် လိုက်နေတာ၊ ဒီသဘောဇဉ်ကိုတော့ နင် ထည့်တွက်ဖို့ ကောင်းပါတယ်ဟာ’

သည်လိုပြောတော့လည်း ချစ်မြိုင်ကို စမ်းစမ်း သနားသွားသည်။ အင်းလေ သူတို့ဘဝကို ဘတွေချင်းကလွဲပြီး ဘယ်သူကများ နားလည်စာနာတတ်မှာလဲ။ သည့်ထက်ကော ပိုပြီး ဘာကို မျှော်လင့်နိုင်မှာလဲ။

‘နင့်အမေက ငါနဲ့ သဘောတူပါ့မလားဟင်’

‘မတူလဲ ဘယ်တတ်နိုင်ပါ့မလဲဟယ်၊ ငါ နင့်ကို တကယ် ချစ်တာပါ၊ ဒီမှာစမ်းစမ်း၊ အမေက ပင်စင်ယူပြီးရင် သူ့သမီး ဆီ သွားနေမှာ၊ အမေလဲ လိုက်သွားမှာပဲ၊ ငါနဲ့နင် လက်ထပ် ပြီးရင် ဒီအိမ်မှာ ဆက်နေလို့ရအောင်တော့ ငါတတ်နိုင်ပါတယ်၊ အဲ့ဒီလိုဆို နင်လဲ ဟိုပြေးဒီလွှား ဖြစ်နေမှာ မဟုတ်တော့ဘူး’

စမ်းစမ်းမျက်နှာ ဝင်းကနဲဖြစ်သွားသည်မှာ ဟန်ဆောင် ဖုံးပင် အချိန်မရလိုက်။

‘တကယ်ပြောတာလား ချစ်မြိုင်’

‘တကယ်ပါဟဲ့’

‘ငါ ဝမ်းသာလိုက်တာဟယ်’

\+ \+ \+



‘မိစမ်း တို့က တော့ ပိုင်ပါပေ့တော်၊ နေစရာလဲ မရှိကော တစ်ခါတည်း ကျုပ်သားကို ကောက်ယူလိုက်တာပဲ၊ ဒီမှာဖြင့် ဘယ်လိုနေထိုင်ရမယ် မစီမံရသေးဘူး အိမ်ပေါ်က ဆင်းပြေး ရမလို ဖြစ်နေပြီ၊ တတ်လဲတတ်နိုင်ပါပေ့’

ယောက္ခမက ဘာပဲပြောပြော စမ်းစမ်းက ခေါင်းငုံ့သည်းခံ နေလိုက်တော့သည်။ မိမိဘဝကလည်း မပြေးသော် ကန်ရာရှိခဲ့ ပြီပဲ။ စက်ရုံဝင်းထဲကထွက်ပြီး သူ အပြင်မှာ ရှာဖွေမစားတတ်။ ထို့ကြောင့် စက်ရုံဝင်းထဲက မထွက်ရအောင် နေခဲ့သည်။ ချစ်မြိုင်နှင့်သူသည် အကျဉ်းရုံး လက်ထပ်လိုက်သည်။ တကယ် တော့လည်း ချစ်မြိုင်သည် စမ်းစမ်းကို သူရသည့်အတွက် ဘာမျှ နစ်နာစရာ အကြောင်းမရှိ။ စမ်းစမ်းသည် သူ့ဝမ်းစာ သူ ရှာ တတ်သူတည်း။ သူတို့အိမ်မှာ စမ်းစမ်းရောက်လာသည့်အတွက် ပို၍ပင် စိုပြည်လာသေးသည် မဟုတ်လား။

ကလေးတစ်ယောက် ရလာသည့်တိုင် ချစ်မြိုင်သည် သူမျှော် လင့်သလို အမြဲတမ်းရာထူးလည်း မရခဲ့ပေ။ တကယ့်တကယ် စက်ပိတ်ချိန်မှာ အများတကာလို ထင်းခုတ် မျှစ်ချိုးသည်း ချစ်မြိုင် မလုပ်တတ်ပေ။

‘သူ့ရှာစာဖွေစာနဲ့များ ဝမ်းဝနေတယ် ထင်သလား မသိ၊ တကတဲတော် ဒါနဲ့များ သူ့အမေက သူ့သားပူတာ နာအုံး ထင်ရသေးတယ်၊ ဒီမှာဖြင့် အားလုံးစားရအောင် ကြိုးစနေရ တာ’

www.burmeseclassic.com

www.burmeseclassic.com



အစကတော့ စမ်းစမ်းက သူ့မိသားစုအတွက် အရင်းအနှီးလေး ရသည်အထိ ရှာဖွေနိုင်လိမ့်မည်ဟု ထင်ခဲ့သည်။ ယောက္ခမနှစ်ယောက် အိမ်ပေါ်က ဆင်းမသွားသည့်ပြင် ကလေးကလည်း တစ်ယောက်မှ မတ်တတ်မစမ်းနိုင်သေးခင် နောက်တစ်ယောက် မွေးလာပြန်၏။

'ကိုချစ်မြိုင် ရှင့်အမြဲတမ်းရာထူးက ဘယ်တော့ရမှာလဲ၊ ဒီမှာဖြင့် ပါးစပ်ပေါက်က တိုးလာပြန်ပြီ၊ အဖေနဲ့အမေလဲ သူများအိမ်မှာ ကပ်နေရတယ်၊ ကမ္ဘာကျော်ကိုလဲ ကျောင်းထွက်ခိုင်းထားရပြီ'

'ငါ ဘယ်တတ်နိုင်မှာလဲ စမ်းစမ်းရယ်'

'သူ့ပြောလိုက်ရင် ဒါပဲတပ်တယ်'

စမ်းစမ်း ဘယ်လောက်ပင် ညည်းညည်း ချစ်မြိုင်က ဘာမျှ တတ်စွမ်းသူမဟုတ်သည်ကားအမှန်ပင်။ စမ်းစမ်းပစ္စည်းကောက်လျှင်နောက်က လိုက်သယ်ပေးဖို့လောက်ပဲ တတ်နိုင်သည်။ စမ်းစမ်းသာ တစ်နေ့တခြား ပိန်ချုံးလာ၏။

စမ်းစမ်းတို့မျှော်လင့်ခဲ့သည့် စက်ရုံသစ်ကြီးလည်း တစ်နေ့တခြား ထီးထီး မားမား အကောင်အထည်ပေါ်လာပါ၏။ မျှော်လင့်ချက်ရောင်ခြည်တို့ဖြင့် ထွန်းတောက်မြဲ သူတို့တစ်တွေ၏ မျက်လုံးများသည်လည်း ပိုမို လင်းလက်လာခဲ့ကြသည်။



ခေတ်မီစက်ခလုတ်တွေဖြင့် သူတို့ အလုပ်လုပ်ရတော့မည်လား။ အမြတ်ငွေတွေ ဆတက်ထမ်းပိုးတိုးပြီး ဘောနပ်စ်သုတွေ ရတော့မည်လား။

လိုသော် လောလောဆယ် စမ်းစမ်းတွေးပူတာ တစ်ခုပဲရှိသည်။ သူတို့ အိမ်တန်းလျားတွေ ဖျက်ပေးရတော့မည်။ အနေးနှင့်အမြန်ဆိုသလို သူတို့ပြောင်းပေးရမည်။ တောင်ဘက်လိုင်းသစ်ကို ပြောင်းသူတွေ ပြောင်းကုန်ကြပြီ။ စမ်းစမ်းတို့မှာ အထုပ်အပိုးသာပြင်ထားရသည်။ ပြောင်းဖို့စိတ်မကူးအားသေး။ နေလို့ရသည့် နောက်ဆုံးရက်အထိ နေရပေဦးမည်။

စမ်းစမ်းက တောင်ဘက်လိုင်းကို မပြောင်းချင်ပေ။ သူ့မှာ အရောင်းအဝယ်က တစ်ဘက်ဆိုတော့ ညမိုးချုပ်မှ အိမ်ပြန်သည့်အခါ ပြန်ရသည်။ သည်ဘက်က လူပြတ်တတ်သည်။ မြောက်ဘက်လိုင်းကိုပဲလိုချင်သည်။ သည့်အတွက် ဟိုပြေးပြောသည်ပြေးပြော သူကြိုးစားကြည့်နေသည်။ ဘာပဲပြောပြောသည်အိမ်မှာ စမ်းစမ်းပဲ ဦးဆောင်နေရသည် မဟုတ်လား။ ယောက္ခမက ကွယ်ရာမှာ ဘာပြောပြော တကယ့်တကယ်မှာ စမ်းစမ်းကိုသာ အားကိုးလာရတော့သည်။

သည်ကြားထဲမှာ စမ်းစမ်းအတွက် စိတ်ညစ်ရာတစ်ခု တိုးလာပြန်သည်။ ကလေးအငယ်ကောင်က ၁၀ လပြေ၊ လက်လွှတ်လို့မရသေး။ နောက်ထပ် ကလေးရမည့် အရိပ်

www.burmeseclassic.com



အရောင်က ပြလာပြန်သည်။ အို သည်ကလေးတော့ ဘယ်နည်းနဲ့မှ မေ့လို့မဖြစ်သေးဘူး။ အရပ်သက်သည်ပဲအားကိုးပြီး ကြံမိကြံရာ ကြံရတော့၏။

ထိုနေ့မနက်မှာပင် သွေးတွေ ဒလဟောဆင်းကာ စမ်းစမ်းလည်း ပျော့ခွေညွတ်ကျသွားလေသည်။

'ဒီအတိုင်း ကြည့်နေလို့ဖြစ်မလား ဆေးရုံပို့မှ'

တကယ့်အရေးကျတော့ ယောက္ခမကလည်း မြူးမြူးပျာပျာ ဖြစ်တော့သည်။ မြူးဆေးရုံကိုရောက်သည့်တိုင် စမ်းစမ်းမှာ သတိရတစ်ချက် မရတစ်ချက်။ သတိရလာတော့ မိမိဝမ်းဗိုက်ထဲမှာ တွယ်တာစရာ မရှိတော့တာသိရပြီး ကံကောင်းလို့ မသေတာပါလားရယ်လို့ မစဉ်းစားနိုင်၊ ဝမ်းအသာကြီးသာမိလေသည်။

'မလုပ်ကောင်းတာတွေလုပ်၊ သေလုမျောပါးဖြစ်မှ ဆေးရုံကိုရောက်လာ ကိုယ့်အသက်ကို မနှမြောဘူးလားဟင်'

ဆေးရုံက ဆရာမတွေကဆူကြသည်။ သို့သော် စမ်းစမ်းနားထဲသို့ကားဝင်သည်မဟုတ်။ အိမ်မှာ ဘာမှမလုပ်တတ်သည့်ယောက္ခမနှင့်ကလေးတွေကို စိတ်မချ။ သူမရှိတုန်း အိမ်ဖယ်ခိုင်းနေရင် အခက်ပါပဲ။

'နောက်ထပ်ကလေးမလိုချင် ဆေးစားသိလား၊ ဒါမှမဟုတ်လဲ ဆေးထိုးပေါ့၊ ဒီလိုလုပ်တာ အသက်အန္တရာယ်နီးတယ်'



ကရုဏာနှင့် ပြောလာပြန်တော့ ဟုတ်ကဲ့ ဟုတ်ကဲ့ဟု ခေါင်းညိတ်ဖြစ်သည်။

'ကျွန်မ ဘယ်တော့ ဆေးရုံက ဆင်းရမလဲဟင်'

'နေကောင်းတော့ ဆင်းရမှာပေါ့၊ အခု အားက အတော်နည်းနေတာ၊ နင့်ယောကျ်ားလဲ လာတာမတွေ့ပါလား'

စမ်းစမ်း ငိုင်သွားသည်။ စမ်းစမ်း ဆေးရုံတင်ရသည့်နေ့က ချစ်မြိုင်နှင့် ယောက္ခမဒေါ်လှိုင်လိုက်ပို့သည်။ နောက်နေ့ စမ်းစမ်းအမေ လိုက်လာသည်။ ဆေးရုံမှာ စောင့်အိပ်သည်။ အမေလည်း ပိန်ချုံးနေသည်။ စမ်းစမ်းစိတ်မကောင်းနိုင်။ သူ့မှာ ယောကျ်ားယူဖြစ်တာသာ အဖတ်တင်ပြီး အမေတို့ အဖေတို့ကို ထင်သလောက် မကူပံ့နိုင်ခဲ့။ မောင်လေးကမှာကျော်လည်း မျှစ်ထမ်းနေသည်။ အမေက မျှစ်ချိုးသည့်အလုပ် ဝင်လုပ်သည်ဆိုသည်။ အဖေကတော့ မနက်ဆို သူ့အစ်ကိုပွဲရုံမှာ ကူလုပ်ပြီး ညနေဆို လူမှန်းမသိအောင် မူးနေတတ်သည်တဲ့။ စမ်းစမ်းပို၍ စိတ်ဆင်းရဲသည်။

နောက်နေ့ အိမ်က ဘယ်သူမှ လိုက်မလာနိုင်ကြ။ ပါသမျှ ပိုက်ဆံလေးနှင့် ဆံပြုတ်ဝယ်သောက်ရသည်။ နောက်တစ်ရက်ကြာမှ ယောက္ခမဒေါ်လှိုင်ရောက်လာသည်။

'ချစ်မြိုင်တော့ တောင်ပေါ်လိုက်သွားသတဲ့၊ တစ်လကြာ လုံးကျွံအိမ်ပြင်မထွက်တဲ့ကောင် ငှက်ဖျားမိလာမှာ မြင်ယောင်

www.burmeseclassic.com

www.burmeseclassic.com



သေး၊ အိမ်မလဲ မီးဖြတ်လိုက်ပြီ၊ အားလုံးလဲ ပြောင်းကုန်ကြပြီ၊ ဘယ်သူမှမရှိတော့ဘူး’

စမ်းစမ်းရင်မှာ ပို၍ပူလာသည်။ သူမှ ငွေမရှာနိုင်လျှင် ကလေးတွေ ဘာနဲ့မျှားစားနေကြမည်လဲ။

‘မနက်ဖြန် ကျွန်မဆေးရုံက ဆင်းလာခဲ့မယ်’

‘ဟဲ့ သူတို့မဆင်းခိုင်းပဲ ဆင်းလို့ရမလား’

‘ဒီက ပစ္စည်းတွေသာ တချို့ပြန်ယူသွားချည်တော့’

ဒေါ်လှိုင်ဘာမျှမပြော။ တကယ်တော့ ဆေးရုံက လူမမာသာမဟုတ်၊ အိမ်မှာလည်း ဆန်ပြုတ်သောက်နေကြရသည်ကို မပြောတော့ပေ။

ထိုညတစ်ညလုံး စမ်းစမ်းအိပ်မပျော်။ ပျက်စီးဆုံးရှုံးသွားသော သွေးသားယက် အပြင်မှာ တကယ်အသက်ရှင် နေထိုင်ကြသော သူ့ရင်သွေးများအတွက် ပူပင်လှသည်။ ချက်ချင်းပင် ဆေးရုံပေါ်က ပြေးဆင်းသွားချင်စိတ်သာ ပေါက်နေမိလေသည်။

နောက်တစ်နေ့မနက်ပိုင်း ဆေးရုံကို ဆရာဝန်လှည့်လည် စစ်ဆေးပြီးချိန်မှာ စမ်းစမ်းသည် ဆေးရုံကထွက်ခွာဖို့အသင့် ဖြစ်နေလေသည်။ ဆရာမတွေ၏အလစ်ကို သူစောင့်နေရသည်။



အနည်းအကျဉ်းသာကျန်သော သူ့ပစ္စည်းလေးတွေကို လွယ်အိတ်ထဲထိုးထည့်ကာ လူရှင်းသည်နှင့် တစ်ချိုးတည်း လစ်ခဲ့လေတော့သည်။ လမ်းမပေါ်ရောက်တော့ ခေါင်းထဲမှာ မူးရိပ်ရိပ် ဖြစ်လာသည်။ ကားဂိတ်အထိ အားတင်းပြီးလျှောက်လာရသည်။

‘ကျွန်မ နေမကောင်းလို့ပါရှင်’ဟု ပြောကာ ကြုံရာကားကို တိုးဝှေ့လိုက်လာရသည်။ ကားဂိတ်ကနေ ဆိုက်ကားစီးကာ အိမ်ကိုပြန်သည်။

‘ဟင် ညည်းဆေးရုံက ဆင်းလာခဲ့ပြီ’

ယောက္ခမကြီးဒေါ်လှိုင်သည် အထုပ်အပိုးတွေကြားမှာ ငူငူကြီးထိုင်နေရာက သူ့ကို အားကိုးတကြီးကြည့်နေတော့သည်။ သူတို့ ဒီနေ့နောက်ဆုံး ဖယ်ပေးရတော့မည်တဲ့။

စမ်းစမ်းသည် မောဟိုက်ပင်ပန်းလွန်း၍ မခွကျသွားသည်။ ခဏနေတော့ လမ်းမဘက်ထွက်ခဲ့သည်။ ကလေးတွေက အမေကို မလှုပ်မယှက်ငေးကြည့်ရင်း ကျန်ရစ်ကြ၏။ စမ်းစမ်းက ရုံးခန်းတွေဘက်လျှောက်လာသည်။ တစ်ခန်းဝင် တစ်ခန်းထွက် သွားသည်။

ထိုညက ချစ်မြိုင်လည်း တောင်ပေါ်က ပြန်မလာ။ စမ်းစမ်းတို့တစ်တွေ အမှောင်ထဲမှာပင် အထုပ်အပိုးတွေပိုက်ကာ အိပ်ကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ နောက်နေ့မနက် ချစ်မြိုင်ပြန်ရောက်ချိန်မှာ စမ်းစမ်းတို့တစ်တွေ မြောက်ဘက်လိုင်းက အခန်းလေးတစ်ခုမှာ ရောက်နေကြလေပြီ။ စမ်းစမ်းကတော့ အိပ်ရာထဲမှာခွေပြီး ယွဲ့ယွဲ့သာ ရှိတော့သည်။

\+ + +

ထိုနှစ်က စက်နားချိန်မှာ ဒုက္ခရောက်ပုံများ ပြန်ပင်မတွေးချင်။ ရှာဖွေစုဆောင်းထားသမျှလေးကို တတိတိစားသုံးရင်း စက်ဥသြကြီးဆွဲသည့်အချိန်ကို ပင်ပန်းကြီးစွာ စောင့်စားခဲ့ကြရ၏။ ချစ်မြိုင်လည်း မလုပ်စဘူး တောင်ပေါ်လိုက် မျှစ်ချိုးသည့်အလုပ်ကိုလုပ်ရင်း ဒုက်ဖျားလည်း မိခဲ့သည်။ သားအမိသားအဖတစ်တွေ တစ်ရက်ခြား ဆန်ပြုတ် ပြုတ်သောက်ခဲ့ကြရသည်။

သည်ရက်တွေက ကိုကို့အဖေ ဆုံးသည်။ စမ်းစမ်းသည် ကိုကို့ကို အဝေးမှပင် နှုတ်ဆက်ဖြစ်၏။ လူချုပ် မပေါ်သောသူ့ပုံပန်းကိုလည်း အနီးကပ်မမြင်စေချင်ပါ။ ကိုကို့မှာတော့ အနာဂတ် အတွက် မျှော်လင့်ချက်တွေ တစ်ပုံတစ်ပင်နဲ့ပျော်နေမှာပါပဲဟု တွေးကာ ကျေနပ် အားကျသည်။ ထားထားရို



အပေါ်မှာလည်း မနာလိုဝန်တိုစိတ်မရှိတော့။ ထားထားရို၏ နူးမ်းလျသောမျက်လုံးများနှင့် ရင်ဆိုင်ရသည့်အခါ အပြုံးလဲ့လဲ့ဖြင့်တုံ့ပြန်ဖြစ်သည်။ ကိုကို့ဆီက စာလာသလားဟုမေးချင်သော်လည်း မမေးဖြစ်။

စက်ရုံအသစ်ကြီးပြီးတာနှင့် ကိုကိုအင်ဂျင်နီယာဘွဲ့ရတာနှင့် အတော်ပဲနေ့မှာပါပဲ။ စက်ရုံမြေသစ်မှာ လူငယ်ပညာတတ်တွေ ရောက်လာကြတာ တွေ့ရသည်။ သူတို့ကို ကြည့်တော့လည်း အားကျစရာပါပဲ။ ငယ်လည်းငယ်ကြ၊ ပညာလည်း တတ်ကြ၏။ စမ်းစမ်းကတော့ စက်ရုံက အလုပ်သမားတွေ၏ ခွဲတမ်းဝေစုမှ သူ့ဘယ်လောက် တွက်ခြေ ကိုက်အောင် ကောက်ရရေင်းရမည်လဲ သည့်ထက်ပိုပြီး ပညာမရှိပေ။ ဘာပဲဖြစ်ဖြစ် သည်စက်ရုံကြီးကို အရွှန်းရှည်စေလိုသည့်သူတွေထဲမှာ စမ်းစမ်းက ထိပ်ဆုံးက ပါဝင်လေသည်။

စက်ရုံပြန်လည်သည့် ဥသြရှည်ကြီးဆွဲမည့်နေ့ရက်ကို လက်ချိုးတွက်သည့် အထဲမှ လည်း စမ်းစမ်းက ရှေ့ဆုံးက ပါဝင်လေသည်။

\+ - +

'ကဲ သွားစမ်း'

ချစ်မြိုင်က တောင်းနှင့်ထမ်းပိုးများကို ဝဲနောက်ဘက်သို့ ပစ်၍သိမ်းလိုက်သည်။ သည်ပစ္စည်းများကိုသူ အမုန်းဆုံးတည်း။

www.burmeseclassic.com

www.burmeseclassic.com



မျှစ်ချိုး၍ရသည့် ငွေစလေးများဖြင့် တစ်မိုးတွင်းလုံး အသက်ဆက်ခဲ့ရသော်လည်း သည်ပိုက်ဆံတွေကို ချစ်မြိုင်တန်ဖိုးမထားချင်။ သူ့တစ်သက်တာ စက်သံ တဂျုံးဂျုံးကြားမှာ နေခဲ့ရ၍ သည်အသံတွေ ကြားမှာပဲ သူ ပျော်ပိုက်သည်။ စက်အိုကြီး ချုံးချုံးကျကာ တစ်စစီ ပြိုကျသွားသည်အထိ သူက သည်စက်ထဲမှာပဲ နေချင်သည်။ ပင်ပန်းတာချင်း တူလျှင်လည်း စက်ရုံ အငွေ့အသက်ကြားမှာအပင်ပန်းခံချင်သည်။ တောင်ယာအလုပ်ကို သူ ဝါသနာမပါပေ။ သူသာ ပညာတတ်တစ်ယောက်ဖြစ်ခဲ့လျှင် သည်စက်ကြီးကိုသာ အသက်ဆက်ပေးပြီး အလုပ်သမားအားလုံး တစ်သက်တာခိုလှုံနိုင်အောင်စွမ်းဆောင်ပေးချင်သည်။ သို့သော် သူ့မှာ ဆန္ဒသာရှိလျက် သည်ခံစားချက်ကို အများနားလည်အောင်ပြောမပြတတ်။ အနည်းဆုံးသူ့မိန်းမနားလည်အောင်ပင် ပြောမပြတတ်။ အမှားနားလည်သည်က သူသည် လူအေး လူပျော့တစ်ယောက်သာတည်း။

စိတ်ပျက်ဖွယ်၊ မုန်းတီး ရွံရှာဖွယ် မိုးရာသီ ကာလသည် ကုန်ဆုံးခဲ့ပြီ။

ကြံပင် ရွက်ညွန့်စိမ်းတို့ စိုပြည်လန်းဆန်းကာ ပတ်ဝန်းကျင်တစ်ခုလုံး လှုပ်ရှားအသက်ဝင်လာပြီ။ သည်အချိန်ကာလတွင်သာ သူအခပျော်ရွှင် အတက်ကြွဆုံးဖြစ်သည်။

စက်ရုံမှ ဥဩရှည်ကြီးဆွဲသံသည် မင်္ဂလာရှိလှသည်။



မီးခိုးပြာဝတ်စုံများ သွက်လက်ပေါ့ပါးစွာ လှုပ်ရှားသွားလာကြရပြီ။ သည်လိုသာ တစ်နှစ်ပတ်လုံး ပုံမှန် နေကြရမည်ဆိုလျှင် မည်မျှကောင်းလေမည်လဲ။ ပြီးတော့ သူတို့ အားလုံး ဘဝအာမခံချက် အပြည့်အဝ ရှိလျှင် မည်မျှ သာယာလေမည်လဲ။

ချစ်မြိုင်မှာ ရာသီချိန်အလုပ်သမားမျှသာမို့ ကိုယ်ပိုင် ယူနီဖောင်းလည်းမရှိ။ အဖေ့ယူနီဖောင်းကိုပဲ မြတ်မြတ်နိုးနိုးယူဝတ်ခဲ့သည်။ စက်ရုံထဲမှာ အန္တရာယ် တစ်စုံတစ်ရာ ကြုံတွေ့ခဲ့လျှင် ယူနီဖောင်းဝတ်ထားမှ လျော်ကြေးရမည်။ သူတို့လိုလူအတွက်တော့ ဘာလျော်ကြေးမှ မျှော်လင့်ချက်မရှိ။

ဘာပဲပြောပြော စက်ရုံဝင်းထဲကို ဝင်လိုက်ရသည် နှင့်ပင် သူ့အတွက် အင်သစ်အားသစ်တွေဝင်လာသလို ခံစားရသည်။ ကြည့်လေ လူတွေအားလုံး ပြုံးပြုံးရွှင်ရွှင် ရယ်ရယ် မောမော တွေ့ကြရသည်။ တက်တက်ကြွကြွ ဖြစ်နေကြသည်။ သည်လိုပဲ ဖြစ်နေသင့်သည် မဟုတ်လား။

စမ်းစမ်းလည်း အိမ်မှာ ရွှင်ရွှင်လန်းလန်း ကျန်ရစ်သည်။ စက်ပြန်လည်လျှင် ကြံတောင်သူတွေကို ပစ္စည်းတွေ များများ တုတ်ရောင်းပါစေ။ အလုပ်သမား တွေကို သက်သာဆိုင်က သကြားများများ ရောင်းပါစေ။ ဒူးယား၊ ဖယောင်းတိုင် ပေးပါစေဟု ဆုတောင်းရစ်မည်မှာမလွဲ။ ဂိတ်ဝ လည်းလမ်း

www.burmeseclassic.com

www.burmeseclassic.com



တစ်လျှောက် ကြံလှည်းတွေ တန်းစီဝင်လာနေပြီ။ ကလေးငယ်တို့သည် နှီးရာကြံလှည်းမှ ကြံချောင်း ဝါဝါများကိုဆွဲကာ ချိုမြလန်းဆတ်သော ကြံရည်ကို စုပ်ယူနေကြသည်။

'ကိုရှစ်မှိုင် တစ်ယောက်တည်း ဘာတွေတွေးပြီး ပြုံးလာတာလဲဟင်'

အနားက အသံကြားမှ မော့ကြည့်မိရာ ကတ္တားရုံဘက်မှ လှက်လာသော သန်းရီကို တွေ့လိုက်ရသည်။ သန်းရီတောင် ပြောင်ပြောင်ရောင်ရောင်နှင့် ဝလိုလှလှိုပါလား။ သူသန်းရီကို စူးစိုက်ကြည့်မိတော့ သန်းရီက ရှက်ပြုံးနှင့် ခေါင်းငုံ့သွားသည်။

'စက် ပြန်ဖွင့်တော့ ပျော်လို့ပေါ့ဟာ၊ နင်ကော ဘယ်က လာတာလဲ'

သန်းရီသည် သူ့အင်္ကျီခါးစကိုဆွဲချနေသေးသည်။ သန်းရီက ချစ်မှိုင်နှင့်တွေ့လျှင် ရှက်ကိုးရှက်ကန်း ဖြစ်နေတတ်မြဲပင်။

'ဟို ဟို ဂိတ်ဘက်ကလေ အစ်ကိုရဲ့'

'ပြော်'

ချစ်မှိုင် သတိရသည်။ သန်းရီသည်မကြာမီကပင် ကတ္တားစာရေးနှင့် လက်ထပ်လိုက်သည် မဟုတ်လား။ သန်းရီ လင်ရွေး



မှန်သည်ဟုပဲ ထင်လိုက်သည်။ သူက သန်းရီကို ညီမတစ်ယောက်လိုတော့ သံယောဇဉ် ရှိခဲ့သည်ပဲ။ ခုလို သန်းရီကို လှလှပပ စိုစိုပြည်ပြည်မြင်ရသည်ကိုပဲ ဝမ်းသာမိသည်။ ပင်ပန်းနွမ်းနယ်မှုဖြင့် ပိန်ချုံးချည့်နဲ့နေသော စမ်းစမ်းနှင့် ယှဉ်မိတော့ စမ်းစမ်းအတွက် စိတ်မကောင်းပင် ဖြစ်မိလေသည်။

'အစ်ကို ကျွန်မတို့အိမ်ဘက်လဲ လာလည်ပါဦး၊' အမေကဆို အစ်ကို့ကို မေးမေးနေတယ်'

'အေးပါဟယ်၊ နင်ကော အခု အရက်ပုံ့စက်ရုံမှာ လုပ်သေးလား'

'လုပ်ပါတယ်၊ မောင်လေးတော့ ကျောင်းဆက်တက်တယ်'

'အေးအေး ကောင်းတယ်'

ချစ်မှိုင် စက်ရုံထဲ ဝင်ခဲ့သည်။

နှစ်စဉ် ရာသီချိန်ရောက်တိုင်း သူတို့အလုပ်အတွက် လျှောက်လှာ ပြန်တင်ကြရသည်။ သည်လိုပြန်တင်ခဲ့သည်မှာ ဘယ်နှစ်နှစ်ရှိပြီလဲ။ စက်ရုံထဲမှ သံလှေကားအဆင့်ဆင့်သည် တချို့ နေရာက ယိမ်းယိမ်းယိုင်ယိုင်။ တချို့ နေရာက ခိုင်ခိုင်မြဲမြဲ။ သူ့ကတော့ မြဲမြံစွာ တက်တတ်ဆင်းတတ်နေပြီ။ ကျွမ်းကျင်မှုသည် အဓိက။

www.burmeseclassic.com

www.burmeseclassic.com



သည်ရာသီမှာ စက်ရုံသစ်လည်း စမ်းသပ် လည်ပတ်မည်။ အောင်မြင်ပါစေဟု အားလုံးကဆုတောင်းမျှော်လင့်၏။ အလုပ်သမားတွေ တပ်ခန့်ဦးမည်ဆိုတော့ သူတို့အတွက် ကောင်းသော အလားအလာသာ ဖြစ်သည်။

သူတို့မှာ တစ်နှစ်ပြီးတစ်နှစ် သည်လို မျှော်လင့်ချက် အသစ်အသစ်တွေဖြင့် အားဖြည့်အသက်ရှင်နေရသည် မဟုတ်ပါလား။

\+ + ✤

ပထမဆုံး အမေ့မျက်လုံးများကို ကိုကို ရင်ဆိုင်ရသည်။

သားကို အားကိုးယုံကြည်မျှော်လင့်သော အရိပ်အယောင်များသည် အမေ့မျက်နှာပေါ်မှာ အထင်းသား။ သို့သော် ယခင်ကလို မာန်မာနဖြင့် ဝင့်ထည်သော အသွင်ကို မမြင်ရတော့။ အမေသည် မျှော်လင့်သည်တက်ပင် ပို၍ ညှိုးရော်ခွေနွမ်း၍ နေသည်။

အမေ့ကို ကြည့်ရသည်မှာ သူသာပြန်မလာဘူးဆိုလျှင် သူတို့ နေခွင့် မရှိတော့သည့် သည်တိုက်အိုကြီးထဲမှာပင် အဆုံးတိုင်



အသေခံကာ နေသွားတော့မည့်ပုံ။ အမေ့ကို ဘယ် သူ က မှ အတင်းအဓမ္မ ဖယ်ရှားခိုင်း၍ မရသည်ကပင် သက်သေခံနေသည်။ အမေက ကိုကို မကြာခင် ပြန်လာမည့် အကြောင်း၊ သည်စက်ရုံမှာ ရိုးမြေကျ အလုပ်လုပ်သွားမည့် အကြောင်းကိုသာ တွင်တွင်ပြော၍ ငြင်းဆိုခဲ့သည် ဆိုလေ၏။

သည်အတွက် ကိုကို ပထမဦးစွာ နောင်တရ ကြေကွဲမိလေသည်။

လူတို့သည် ဘာကြောင့်များ မိမိမှီတွယ်ရာ အရပ်ဒေသ ဝန်းကျင်ကို မစွန့်ခွာချင်ကြပါသနည်း။

‘သား မင်း အခု အလုပ်လျှောက်ခဲ့ပြီ မဟုတ်လားဟင်၊ ဒီစက်ကြီးမှာ အင်ဂျင်နီယာ ပြန်လုပ်ရမှာ မဟုတ်လား၊ ဟုတ်တယ် မဟုတ်လား’’

အမေက မျှော်လင့်ကြီးစွာ မေးနေပြန်၏။ ကိုကို မဖြေတတ်။

‘လျှောက်တော့ လျှောက် ထား တာ ပဲ၊ ရမှာ ပေါ့ အမေရာ’

‘ရမှာပေါ့နော်၊ ဟုတ်တယ် မဟုတ်လား၊ ရရင် အမေတို့ ဒီတိုက်ကြီးမှာ နေရမှာ မဟုတ်ဘူး၊ မြောက်ဘက် တိုက်သစ်

www.burmeseclassic.com

www.burmeseclassic.com



လေးတွေမှာ နေရမှာနော်၊ ကောင်းလိုက်တဲ့ အိမ်လေးတွေ သားရေ့၊ မင်းအဖေများ ရှိစေချင်လိုက်တာ'

အမေက တစ်မျှော်တစ်ခေါ် စိတ်ကူးယဉ်နေပြန်သည်။ဘာပဲ ဖြစ်ဖြစ်လေ လောလောဆယ် အမေ စိတ်ချမ်းသာပါစေ ဟု သဘောထားလိုက်သည်။

ညီညီကတော့ ကျောင်းအားရက်မှာ တခြားကလေးများ လိုပင် ကုလားမင်းသားတိုက်ကြီး၏ အုတ်မြစ်မှ အုတ်ခဲများကို သဲကြီးမဲကြီး တူးဖော်နေတတ်လေသည်။

'တစ်ရာကို အစိတ်ရတယ် ဆစ်ကိုရဲ့' ဟု ညီညီက ပြောသည်။

\+ \+ \+

အမေနှင့်ရင်ဆိုင်ပြီးတော့ ထားထားရီနှင့် ရင်ဆိုင်ဖို့ ကြိုးစားရပြန်သည်။ ထားထားရီနှင့်တွေ့လျှင် ဘာကစပြီးပြောရမည်လဲ။ ထားထားရီသည် အခြေအနေကို ပါးနပ်စွာ နားလည်သိရှိတတ်သူ။ ပြီးတော့ မာနတရားရှိသူ။ သူ၏မတည်မငြိမ် ပြောင်း



လဲခဲ့သော စိတ်အစဉ်ကို ရိပ်မိသိရှိမည်သာ။ ဒါကြောင့်သာ သူ ဖွဲဖွဲနွဲ့နွဲ့ စာရေးခဲ့ပေမယ့် ဘူတာရုံကို လာမကြိုဘဲနေတာ ဖြစ်မှာပဲလေ။ သူနှင့် ကွဲကွာနေစဉ် ကာလအတွင်း ထားထားရီ မည်သို့များ ပြောင်းလဲခဲ့လေမည်လဲ။

ထားထားရီ ရုံးမှာ အလုပ်ဝင်လုပ်တာ၊ တက္ကသိုလ်စာပေး စာယူဖြေနေတာ၊ ရွာထဲကအိမ်ကိုရောင်းပြီး လိုင်းထဲမှာ အိမ်ရတာ၊ သူအားလုံးသိပြီးပြီ။ သူမသိတာ ထားထားရီ၏ သဘောထားပါပဲ။ သူ့ကို ထားထားရီ ခွင့်လွှတ်နိုင်ပါ့မလား။

ရုံးကို သွားတွေ့ဖို့ သူ စိတ်မကူးချင်သေးပေ။ နောက်ဆုံးတော့ ထားထားရီကို တွေ့ရန် အကောင်းဆုံး နည်းလမ်းမှာ စာကြည့်တိုက်သို့ သွားရာလမ်းမှ စောင့်ဆိုင်းခြင်းသာဟု သူ ဆုံးဖြတ် လိုက်၏။ ထားထားရီသည် စာကြည့်တိုက်သို့တော့ မလာဘဲ နေမည် မဟုတ်။ သူနေသောလိုင်းထဲမှ စာကြည့်တိုက်သို့လာလျှင် ဖြောင့်ဖြူးသော ၁ ရပ်ကွက်လမ်း အတိုင်း လာပေလိမ့်မည်။ ထို့ကြောင့် လမ်းမပေါ် လက်ဖက်ရည်ဆိုင်မှ သူထိုင်စောင့်သည်။ တစ်ရက် နှစ်ရက် သုံးရက်။ ထားထားရီ ပေါ်မလာ။ သူစောင့်မည်မှန်းသိ၍ ရှောင်နေသလား မသိ။ လက်ဖက်ရည်ဆိုင်မှာ ငယ်သူငယ်ချင်းများနှင့် ပြန်ဆုံသည်။ သူ့လိုပင် တစ်ချိန်က စာပေမှာ ၁ ါသနာတူခဲ့ကြပြီး တက်တက်ကြွကြွ ရှိခဲ့ကြသော သူငယ်ချင်းများကို ပြန်ဆုံရသည်။ သူတို့အ စက်ရုံမှာ အဆင့်အမျိုးမျိုးဖြင့် ပြန်လုပ်သူ လုပ်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



စာရေးစာချီဖြစ်သူ ဖြစ်ကြသည်။ စားသာသည့်နေရာ ရောက်သူ ရောက်သည်။ တလူးလူးတလိမ့်လိမ့် ရှိသူရှိနေသည်။

သူက 'ခြောက်နှစ်လုံးလုံး စာနှင့်ပေနှင့်ပါ အလုမ်းဝေး အောင် နေခဲ့မိသည်။ ထို့ကြောင့် ယခုအခါ စာအကြောင်း ပြောလျှင်လည်း သူ အပြင်ရောက်နေသည်။ စက်ရုံအကြောင်း ပြောတော့လည်း သူ အပြင်ရောက်နေသည်။ စက်သစ်ကြီးနှင့် အလုပ်သမားတွေနှင့် အံဝင်ခွင်ကျ မဖြစ်သေးသည့်အကြောင်း၊ အင်္ဂလိပ်ကောား နားမလည်သော ချက် လူ မျိုး အရာရှိတွေ အကြောင်း၊ နယ်အသီးသီးမှ ရောက်လာသော လူငယ်တွေ အကြောင်း။

သူ့မှာ ပြန်ပြောရာ အကြောင်းမရှိ။ တစ်ချိန်ကတော့ သူလည်း သည်နယ်မြေ၏ အခြေအနေမှန်ကို မျက်ခြည်မပြတ် စောင့်ကြည့်ဝေဖန်နေသူ လူငယ်တစ်ယောက်ပါပဲ။ ယခု ထို အခြေရောက်အောင် ပြန်ကြိုးစားရဦးမည်။

လောလောဆယ် ထားထားရီနှင့်ပဲ တွေ့လိုသည်။

ငါးရက်မြောက်နေ့မှာ ခတ်မီးတိုင်မှ အလင်းရောင်လွဲလွဲ အောက်ဝယ် လျှောက်လာနေသော ထားထားရီကို သူ တွေ့ ရသည်။ သူ့ ရင်တွေ ထိတ်ကနဲဖြစ်ကာ ဝမ်းသာသွားသည်။ ထားထားရီသည် ယခင်လိုပင် မပြောင်းလဲ။ တည်တည်ငြိမ်ငြိမ် အေးအေးဆေးဆေး လျှောက်လာနေသည်။ စာအုပ်တစ်အုပ်ကို



လက်မှာ ပိုက်ထားသည်။ ဆံပင်ကိုတော့ အရှည်ကောက်ပြီး ဘေးသိမ်းထားသည်။ ပိုလှလာသည် ထင်၏။

လက်ဖက်ရည်ဆိုင်ထဲက သူထွက်တော့ 'ဗြော် ဒါကြောင့် မင်း ဒီမှာ လာတိုင်နေတာကိုး' ဟု သူငယ်ချင်း ဟောင်းများက ပြောသည်။

ထားထားရီသည် လက်ဖက်ရည်ဆိုင်ဘက်ကို လှည့်မကြည့်။ ရှေ့ဆက်လျှောက်သွားသည်။ သူ နောက်က လိုက်သွားသည်။ ထားထားရီ ဖျတ်ခနဲ လှည့်ကြည့်သည်။ သူ့ကို မြင်သွား၏။ ပြီးတော့ ရှေ့ဆက်လျှောက်သွားသည်။ ယခင်က အရာရှိအိမ်၊ ယခု ဧည့်ရိပ်သာအဖြစ် ပြောင်းလဲနေသော တိုက်ရှေ့မှာ ထား ထားရီကို သူမီသည်။ ထားထားရီနှင့် ဘေးချင်းယှဉ်လိုက်လာ ခဲ့သည်။ ထားထားရီက ခြေလှမ်းမြန်မသွား၊ နှေးလည်း နှေး မသွား။ သူ ထားထားရီကို လှန်းလာသည်။

'ထားထား ကိုကိုရေးတဲ့စာ ရလား'

သူ အရဲစွန့်၍ မေးလိုက်ရလေသည်။

'စာတွေ အားလုံးရပါတယ်'

ထားထားရီဖြေပုံက အစီပွာယ် ပါနေပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘူတာမှာ ထားထားကို ရှာမိသေးတယ်၊ ကိုကို့ကို စိတ်ဆိုးနေလား ထားထားရယ်'

ထားထားရီ ပြုံးလိုက်တာကို သူ ဘေးတိုက် အနေအထားမှ မြင်ရလေသည်။

'ကိုကိုက စိတ်ဆိုးစရာ ဘာများလုပ်ခဲ့လို့လဲ'

ဝမ်းသာရမည်လား၊ ဝမ်းနည်းရမည်လား ကိုကို မသိပေ။ ထားထားရီက စိတ်ဆိုးသည်ဟုလည်း မပြော။ သူ့ကိုသာ မေးခွန်း ပြန်ထုတ်နေပါပကော။

'နောက်ပိုင်း ကိုကို စာမရေးဖြစ်တာ အဖေဆုံးပြီး စိတ်ညစ်တာလဲ ပါတယ်၊ ဘာလုပ်ရမယ်ဆိုတာ မဆုံးဖြတ်တတ်တာလဲ ပါတယ်'

ထားထားရီ ထပ်မံပြုံးပြန်၏။

'ရန်ကုန်မှာပဲ နေရမလား၊ သကြားစက်ကိုပဲ ပြန်လာရမလား စဉ်းစားနေတာ ဆိုပါတော့'

ထားထားရီ၏ စကားက သူ့အရှိုက်ကို ထိသွားလေသည်။ သူတို့ စာကြည့်တိုက်ရှေ့ကို ရောက်လာခဲ့သည်။ ထားထားရီ ရှေ့ကဝင်သွားရာ သူ နောက်က လိုက်သွားသည်။ ထားထားရီ ကိုင်လာသော စာအုပ်သည် ယနေ့ နောက်ဆုံးနာမည်ရ စာရေး



ဆရာမငယ် တစ်ယောက်၏ စာအုပ်ဖြစ်သည်။ သူက ထိုစာရေးဆရာကို မဖတ်ဘူးသေး။ ထားထားရီသည် ယခင်လိုပင် ရှိနေသည် တကား။

'ကိုကိုတို့များ ပြန်ရောက်နေတယ်သာကြားတယ်၊ ခုမှ ပေါ်လာတယ်နော်'

စာကြည့်တိုက်က တာဝန်ကျ အစ်မကြီးက လှမ်းနှုတ်ဆက်သည်။ ထားထားရီသည် စာအုပ်ပြန်အပ်ပြီး သူ့စိတ်ကြိုက် စာအုပ်ကို ရွေးနေသည်။ ယခု ထားထားရီ ရွေးထုတ်သော စာရေးဆရာကိုလည်း ကိုကိုမဖတ်ဘူးသေးပေ။ ကိုကို သည် ကျောင်းနေစဉ်ကာလ စာအုပ်များနှင့် အဆက်ပြတ်နေခဲ့သည်မှာ ကျောင်းစာတစ်ခုတည်းအတွက်ကြောင့်ကား မဟုတ်။

စာကြည့်တိုက်က အစ်မကြီးသည် ယခင်ကတည်းက သူတို့နှစ်ယောက်ကို တွဲလျက် မြင်နေ တွေ့နေကျ။ အတူတကွ မမြင်ရတာကြာသော သူတို့နှစ်ယောက်ကို ကြည်စင်သော အပြုံးဖြင့် ကြည့်နေသည်။

'ကိုကိုကကော ဘာစာအုပ်မှ မယူဘူးလား'

ကိုကို ခေါင်းလည်းမညိတ်မိ။ ခေါင်းလည်း မခါမိ။ ထားထားရီ ပြန်ထွက်လာမှ သူ နောက်က လိုက်လာသည်။

နှစ်ယောက်သား ဘိတ်ဆိတ်စွာပင် လျှောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



နို့ဝင်ဘာ ဆန်းရက်မှ အေးမြလျက် ရှိသည်။ ထားထားရီ၏ အေးစက်တည်ငြိမ်သော လှုပ်ရှားမှုများသည် သူ့ရင်ကို ပို၍ စိမ့်အေးစေလျက် ရှိသည်။

'ထားထား ဒီနှစ် နောက်ဆုံးနှစ် ဖြေရမှာလား'

သူက စပြောဖြစ်သည်။ ထားထားရီ၏ အကြောင်းကိုပဲ မေးမိနေ၏။

'တတိယနှစ်ပါ'

သူ့အမှားကို သူမြင်ပြန်၏။ ထားထားရီ၏ အခြေ အနေ အရပ်ရပ်သည် သူနှင့်ကင်းကွာခဲ့ကြောင်းကို သက်သေထူသကဲ့သို့ ရှိနေလေသည်။

'ကိုကို ဒီမှာ အလုပ်ဝင်နိုင်ဖို့ လျှောက်ထားတယ်'

သူ့အခြေအနေကို ပြောဖြစ်၏။ သူ ဒီမှာပဲ ပြန်အခြေချမည်ဟု ဆိုလိုကြောင်း ထားထားရီသိမှာပါပဲ။ ထားထားရီက သူ့ကို ထေ့သော ငေါ့သောစကားကို မပြော။ အပြစ်တင်သည့်လေသံလည်း မဟ။ ဤသည်ကပင် သူ့အတွက် ပို၍ အနေခက်စေလေသည်။

'ကိုကို အားနေရင် ညကျောင်းမှာ စာပြပေးဖို့ ကောင်းတယ်'



ထားထားရီ၏ ပထမဆုံး အရေးတယူပြောသော စကားပေတကား။

ကိုကို ထားထားရီကို ငေးစားသည်။ ထားထားရီ၏ စိတ်ထားကို ပို၍ တန်ဖိုးထားသည်။ ထားထားရီသည် အခြေအနေအားလုံးထဲမှ အကောင်းဆုံးကို ရွေးချယ် လုပ်ဆောင်တတ်သူပေတကား။

ထိုတဒင်္ဂမှာပင် ထားထားရီသည် သူ့အတွက် အင်အားကိုပေးစွမ်းသော တစ်ဦးတည်းသော အဆွေခင်ပွန်းကောင်းအဖြစ် အပြီးအပိုင် သူ ဆုံးဖြတ်မိလေသည်။

လရောင်ပျပျသည် ထားထားရီ၏ မျက်နှာတစ်ခြမ်းပေါ်သို့ ကျရောက်လွှမ်းခြုံလျက် ရှိနေလေသည်။

\+ \+ \+

ကိုကို့ကို လှမ်းမြင်ရကတည်းက ဝမ်းဝမ်းတစ်ယောက် ပျာယာခတ်လျက် ရှိနေလေသည်။ ကိုကိုလမ်းထဲကို ဝင်လာကတည်းက ဝမ်းဝမ်းလှမ်းမြင်၏။ ထားထားရီတို့အိမ်ကလည်း ဟိုဘက်

www.burmeseclassic.com

www.burmeseclassic.com



နားမှာ ရှိနေသည်ဆိုတော့ ထားထားရီဆီ လာတာပဲလား မခွဲခြားတတ်။ တစ်ဘက်ကို ချိုးမသွားဘဲ အိမ်ဘက်သို့ တန်းတန်းမတ်မတ် လာနေတာမြင်ရမှ သူ့ဆီ တခုတ်တရ လာတာပဲဟု နားလည်လိုက်သည်။

စမ်းစမ်းသည် အိမ်ခန်းထဲပြေးဝင်၏။ ညစ်ပတ်စုတ်ပြတ်နေသော လုံချည်ကိုလဲ၏။ အိမ်ရှေ့ထွက်လာ၏။ ကိုကိုအိမ်နားသို့ နီးလာနေပြီ။ အိမ်ခန်းထဲပြန်ဝင်၏။ အင်္ကျီလဲရကောင်းမလား မှန်ကိုကြည့်သည်။ မှန်ကလည်း မှုန်ဝါးဝါး။ မလဲတော့ပါဘူးဟုဆုံးဖြတ်ကာ အင်္ကျီခါးကို ဆွဲဆန့်ရင်း အိမ်ရှေ့သို့ ထွက်လာသည်။ ကိုကိုက အိမ်ထဲဝင်လာနေပြီ။

ကလေးနှစ်ယောက်သည် လမ်းပေါ်မှာ ဆော့ကစားနေရာမှ ကိုကိုနှင့်အတူ အိမ်ထဲသို့လိုက်ဝင်လာသည်။ ကိုကိုက အငယ်ကောင်၏ခေါင်းကိုပွတ်သပ်ရင်း စမ်းစမ်းကို ပြုံးကြည့်သည်။ စမ်းစမ်း တစ်သက်လုံး စိတ်ကူးယဉ် မြတ်နိုးခဲ့ရသည့် အပြုံးပါပဲ။

'ဒါ နင့်ကလေးတွေလား'

ကိုကိုက စမ်းစမ်းမဖိတ်ခေါ်ခင် အိမ်ရှေ့ကြမ်းပြင်ပေါ် ဖင်ချထိုင်ကာပြောသည်။

'ဟုတ် တယ် လေ၊ ကိုကို တို့ဆီ လာ လည် တာ လား၊ ဒီကုလားထိုင်ပေါ် ထိုင်ပါလားဟယ်'



စမ်းစမ်းက တစ်လုံးတည်းသာ ရှိသော ပက်လက်ကုလားထိုင်ကို တစ်ချက်ခေါင်းရိုင်းပြောသည်။

'နေပါစေဟာ ငါဒီမှာပဲထိုင်မယ်၊ ဒါနဲ့ ချစ်မြိုင်ကော'

'စက်ထဲမှာလေ၊ ဟဲ့ကောင်လေး လာစမ်း ဒီမှာထိုင်၊ ကိုကိုနေဦး၊ ငါရေနွေးတည်ဦးမယ်ဟဲ့ ဖိုးတာ လာဦး မုန့်သွားဝယ်စမ်း'

စမ်းစမ်းက အငယ်ကောင်ကို ကိုကို့အနားမှဆွဲခေါ်ယူပြီး အကြီးကောင်ကိုခိုင်းဖို့ အော်ခေါ်နေပြန်သည်။

'နေစမ်းပါ စမ်းစမ်းရယ်၊ မုန့်တွေဘာတွေ မဝယ်ပါနဲ့၊ နင်ကလဲ ငါ့ကို ဧည့်သည်ကြီးကျနေတာပဲ'

'ကိုယ့်အိမ်လာလည်တာ ဧည့်သည်ပဲပေါ့ဟယ်၊ နင် အခုလို လာလည်တာပဲ ငါဝမ်းသာလှပြီ၊ ငါက နင် ငါတို့ကို မေ့သွားပြီ ထင်နေတာ'

'ဘာလို့မေ့ရမှာလဲဟာ ငယ်သူငယ်ချင်းတွေပဲ၊ ဦးတို့ ဒေါ်ဒေါ်တို့ကော'

စမ်းစမ်းသည် ကိုကို့ကို ခေတ္တငေးကြည့်မိသေးသည်။ ကိုကိုက ပိန်ညှိုးလာသလိုပဲ။ သူ့ဘဝကတော့ ဟုမင်ကနှင့်

www.burmeseclassic.com

www.burmeseclassic.com



များစွာကွာခြားခဲ့ပြီ။ ကိုကို့မျက်စိထဲမှာ အဘွားကြီးအိုရုပ်ပေါက်နေမှာပဲဟုလည်း တွေးမိသည်။

'အဖေတို့ အမေတို့လဲ နေစရာမရှိတော့ ဘကြီးအိမ်မှာ ကပ်နေရတယ်၊ ခုတလောတော့ အမေလဲ တောင်ငူနဲ့ကူးပြီး ဈေးရောင်းကြည့်နေတယ်တဲ့၊ အဖေကတော့ ကောင်းကောင်းနေမကောင်းဘူး၊ ဒါပေမယ့် သောက်နေတာပါပဲဟာ'

အခြေအနေသည် ယခင်နှင့်မတူ ပြောင်းလဲသွားပြီ။ သို့မဟုတ် ဘာမျှ မပြောင်းလဲသေးဟုလည်း ပြောနိုင်သည်။ ပြောင်းလဲသွားခြင်းက စမ်းစမ်းသည် ကလေးနှစ်ယောက်အမေဖြစ်ပြီး ပိန်ချုံးကျဆင်းသွားခြင်း၊ လူကြီး အတော်များများ အလုပ်ခွင်မှ အနားယူသွားခြင်းနှင့် မပြောင်းလဲခြင်းမှာ အားလုံး၏ ပိုနေမြဲကျားနေမြဲဘဝပင် ဖြစ်သည်။

စမ်းစမ်းသည် ကိုကိုဘားလျက်က ရေနွေးအိုးထတည်သည်။ ရှိသမျှ ပန်းကန်ခွက်ယောက်လေးများကို ဆေးကြောသန့်စင်ပြီး ရေနွေးကြမ်းသည့်သည်။ ကလေးအကြီးကောင် ဝယ်လာသော ကုလားမလိုင်မုန့်များဖြင့် ညှိခံသည်။ ရောက်တတ်ရာရာ ရှေးဟောင်းနှောင်းဖြစ်များ ပြောကြသည်။ သူတို့ငယ်စဉ်က ကုလားမင်းသားတိုက်ကြီး၏ ဘေးကွက်လပ်မှာ ပျော်ရွှင်စွာ ကစားခဲ့ကြသည့် အကြောင်း၊ အလှန် ဗွက်ထူလှသော ဂျေပူကျောင်းမှာ ကျောင်းတက် ခဲ့ရသည့် အကြောင်း။



'ကိုကို အခု နင် အင်ဂျင်နီယာဖြစ်လာပြီ၊ စက်ရုံမှာ အင်ဂျင်နီယာ ပြန်လုပ်ရမှာပေါ့နော်၊ စက်အသစ်ကြီးက နင် လုပ်ရမယ်ထင်တယ်'

ကိုကို ထူးခြားဟန် မပြ။

'အလုပ်တော့ လျှောက်ထားတာပေါ့လေ၊ ရရာအလုပ် လုပ်ရမှာပေါ့ဟာ'

ကိုကို့အသံက အားပျော့လှသည်။

'နင် ထားထားရီနဲ့ တွေ့ပြီးပလား'

'အေး'

ယခုတော့လည်း စမ်းစမ်းသည် ကိုကိုနှင့် ထားထားရီကို သူ့ထံမှ ကဏ္ဍခွဲခြားကာ သတ်မှတ်လိုက်ပြီ။ သူ့ဘဝသည် ငယ်စဉ်ကတည်းက အသွင်ခြားနားခဲ့သည် မဟုတ်လား။

'ငါပြန်မယ်စမ်းစမ်း၊ ချစ်မြိုင်လာရင်လဲ ငါလာလည်တယ်လို့ပြောလိုက်ပါ၊ နင်လဲ ပိန်လိုက်တာဟာယ်၊ ကျန်းမာရေး ဂရုစိုက်ပါဦး'

ကိုကို သူ့ထံလာပြီး ပြောသမျှစကားထဲတွင် နောက်ဆုံးကရုဏာစကားကြောင့် စမ်းစမ်းရင်မှာ ငယ်စဉ်ကလို ပြန်လည်ရွှင်လန်းရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုတို့ ထားထားရီတို့မှာ မျှော်လင့်စရာ အနာဂတ်ရှိသည်။ စမ်းစမ်းအဖို့တော့ သည့်သိသရာမှာပဲ ရစ်ဝဲနေစရာရှိ၏။ ဘာမျှ ထူးခြားလာစရာအကြောင်းမရှိ။

ကိုကို နောက်ကျောပြင်ကို ငေးကြည့်ရင်း စမ်းစမ်းက ထိုအချက်ကို တွေးနေမိသည်။

+ + +

စက်အသစ်အတွက် အလုပ်သမားတွေ ထပ်ခန့်သည်။ စက်သစ်ကို စမ်းသပ်လည်ပတ်တော့မည်။ ဘာပဲဖြစ်ဖြစ် အလုပ်ရသူတိုးလာသဖြင့် သူတို့ဝမ်းသာကြသည်။ စက်အသစ်ကြီး လည်ပတ်လျှင် ယခင်ထက် ပိုပြီး သကြားများများ ထုတ်နိုင်မည်။ အမြတ်ငွေ များများရမည်။ နိုင်ငံခြားငွေရမည်။

တကယ့် လက်တွေ့တွင်ကား သူတို့ မျှော်လင့်သလောက်အဆင်ပြေချောမွေ့ခြင်းမရှိ။ စက်သစ်နှင့် သူတို့အထာမကျ။ နိုင်ငံခြားကျွမ်းကျင်သူတွေကလည်း ဆက်ဆံရသည်မှာ အဆင်မပြေလှ။ သူတို့က အင်္ဂလိပ်စကားလည်း ကောင်းကောင်း



မတတ်။ မြန်မာလိုလည်း လုံးဝမတတ်။ ဘာပြောလို့ ပြောမှန်းမသိ။ ဘာလုပ်လို့ လုပ်ရမည်မသိ။

ပွဲဦးထွက်မှာပင် အလုပ်သမားတစ်ယောက် အသက်ဆုံးသွားသည်။ တစ်ယောက်က စက်ကြားထဲဝင်အနေ တစ်ယောက်က ခလုတ်ကို ဖွင့်မိသည်တဲ့။ တာဝန်ချိန်လည်းမဟုတ်။ သူတို့က စမ်းသပ်လုပ်ကိုင်နေခြင်းသာ။ လျော်ကြေးကိစ္စ ရဖို့မလွယ်။

ချစ်မြိုင်လည်း စက်သစ်ဘက်ကိုပါလာသည်။ သည်ဘက်မှာ အမြဲတမ်းရာထူး မြန်မြန်ရဖို့ လွယ်လေမလားဟု မျှော်လင့်ချက်နှင့်ပင်။ သို့သော် စက်သစ်မှာ သူမပျော်ပေ။ အထာမကျတာလည်းပါ၊ ထင်သလောက်မအောင်မြင်တာလည်း ပါသည်။ စမ်းသပ်အဆင့်မှိုပဲထင်ပါရဲ့။ သည်နှစ်တွက်ကတော့ သကြားမရဘဲ တင်လဲရည်တွေသာရခဲ့၍ အရက်ပျံ စက်ရုံကောင်းစားဖို့ပဲ ဖြစ်နေတော့သည်။ သူတို့က မိမိဝမ်းစာအတွက်သာမက တိုင်းပြည်အတွက်လည်း အကျိုးအမြတ်ရှိစေချင်သည့် စေတနာရှိတာ အမှန်ပါပဲ။ မိမိတို့စက်ရုံကြီးကို အရှုံးနှင့်လည်ပတ်နေရသည်ဟူ၍ အပြောမခံချင်ကြတာ အမှန်ပါပဲ။

မိသားစုဝမ်းရေးကိုတော့ မိန်းမဖြစ်သူ စမ်းစမ်းလက်ထဲဝကွက်အပ်ထားရဲ့။ ဘာပဲဖြစ်ဖြစ် စက်ဖွင့်သည့်ရာသီချိန်မှာတော့ တက်တက်ကြွကြွ နေပျော်ကြသည်။ နေရသည့်အဆင့် နေရသည့်အလုပ်ခွင်မှာပဲ အတည်တကျ မြုပ်နှံနေထိုင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အနိမ့်ဆုံးအနေက ထိုမျှ သာပဲဖြစ်သည်။ သို့သော် ကြံပင်တွေ အညွန့်ထွက်မှ သူတို့ လန်းရွှင်ရသည့်အခ။

ချစ်မြိုင် အိမ်ပြန်လာတိုင်း တစ်နေ့တခြား ကြီးထွားလာပြီး စားအားကောင်းလှသည့် ကလေးများကိုမြင်ရသည်။ အရောင်းအဝယ်အလုပ်ဖြင့် ဈေးသည်မကြီးတစ်ပိုင်း ဖြစ်နေသော စမ်းစမ်းကိုကား ညဥ့်နက်မိုးချုပ်မှ မြင်ရသည့်အခါ မြင်ရသည်။

'စမ်းစမ်းရယ် နင်လဲ ကိုယ်စားဖို့ရှာရင်းနဲ့ အလုပ်သမားတွေအပေါ် ခေါင်းပုံဖြတ်တဲ့မိန်းမကြီး ဖြစ်မှန်းမသိ ဖြစ်နေပြီနော်'

သူက မထိတထိစသောအခါ စမ်းစမ်းက ဆွေ့ဆွေ့ခုန်ပြီး သူ့ရင်ဘတ်ကို သူ့ဘာသာ လက်ဝါးဖြင့် ဖြန်းခနဲ ထုရိုက်လေသည်။

'အမလေးတော်၊ တော်မို့ ပြောရက်တယ်၊စားတော့ သူပါ စားနေပြီး ဒီမှာ ကျုပ် ရောင်းဝယ်တယ်ဆိုတာ သင့်တင့်တဲ့ အမြတ်ပေးပြီး ဝယ်တာပါတော့၊ ကျုပ်က ငွေတိုးနဲ့ယူရတာ၊ ဒေါ်ဘုမကို တစ်လတစ်လဆပ်ရတာဘယ်နည်းလို့လဲ၊ သူ့ကိုပါ လုပ်ကျွေးနေရသလိုပါတော်'

ပြောမည့်သာပြောရ စမ်းစမ်းကြောင့်သာ သူတို့ဟန်မပျက် နေနိုင်ကြသည် မဟုတ်လား။ စမ်းစမ်းသည် အမြတ်များများ



ရလျှင် သူ့အတွက်သာမက ချစ်မြိုင်အတွက်ကော၊ ယောက္ခမတွေ ကလေးတွေအတွက်ပါ အဝတ်ကြမ်းလေးများ ဝယ်လာတတ်သည်။ ဤသည်မှာ စမ်းစမ်း၏ ချစ်စရာကောင်းသော အကျင့်။

'ဒီမယ်ချစ်မြိုင် ငါလေ နင့်ကို နေစရာမရှိလို့ယူခဲ့ရတာ၊ အခု ငါက စားစရာကို မပြတ်ရှာပေးနေတာ၊ ခု ငါက ပိန်ချုံးပြီး အရှယ်ကျနေတော့ နင်က စိတ်ပျက်တယ်ပေါ့လေ၊ ဒီလိုမှန်းသိ ငါလဲ အစက သန်းရီလို ကတ္တားစာရေးတစ်ယောက်နဲ့ ယူလိုက်ဖို့ကောင်းတယ်'

စမ်းစမ်းက ချစ်မြိုင်မခံချင်အောင် ပြန်ပြောသည်။

'ငါပြောတာနဲ့ ဘာဆိုင်လို့ စမ်းစမ်း၊ နင်က စာရေးကို ယူချင်တာမဟုတ်ပါဘူး၊ အင်ဂျင်နီယာ ယူချင်တာမဟုတ်လား'

ချစ်မြိုင်ပြန်ပြောတော့ စမ်းစမ်းမျက်နှာ ရဲကနဲ ဖြစ်သွားသည်။

'ချစ်မြိုင် နင်ကလေ ငါ့အပေါ် အနိုင်ရမှန်းသိလို့ နိုင်ချင်တယ်၊ နင့်အမေ နင့်အဖေလဲ အိမ်ကမခွာဘဲ ဖင်မြဲနေလိုက်ကြတာ၊ ငါ နင်တို့ မိသားစုအတွက် ကျွန်ခံနေတာ အကောင်းမထင်ဘူး'

တင်းမာခက်ထန်လေ့ရှိသော စမ်းစမ်း မျက်ရည်ဝဲသွား၏။

www.burmeseclassic.com

www.burmeseclassic.com



'ငါ အလကား စ နေတာပါ စမ်းစမ်းရယ်၊ ငါလဲ မိုးတွင်းတုန်းက တစ်သက်လုံး မလုပ်ဘူးတဲ့ အလုပ်တောင် လုပ်ခဲ့သေးတာ၊ နင့်ကို သနားလို့ပါဟာ၊ နင်ကသာ ငါ့မေတ္တာကိုမသိတာ၊ ငါက နင့်ကို ချစ်ခဲ့ရတာပါ'

သည်လိုပြောတော့ စမ်းစမ်း မျက်နှာလည်း ချက်ချင်းပြန်လည်ကြည်လင်သွားသည်။ ဟုတ်ပေသားပဲ။ တကယ်တော့ ချစ်မြိုင်က သူ့ကိုချစ်၍ ပိုးပန်းခဲ့သူ၊ အရယူခဲ့သူပဲ။ ယခုလည်း သူက အကြံအဖန် မလုပ်တတ်တာကလွဲလျှင် အသောက်အစား အလည်အပတ် ကင်းပြီး တတ်စွမ်းသမျှတော့ တာဝန်ကျေသူပါပဲ။

ယခုတော့သူတို့အိမ်ထောင်ရေးမှာ ခိုင်မြဲသောချစ်မေတ္တာကလွဲလျှင် ဘာမျှအားကိုးစရာ မရှိပေ။ အကောင်းဆုံးသော အနာဂတ်ဆိုသည်မှာ နှစ်ငည် ဆောင်းဦးရောက်တိုင်း ပေါ်ပေါက်လာတတ်ပြီး သစ်ရွက် ကြွေသော နွေဦးကာလမှာ ပြန်လည်ပပျောက်သွားမြဲပင် ဖြစ်လေသည်။

\+ \+ \+

ကိုကိုနှင့်ပြန်တွေ့ရတော့ ထားထားရီရင်ထဲမှာ ပြန်လည်ရှင်သန်းတက်ကြွလာကာ ပိုမိုအားရှိလာတာကို မိမိဘာသာ ကျိတ်ပြီး



ခံစားမိရလေသည်။ ကိုကို့ကို တွေ့သည်နှင့် စကားနာထိုးဖို့၊ မေးခွန်းစိမ်းတွေမေးဖို့ သူ မေ့သွားသည်။ ကိုကို ယခင်ကလို ယုံကြည်နားလည်မှုတွေနှင့် သည်နေရာကို ပြန်ရောက်လာတာကိုပဲ သူ ဝမ်းသာသွားသည်။

စက်ရုံမြေက ယခင်ကထက် ပိုပြီး စိုပြည်စည်ပင်လာတာ အမှန်ပါပဲ။ သို့သော် အများကြီးပဲ လိုသေးသည်။ ဘာတွေ လိုသည်ဆိုတာ ထားထားရီတို့ အဆင့်နှင့် ခံစားသိလောက်ပဲ သိသည်။ သည့်ထက်ပိုပြီး မပြောတတ်ပေ။

ထားထားရီတို့လို ရုံးမှာထိုင် အလုပ်လုပ်ရသူတွေ အဖို့တော့ ပင်ပန်းနွမ်းနယ်မှုမှ သက်သာပါ၏။ သို့သော် စားဝတ်နေရေးကတော့ တခြား အလုပ်သမားတွေနှင့် ထူးမခြားနားပါပဲ။ ကိုယ်မွေးဖွားနေထိုင်ခဲ့ရာ ဝန်းကျင်ဒေသမှာ ဖက်တွယ်နေထိုင်ရတာတစ်ခုနှင့်ပဲ ကျေနပ်နှစ်သိမ့်နေရသည်။ ကိုယ့်အရပ် ကိုယ့်ဒေသဖွံ့ဖြိုးရေးတို့ ဘာတို့ဆိုတာ ထားထားရီတို့အဆင့်နှင့်လည်း ကြိုးပမ်းဖို့မလွယ်။ ကိုကို့ကိုတော့ ရင်ထဲရှိတာကို ပြောပြတိုက်တွန်းဖြစ်သည်။

ကိုကိုနှင့် ပြန်လည်တွေ့ဆုံ ပြေလည်ရသည့်အတွက် ထားထားရီ ကျေနပ်ပါသည်။ ကိုကိုနှင့်သူ တတွဲတွဲပြန်ဖြစ်လာတော့ ကိုကိုအင်ဂျင်နီယာဖြစ်လို့ ထားထားရီက အလွတ်မခံတော့ဘူး ဟု ပြောသူကပြော ဝေဖန်သူက ဝေဖန်သည်။ ထားထားရီမှာ သည်မျှ အပြောအဆိုခံရသည်ကိုတော့ မမှုတော့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



ထားထားရီ ဘဝမှာ သူ့အစ်မ ကြည်ကြည်သည် အမြဲပဲ လိုက်လံခြောက်လှန့်နေတော့မည်လား မသိပေ။ ကြည်ကြည်နှင့် သူတို့ မိသားစု ဝေးကွာသွားခြင်းသည် တနည်းအားဖြင့် ကောင်းသည်ဟု ထားထားရီ တွေး၏။ အဖြစ်အပျက်တို့သည် ကြာလျှင် မှုန်ဝါးပျောက်ကွယ်သွားတတ်မြဲ ဖြစ်သည်။

သို့သော် ထားထားရီမျှော်လင့်သလို ဖြစ်မလာခဲ့ပြန်ပေ။

မမျှော်လင့်သည့် တစ်နေ့တွင် ကြည်ကြည်သည် ထားထားရီတို့အိမ်ပေါ်သို့ ပြန်ရောက်လာလေသည်။ ယခင်က ကလေး တစ်ယောက်နှင့်။ ယခု ကြည်ကြည့်မှာ ကလေးနှစ်ယောက်နှင့်။ ထားထားရီ ရုံးက ပြန်ရောက်ရောက်ချင်း ကြည်ကြည့် ကလေး နှစ်ယောက်ကို မြင်လိုက်သည်နှင့် ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားသည်။ သာမန်လာလည်ပုံမျိုးတော့ မဖြစ်နိုင်။ အိမ်ပေါ်ရောက်တော့ အထုပ်အပိုးတွေ တွေ့ရသည်။ ကြည်ကြည်သည် စိတ်ပျက် လက်ပျက်ထိုင်နေသည်။

'နင် ဘာဖြစ်လာပြန်ပြီလဲ'

ကြည်ကြည် အိမ်က ခွဲထွက်သွားပြီး ပြောင်ပြောင် ရောင်ရောင်နှင့် သွားလာ လှုပ်ရှားနေတာ၊ ဘယ်သူ ဘာပြောပြော ဝင့်ဝင့်ကြွားကြွားနေနေတာ၊ အိမ်ကို ကူညီထောက်ပံ့ဖို့ စိတ်မကူးတာတွေတွေးမိပြီး ထားထားရီ စိတ်နာသည်။ ဟော အခုသည်ပုံနှင့် အိမ်ပေါ်ပြန်ရောက်လာပြီ။ အမေကတော့ မမြင်မကမ်းနှင့်ပင် မြေးတွေကို လိုက်စမ်းနေသည်။



'ရန်မတွေ့ပါနဲ့ မိထားထားရယ်၊ ငါ ဒုက္ခလာနေတာပါ။ ငါ့ယောကျ်ား အဖမ်းခံရလို့'

'ဟင် အဖမ်းခံရတယ်၊ ဘာတွေလုပ်လို့လဲ'

မေးသာ မေးရသည်။ စိတ်က တိုတိုမို့ ကောင်းတယ်ဟု တွေးလိုက်မိသည်။

'ရွှေမိလို့'

'ရွှေမိလို့ ဟုတ်လား၊ ဟင်း နင်တို့ဟာတွေက လောဘကလဲ ကြီးကြတာကိုး၊ အေးလေ ဒါမှလဲ မိန်းမတွေ တစ်ယောက်ပြီး တစ်ယောက် ယူနိုင်မှာပေါ့'

ထားထားရီသည် ကြည်ကြည့်ကို မကြည့်ချင်။ ကြည်ကြည့် ကလေးတွေကိုလည်း မမြင်ချင်။ သူတို့နှင့် ဝေးရာကိုသာ သွားနေလိုက်ချင်သည်။ ကြည်ကြည်ကတော့ သူ့ယောကျ်ားကြီး ရွှေတိုရွှေစတွေ ဈေးနှိမ်ဝယ်၊ အပေါင်ခံ၊ အရည်ကျိုပြီး အတုံး ပြန်လုပ်၊ နို့ဆီပုံးထဲထည့်ပြီး ရန်ကုန်ပို့စဉ်အဖမ်းခံရပုံကို အမေ့ကို ပြောပြနေသည်။

'ဒါဆို နင်က နင့်ယောကျ်ားကြီး ထောင်က မထွက်မချင်း ဒီမှာနေမှာပေါ့'

ကြည်ကြည့်မျက်နှာ ကွက်ခနဲပျက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'မနေပါဘူး ထားထားရယ်၊ ဒီလောက်လဲ ဖြစ်မနေပါနဲ့၊ ငါ့မှာလဲ ငွေလေး ကြေးလေးရှိပါတယ်။ ငါ့ဟာငါ လုပ်စားမှာ၊ ငါနေစရာရှာပါ့မယ်၊ ဟိုကလဲ ထောင်ကျချင်မှ ကျမှာပါ၊ အခု အာမခံရအောင် လုပ်ရမယ်'

ကြည်ကြည် သည်တစ်ခါတော့ ပြောရင်း ဒေါသသံ ငိုသံပါလာသည်။ ထားထားရီ ဘာမျှ မပြောတော့ပါ။ မတော်ချင်၍ မရသည့် အစ်မအရင်းပေပဲ။

မကြာမီပင် အစ်ကိုတင်ဟန် ပြန်ရောက်လာသည်။ ထုံးစံအတိုင်း တစ်နေကုန် မောပန်းလာသဖြင့် အရက်လေးတမြမြ ဖြစ်နေပြီ။ ကြည်ကြည့်ကို မြင်လိုက်ရတော့ သူ့မျက်နှာ နီမြန်းသွားသည်။

'ဘာ ဖြစ် လာ ပြန်ပြီလဲဟင်၊ နင့်ကို ကန်ချလိုက်ပြီလား၊ ဘယ်မလဲ၊ ဒီတစ်ခါ ဒီကောင်ကြီးကို ငါအသေသတ်မယ်'

ပြောပြောဆိုဆို ထရုံမှာစိုက်ထားသော ဓားရှည်ကို ထဆွဲ၍ ထားထားရီက လက်ကိုလှမ်းဆွဲထားရသည်။

'မဟုတ်ပါဘူး အစ်ကိုရယ်၊ အေးအေးဆေးဆေး နေစမ်းပါ၊ ပြောပြပါလိမ့်မယ်'

ဘာပဲဖြစ်ဖြစ် ကြည်ကြည်ကလေးနှစ်ယောက်နှင့် ပြန်ရောက်လာခြင်းသည် သူတို့အတွက် ပြဿနာတစ်လုံးတစ်ခဲပင်။ တကယ်



တွက်စစ်တော့လည်း ကြည်ကြည့်မှာ လက်ဆုပ်လက်ကိုင် ရှိလှသည် မဟုတ်ပေ။ အငယ် အနှောင်းဘဝမှာ ပေးသမျှနှင့် ရောင့်ရဲပြီး သူဝတ်တာ စားတာ ပလွှားတာနှင့် ကာမိမည်ပင် မဟုတ်ပေ။

အဖေလည်း ယာထဲမှ ပြန်ရောက်လာသည်။ အဖေကတော့ ဘာမျှ ပြောမနေတော့။ သူ့တစ်သက်တာမှာ သူ လုပ်နိုင်သလောက်လုပ်ပြီး မိသားစုကို ရှာကျွေးခဲ့သည်ပဲ။ ယခုအသက်လည်း ကြီးပြီ။ စကားလည်း များများမပြောတော့။ အဖေက ကြံစိုက်သမား။ ကြံရာသီရောက်လျှင် ကြံစိုက်မည်။ ရသမျှစက်ရုံကို သွင်းမည်။ အဖေက ယာခင်းကိုပဲ စိတ် ဝင်စားသည်။ သားသမီး များက အဖေ့ ယာခင်း ကို စိတ် မပါ။ အဖေ တစ်ယောက်တည်းကြဲရမည်။

အဖေသည် မြေးများကို တစ်ချက်လှမ်းကြည့်သည်။ အမေ့လိုတော့ ယုယတွေးပိုက်မနေ။ ကြည်ကြည့်အကြောင်း အမေ ပြောသမျှ နားထောင်သည်။ ထားထားရီမျက်နှာညှိုးနေသည်ကို မြင်၍ လှမ်းလှမ်းကြည့်သည်။ အဖေသည် ပါးစပ်က ထုတ်မပြောသော်လည်း ထားထားရီကို ချစ်သည်။ အထင်ကြီးသည်။ အားကိုးသည်။

'အေးလေ ဖြစ်လာမှတော့ ဘယ်တတ်နိုင်မလဲ၊ နေပေါ့၊ အေး တစ်ခုတော့ရှိတယ်၊ ငါတို့အိမ်ပေါ်မှာတော့ ဖိုးရောက်

www.burmeseclassic.com

www.burmeseclassic.com



ရဲစခန်းရောက် ကိစ္စတွေ မပေါ်ပေါက်စေနဲ့၊ ဘာနဲ့မှ မပတ်သက်ချင်ဘူး’

အဖေ ထိုမျှပဲပြောသည်။

ကလေးနှစ်ယောက်မှတပါး အိမ်သားအားလုံး တိတ်ဆိတ်ငြိမ်သက်နေကြလေသည်။

\+ + +

ကုလားမင်းသား တိုက်ကြီးမှာလည်း အုတ်တွေ တစ်စချင်းပဲ့ကျနေပြီ။ ကိုကိုသည် ကျယ်ဝန်းသောခြံကြီးကို ငေးကြည့်နေသည်။ ဘယ်ကိုမျှ လှုပ်ရှားသွားလာချင်စိတ်မရှိသဖြင့် အပြင်မထွက်တာ နှစ်ရက်ရှိပြီ။ ညကျောင်းမှာ စာပြပေးရင်း ကျောင်းပိတ်သဖြင့် တောင်ငူကို သွားဖြစ်သည်။ ဦးလေးက သူ့ဆိုင်မှာလာလုပ်ဖို့ ပြောသေးသည်။ အင်ဂျင်နီယာဘွဲ့ရလာပြီး ဈေးရောင်းရဦးမတဲ့လား။ ဦးလေးဆိုင်မှာလုပ်လျှင် စီးပွားလမ်းဖြောင့်မှာကိုတော့ သိပါသည်။ သို့သော် သူကုန်သည် မလုပ်ချင်ပါ။



သားမာနဖြင့် တင်းမာမြဲဖြစ်သော အမေ့မျက်နှာသည်ပင် တစ်နေ့တခြား ညှိုးချုံးလာသည်။ အမေက စက်ရုံမှာ အလုပ်မရလျှင်လည်း သည်နေရာက ခွာကြစို့ဟု ပြောလာသည်။ ညီညီက ကျောင်းနေဆဲ။ အိမ်တွင် စားစရာမရှိ၊ နေစရာကလည်း ကနေ့ နက်ဖြန် ဖယ်ပေးရဖို့ပင် ဖြစ်သည်။ သနားကရုဏာကြောင့်သာ နေခွင့်ရသည်။

ကနေ့ စိတ်တွေ ညစ်ညူးလှသည်။ ထားထားရီနှင့်လည်း မတွေ့ရ။ ထားထားရီ စာကြည့်တိုက်ဘက် ထွက်မလာပါလား။ သူ တောင်ငူသွားနေခိုက် လာသေးသလား။ အမေ့ကို မေးမြန်းဖို့ စိတ်ကူးသော်လည်း မမေးဖြစ်။ အပေါင်းအသင်းများနှင့်လည်း မတွေ့ချင်လှပေ။

စက်ရုံမြေကို ပြန်ရောက်ပြီးမှ သူ့အတွက် စိတ်ဓာတ်တက်ကြွရှင်လန်းလာခြင်း မဖြစ်မိသေး။ ထားထားရီ၏ သူ့အပေါ်နားလည်ခွင့်လွှတ်တာလေးတစ်ခုပဲ ဖြေသိမ့်စရာရှိသည်။

စက်ရုံဘက်ကို ထွက်လာတော့ ကြံလှည်းတန်းကြီးကို တစ်မျှော်တစ်ခေါ် မြင်ရသည်။ ညကတည်းက လာရောက်တန်းစီနေသော ကြံလှည်းများ။ ကလေးတစ်ချို့က ကြံချောင်းတွေကို ဆွဲယူပြီး စုပ်နေကြသည်။

‘စက်ပျက်နေလို့၊ ကြံလှည်းတွေ စောင့်နေရတယ်’

www.burmeseclassic.com

www.burmeseclassic.com



သတင်းစကား ကြားရသည်။ ဩော် သည်စက်အိုကြီးက တာဝန်ထမ်းဆောင်ဆဲ ပါကလား။ စက်သစ်က စမ်းသပ်ဆဲကာလ။ ကိုကို ဘယ်နေရာက ပါဝင်ထမ်းဆောင်ရမည်လဲဟု မရေမရာ မျှော်မှန်းနေမိသည်။ လောလောဆယ်တော့ ဝင်ငွေလေးရှိဖို့ လိုအပ်နေပြီ။ အမေ့မျက်နှာ ညှိုးချုံးတာကို မမြင်ချင်တော့။ အမေ သည်နေရာက မခွာချင်တာလည်း သိနေသည်။ သူကိုယ်တိုင်လည်း ခွဲခွာမသွားချင်သည်မှာ အမှန်။ မခွဲချင်လို့ ပြန်ရောက်ခဲ့ပြီပဲလေ။

စမ်းစမ်းကို သက်သာဆိုင်ရှေ့မှာ လှမ်းမြင်ရသည်။ စမ်းစမ်းသည်သာ မပြောင်းလဲသောအသွင်ဖြင့် သည်ဝန်းကျင်မှာ ကျင်လည်နေဆဲပါကလား။

စမ်းစမ်းက စက်ရုံကပေးသော ပစ္စည်းတွေကို ကောက်မည်။ ပြန်ရောင်းမည်။ သူတို့မိသားစုအတွက် ဝင်ငွေရှာမည်။ ဒါပဲ တွေးသည်။ ကိုကိုကတော့ တစ်မျှော်တစ်ခေါ် တွေးပါသည်။ စက်ရုံကြီးလည်း အသွန့်ရှည်စေချင်သည်။ အလုပ်သမားတွေဘဝလည်း ဖူလုံပြည့်ဝစေချင်သည်။ အာမခံချက် ရှိစေချင်သည်။

မည်သည့်နေရာမှာမဆို ရိုးသားဖြောင့်မတ်သူနှင့် လည်သလိုလုပ်စားနေသူတွေ ရှိသည်ပဲ ဟုတ်လား။ စက်ရုံမှာ တိတ်တခိုးကြီးပွားနေသူတွေနှင့် ရိုးရိုးသားသား ဒုံရင်းဘဝက မတက်သူတွေ ရောယှက်နေသည်။ ကိုကို ဘာလုပ်ရမည်နည်း။



စိတ်ညစ်ညျူးစွာဖြင့် ရုံးဘက် ထွက်ခဲ့သည်။ သူ့အတွက် ဘာများထူးခြားသော အခြေအနေကို ကြားရ သိရမည်လဲဟု လာခဲ့ခြင်း ဖြစ်သည်။ ပြီးတော့ ထားထားရီကို တွေ့ချင်တာလည်း ပါ၏။

ရုံးပေါ်မှာ အငှပေါင်းအသင်းဟောင်းများ၊ လူကြီးများက နှုတ်ဆက်ကြသည်။ သည်နေရာကလည်း ကိုကိုငယ်ငယ်ကတည်းက စိတ်ကူးဖြင့် ရောက်ခဲ့ ကျွမ်းဝင်ခဲ့သည့်နေရာပါပဲ။

'ကိုကို ထားထားရီကို လာရှာသလား'ဟု မိန်းကလေးတစ်ယောက်က မေးပြီး ထားထားရီရှိသည့် အခန်းဘက် မေးငေါ့ပြသည်။ ကိုကို သွားသင့် မသွားသင့် စဉ်းစားနေပြီးမှ ခြေထောက်များက ထိုနေရာသို့ ရွေးရှုသွားနေမိသည်။ ထားထားရီကို ဖိုင်တွဲများကြားမှာ ခေါင်းငုံ့လျက် တွေ့ရသည်။ ကိုကို့အရိပ်ကိုမြင်တော့ မော့ကြည့်သည်။

'ဟင် ကိုကို၊ ဘာလာလုပ်သလဲ၊ ထိုင်ခလ'

ထားထားရီက အနီးရှိ ကုလားထိုင်တစ်လုံးကိုဆွဲပြီး ကိုကို့ဘက် တိုးပေးသည်။ ကိုကို ဖြည်းလေးစွာ ထိုင်ချသည်။ ထားထားရီက ဘာလာလုပ်သလဲဟု မေးသဖြင့် သူ့ရင်ထဲမှာ နည်းနည်းအောင့်သွားသည်။

'ကိုကို ထမင်းစား ခဲ့ပြီလား၊ တစ်ခုခုစားမလားဟင်'

www.burmeseclassic.com

www.burmeseclassic.com



ထားထားရီက ကိုကို့ကို ညွှီသည်တစ်ယောက်လို ညွှီခံနေသဖြင့် သူမနေတတ်။ ထားထားရီ မျက်နှာကလည်း ခါတိုင်းထက် တည်ကြည်ညှိုးနွမ်းနေသလိုပါပဲ။

'ထားထား စာကြည့်တိုက်ဘက် ဘာလို့ မလာတာလဲ'

သူ ခပ်တိုးတိုးမေးသည်။ ဘေးစားပွဲက ကောင်မလေးတွေက မသိမသာ လှမ်းကြည့်နေသည်။

'ခြော် ကိုကိုရယ်၊ ထားထား စိတ်ညစ်လွန်းလို့၊ အခုလေ အိမ်မှာ ကြည်ကြည်ရယ် ကလေးနှစ်ယောက်နဲ့ ပြန်ရောက်နေ ပြန်ပြီ သိလား၊ သူ့ယောကျ်ား အဖမ်းခံရလို့တဲ့၊ အဖေကလဲ ကောင်းကောင်း ကျန်းမာတာ မဟုတ်ဘူး၊ ကလေးတွေကလဲ ဆူ၊ အစ်ကိုကလဲမှူး၊ ဘိပ်စိတ်ညစ်ဖို့ ကောင်းတာပဲ'

ထားထားရီကို သူ သနားသွားသည်။ အိမ်က အမေ၏ ညှိုးချုံးသော မျက်နှာကိုလည်း မြင်ယောင်လာ၏။

'အင်းလေ ဖြစ်လာမှတော့ ဘယ်တတ်နိုင်မလဲ၊ ကိုကိုလဲ အလုပ်အတွက် ဘာမျှားထူးမလဲ စုံစမ်းရင်း လာတာ'

ထားထားရီသည် သူရေးလက်စ စာရင်းဇယားကို လက်စသတ်နေ၏။

'ညနေကျ စာကြည့်တိုက်ကို လာခဲ့မယ်လေ၊ အခု ကိုကို လက်ဖက်ရည်သောက်မလား'



'မသောက်တော့ပါဘူး ထားထားရယ်၊ ပြန်မယ်၊ ညနေမှပဲ လာခဲ့တော့မယ်'

ထားထားရီ ခေါင်းညိတ်ပြသည်။

ကိုကိုက အခန်းထဲမှ ပြန်ထွက်လာသည်။ သူ့အဖေအပေါ် သံယောဇဉ်ရှိသော စက်ရုံအရာရှိတစ်ဦး၏ အခန်းသို့ ဝင်ဖြစ်သည်။ အခြေအနေကို နည်းနည်း ပြောပြမိသည်။ အစိက ကတော့ သူတို့မိသားစု သည်မြေမှ ထွက်ခွာ မသွားလိုသည့် အကြောင်း။

ပြီးတော့ ပြန်လာခဲ့သည်။ ရည်ရွယ်ချက်မရှိ။ ပြောင့်ဖြူးသော လမ်းပေါ် တစ်လှမ်းချင်း လှမ်းလာစဉ် သူ့နောက်က ခြေသံတဖျပ်ဖျပ် ပြေးလာသံကြား ရ၍ လှည့်ကြည့်မိသည်။ စမ်းစမ်းဖြစ်သည်။

'ကိုကို နင် ထားထားရီဆီက လာတာလား၊ နင့်အလုပ်ကော မရသေးဘူးလားဟင်၊ စက်ရုံပဲပိတ်တော့မယ်'

စမ်းစမ်းသည် ပိန်ပါးသွက်လက်နေ၏။ မျက်နှာကလည်း ဘဝမှာ နေသားကျသူပီပီ တည်ငြိမ်နေသည်။

'အေး ဒီအတိုင်းပါပဲဟာ၊ ချစ်မြို့တစ်ယောက်ကော'

'သူလဲ ဒီအတိုင်းပါပဲ၊ ဒါနဲ့ရော့၊ ဒူးယားတွေ ထုပ်ပေးလို

www.burmeseclassic.com



'ငါကောက်နေတာ၊ နင့်အတွက် တစ်ဘူး ယူသွားနော်၊ ငါ လက်ဆောင်ပေးတာပါ'

'နေပါစေဟာ၊ ငါမသောက်တာလဲ ကြာပါပြီ'

'ယူသွားစမ်းပါဟယ်၊ ငါအမှတ်တရ ပေးတာပါ၊ နင့် အိမ်အတွက် ဆပ်ပြာတောင့် ယူသွားမလားဟင်'

'အို နေပေစေ'

စမ်းစမ်း စေတနာကို သူနားလည်သည်။ သို့သော် မယူချင်၊ မယူရက်။

'ဒါဖြင့်လဲ ဒူးယားတော့ ယူသွားဟာ'

'အေး ပေး'

စမ်းစမ်းက ဒူးယားဘူးကို သူ့လက်ထဲ ထည့်ပေးပြီး အပြစ် ကင်းစွာ ပြုံးနေသည်။

'ငါသွားတော့မယ်နော်၊ နင့်ကလေးတွေကော နေကောင်း လား၊ တစ်နေ့ ငါလာလည်ဦးမယ်'

'ကောင်းပါတယ်ဟယ်၊ သွားတော့ ငါလဲ ဟိုဘက် ကြံ တောင်သူဆိုင်ဘက် ကူးလိုက်ဦးမယ်'



ကိုကို ဒူးယားဘူးလေးကို ကိုင်ပြီး ပြန်လာခဲ့သည်။ စမ်းစမ်း ကတော့ ကြံတောင်သူဘက် တရွေ့ရွေ့ လှမ်းသွားနေသည်။

\+ \+ \+

သည်နေ့တော့ ထားထားရီတို့အိမ်ဘက် မရောက်၍ မဖြစ်တော့ ပေ။မနေ့ညနေက ထားထားရီကို စာကြည့်တိုက်သွားရာလမ်းက စောင့်နေသော်လည်း ထားထားရီ ရောက်မလာခဲ့။

သည်မနက် ထားထားရီအဖေဆုံးကြောင်း သိရသည်။ ထို့ ကြောင့် ကိုကို ထားထားရီတို့အိမ်သို့ အပြေးလှမ်းလာခဲ့သည်။ စမ်းစမ်းလည်း ရောက်နေတာ တွေ့ရသည်။ လူတွေ စည်ကား နေသည်။

'ကိုင်းထဲက ပြန်လာပြီး မူးတယ် မူးတယ်နဲ့ ဖျပ်ခနဲ ဆုံး တာပဲ ကိုကိုရယ်'

ထားထားရီက တစ်ချက်ရှိုက်လျက် ပြောသည်။ ထားထားရီ တို့အိမ်ကား စိတ်ပျက်ဖွယ်ရာပင်။ကလေးနှစ်ယောက်ထဲ လူကြီး

www.burmeseclassic.com

www.burmeseclassic.com



တွေကြားမှာ ဒေါင်ချာစိုင်းနေသည်။ ကြည်ကြည် ကလည်း တည်ငြိမ်မှုမရှိလှ။ ပျာယာခတ်နေသည်။ ကိုတင်ဟန်က အဖေ့ အလောင်းကိုဖက်၍ မူးနေသည်။ သူ့အမေကြီးကား မမြင်မစမ်းနှင့် သနားဖွယ်ရာပင်။

ဘဝတူအလုပ်သမားတွေက ဝိုင်းဝန်းကြ၍ အလောင်းမြေကျဖို့ကိစ္စတော့ ဖြစ်မြောက်သွားသည်။ ကိုကိုကတော့ စိတ်ဓာတ်အားပေးရုံကလွဲ၍ ဘာမျှမတတ်နိုင်။ သူ့ထက်စာလျှင် စမ်းစမ်းကမှ ငွေလေးဘာလေး ကူနိုင်သေး၏။

'အဖေတော့ ဝဋ်ကျွတ်သွားပြီ'

ထားထားရီက ငိုညည်းသည်။ ထားထားရီအဖေမှာ လုပ်သက်စ ကြံစိုက်ခင်းလေးတွေပင် အပြီးသတ်မသွားနိုင်။ သူ့မှာ တစ်သက်လုံး သည်စိုက်ခင်းကြားမှာ ကျင်လည်နေခဲ့ရသည်။ ကိုတင်ဟန်ကလည်း သည်အလုပ်ကိုမလုပ်တတ်။ လောလောဆယ် ယာချင်းနီးသော စိန်အောင်တို့သားအမိလက်ကိုပဲ အပ်ကြရတော့မည်။

ရက်လည်ဆွမ်းကျွေးပြီးတော့ ထားထားရီကို အင်အားမရှိတော့သလို ဖြူရော်စွာ မြင်ရသဖြင့် ကိုကိုစိတ်မကောင်းလှ။ ကြည်ကြည်ကလည်း သူ့ယောကျ်ားကိစ္စ ဆောင်ရွက်စရာရှိသည်ဆိုကာ ကလေးနှစ်ယောက်ကိုထားပြီး ရန်ကုန်လိုက်သွားသည်။



ထားထားရီသည် သူ့အဖေ ကြံစိုက်ခင်းဘက်တွက်ခဲ့ရာတွင် ကိုကို့ကို အဖော်ခေါ်လာလေသည်။ စိန်အောင်သည် သူတို့နှစ်ယောက်ကို ဝမ်းသာအားရပင်ကြိုဆို၏။

'နင် အားမငယ်ပါနဲ့ ထားထားရီ၊ ဒီနှစ်တော့ ငါတတ်နိုင်သမျှ ဆက်လုပ်ပေးပါ့မယ်ဟယ်၊ ကြံချိန်လဲ ကုန်ခါနီးပါပြီ၊ အပြီးသတ် ငါခုတ်ပေးမယ်'

စိန်အောင်က စေတနာ အပြည့်ဖြင့် ပြော၏။ ကိုကိုသာ ထားထားရီ မျက်နှာကိုငေးပြီး သက်ပြင်းကို ခိုး၍ရှိုက်နေမိသည်။ စိန်အောင်ကတော့ ကိုကို့ကို အားကျနေမည်လားမသိ။ ကိုကိုကတော့ စိန်အောင့်နေရာမှာသာ နေလိုက်ပြီး ထားထားရီ၏ အားကိုးမှုကို ခံယူလိုက်ချင်တော့သည်။

\+ + +

ဝမ်းသာ ရမည်လား၊ ဝမ်းနည်းရမည်လားတော့ မသိပေ။ ကိုကိုသည် ထိုသတင်းကိုကြားကြားချင်း အမေ့ မျက်နှာကို ပြေးမြင်လေသည်။ ပြီးတော့ ထားထားရီမျက်နှာ။

www.burmeseclassic.com

www.burmeseclassic.com



သွက်လက်သည်လည်းမဟုတ်၊ နှေးကွေးခြင်းလည်း မမည်သော ခြေလှမ်းများဖြင့် သူ အိမ်သို့ပြန်လာခဲ့သည်။ စက်ရုံဝမှ ထွက်သောဖြောင့်ဖြူးသော လမ်းမကြီးတစ်လျှောက်သူလျှောက်လာခဲ့သည်။

ရင်တွေကတော့ တဒိတ်ဒိတ်ခုန်နေသည်။ ခေါင်းထဲမှာလည်း တစစ်စစ်ကိုက်နေသည်။ နေကလည်း ပူပြင်းလှပါဘိ။ မတ်လရောက်ပြီ။

မင်းလ။ မတ်လ။ အားလုံး ရှုံမှုန်းကြောက်ရွံ့သည့် မတ်လ။ သစ်ရွက်တွေ တဖြုတ်ဖြုတ်ကြွေသော မတ်လ။

ဘာပဲဖြစ်ဖြစ်လေ အမေ သည်အိမ်ကမပြောင်းရတော့ဘူးဆိုတာ ဦးမှာ ပြောပြရမည်။ သည်အတွက်တော့ သူဝမ်းသာပါသည်။ ကျန်တာကတော့။ အင်းလေ ကျန်တာကတော့မျှော်လင့်ချက်ရောင်ခြည်ပဲပေါ့။

သူ ခြေလှမ်းမှန်မှန်ဖြင့် ခေါင်းငုံ့လျှောက်လာဆဲ သူ့ ရှေ့မှလာနေသောကျော်ဌေးကို တွေ့ရသည်။ သန်းရီ၏မောင်လေးကျော်ဌေးပေပဲ။ ယခုတော့ ကျော်ဌေးလည်း အသင့်အတင့်ပြောင်ပြောင်ရောင်ရောင်ပါပဲ။ သူ့ဖွဲ့လမ်းသော အရာရှိသမီးလေး အေးနွယ်တော့ စက်ရုံမြေမှာမရှိတော့။ တခြားဒေသသို့ပြောင်းသွားပြီ။ ကျော်ဌေးကတော့ သန်းရီ ကျေးဇူး ဖြင့် ကျောင်းဆက်တက်နိုင်ပြီ။



'အစ်ကို ဘယ်ကပြန်လာတာလဲ'

ကျော်ဌေး လှမ်းနှုတ်ဆက်မှ ကိုကိုမော့ကြည့်ဖြစ်ခြင်း ဖြစ်သည်။

'ဟော ရုံးတက်ကပါပဲကွာ'

ဒါပဲပြောဖြစ်၏။ ထပ်လည်း မပြောချင်။ တတ်နိုင်လျှင် ယခုအချိန်မှာ သူ့ ရင်ထဲက ခံစားမှုအကြောင်းကို မည်သူ့ကိုမျှ ပြောမပြ ချင်ပါ။ ပြောပြ လျှင်လည်း ပြည့်စုံ လိမ့်မည် မဟုတ်။

သူတို့ မှီတင်းနေထိုင်ရာ ကုလားမင်းသား တိုက်ကြီးသို့ နီးသထက်နီးလာသည်။ ကုလားမင်းသားတိုက်ကြီးကား အိုမင်းရင့်ရော်ပြီး နေရောင်အောက်မှာ သေ့ခြောက်စွာ ရပ်တည်နေသည်။ ပြိုပျက်နေသော။ သို့သော် တစ်ချိန်က ခိုင်ခိုင်မာမာ တည်ရှိခဲ့ပုံကို ဖော်ကျူးနေသော အုတ်တိုင်နှစ်တိုင်ကြားမှ သူ လျှောက်ဝင်လာခဲ့သည်။

တစ်စစီလွင့်စဉ်နေသော အုတ်များကြားမှ ခိုင်မာကျန်ရှိနေသော အုတ်လှေကားထစ်များမှတက်ပြီး တိုက်ကြီးအတွင်း ဝင်ခဲ့သည်။ အမေသည် အခန်းဝမှာ ဆေးပေါ့လိပ် သောက်လျက်ထိုင်နေသည်။ ညစ်မည်းသော ဒယ်အိုး ဒန်အိုးများကို ကစဉ့် ကလျားတွေ့ရသည်။ အမေ ထမင်းမချက်ရသေး။

www.burmeseclassic.com

www.burmeseclassic.com



'ဘာများ ထူးလာသလဲသား'

ဟု အမေက မေးနေကျမေးခွန်းကို မေးလေသည်။

'ထူးတယ်အမေ'

ကိုကိုက ရှပ်အင်္ကျီကိုချွတ်၍ အခန်းထောင့်သို့ပစ်ချရင်း ပြောသည်။ အမေ့မျက်နှာ ချက်ချင်းဝင်းလက်သွားသည်။

'ဟေ ဟုတ်လား၊ ဟုတ်လားသား၊ အင်း အမေထင်သားပဲ၊ ဒီနေ့တော့ ထူးမှာပဲလို့၊ တစ်နေ့ကလဲ ဟိုအရာရှိကြီးနဲ့တွေ့ပါတယ်၊ မင်းအဖေ အလုပ်မှာ တာဝန်ကျေခဲ့တာကို လေးစားနေတာ၊ မင်းကိုလဲ တစ်ခုခုဖြစ်အောင် လုပ်ပေးမှာပါလို့ ငါ့ကို ပြောသွားတာ၊ အခု မင်း အဆင်ပြေခဲ့ပြီမဟုတ်လား၊ ပြောစမ်းပါဦး၊ စက်ဟောင်းမှာလား၊ စက်သစ်မှာလား'

ကိုကို ထိုင်ချလိုက်သည်။ အမေ့ကို လှည့်မကြည့်ချင်။ ဟုတ်ပါတယ်။ ကိုကိုတို့မိသားစုအတွက် တစ်နည်းနည်းနဲ့ အဆင်ပြေအောင် ကူညီစောင်မလိုက်ခြင်းသာပါပဲ။

'ကျွန်တော်တို့ ဒီအိမ်က မပြောင်းရတော့ဘူးပေါ့အမေရ'

ကိုကို၏ မရေရာလှသော အဖြေစကားကို အမေကျေနပ်ပုံမရ၊ ကိုကို့နားသို့ တိုးလာသည်။

'ပြောစမ်းပါဦး သေသေချာချာ သားရယ်၊ မင်း အခု အလုပ်ခန့်စာရပြီမဟုတ်လား၊ ဒီလို မဟုတ်ဘူးလား'



အမေ၏ တက်ကြွသောမျက်နှာ၊ သားအတွက် အမြဲဂုဏ်ယူဝင့်ကြွားခဲ့သောမျက်နှာကို သူ မကြည့်ချင်တော့ပါ။

'ရခဲ့ပြီလေ'

အေးစက်စွာ ဖြေလိုက်မိသည်။

'အေးလေ ရခဲ့ရင်ပြီးတာပဲ၊ ဒါနဲ့ စက်ရုံက ပိတ်တော့မှာ၊ ဘယ်တော့ စဝင်ရမှာလဲ၊ အေးလေ စက်ရုံပိတ်လဲ စက်ကိရိယာတွေအတွက်က မင်းတို့ လုပ်နေရမှာပဲ၊ ဟုတ်တယ်မဟုတ်လား၊ မင်းအဖေလိုပဲ အမြဲတမ်းလုပ်ရမှာမဟုတ်လား၊ အင်းလေ မင်းအဖေကတော့ ပညာမတတ်တော့ တစ်သက်လုံး လုံခြုံရေးအလုပ်သမားဘဝက မတက်ခဲ့တာ'

သူ အမေ့ကို ဖျပ်ခနဲကြည့်ဖြစ်သည်။

'ကျွန်တော်က ဒီနေရာမှာ အမြဲတမ်း လုပ်ရမှာမဟုတ်ပါဘူးအမေ၊ နောက်တော့ သင့်တော်တဲ့နေရာ ပြောင်းပေးမှာပါ၊ လောလောဆယ်တော့....'

အမေ့မျက်နှာ တည်သွားသည်။

'လောလောဆယ် ဘာလုပ်ရမှာလဲ'

သူ့စကားကို ရှောရှောရှူရှူထွက်စေရန် ကိုကို အားယူလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



'လော်လေဆယ်တော့ စာရေးပဲအမေ'

အမေ ငြိမ်သက်သွားသည်။

ကိုကိုလည်း ငြိမ်သက်နေသည်။

အိမ်ဘေး ကွက်လပ်ကွင်းပြင်မှာတော့ ကလေးတွေက ကြံချောင်းများကိုဆွဲပြီး ဆူညံစွာ ဆော့ကစားနေကြလေသည်။

◆ + +

ထားထားရီက လှည်းပေါ် တစ်ချောင်းပြီးတစ်ချောင်း ကျလာသော ကြံချောင်းတွေကို မျက်စိအကြောင်သားဖြင့် ငေးကြည့်နေမိသည်။

အဖေ့အသက်နှင့် ချွေးနှင့်လဲယူခဲ့ရသော ကြံချောင်းတွေပါပဲ။ အဖေမြတ်နိုးသော စိုက်ခင်းတွေကို အဖေစွန့်ခွာသွားပြီ။ အဖေ့နေရာကို ဆက်ခံမည့်သူလည်း မရှိတော့။ သည်စိုက်ခင်းတွေဖြင့် အဖေသည် သူတို့မိသားစု စားဝတ်နေရေးကို ဖြည့်ဆည်းပေးခဲ့သည်။ ယခု သည်နေရာမှာ ဟင်းလင်းပြင် ဖြစ်နေပြီ။



'စိုက်ပြီးသား အခင်းတွေတော့ နောက်နှစ် စားရဦးမှာပေါ့ဟာ၊ အခုခုတ်ထားတဲ့အခင်းတွေကို လမိုင်းခင်းဖြစ်အောင် ငါ ဆက်လုပ်ပေးပါ့မယ်၊ တစ်နှစ်စာတော့ ရှိပါသေးတယ်ဟာ'

စိန်အောင်က ကြံချောင်းတွေကို လှည်းပေါ် ပစ်တင်ရင်း ထားထားရီကို အားပေးနေသည်။ အင်းလေ ခုတော့လဲ စိန်အောင်ကိုပဲ အားကိုးနေရတော့တာပါပဲ။ စိန်အောင့်စေတနာကို သူနားလည်စပြုသည်။ ကိုယ့်အပေါ် သည်မျှကူညီပေးမသူကို အချစ်မပေးနိုင်သော်လည်း မေတ္တာလေးတော့ မပေးသင့်ပြီလော။

'နင့်ကို အားကိုးပါတယ် စိန်အောင်ရယ်၊ နင်သာမကူရင် ငါတို့ ဘာမှ လုပ်တတ်မှာမဟုတ်ဘူး၊ အခု နင်လုပ်ပေးသမျှ ပိုက်ဆံလေးနဲ့ တို့မိသားစု အသက်ဆက်ရမှာ၊ နောက်နှစ်လဲ ငါ တစ်နည်းနည်းတော့ လုပ်နိုင်အောင် ကြိုးစားမယ်ဟာ'

ထိုမျှ အားကိုးအားထားပြောရုံနှင့်ပင် စိန်အောင်သည် ကျေနပ်နှစ်သိမ့်စွာ ပြုံးနေလေပြီ။ ထားထားရီက သူ့ကို မချစ်တာသိပါရဲ့။ သို့သော် ယခင်ကလို စိမ်းစိမ်းကားကား မနေတော့ဘဲ ရင်းနှီးခင်မင်စွာ အရေးတယူရှိလာတာကိုပဲ သူ ဝမ်းမြောက်ပျော်ရွှင်မိသည်။ ထားထားရီ သူ့ရှိရာသို့ မကြာခဏ လာရောက်ရပြီး သည်လို နီးနီးကပ်ကပ်နေရသည်ကိုပဲ သူ ပီတိ ဖြစ်နေမိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒါ နောက်ဆုံးလှည်းပဲ၊ ငါ့ဘက်ကလဲကုန်ပြီ၊ လက်မှတ်ရထားပြီးကိုတော့ ဒီနေ့ပဲ သွားချမယ်လေ၊ နင်ပြန်ချင်ပြန် ငါမောင်းလာပါ့မယ်'

စိန်အောင်သည် အဖေ့စိုက်ခင်းမှ နောက်ဆုံးလက်ကျန်ကြံများကိုလည်း ခုတ်ပေးခဲ့သည်။ ယခုရောင်းဖို့ စက်ရုံကိုပို့ဖို့ပြင်နေပြီ။ ထားထားရီ တွေငေးနေပြီး ဆုံးဖြတ်ချက်ချလိုက်သည်။

'ငါ့အဖေ လုပ်ခဲ့တဲ့အလုပ် ငါဘာလို့ မလုပ်နိုင်ရမှာလဲ၊ ကြံလှည်းနဲ့ ငါလဲလိုက်ခဲ့မယ်'

ထားထားရီက စိန်အောင်ကို စေ့စေ့ကြည့်၍ပြောသည်။

'ဟာ မလုပ်ပါနဲ့၊ နင်ကမိန်းကလေး၊ ပြီးတော့ နင်လုပ်နေကျအလုပ်မှ မဟုတ်ပဲနဲ့ဟယ်၊ ပြန်နှင့်ပါ၊ ငါမောင်းခဲ့ပါ့မယ်'

ထားထားရီကတော့ စိတ်ဆုံးဖြတ်ပြီးပြီဖြစ်သည်။ ဘာမဆိုတွေဝေငေးမော နေခဲ့ရတာနှင့်ပဲ ဘဝမှာ မရေရာသော မျှော်လင့်ချက်တွေသာရခဲ့သည်။ ရေရာတဲ့အလုပ်လေးတစ်ခုကိုတော့ ထိထိရောက်ရောက် လုပ်ချင်သည်။

'ငါ့အဖေရဲ့ နောက်ဆုံးကြံလှည်းပေါ် ငါလိုက်တာ ဘာဖြစ်လဲ စိန်အောင်ရယ်'

'လိုက်ချင်လဲလိုက်လေ၊ နေဦး နင်ထိုင်ဖို့နေရာ ငါလုပ်ပေးမယ်'



စိန်အောင့်အမေသည် သူတို့နားသို့ပြေးလာသည်။ နေပူစပ်ခါးမှာ နေရဖန်များ၍ အသားများညိုမည်းနေသော မိန်းမအိုကြီးတစ်ယောက်၏အသွင်က သွက်လက် ဖျတ်လတ်လှသည်။

'ဟဲ့ ဒီမိန်းကလေးက လှည်းနဲ့လိုက်မလို့လား'

'အင်းတဲ့အမေရာ၊ မလိုက်ပါနဲ့လို့ပြောတာ မရဘူး'

သို့သော် ကြည်နူးနှစ်သိမ့်သော စိန်အောင့်မျက်နှာအသွင်ကိုကြည့်ပြီး ဒေါ်နုပြုံးမိသည်။

'အင်းလေ သူလိုက်ချင်တာလိုက်ပါစေ'

ထားထားရီ လှည်းမောင်းသူ စိန်အောင့်ဘေးမှာ တိုးဝှေ့နေရာယူသည်။ စိန်အောင် နွားများကို ကြိမ်တို့ပြီး လှည်းကိုမောင်းထွက်သည်။ စိန်အောင့်ဘဝမှာ အပျော်ဆုံးနေ့ပါပဲ။ ဒီနေ့ကို နောက်ထပ်မရတော့ဘူးဆိုတာ သိသော်လည်း သူ့တစ်သက်မှာ ဒါကိုတွေးပြီး ကျေနပ်သွားတော့မှာပါပဲလေ။

ထားထားရီကတော့ သူ့အဖေနောက်ဆုံး ကြံလှည်းပေါ်ထိုင်ရင်း စက်ရုံမြေဆီ မျှော်ခေါ်ကြည့်နေမိလေသည်။

\+ \+ \+

'ဒါနောက်ဆုံး ဥသြပဲ'

ချစ်မြိုင်သည် မြင့်မားသော စက်ရုံခေါင်းတိုင်ဆီ ငေးမျှော်ကြည့်နေမိသည်။ အလွန်စူးရှကျယ်လောင်ပြီး ရှည်လျားသော

www.burmeseclassic.com

www.burmeseclassic.com



ဥယျာဉ်သည် ယခင်ကတော့ အလွန်ကျက်သရေ မင်္ဂလာရှိသော ဥယျာဉ် ဖြစ်ခဲ့သည်။ ယခုတော့ တုန်လှုပ်ချောက်ချားဖွယ်ရာ အကောင်းဆုံးအသံနက်ကြီး ဖြစ်သွားပြီ။

ဒါကြုံကုန်တဲ့ အထိမ်းအမှတ် ဥယျာဉ်ပဲဆိုတာ အားလုံး သိကြသည်။ ဒီနှစ်အတွက် လည်ပတ်မှုယန္တရားကြီး ရပ်တန့်တော့မည့် ရှေးပြေးဥယျာဉ်ကြီးဖြစ်သည်။ ပြီးလျှင် သက်ဆိုင်ရာ လည်ပတ်မှုအဆင့်ဆင့် ရပ်ဆိုင်းသွားမည်။ ထိုအခါ တစ်နှစ်တာ၏ လှုပ်ရှားမှုကာလလည်း ပြီးဆုံးမည်။ နောင်နှစ်ခါ စက်ရုံဖွင့်သည့် ဥယျာဉ်ကြီးကို လည်တဆန့်ဆန့်မျှော်ဖို့သာ ရှိတော့၏။

ချစ်မြိုင်စက်ရုံဘက်မှ တစ်လှမ်းချင်း ထွက်ခွာခဲ့သည်။ သူသည် စက်ကြီး၏လည်ပတ်နေသော စက်ယန္တရားများစွာထဲမှ ဝက်အူရစ်လေးတစ်ရစ်မျှ ကျယ်ပြန့်အရေးပါရဲ့လား။ သူ စဉ်းစားနေသည်။ သို့သော် သူ့မှာဘာကြောင့် ခင်တွယ်သော စိတ်သည် စွဲမြဲခိုင်ခံ့ နေခဲ့ရသလဲ။

မိမိ ပါဝင်ဆောင်ရွက်ရသည့် နေရာတိုင်းမှာ တွင်ကျယ် အရေးပါလိုသည်မှာ လူတိုင်း၏ဆန္ဒပင်ဖြစ်လိမ့်မည်။ သူ့မှာလည်း ထိုဆန္ဒရှိသည်။ တခြားလူများမှာလည်း ရှိပေလိမ့်မည်။

ကုက္ကိုရွက်တို့ကြွေနေသည်။

နေသည် ပူလောင်ပြင်းပြနေ၏။ နွေရက်တွေ မြန်မြန်ကုန်ပါစေ။ သို့သော် နွေကုန်လျှင် မိုးရောက်လာမည်။ ထိုမိုးကို



သူကြောက်လှသည်။ သူသည် မိုးမှာ လုပ်ကိုင်စားလိုစိတ်မရှိ။ သို့သော် သူချစ်ခင်စွဲလမ်း၍ ပိုးပန်းယူခဲ့ရသော သူ့မိန်းမ တစ်နေ့တခြား ပိန်ချုံးလာတာကို ငုတ်တုတ်ထိုင်ကြည့်နေလို့ ဖြစ်ပါ့မလား။ တစ်နေ့တခြား ကြီးထွားလာသည့် ကလေးတွေအတွက် သူတောင်ပေါ်တက်ရဦးမည်။ မျှစ်ချိုးရဦးမည်။

'ဒီလောက်လဲ စိတ်မပျက်ပါနဲ့ချစ်မြိုင်ရယ်၊ဒီနှစ် ငါ ရထားတာလေးက မနည်းပါဘူး၊ ငါရန်ကုန်ဆင်းပြီး အထည်စလေးဘာလေး ကူးကြည့်မလား၊ စိတ်ကူးတယ်'

စမ်းစမ်းက သူ့ကို အားပေးစကားပြောခဲ့သည်။ ဘာပဲဖြစ်ဖြစ် စမ်းစမ်းသည် အိမ်ရှင်မကောင်း၊ မိခင်ကောင်း တစ်ယောက်ပေတကား။ သူသည် ညည်းညူတွေဝေခြင်း မရှိ၊ သူစွမ်းသလောက် သူ့ဘာသာ အမြဲထမ်းဆောင်ခဲ့သူဖြစ်သည်။

'နင် ကုန်တော့မကူးပါနဲ့စမ်းစမ်းရယ်၊ ငါယောက်ျားပဲ ငါလုပ်ပါ့မယ်'

လမ်းမကြီးက ဖြောင့်ဖြူး လှသည်။ တစ် ယောက် နှင့် တစ်ယောက်တွေ့၍ နှုတ်ဆက်ကြသည်က အားလုံးသိသည့် စိတ်အသိဖြင့် ပြုံးသည့် မချိပြုံး။ လမ်းတစ်လျှောက်လုံး သူပြုံး လာခဲ့သည်။ ငယ်စဉ်က စမ်းစမ်းနောက် တကောက်ကောက် လိုက်ခဲ့ရသောလမ်းအတိုင်း သူပြန်လာခဲ့သည်။ လမ်းမကြီး ဆုံးသော် သူတို့ နေထိုင်ရာရပ်ကွက်ဘက် ချိုးဝင်ခဲ့သည်။ အရောရှိတွေနေရာ တိုက်သစ်လေးတွေကို လှမ်းမြင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ပေါ်ကို ဖြည်းလေးစွာတက်ခဲ့သည်။ ကလေးနှစ်ယောက်သည် လမ်းမပေါ်မှာ ဆော့ကစားနေကြသည်။ စမ်းစမ်းသည် သူ့ဘက်ကို ကျောပေး၍ ထိုင်နေသည်။ သေသေချာချာကြည့်လိုက်တော့ ငွေတွေ ရေတွက်နေမှန်းသိသည်။ တစ်နှစ်စာ ရှာဖွေစုဆောင်းထားသောငွေစများ။

'ဒါလေး အရင်းအနှီးလုပ်ပြီး ရောင်းဝယ်ရကောင်းမလား စိတ်ကူးတာ၊ သူ့မလဲ ဘာမဆို မိန်းမကို စိတ်မချဖို့ပဲ၊ ကျုပ်လဲ ဘာရုပ်ရည်မှ မရှိတော့ပါဘူး၊ အဘွားကြီး ဖြစ်နေပါပြီတော်'

သူရောက်နေတာကိုသိ၍ စမ်းစမ်းက ရေရွတ်ခြင်းဖြစ်သည်။ ပြီးတော့ နောက်လှည့်ကြည့်သည်။ ချစ်မြိုင်၏မျက်နှာကိုမြင်ပြီး နှုတ်ဆွံ့သွားသည်။

ချစ်မြိုင်အမူအရာက မည်သို့ဖြစ်နေသည်လဲ၊ မည်မျှ လေးနက်နေသည်လဲတော့မသိ။ စမ်းစမ်းပိုက်ဆံများကို ချထားပြီး သူ့ဆီလျှောက်လာသည်။ သူ့နားမှာထိုင်သည်။

'နင်မသွားစေချင် ငါ ရန်ကုန်မသွားပါဘူး၊ ဒီမှာပဲ ရသမျှ သာကြွားလေး၊ ဆန်လေးကောက်ပြီး ရောင်းပါ့မယ်ဟယ်'

စမ်းစမ်းက သူ့ကို နားလည်စွာပြောသည်။ သူကလည်း ထိုတဒင်္ဂမှာပင် စမ်းစမ်းကို ပို၍ နားလည်သွားသည်။ စမ်းစမ်းသည် သူ၏ ရဲဘော်ရဲဘက် အစစ်အမှန်ပေတကား။ သူ ဘာကြောင့် သည်နေရာမှာ အချိန်းစွဲပြီး နေချင်ရတာလဲဆိုတာကိုလည်း စမ်းစမ်းနားလည်မှာပါ။



သို့သော် ထိုတဒင်္ဂမှာပင် သူ့မျက်လုံးများက အခန်းထောင့်ဆီ ရောက်သွားသည်။

မနှစ်က ပစ်ထားခဲ့သော တောင်းနှင့်ထမ်းပိုးအစုံသည် အခန်းထောင့်မှ ငြိမ်သက်စွာ သူ့ကို ပြန်ငေးကြည့်နေသလို ရင်ထဲမှာ လှိုက်ခနဲ ခံစားလိုက်ရလေသည်။

\+ \+ \+

ကိုကို အမှောင်ရိပ်မှာ ထားထားရီကိုစောင့်နေသည်။ ထားထားရီ သည်ညတွေ့ရမှာ ပိုပြီးရင်ခုန်သလိုဖြစ်နေသည်။ ယခုရက်များမှာ သူ ထားထားရီအပေါ် ချစ်ကြင်မြတ်နိုးစိတ်တွေ ပိုပြီး ပြည့်ဝလာသလို ခံစားနေရသည်။

ထားထားရီကို သူ လက်ထပ်ဖို့ပြောတော့ 'ဘာဖြစ်လို့ လောချင်တာလဲ ကိုကိုရယ်၊ အရေးကြီးတာတစ်ယောက်နဲ့တစ်ယောက် ယုံကြည်နေဖို့ သစ္စာရှိဖို့ပါပဲ၊ ထားထားတို့မှာ ရှေ့ဆက်ပြီး လုပ်စရာတွေရှိသေးတယ်၊ ကိုကိုလဲ ဒီအခြေအနေနဲ့ ကိုကို့အမေကို ပစ်ထားလို့ ဘယ်ဖြစ်ဦးမလဲ' ဟု ပြောသည်။

ထားထားရီက သူ့ထက်ပင် ရှေ့ကို အများကြီး မျှော်တွေးထားပုံရသည်။ ကိုကိုလည်း မျှော်လင့်ပါသည်။ ကောင်းမွန်သောအနာဂတ်ကို မျှော်လင့်နေမိသည်။ သူနှင့် ထားထားအတွက်သာမက အားလုံးအတွက်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

(၂၂၄)

ကွင်းပြင်ဘက်ဆီမှ ဆိုင်းသံ ဗုံသံများ ကြားနေရသည်။ စက်ရုံပိတ်ပွဲကြီး ကျင်းပနေပြီ။ ဘာပဲဖြစ်ဖြစ် သူတို့သည် စက်ရုံပိတ်ပွဲကြီးကိုလည်း နှစ်စဉ် ပျော်ပျော်ပါးပါး ကျင်းပကြမြဲ ဖြစ်ပါသည်။ သူတို့အတွက် ပျော်စရာဆိုလို့ ဒါပဲရှိသည်။ စက်ရုံဖွင့်သည့်အခါလည်း ပျော်သည်။ စက်ရုံပိတ်သည့်အခါလည်း ပျော်သည်။ သည်ဒေသ သည်ဘဝမှာ သူတို့ ပျော်ကြသည်။

ထားထားရီ လျှောက်လာနေသည်ကို သူမြင်ရသည်။ ထားထားရီသည် ရှပ်အင်္ကျီဆန်ဆန် အင်္ကျီအကွက်လေးဝတ်ထားသည်။ ထားထားရီ၏ခြေလှမ်းများ သွက်လက်လှသည်။ ထားထားရီသည် အားမာန်ရှိသည်။ ယုံကြည်ချက်ရှိသည်။ သူတို့အားလုံးမှာ ယုံကြည်ချက်တစ်ခု ရှိသင့်တာအမှန်ပါပဲ။

ကိုကိုက အုတ်တိုင်ကိုမှီ၍ ရပ်နေရာမှ ထားထားရီမြင်သာအောင် ရပ်ပြသည်။ ပွဲခင်းထဲမှာ လူသံများ တိတ်ဆိတ်သွားပြီး ဆိုင်းသံများသာ ညံစည်နေသည်။ မြို့တော်စံပွဲ စလှုက်ပြီ။

ထားထားရီ ကိုကို့ကိုမြင်၏။ လရောင်ပျပျသည် ထားထားရီ မျက်နှာပေါ်ကျရောက်နေသည်။ ထားထားရီ ပိုလှနေသလိုပါပဲ။

ကိုကိုသည် ရင်ခုန်လှုပ်ရှားစွာဖြင့် ထားထားရီ၏ ခန္ဓာကိုယ်လေး သူ့နားရောက်လာသည်အထိ စောင့်နေလေသည်။

မိုးမိုး(အင်းလျား)

www.burmeseclassic.com